The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .15, NO . 31 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | August 17 , 2015



## သဘာဝဘေးအန္တရာယ် ကုန်ဈေးနှုန်း ဝိသမသမားနဲ့ စားသုံးသူ

| မယ်သီတာ |

၂၀

## ဒုက္ခတွေကို မျှဝေခံစားကြပါ



၁၄

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အထည်ချုပ်လုပ်ငန်းငါးခုအပါအဝင် ပြည်တွင်း၊ ပြည်ပ လုပ်ငန်း ၁၁ ခုကို ရင်းနှီးမြှုပ်နှံခွင့်ပြု

၃

Unilab နှင့် Beauty Palace တို့ ပူးပေါင်း၍ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မည်

၁၇

ဒေသသုံး စက်သုံးဆီများကို ဒေသကန့်သတ်ချက်မရှိ ပြည်တွင်းသို့ လွတ်လပ်စွာ တင်သွင်းနိုင်

၂၀


designer water
09 5178737


ရွှေတောင်ရိုးကုမ္ပဏီ
တာပင်ရွှေထီး စက်သုံးဆီရောင်းဝယ်ရေး
နံနက် (၆)နာရီမှ ညနေ (၆)နာရီထိ ဖွင့်လှစ်ထားရှိပြီး
စက်သုံးဆီထည့်ရန် ပုံးခွန်ဆိုဒ်စုံရရှိနိုင်ပါသည်။
တာပင်ရွှေထီးဆားဗင်
ဒီဇယ်
Diesel
ဗိုလ်ချုပ်လမ်း၊ ပေါင်လိတ်ရပ်ကွက်၊ တာချီလိတ်မြို့ ဖုန်း - ၀၈၄ ၅၂၆၀၈၊ ၀၈၄ ၅၂၆၀၉

# မြန်မာနိုင်ငံရှိ ရေဘေးသင့် ပြည်သူများအတွက် ယူနန်ပြည်နယ်၊ တက်ဟုန်းပြည်နယ်ခွဲ ပြည်သူ့အစိုးရအဖွဲ့မှ ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကျင်းပ




၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ ၁၇:၂၀ နာရီအချိန်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃) နေပြည်တော်တွင် မြန်မာနိုင်ငံရှိသဘာဝဘေးအန္တရာယ်ကျရောက်သော ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ တက်ဟုန်းပြည် နယ်ခွဲ ပြည်သူ့အစိုးရအဖွဲ့မှ ကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းပေး အပ်ပွဲအခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ လယ်ယာစိုက် ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ ပွင့်ဆန်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟိုလျန်းနှင့် ယူနန်ပြည်နယ်၊ တက်ဟုန်းပြည်နယ်ခွဲ ပြည်သူ့အစိုးရမှ ကိုယ်စားလှယ်များနှင့် ဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးက လှူဒါန်းသည့်ပစ္စည်းများနှင့် လှူဒါန်းငွေများကို လွှဲပြောင်းလက်ခံခဲ့ပြီး လှူဒါန်းမှုအတွက် သံအမတ်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပြီး ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။ ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ရေဘေးသင့်ဒေသများအတွက် လှူဒါန်းငွေများအား ပြည်ထောင်စု ဝန်ကြီးဦးဝင်းမြင့်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

ယူနန်ပြည်နယ်၊ တက်ဟုန်းပြည်နယ်ခွဲ ပြည်သူ့အစိုးရအဖွဲ့မှ မြန်မာနိုင်ငံရှိ ရေဘေးသင့် ပြည်သူများသို့ ဆန်၊ ဆီ၊ ဆားနှင့်အခြားစားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ စုစုပေါင်း တန်ဖိုး ကျပ် ၁၅၆၂ သိန်းကျော်နှင့် ငွေသားကျပ်သိန်း ၄၀၀ တို့ဖြစ်ပြီး အဆိုပါပစ္စည်းများကို အမှန်တကယ်လိုအပ်သော ဒေသများသို့ ပို့ဆောင်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေ စုစုပေါင်း တန်ဖိုးမှာ ကျပ် ၅၁ သိန်းကျော်ဖြစ်ကြောင်း သတင်းရရှိသည်။




## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အထည်ချုပ်လုပ်ငန်းငါးခုအပါအဝင် ပြည်တွင်း၊ ပြည်ပ လုပ်ငန်း ၁၁ ခုကို ရင်းနှီးမြှုပ်နှံခွင့်ပြု

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် အထည်ချုပ်လုပ်ငန်း ငါးခုအပါအဝင် ပြည်တွင်း၊ ပြည်ပလုပ်ငန်း ၁၁ ခုကို ရင်းနှီးမြှုပ်နှံခွင့်ပြုလိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လုပ်ငန်းလုပ်ကိုင် ခွင့်ပြုရန် တင်ပြလာသည့် လုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့က တင်ပြလာသည့် လုပ်ငန်းနှင့်ဆက်စပ်သော ပြည်ထောင်စုဝန်ကြီးဌာနများမှ အဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်အပေါ် အခြေခံ၍လုပ်ငန်းလုပ်ကိုင်ခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုလုပ်ကိုင်ခွင့်ပြုလိုက်သည့် လုပ်ငန်း ၁၁ ခုတွင် လက်ခစားစနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းခြောက်ခုပါဝင်ပြီး နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခုနစ်ခု၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းနှစ်ခုနှင့် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုပါဝင်ကြောင်း ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ထုတ်ပြန်ချက်အရသိရသည်

လက်ရှိလုပ်ကိုင်ခွင့်ပြုလိုက်သည့် လုပ်ငန်းများအနက် အထည်ချုပ်လုပ်ငန်း ငါးခု၊ ပလတ်စတစ်ထုတ်လုပ်သည့် လုပ်ငန်းနှစ်ခု၊ သစ်နှင့်သစ်ခွဲသားအမျိုးမျိုးထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းတစ်ခု၊ မှန်နှင့် အလူမီနီယံ ပရိဘောဂထုတ်လုပ်သည့်လုပ်ငန်းတစ်ခု၊ အချက်အလက်ဌာန (Data Center) ဝန်ဆောင်မှုလုပ်ငန်းတစ်ခုနှင့် သတ္တုတူးဖော်ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းတစ်ခုတို့ပါဝင်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုမှာ ယခုဘဏ္ဍာနှစ်အစ ဧပြီမှ ဇွန်လအထိ သုံးလတာကာလအတွင်း အမေရိကန်ဒေါ် လာ ၁၂ ဘီလီယံရှိပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့၊ စွမ်းအင်ကဏ္ဍနှင့်အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်ကြောင်း သိရသည်။

မယ်သီတာ

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# မြန်မာ့ရေဘေး၊ ငွေကြေးတတ်နိုင်သူများရဲ့ ရင်ထဲကအပူမီးနဲ့ မြန်မာ့ဆန်ဈေး အခြေအနေ

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း) ရဲ့ လက်ကားဆန်ဈေးကွက်မှာ ဩဂုတ်လ ၁၄ ရက်နေ့ ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းလတ်စတစ်အိတ်ကို ကျပ် ၃၉၀၀၀ ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်လျှင် ကျပ် ၅၀၀ ဈေးပြန်ကျခဲ့ပြီး ဖျာပုံပေါ်ဆန်းထိပ်စ တစ်အိတ်ကို ကျပ် ၄၁၅၀၀၊ နယ်စုံပေါ် ဆန်းထိပ်စ ကျပ် ၄၀၀၀၀ တို့ဖြင့် ဈေးငြိမ်နေတာ တွေ့ရသော်လည်း မြောင်းမြ၊ ပုသိမ်ပေါ်ဆန်း လတ်စ ကျပ် ၄၀၀၀၀၊ ထိပ်စ ကျပ် ၄၃၅၀၀၊ နယ်စုံ ပေါ်ဆန်း လတ်စ ကျပ် ၃၉၀၀၀၊ ရွှေဘို ပေါ်ဆန်း ကျပ် ၄၈၅၀၀ မှ ကျပ် ၅၀၀၀၀ ဖြစ်ခဲ့ကြလို့ ယခင်တစ်ပတ်ထက် တစ်အိတ်လျှင် ကျပ် ၁၀၀၀ မှ ကျပ် ၂၀၀၀ အတွင်းဈေးဆက်တက်လာတာ တွေ့ရပါတယ်။

ဧရာဝတီ ပေါ်ဆန်းနဲ့ ရွှေဘိုပေါ်ဆန်းတွေ အဝင်ပုံမှန်ရှိနေပေမယ့် ရေဘေးအရှိန်ကြောင့် စိုးရိမ်စိတ်တွေနဲ့ ယခင်ရက်ပိုင်းအတွင်း အဝယ်တွေ သွက်ခဲ့လို့ ဈေးတက်ခဲ့ရတာဖြစ်ပြီး ယနေ့မှာတော့ အဝယ်ပြန်ပါးလာနေကြောင်း ဇူလိုင်လကုန် ဩဂုတ်လဆန်းပိုင်း မြန်မာပြည်တွင်းဒေသ အများအပြား ရေကြီးခဲ့စဉ် သတင်းစာများ၊ ဂျာနယ်များနှင့် လူမှုကွန်ရက်အင်တာနက်စာမျက်နှာများတွင် ရေကြီးနစ်မြုပ်ဒုက္ခရောက်သတင်းနှင့် ဓာတ်ပုံများဝေဝေဆာဆာ ဖော်ပြရေးသားချက်များကြောင့် ငွေကြေးတတ်နိုင်သူများက ရင်ထဲအပူမီး ပိုကာပုံမှန်ဝယ်နေကျ ဆန်ထက် ပိုမိုဝယ်ယူသိမ်းဆည်းခဲ့ကြသလို လက်လီဆိုင်သမားတွေကလည်း အရောင်းသွက်နေလို့ ပုံမှန်ထက်ပိုမိုဝယ်ယူသိုလှောင်လာကြသလို အဝယ်တွေသွက်ကာဈေးတွေ တက်လာခဲ့သော်လည်း ယခုအခါ ရေလည်းပြန်ကျအဝယ်လည်း ပြန်ကျလာနေတယ်လို့ သိရပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထလတ်စတစ်အိတ်ကို ကျပ် ၂၀၀၀၀၊ ထိပ်စ ကျပ် ၂၂၀၀၀၊ မိုးသုခ ကျပ် ၂၃၀၀၀ မှ ကျပ် ၂၄၅၀၀၊ မီးတောက် ကျပ် ၂၃၀၀၀ မှ ၂၄၅၀၀၊ဆင်းသွယ်လတ် ကျပ် ၂၃၅၀၀ မှ ၂၄၅၀၀၊ နွေဆန်ရှယ် ကျပ် ၂၀၀၀၀ မှ ၂၂၅၀၀ ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်အိတ်လျှင် ကျပ် ၅၀၀မှကျပ် ၁၅၀၀ အတွင်း ဈေးတက်ခဲ့ကြောင်း၊ ရေဘေးအလှူအတွက် အဝယ်ဆက်ရှိနေလို့ ဈေးဆက်တက်ခဲ့ပေမယ့် ယနေ့မှာတော့ အဝယ်ပြန်ပါးပြီး ဈေးပြန်ငြိမ်လာကြောင်း ဝါးတန်းဒိုင်သို့ ဆန်အဝင် အနည်းငယ်ပိုလာပြီး ဝယ်လိုအားပါးလာတယ်လို့ ကုန်စည်ဒိုင်ဈေးကွက်မှကြား သိရပါတယ်။

ရန်ကုန်ဈေးကွက်အတွင်း ဧည့်မထ ၂၅ မှတ် ဆန်တစ်အိတ် ၁၀၈ ပေါင်ကို ကျပ် ၁၈၅၀၀ ခန့်ဖြစ်ပေါ်နေပြီး ယခင်တစ်ပတ်ထက် တစ်အိတ်လျှင် ကျပ် ၅၀၀ ခန့်ဈေးတက်ကာ ရေဘေးအလှူအတွက် အဝယ်သွက်ခဲ့သော်လည်း ယခုအခါ အဝယ်ပြန်ပါးလာနေကြောင်း၊ ရေဘေးကြောင့်ပြည်ပသို့ ဆန်တင်ပို့မှုကို ဆက်လက်ရပ်နားထားတယ်လို့ ဆန်ဈေးကွက်မှ သိရှိရပါတယ်။

ဆန်ပြည်ပတင်ပို့မှုအား ရပ်နားလိုက်သော်လည်း မူဆယ်သို့ရောက်ပြီးသောဆန်များတရုတ်လိုင်း-မူဆယ်ဈေးကွက်မှာဈေးအမြင့်နဲ့ အရောင်းအဝယ်တော့ ဖြစ်နေကြောင်း၊ ယနေ့ ဩဂုတ်လ ၁၄ ရက်နေ့ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် မော်ဘီ/ ရတနာတိုး တစ်အိတ်ကို ၁၄၂- ၁၄၃ ယွမ်၊ ဧည့်မထ ၁၀ မှတ် မနောသုခ ၁၃၅-၁၃၈ ယွမ်၊ မော်ဘီ ၁၃၅-၁၃၈ယွမ်၊ ဧည့် ၂၅ မှတ် ရွှေဝါထွန်း/မနောသုခ တစ်အိတ်ကို ယွမ် ၁၂၅-၁၃၀၊ ငစိန် ၅ မှတ် ယွမ် ၁၃၇-၁၃၉၊ ၁၅ မှတ် ယွမ် ၁၃၂-၁၃၄၊ ၂၅ မှတ် ယွမ် ၁၂၆-၁၃၀၊ ဆန်ကွဲ B,2,2,4 တစ်အိတ်ကို ယွမ် ၁၀၂-၁၀၅၊ B,1,2 ယွမ် ၁၀၇-၁၀၈၊ B,EXTRA ယွမ် ၁၀၉-၁၁၂ ထိဖြစ်ခဲ့ပြီး ဩဂုတ်လ ၁၃ ရက်နေ့ ဈေးနှုန်းများထက် တစ်အိတ်လျှင် ၁၀ ယွမ်ခန့် ဈေးတက်ခဲ့ကြောင်း၊ ယနေ့ မူဆယ်ရှိငွေလဲနှုန်းမှာ တစ်ယွမ်လျှင် ၁၉၆ ဒသမ ၄၆ ကျပ်ဖြစ်ခဲ့လို့ ယခင်တစ်ပတ်ထက် တစ်ယွမ်လျှင် ၁ ဒသမ ၉၅ ကျပ်ခန့်ပြန်ကျခဲ့ကြောင်း၊ ယခုတစ်ပတ်အတွင်းမူဆယ်သို့ ဆန်တင်ပို့မှု ပိတ်လိုက်ပြီးနောက် လမ်းခုလတ်တွင် ရောက်နေခဲ့သည့် ဆန်တန်ချိန် ၅၂၉၀ သာ ဝင်ရောက်ခဲ့ပြီး ဩဂုတ်လ ၁၀ ရက်နေ့မှစပြီး မူဆယ်သို့ ဆန်အဝင်မရှိတော့ကြောင်း၊ မူဆယ်ဆန်စပါး ကုန်စည်ဒိုင်သို့ တရုတ်ကုန်သည် ၂၀ ခန့်လာရောက်ကာ အရောင်းအဝယ် အချို့ဖြစ်ပြီး အပို့လည်းရှိနေကြောင်း၊ မြန်မာ့ပြည်တွင်းရေဘေးကြောင့် ဆန်ပြည်ပတင်ပို့မှုပိတ်လိုက်လို့ မူဆယ်ရောက်ပြီးသားဆန်၊ ဆန်ကွဲများနှင့် ဒေသသုံးဆန်ချောများပါ ဈေးမြင့်လာကြောင်း မူဆယ်ဆန်ဈေးကွက်မှကြား သိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ ဩဂုတ်လ ၇ ရက်နေ့ထိ တန်ချိန် ၆၄၇၂၁၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂၄ သန်းကျော်ဖိုး ရှိနေကာ ယခင်ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန် ၁၅၁၉၀၀ ကျော်တန်ဖိုးက အမေရိကန် ဒေါ်လာ ၄၁ သန်းကျော်ဖိုး ပိုမိုရရှိနေတာတွေ့ရပါတယ်။ မြန်မာ့ပြည်တွင်း ဆန်ဈေးကွက်ရှေ့အလားအလာမှာ အရောင်းအဝယ်များအေးလာနိုင်ပြီး ဆန်ဈေးတန်းပါ အေးလာနိုင်တယ်လို့ ဆန်ဈေးကွက်မှ သုံးသပ်လျက်ရှိနေကြောင်း တင်ပြလိုက်ပါတယ်။

**သန်းအေး(ဆန်းစပါး)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၃-၈-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၈၆ | ၃၈၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၇ | ၃၇၇ | □ | ၃၄၀ | ၃၄၀ | □ | ၃၈၅ | ၃၈၀ | ▽ | ၃၄၀ | ၃၄၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၅ | ၃၆၆ | △ | ၃၂၅ | ၃၂၅ | □ | ၃၅၀ | ၃၄၅ | ▽ | ၃၃၀ | ၃၃၀ | □ |
| ပေါင်းဆန် | ၃၇၅ | ၃၇၀ | ▽ | - | - | - | ၃၇၅ | ၃၇၀ | ▽ | ၄၁၅ | ၄၁၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၃-၈-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၇၀ | ၄၈၅ | △ | ၅၃၅ | ၅၃၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၄၅ | ၄၆၀ | △ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၄-၈-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၄၈၇၆ | □ | ၂၀၅၀၀ | □ | ၈၀၉၆ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၅၀၆၀ | △ | ၂၂၅၀၀ | △ | ၇၈၈၅ | □ | ၃၇၅၀၀ | △ |
| ပဲခူး | ၄၈၅၀ | □ | ၁၉၅၀၀ | △ | ၇၄၀၀ | △ | ၃၃၀၀၀ | □ |
| ရွှေဘို | ၄၉၅၀ | △ | ၂၂၀၀၀ | △ | ၁၂၂၅၀ | △ | ၄၂၀၀၀ | △ |
| စစ်တွေ | - | - | ၂၇၀၀၀ | □ | ၇၈၀၀ | □ | ၄၀၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၅၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၇၅၀ | □ | ၂၀၀၀၀ | △ | - | - | ၃၉၀၀၀ | △ |
| မန္တလေး | ၅၅၀၀ | □ | ၂၃၅၀၀ | △ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၅၀၀ | △ | ၂၅၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မော်လမြိုင် | ၅၀၀၀ | □ | ၂၀၀၀၀ | □ | ၈၀၀၀ | □ | ၃၄၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၃၀၀၀၀ | △ | - | - | ၄၈၀၀၀ | △ |
| မြိတ် | ၅၃၀၀ | △ | ၂၄၀၀၀ | △ | - | - | ၄၁၀၀၀ | □ |
| ဘားအံ | ၅၂၀၀ | △ | ၂၂၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| တောင်ကြီး | - | - | ၂၃၅၀၀ | □ | - | - | ၄၅၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ဩဂုတ်လ ပထမပတ်မှာ ဆန်တန်ချိန်တစ်သောင်းခွဲကျော် တင်ပို့မှုရှိ

ဩဂုတ်လ ပထမပတ်ဖြစ်တဲ့ ၁ ရက်နေ့မှ ၇ ရက်နေ့ထိကာလအတွင်း မြန်မာ-တရုတ် နယ်စပ် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၅ ဒသမ ၉၄၅ သန်းတန်ဖိုးရှိ ဆန် ၁၅၈၈၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။

မူဆယ်(၁၀၅)မိုင်မှ ငစိန်ဆန် ၆၁၇၉တန်ကျော်၊ ဧည့်မထ ၇၂၂၆ တန်ကျော်နဲ့ လွယ်ဂျယ်မှ ငစိန်ဆန် ၂၄၈၄ တန်တင်ပို့ခဲ့တာ ဖြစ်ပါတယ်။ ဆန်ကွဲတင်ပို့မှုအနေနဲ့ကတော့ မူဆယ်(၁၀၅) မိုင်မှ ကန်ဒေါ်လာ ၁ ဒသမ ၃၅၆ သန်းဖိုးရှိ ဆန်ကွဲ ၄၁၅၉ တန်ကျော်နဲ့ လွယ်ဂျယ်မှ ကန်ဒေါ်လာ သုည ဒသမ ၃၂၀ သန်းဖိုးရှိ ဆန်ကွဲတန် ၁၀၀၀ တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ကောက်ညှင်းဆန် ၁၈၅တန်ခန့်ကိုလည်း မူဆယ်(၁၀၅) မိုင်မှ တင်ပို့နိုင်ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ဆန်များမှာ လိုင်စင်ရရှိထားပြီး ဆန်များဖြစ်တယ်လို့ သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တင်ပို့မှုကတော့ ဩဂုတ်လ ၂ ရက်မှ ၈ ရက်နေ့အထိ ကန်ဒေါ်လာ သုည ဒသမ ၅၇၄ သန်းဖိုးရှိဧည့်မထနဲ့ ပေါင်းဆန် ၁၄၈၄တန်တင်ပို့ခဲ့ပါတယ်။ဘူဂေးရီးယားနိုင်ငံကိုဧည့်မထဆန် ၆၂၅ တန်၊ တရုတ်နိုင်ငံကို ၄၉၄ တန်ခန့်နဲ့ ပေါင်းဆန် ၃၆၅ တန်ကို ဒိန်းမတ်၊ ဂျာမနီနဲ့ ဘူလ်ဂေးရီးယားနိုင်ငံများသို့ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတင်ပို့မှုကတော့ စင်ကာပူနိုင်ငံနဲ့ အီးယူနိုင်ငံများကို ၅၅၂၅ တန်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁ ဒသမ ၄၇၈ သန်းဖိုး တင်ပို့ခဲ့ပါတယ်။

နိုင်ငံတစ်ဝန်း ရေကြီးမှုကြောင့် ပြည်တွင်းဆန်ပြတ်လပ်မှု မရှိစေရန် ပြည်ပသို့ ဆန်တင်ပို့မှု ခေတ္တရပ်ဆိုင်းထားမယ်လို့ သိရှိရပြီးနောက်ပိုင်း တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိတဲ့ ခန့်မှန်းစပါး၊ ဆန်လက်ကျန်ဟာ နိုဝင်ဘာလကုန်အထိ လုံလောက်မှု အခြေအနေရှိတယ်လို့ သိရပါတယ်။ ဩဂုတ်လ ၇ ရက်နေ့မှာ ကောက်ယူခဲ့တဲ့ စာရင်းများအရ ပြည်တွင်းမှာ လက်ကျန်ရှိတဲ့ စပါးတင်းဟာ ၂၇၄၃ ဒသမ ၅၂၃ သိန်းနဲ့ ဆန်ကတော့ တန် ၇ ဒသမ ၃၈၂ သိန်းရှိပါတယ်။ အဲဒီပမာဏအရ နိုဝင်ဘာလကုန်အထိ ပြည်တွင်းစားသုံးရန်ကျန်ရှိမယ့် ဆန်ပမာဏမှာ ဆန်တန်ချိန် ၃၄ ဒသမ ၈၁၇ သိန်းဖြစ်ပါတယ်။

တစ်နှစ်လျှင် လူတစ်ဦးဟာ ဆန်တစ်တင်းခွဲဝင် လေးအိတ်(၂၀၀ ကီလိုဂရမ်)၊ တစ်နေ့လျှင် နို့ဆီဘူး ၂ ဒသမ ၁ ဘူး (သုည ဒသမ ၅၄၇ ကီလိုဂရမ်)နှုန်းနဲ့ နိုဝင်ဘာလကုန်အထိ စားသုံးပြီးက ကျန်ရှိမယ့် လက်ကျန်အရေအတွက်ဟာ ခန့်မှန်းတန် သုည ဒသမ ၅ သိန်း(ဆန်အိတ်ရေ ၁၀ သိန်းခန့်) ရှိနေမှာဖြစ်ပါတယ်။ ဩဂုတ်လမှ နိုဝင်ဘာလအတွင်း ထွက်ရှိလာမယ့် စပါးများမှာ ထပ်မံပိုလျှံလာမယ့် အရေအတွက်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ယခု ရာသီထွက်ရှိမယ့်မိုးစပါးများအပေါ် စက်တင်ဘာလ လယ်ခန့်တွင် ခန့်မှန်းတွက်ချက်၍ ပြည်ပတင်ပို့မှုကို ပြန်လည်သုံးသပ်ဆောင်ရွက်သွားမယ်လို့ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၄-၈-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၇/၈ | ၁၄/၈ | ပြောင်းလဲမှု | ၇/၈ | ၁၄/၈ | ပြောင်းလဲမှု | ၇/၈ | ၁၄/၈ | ပြောင်းလဲမှု | ၇/၈ | ၁၄/၈ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၁၀၈ | ၂၂၇၃ | ▲ | ၂၂၅၀ | ၂၂၁၇ | ▼ | ၂၃၀၀ | ၂၃၅၀ | ▲ | ၂၀၀၀ | - | - |
| ၂ | ပဲစင်းငုံ | ၂၂၈၆ | - | - | - | ၂၃၃၃ | - | ၂၂၀၀ | ၂၂၀၀ | ■ | ၂၀၀၀ | - | - |
| ၃ | ပဲတီစိမ်း | ၂၀၃၀ | ၁၉၆၅ | ▼ | ၁၉၅၆ | ၁၆၀၀ | ▼ | ၂၀၅၃ | ၁၉၄၇ | ▼ | ၁၈၉၅ | ၁၇၈၉ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၁၇၅၀ | ၁၈၅၀ | ▲ | - | - | - | - | - | - | ၁၄၂၀ | ၁၅၂၆ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၂၃၀ | ၁၂၅၀ | ▲ | ၁၁၃၃ | ၁၁၆၇ | ▲ | - | - | - | ၁၀၅၀ | ၁၁၀၅ | ▲ |
| ၆ | ထောပတ်ပဲ | ၉၃၅ | ၉၅၅ | ▲ | ၁၀၁၃ | ၁၀၆၇ | ▲ | ၈၆၈ | - | - | ၈၄၀ | ၉၄၇ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၄-၈-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၆/၈ | ၁၃/၈ | ပြောင်းလဲမှု | ၆/၈ | ၁၃/၈ | ပြောင်းလဲမှု | ၆/၈ | ၁၃/၈ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၀၇၀ | ၁၀၈၀ | ▲ | ၁၁၂၉ | ၁၁၇၉ | ▲ | ၁၀၆၆ | ၁၀၄၇ | ▼ |
| ၂ | ပဲစင်းငုံ | ၁၁၀၀ | ၁၁၂၀ | ▲ | ၁၂၀၀ | ၁၃၀၂ | ▲ | ၁၂၀၈ | ၁၂၇၁ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၄၀ | ၁၀၄၀ | ■ | ၈၇၈ | ၈၉၃ | ▲ | ၉၈၈ | ၁၀၀၁ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၅၀ | ၆၅၀ | ■ | ၇၀၆ | ၇၀၉ | ▲ | ၆၉၄ | ၇၀၁ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှုအခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၁.၈.၁၅)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၈.၈.၁၅)ထိ | ပြည်ပတင်ပို့မှု (၁.၄.၁၅) မှ (၈.၈.၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၃၄၅၁ | ၆၁၅၁ | ၃၂၄၃၉၇ |
| ပဲတီစိမ်း | ၁၃၉၈ | ၃၄၀၅ | ၇၉၂၇၉ |
| ပဲစင်းငုံ | ၂၃၇၃ | ၆၃၅၄ | ၉၃၄၃၇ |
| ကုလားပဲ | ၁၀၃၂ | ၃၁၆၅ | ၂၁၄၄၄ |
| ပဲလွန်းဖြူ | ၄၇ | ၉၅၃ | ၁၀၁၁၈ |
| မြေထောက်ပဲ | ၁၁၇ | ၄၄၂ | ၁၀၀၈၂ |



## ကုလားပဲမျိုးစုံ လက်ကျန်နည်းလို့ မျိုးအတွက် ခက်ခဲစေနိုင်

ဩဂုတ်လဒုတိယပတ် ကုလားပဲဈေးကွက်မှာ မုံရွာကုန်စည်ဒိုင်ရှိ ကုန်သည်တွေရဲ့လက်ထဲ ပဲလက်ကျန် လျော့လာတာနဲ့အမျှ ပြည်ပဝယ်လက်နဲ့ ဒေသတွင်းကုန်ကြမ်းလိုအပ်ချက်ရှိတဲ့ လုပ်ငန်းသမားတွေရဲ့ ဝယ်လိုအားမြင့်မားလာတာကြောင့် နေ့စဉ်တက်ဈေးဖြစ်နေတာ တွေ့ရပါတယ်။

ယခုနှစ်အစ ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလ ကုလားပဲပေါ်ချိန်က ဈေးထက်နှစ်ဆ နီးပါး ဈေးမြောက်လာခဲ့ခြင်းဖြစ်ပြီး ယခုတစ်ပတ်မှာ ကုလားပဲဖြူလုံးကြီး တစ်တင်း ၃၀၀၀၀ ကျပ်၊ ၉၂၉ ကုလားပဲ တစ်တင်း ၃၀၅၀၀ ကျပ်အထိ အသီးသီး အမြင့်ဆုံး ဈေးပေါက်ခဲ့ပါတယ်။

အထူးသဖြင့် ကုလားပဲခြမ်းကို တပ်ရိက္ခာ၊ ရေဘေးအလှူနဲ့ လက်လီ အဝယ်ကောင်းမွန်နေတာကြောင့် ခွဲစက်သမားတွေက ကုန်ကြမ်းမပြတ်အောင် ဈေးပေးဝယ်ယူတဲ့အတွက် ယခင်က ပဲခွဲခြမ်း တစ်ပိဿာ ၁၁၀၀ ကျပ်ရှိခဲ့ရာက ယခု ၂၀၀၀ ကျပ်ဈေးနဲ့ ဝယ်လိုအားကောင်းနေတယ်လို့ လုပ်ငန်းရှင်တွေက ဆိုပါတယ်။

အခုလို မျှော်မှန်းမထားဘဲ ဈေးကောင်းရလို့ ကုန်သည်တွေ ရောင်းအားများခဲ့တဲ့အတွက် လာမယ့်ကုလားပဲစိုက်ရာသီမှာ မျိုးအတွက် အခက်အခဲရှိနိုင်တယ်လို့ သီးနှံပွဲရုံပိုင်ရှင်တစ်ဦးက ဆိုပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## စစ်ကိုင်းကုလားပဲဖြူလုံးကြီး (V2) Export ဝယ်လက်ရှိ၍ အရောင်းအဝယ်သွက်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဩဂုတ်လဆန်းမှစ၍ ရာသီဥတုကြည်လင်ကောင်းမွန်လာပြီဖြစ်လို့ ဩဂုတ်လ ဒုတိယပတ်တွင် မုံရွာကုန်စည်ဒိုင်သို့ ဘုတလင်၊ အရာတော်၊ ချောင်းဦး၊ ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီး မြို့နယ်များမှ ကုလားပဲ ဖြူလုံးကြီး( တောင်သူလက်ကျန်)များ နေ့စဉ်တင်း ၃၀၀၊ ၄၀၀ ခန့်ဝင်ရောက်ပါတယ်။ တိုင်းအတွင်းပုံမှန်အသုံးရှိတဲ့အပြင် ရန်ကုန် Export ဝယ်လက်ရှိ၍မုံရွာကုန်စည်ဒိုင်၌ ဩဂုတ်လ ဒုတိယပတ် အတွင်း အရောင်းအဝယ်အကောင်းဆုံးသီးနှံမှာ ကုလားပဲဖြူလုံးကြီးဖြစ်ပြီး တစ်ရက် တင်း ၅၀၀ မှ ၁၀၀၀ ကြား အရောင်းအဝယ်ဖြစ်ကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်ကသိရပါတယ်။ ဩဂုတ်လအတွင်း ကုလားပဲဖြူလုံးကြီး V2 တစ်တင်းပေါက်ဈေး အနိမ့်၊ အမြင့်မှာ ၂၅၅၀၀ ကျပ်၊ ၃၀၀၀၀ ကျပ်၊ ယခင်နှစ်ကာလတူ ပေါက်ဈေးမှာ ၁၃၇၀၀ ကျပ်၊ ၁၄၂၀၀ ကျပ် ဈေးပေါက်ပါတယ်။

**သန်းသန်းတင်-မုံရွာ**

## ကျောက်ဆည်မြို့နယ်တွင် ဩဂုတ်လ ပထမပတ်အထိ ပဲစင်းငုံကေသုံးထောင်နီးပါး စိုက်ပျိုးပြီးစီး

ကျောက်ဆည်မြို့နယ်တွင် ပဲစင်းငုံကို ဩဂုတ်လ ပထမပတ်အထိ ၂၈၁၄ ဧက စိုက်ပျိုးပြီးကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရပါတယ်။ ပဲစင်းငုံကို မေလဆန်းမှာ စတင်စိုက်ပျိုးပြီး နှမ်းဝါ၊ ပဲတီစိမ်း သီးနှံတို့နှင့် သီးညှပ်အဖြစ် အများဆုံး စိုက်ပျိုးကြပါတယ်။ သီးသန့်စိုက်ပျိုးမှုနည်းတဲ့ ကာလရှည် သီးနှံဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးမှုအနေဖြင့် တစ်ဧကကို မျိုး နှစ်ပြည်မှသုံးပြည်အထိ စိုက်ပျိုးကြကာ သီးညှပ်စိုက်ပျိုးပါက တစ်ပြည်သာသုံးစွဲကြောင်း သိရှိရပါတယ်။



ပဲစင်းငုံမျိုးများတွင် ကြေးနီရောင်တစ်ဘတ်လွှဲမျိုး၊ ရွှေဝါလုံးသေးဒင်္ဂါးမျိုးများ စိုက်ပျိုးကြပါတယ်။ ပဲစင်းငုံမျိုးကို မျိုးချန်စနစ်ဖြင့် စိုက်ပျိုးကြသလို စိုက်ပျိုးချိန်ရောက်မှသာ မျိုးဈေးကွက်အတွင်းမှ ပြန်လည်ဝယ်ယူ၍ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးစဉ်ကာလအတွင်း မိုးရွာသွန်းမှု ရှိခဲ့သောကြောင့် အပင်ပေါက်များ ကောင်းမွန်ကြောင်း၊ ဇွန်လတွင် မိုးရွာသွန်းမှုနည်းသော်လည်း ပဲစင်းငုံသီးနှံက ရေငတ်တဲ့ဒဏ်ခံနိုင်ပြီး ဇူလိုင်လနဲ့ ဩဂုတ်လ ပထမပတ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းခြင်းများကြောင့် ယခုအခါတွင် ပဲစင်းငုံပင်များ၏ အရွယ်အစားသည် ၅ ပေ၊ ၆ ပေ အရွယ်ရှိနေပြီဖြစ်ကြောင်း၊ အပင်ပေါက်များ ကောင်းမွန်သဖြင့် ဇန်နဝါရီလတွင် စတင်ခူးဆွတ်နိုင်မည်ဖြစ်ပါကြောင်း၊ ပဲစင်းငုံစိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၈၅၀၀၀ မှ ကျပ် ၁၅၀၀၀၀ ဝန်းကျင်ကုန်ကျကြောင်း သိရှိရပါတယ်။

ပဲစင်းငုံအထွက်နှုန်း အနေဖြင့် ယခင်နှစ်က တစ်ဧကလျှင် ၈ တင်းမှ ၁၀ တင်းအထိထွက်ရှိပြီး ယခုနှစ်တွင် ၁၀တင်းမှ ၁၂ တင်းအထိ ထွက်ရှိနိုင်မည်ဟု ခန့်မှန်းကြောင်း၊ ပဲစင်းငုံဈေးနှုန်းအနေဖြင့် ယခင်နှစ် ကာလတူက ပဲစင်းငုံတစ်တင်းကို ကျပ် ၂၂၃၀၀ ရှိခဲ့ပြီး ဩဂုတ်လတွင် ကျပ် ၄၁၅၀၀ ဈေးနှုန်းရှိနေရာ ယခုနှစ် ပဲစင်းငုံ သီးနှံထွက်ပေါ်ချိန်အထိ အဆိုပါဈေးနှုန်းအတိုင်း ရှိနေပါက အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ကျပ် သုံးသိန်း ဝန်းကျင်ခန့် ရရှိမည်ဟု ခန့်မှန်းကြောင်း မှိုင်းပန်ကျေးရွာမှ တောင်သူ ဦးနိုင်ဦးက ဆိုပါတယ်။

**နှင်းလဲ့လဲ့-ကျောက်ဆည်**

## မုံရွာကုန်စည်ဒိုင် ဩဂုတ်လဒုတိယပတ်ပဲဈေးကွက် ပဲအများစု ဈေးမြင့်လာပေမယ့် အရောင်းအဝယ်ပါး

မုံရွာကုန်စည်ဒိုင် ဩဂုတ်လ ဒုတိယပတ် ပဲဈေးကွက်မှာ ပဲတီစိမ်းကလွဲပြီး ကျန်ပဲအများစု တက်ဈေးဖြစ်ပေါ်ခဲ့ပြီး အရောင်းအဝယ်အားဖြင့် ပါးခဲ့တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

စိမ်းကြီးဈေးကွက်ရဲ့ အဓိကဝယ်လက်ဖြစ်တဲ့ တရုတ်ကုန်သည်တွေ ငွေဈေးကျလို့ ဝယ်အားလျော့လာခြင်းဖြစ်ပြီး ယခုတစ်ပတ်မှာ တစ်တင်း ၄၁၀၀၀ ကျပ်မှ ၃၆၀၀၀ ကျပ်ထိ ကျဆင်းသွားတာ တွေ့ရပါတယ်။ ဒိုင်ကို ပဲအဝင်အနည်းငယ်ရှိပြီး တစ်ရက်အိတ် ၂၀၀ ဝန်းကျင်အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ သိရပါတယ်။

ငုံနီဈေးကွက်မှာလည်း ယခုတစ်ပတ်အတွင်း တစ်တင်း ၄၂၀၀၀ ကျပ်မှ ၄၄၀၀၀ ကျပ်အတွင်း ပေါက်ဈေးအမြင့်မှာ ငြိမ်နေပေမယ့်အရောင်းအဝယ်မဖြစ်ဘဲ ဝယ်လက်သမားတွေ ပဲဝယ်လို့မရဘူးလို့ ဒိုင်ရပ်ကွက်က သိရပါတယ်။ မတ်ပဲဈေးကွက်မှာတော့ ဒိုင်ဈေး တစ်တင်း ၄၆၈၀၀ ကျပ်ပေါက်ပြီး ပစ္စည်းလိုသူတွေက ၄၇၀၀၀ ကျပ်အထိ ဈေးမြှင့်ဝယ်ယူခဲ့လို့ တောင်သူလက်ကျန် ပဲအချို့ဒိုင်မှာ ဝင်ခဲ့တဲ့နေ့မှာ တစ်ရက်အိတ် ၂၀၀ နီးပါး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

ယခုတစ်ပတ် လုပ်ငန်းသုံးပဲဈေးကွက်မှာတော့ ကြာဆံစက်သမားတွေ ဝယ်လိုအားမြင့်လာတဲ့ စွန်တာနီနဲ့ ထောပတ်ပဲတို့ ဈေးအနည်းငယ်တက်လာခဲ့ရာ စွန်တာနီ တစ်တင်း ၂၀၅၀၀ ကျပ်နဲ့ ထောပတ်ပဲတစ်တင်း ၁၇၅၀၀ ကျပ်အသီးသီး ပေါက်ဈေးဖြစ်ပေါ်ခဲ့ပါတယ်။ ဝါတွင်းကာလ အရောင်းအဝယ်သွက်လာတဲ့ ပဲကြော်လုပ်ငန်းကြောင့် ပဲကြီးဈေးလည်း ယခုတစ်ပတ်မှာ တစ်တင်း ၃၀၀၀၀ ကျပ်ကနေ ၃၄၀၀၀ ကျပ်အထိ တက်ဈေးဖြစ်ပေါ်ခဲ့ပြီး တစ်ရက် အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ သိရပါတယ်။

ပြည်တွင်းဈေးကွက်သာရှိတဲ့ ပဲပုပ်စေ့ဈေးကွက်မှာလည်း ဩဂုတ်လလဆန်းပိုင်းက တစ်တင်း ၁၈၅၀၀ ကျပ်ပေါက်ခဲ့ရာက ယခုတစ်ပတ်မှာ တစ်တင်း ၂၁၀၀၀ ကျပ်အထိ ဈေးမြောက်လာခဲ့ပြီး တရုတ်ဝယ်လက် ဝယ်လိုအားမြင့်တဲ့ စီပီပြောင်းဈေးကွက်မှာလည်း လဆန်းပိုင်းက ၉၈၀၀ ကျပ်မှာ ငြိမ်နေခဲ့ရာမှ ယခုပတ်မှာ တစ်တင်း ၁၅၀၀ ကျပ်အထိ တက်ဈေးဖြစ်ခဲ့ပြီး အရောင်းအဝယ် အနည်းငယ်သွက်လာတယ်လို့ မုံရွာကုန်စည်ဒိုင် ဈေးကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်ပဲနီပြား ယခင်နှစ်ကထက် ဈေးပို

ပြည်ဈေးကွက်မှာ ဒေသတွင်း လက်လီသမားများ ဝယ်ယူနေသလို လှော်ဖိုသမားများပါ ဝယ်ယူနေတဲ့ ပြည်ပဲနီပြားသီးနှံဟာ ယခုတစ်ပတ်မှာ တစ်ရက် အိတ် ၁၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာလည်း တစ်တင်း ၂၂၀၀၀ ကျပ်ထိ ဈေးကောင်းရနေခဲ့ပြီး ယခင်တစ်ပတ်ကဈေးထက် ဈေးပိုရခဲ့ပါတယ်။

ပဲအဝင်မရှိပေမယ့် လှောင်ပဲများရှိလို့ ရောင်းချခဲ့ရပြီး ရေကြီးတဲ့ရက်များမှာသာ အရောင်းအဝယ်ပါးပေမယ့် ဒီတစ်ပတ်မှာတော့ ပြန်လည်အရောင်းသွက်ခဲ့ပါတယ်။ ယခင်နှစ် ဩဂုတ်လဈေးမှာ တစ်တင်း ၂၁၀၀၀ ကျပ်ရရှိခဲ့လို့ ဇူလိုင်လအထိ ယခင်နှစ်ဈေးကိုမမီပေမယ့် ယခုအချိန်မှာတော့ ယခင်နှစ်ကာလတူ ဈေးထက် ဈေးအနည်းငယ် ပိုသွားပြီဖြစ်ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ဝယ်လက်ရှိလို့ ပြည်ထောပတ်ပဲ ဈေးကောင်းရ


ယခင်တစ်ပတ်က ရေကြီးမှုများရှိနေတဲ့အတွက် ပဲဈေးကွက်မှာ အရောင်းအဝယ်သိပ်မဖြစ်တာကြောင့် လက်လီရော လက်ကားပါ ပုံမှန်အရောင်းအဝယ်ဖြစ်တဲ့ ပဲများလည်း အရောင်းပါးခဲ့ပါတယ်။ ယခုတစ်ပတ် အရောင်းအဝယ်ဖြစ်တဲ့ ပဲများထဲမှ ထောပတ်ပဲသီးနှံမှာ တစ်တင်း ၁၈၀၀၀ ကျပ်ထိ ဈေးမြင့်ရခဲ့ကာ ဇူလိုင်လကုန် ဈေးထက် ကျပ်ငါးထောင်ခန့် ပိုရလာခဲ့ပါတယ်။ လက်ကားသမားပါ အဝယ်ရှိတဲ့ ရက်များမှာ အိတ် ၁၅၀ ကျော်အထိ အရောင်းအဝယ်သွက်လာသလို လက်လီသာ အဝယ်ရှိတဲ့ ရက်များမှာ အိတ် ၄၀ ကျော် ၅၀ သာ လက်ကျန်ပဲများ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## လက်ကျန်ပဲနည်းသွားလို့ အရောင်းအဝယ်နည်းပေမယ့် ပြည်ဘိုကိတ်ဈေးကောင်းရ

ပြည်ဈေးကွက်မှာ ပဲမျိုးစုံလက်ကျန်ပြတ်သွားသလို ဘိုကိတ်ပဲသီးနှံလည်း ပဲအဝင်လည်းမရှိ လက်ကျန်လည်းနည်းခဲ့တဲ့အတွက် ပစ္စည်းပြတ်လုနီးပါးဖြစ်ခဲ့ကာ အရောင်းအဝယ် အနည်းငယ်သာဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်း ၂၀၀၀၀ ကျပ်ဖြင့် ဈေးကောင်းရခဲ့ပြီး ဇူလိုင်လ ဈေးထက်လည်း ဈေးပိုရခဲ့သလို ယခင်နှစ်ဩဂုတ်လ ဒုတိယပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော ပဲဈေးထက်လည်း ဈေးပိုရခဲ့ပါတယ်။ ယခင်နှစ် ဘိုကိတ်ပဲသီးနှံဈေးမှာ ဩဂုတ်လအတွင်း တစ်တင်း ၁၃၂၀၀ ကျပ်မှ ၁၄၀၀၀ ကျပ်ထိသာ ရခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**




## ပြည်ပဲတီစိမ်း ပဲသစ်ပေါ်စအချိန်က ဈေးပြန်မမီလာခဲ့

ပြည်ပဲဈေးကွက်အတွင်း ပဲဈေးအားလုံးမြင့်တက်လာခဲ့ရာ ယခုဩဂုတ်လ ဒုတိယပတ်မှာ ပဲတီစိမ်းဈေးနှုန်းအနေဖြင့် တစ်တင်း ၃၉၀၀၀ ကျပ်ထိ ဈေးကောင်းရလာခဲ့ပြီး ဈေးကွက်သို့ ပဲအဝင်မရှိသေးဘဲ ရေကြီးမှုမတိုင်မီ ဝင်ရောက်ခဲ့တဲ့ ပဲလက်ကျန်အချို့ ရောင်းချနေရပါတယ်။

နေ့စဉ်ပဲအဝယ်ပြန်မလိုက်ဘဲ ရက်ခြား အဝယ်ရှိလို့ အိတ် ၅၀ မှ ၁၀၀ ထိ အရောင်းအဝယ်ဖြစ်ခဲ့ကာ ဈေးနှုန်းမှာလည်း ဇူလိုင်လကုန်ဈေးနှုန်းထက် ကျပ် ၃၀၀၀ ခန့်ပိုရလာခဲ့ပြီး ပဲသစ်ဝင်စက ဈေးနှုန်းနီးပါး ဈေးပြန်ကောင်းလာခဲ့တာ တွေ့ရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပြည်ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လိုအားရှိတဲ့ပဲသာမက ဒေသတွင်းအဝယ်ရှိတဲ့ ပဲများပါ ဈေးနှုန်းများမြင့်တက်လာ



ပဲခူးတိုင်းဒေသကြီး ၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ဩဂုတ်လ ဒုတိယပတ်မှစလို့ ပဲဈေးများအားလုံး မြင့်တက်လာခဲ့ပါတယ်။ ယခင်တစ်ပတ်က ရေကြီးခဲ့တဲ့အတွက် ပွဲရုံအချို့ ပိတ်ထားခဲ့ပြီး ဈေးကွက်မှာလည်း ပဲမျိုးစုံအရောင်းအဝယ် အေးသွားခဲ့ပါတယ်။ ပြည်ပဝယ်လိုအားရှိတဲ့ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများမှာလည်း မတ်ပဲသီးနှံသာ ဇူလိုင်လမှစလို့ အိတ်အနည်းငယ်သာ ဝင်ရောက်ခဲ့ပြီး၊ ပဲစင်းငုံသီးနှံကတော့ ပဲအဝင်လုံးဝမရှိတော့ဘဲ လက်ကျန်လှောင်ပဲများသာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းသီးနှံမှာ ပဲသစ်များ ဇူလိုင်လမှစလို့ ဝင်ရောက်ခဲ့ပေမယ့် ယခင်တစ်ပတ်က ပဲ အဓိကဝင်ရောက်တဲ့ မြို့နယ်များမှာ ရေကြီးမှုများရှိခဲ့လို့ ပဲ အဝင်မရှိဘဲ လက်ကျန်ပဲအချို့ ပွဲရုံမှာရှိခဲ့ပါတယ်။

မတ်ပဲသီးနှံမှာ ယခုအပတ်တွင်လည်း ပဲအဝင်မရှိဘဲ လှောင်ပဲလက်ကျန်များအား ရန်ကုန်ဝယ်လက်ကတစ်ခါတစ်ရံ ဝယ်ယူခဲ့ပါတယ်။ ယခုရက်ပိုင်းမှာ နေ့စဉ် အရောင်းအဝယ်သိပ်မဖြစ်ဘဲ အရောင်းအဝယ်ဖြစ်တဲ့ရက်မှာ အိတ်၁၀၀ကျော် ၂၀၀ အဝယ်ရှိခဲ့ပြီး၊ ပဲဈေးမှာ တစ်တင်း ၄၃၄၀၀ ကျပ်ထိ ဈေးမြင့်တက်လာခဲ့ပါတယ်။ ရေမကြီးခင် ရက်က မတ်ပဲဈေးမှာ ၄၁၀၀၀ ကျပ်ကျော်ရာမှ ဈေးပြန်အေးသွားပြီး ရက်ခြားသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ပဲစင်းငုံသီးနှံမှာလည်း ရန်ကုန်ဝယ်လက်မှ ဝယ်ယူသည့်ရက်တွင်အိတ် ၁၅၀ မှ ၂၀၀ ကြား လက်ကျန်ပဲများသာ ရောင်းချခဲ့ရသလို ပဲဈေးမှာလည်း တစ်တင်း ၄၅၀၀၀ ကျပ်ကျော်ထိ ဈေးကွက်မှာ စံချိန်တင်မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။ ယခင်ဇူလိုင်လကုန်ပတ်မှာ တစ်တင်း ၄၃၀၀၀ ကျပ်ရရှိခဲ့ပြီး၊ ယခုတစ်ပတ်မှာ တစ်တင်း ၂၀၀၀ ကျပ်ခန့် ဈေးပိုရလာသလို ဝယ်လိုအားရှိတဲ့ပဲများထဲမှာလည်း ဈေးအမြင့်ဆုံးရခဲ့ပါတယ်။ မတ်ပဲနဲ့ ပဲစင်းငုံသီးနှံမှာ ဇူလိုင်လတတိယပတ်မှစလို့ ဈေးပြိုင်မြင့်တက်လာခဲ့ရာမှ ယခုတစ်ပတ်မှာ ပဲစင်းငုံဈေးက မတ်ပဲဈေးထက် ဈေးပိုနေပြီး၊ ပဲတီစိမ်းထက်လည်း ဈေးပိုနေခဲ့တာ တွေ့ရပါတယ်။

ကုလားပဲသီးနှံမှာလည်း ပဲအဝင်မရှိဘဲ လက်ကျန်ပဲများသာ အရောင်းအဝယ်ဖြစ်နေပြီး၊ ခွဲစက်သမားများက နေ့စဉ်ဝယ်ယူနေတဲ့အတွက် အိတ် ၂၅၀-၃၀၀ မှ အိတ် ၄၀၀ ကျော်အထိ အရောင်းအဝယ် သွက်လာခဲ့တာကို တွေ့ရပါတယ်။ အခြား ပြည်ပဝယ်လိုအားရှိပဲများ ရက်ခြားသာ အရောင်းအဝယ်ဖြစ်နေပေမယ့် ဒေသတွင်းသာ အဝယ်ရှိတဲ့ ကုလားပဲသီးနှံမှာ ပဲဈေးကွက်အတွင်း ဒီတစ်ပတ်မှာ အရောင်းအဝယ်အသွက်ဆုံးဖြစ်ခဲ့ပြီး၊ ပဲဈေးမှာလည်း တစ်တင်း ၂၇၅၀၀ ကျပ်မှ ၃၀၀၀၀ ကျပ်အထိ ဈေးလည်းကောင်းလာခဲ့သလို ယခုနှစ်အတွင်း ကုလားပဲ ဈေးကွက်မှာ ဈေးအမြင့်ဆုံးရလာခဲ့ပါတယ်။ ယခင်နှစ်တစ်နှစ်လုံး ကုလားပဲဈေးမှာ ကျပ် ၂၀၀၀၀ အောက်သာရောက်ရှိခဲ့လို့ ဈေးအေးခဲ့တဲ့ ပဲဖြစ်ပေမဲ့ ယခုနှစ်အတွင်း ပဲပေါ် ချိန်မှစလို့ ယခင်နှစ်ထက် ဈေးကောင်းခဲ့ပြီး ယခုဩဂုတ်လ မှာတော့ တစ်နှစ်တာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ဈေးနှုန်းများအရ ဈေးအမြင့်ဆုံးရနေခဲ့ပါတယ်။

ပဲကြီးသီးနှံများ ဝင်ရောက်မှုရှိသော မြို့နယ်များဖြစ်တဲ့ ရွှေတောင်၊ ကျိုးသဲ၊ ပန်းတောင်း၊ ကံမမြို့နယ်များတွင် ရေကြီးမှုများရှိတဲ့အတွက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေတာကြောင့် ပြည်ဈေးကွက်သို့ ပဲအဝင်မရှိသေးဘဲ လက်ကျန်ပဲများဖြင့်သာ အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ပဲကြော်ဖိုသမားများ အဝယ်လိုက်လို့ တစ်ရက် အိတ် ၂၀၀ မှ ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ပဲဈေးမှာလည်း ယခုအပတ်မှာ ဈေးနှုန်းသိသိသာသာမြင့်တက်ခဲ့လို့ ရွှေကျွန်းတစ်တင်း ၃၄၅၀၀ ကျပ်၊ ကမ်းနား တစ်တင်း ၃၂၅၀၀ ကျပ်ဖြင့် တစ်တင်းကျပ်ခြောက်ထောင်ကျော် မြင့်တက်ခဲ့ပါတယ်။

ပဲကြီးသီးနှံမှာ ယခုနှစ် နှစ်စတွင် ပဲဈေးနှုန်းများမှာ ကျပ်နှစ်သောင်း တစ်ပတ်လည်သာရှိခဲ့ပြီး ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်လများအထိ ပဲဈေးမှာ တရိပ်ရိပ် တက်လာသော်လည်း တစ်တင်းလျှင် ကျပ်သုံးသောင်းအောက်သာ ရရှိခဲ့ကြပါတယ်။ ဇူလိုင်လကုန်တွင် မြစ်ရေများမြင့်တက်လာမှုကြောင့် ဈေးကွက်သို့ ပဲဝင်ရောက်မှုပါးလာလို့ ဝယ်လိုအားကလည်း များလာတဲ့အတွက် ပဲဈေးနှုန်းများ မြင့်တက်ခဲ့ကာ အခြားပဲများကဲ့သို့ ဈေးမြင့်တက်လာခဲ့ပြီး၊ အရောင်းအဝယ်မှာလည်း ကုလားပဲသီးနှံနဲ့အလားတူ အရောင်းသွက်ခဲ့တာ တွေ့ရပါတယ်။

ပဲပုပ်သီးနှံကတော့ လက်ကျန်ပဲသာရှိသလိုပဲဝင်ရောက်မှုမှာလည်း အဝင်မရှိတော့တဲ့အတွက် ဈေးကွက်မှာ အရောင်းအဝယ်အေး၊ ဈေးလည်း အေးနေခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း အခြားပဲများအားလုံးလိုလို ဈေးမြင့်တက်ခဲ့ပေမယ့် ပဲပုပ်သီးနှံကတော့ တစ်တင်း ၁၆၅၀၀ ကျပ်သာ ဆက်လက်ဈေးငြိမ်နေပြီး လက်လီသမားအနည်းငယ် အဝယ်ရှိလို့ အရောင်းအဝယ်ဖြစ်မှုပမာဏ နည်းခဲ့တယ်လို့သိရပါတယ်။

ဒါကြောင့် ဩဂုတ်လ ဒုတိယပတ်အတွင်း ပြည်ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လိုအားရှိတဲ့ ပဲများအပြင် ပြည်တွင်းဈေးကွက်မှာသာ အရောင်းအဝယ်ဖြစ်တဲ့ပဲများလည်း ဈေးနှုန်းများ မြင့်တက်ခဲ့သလို ပြည်ပဝယ်လက်ထက် ပြည်တွင်းဝယ်လက်ပဲများ အရောင်းအဝယ်သွက်နေခဲ့ပြီး၊ လက်လီပဲအချို့သာ အရောင်းအဝယ်အေးခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## လက်လီသာအရောင်းအဝယ်ဖြစ်ပေမယ့် ပြည်စားတော်ပဲဈေးကောင်းရ

ပြည်ပဲဈေးကွက်မှာ တစ်နေ့ကို ၁၀ အိတ်ကျော် ၁၅ အိတ်နဲ့သာ ဒေသတွင်း လက်လီအရောင်းအဝယ်ဖြစ်ပေမယ့် ဈေးကောင်းရနေတဲ့ သီးနှံကတော့ စားတော်ပဲသီးနှံဖြစ်ပါတယ်။ တစ်တင်းကို ၃၅၀၀၀ ကျပ်ထိရနေပြီး ပဲအဝင်မရှိသော်လည်း လက်ကျန်ပဲများ ထုတ်ရောင်းနေရတဲ့အတွက် ပဲဈေးမှာ ဇူလိုင်လဈေးထက်လည်း ဈေးပိုနေပါတယ်။ အခြား လက်လီအရောင်းအဝယ်ဖြစ်နေတဲ့ ပဲများထက် ဈေးကွက်မှာ ဈေးအမြင့်ဆုံးရနေတဲ့ ပဲလည်း ဖြစ်ပါတယ်။ ဇူလိုင်လအတွင်းကတော့ တစ်တင်း ၃၁၀၀၀ ကျပ်နဲ့ ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ချင်း



### ရာသီဥတုကြောင့် ရှမ်းချင်းဈေးကွက်အဝင်နည်း၊ အဝယ်နည်း

အောင်ပန်းဈေးကွက်မှာ ချင်းအဝင်နည်းသွားသလို အဝယ်ကလည်း နည်းသွားပါတယ်။ မြန်မာတစ်နိုင်ငံလုံး ရေကြီးနေတာရယ်၊ အဓိကဝယ်လက်တွေဖြစ်တဲ့ နေရာတွေက ရေကြီးနေလို့ လမ်းပန်းဆက်သွယ်ရေးအခက်အခဲရယ်ကြောင့် အဝယ်လည်းရပ်သွားတယ်လို့ သိရပါတယ်။ ပြည်တွင်းသုံး ချင်းထိုးသမားတွေသာ အဝယ်ရှိပြီး၊ တစ်ပတ် ကိုအဝင်က ထောင်ဂဏန်း၊ အရောင်းကလည်း ထောင်ဂဏန်းခန့်သာရှိပါတော့တယ်။ ဒီတစ်ပတ်တော့ ချင်း၊ နနွင်းတွေ ရောင်းအားကျသွားပြီး၊ ကုန်ခြောက်တွေသာ အရောင်းအဝယ်ဖြစ်နေတယ်လို့လည်းသိရပါတယ်။ ထိုးချင်းသမားတွေကသာ ဒီဈေးနဲ့ အနည်းအကျဉ်းဝယ်ယူနေပြီး၊ လက်ကြီးသမားတွေကတော့ အဝယ်ရပ်နေပါတယ်။ အောင်ပန်းချင်းကို ပွဲရုံတွေက တောင်သူတွေဆီကနေ တစ်ပိဿာကို အရည်အသွေးနဲ့ အကြီးအသေးပေါ် မူတည်ပြီး ၇၀၀ ကျပ်မှ ၁၀၀၀ ကျပ်ခန့် ဈေးဖြတ်ပြီး ဝယ်နေကြပါတယ်။ ချင်းခြောက်လည်း ကုန်သလောက်ရှိသွားပြီး တစ်ပိဿာကို ၂၅၀၀ ကျပ်၊ ၃၀၀၀ ကျပ်ရှိပါတယ်။

ဟိုပုံးဈေးကွက်မှာလည်း ချင်းအရောင်းအဝယ်က အောင်ပန်းဈေးကွက်လိုပဲ ခပ်အေးအေးသာ ဖြစ်နေ ပါတယ်။ အဝင်ကလည်း နည်းနေပြီး ပြည်တွင်းစားသုံးမှုနဲ့ ဈေးပတ်သမားတွေသာ အဝယ်ရှိနေတာရယ်၊ တောင်ကုတ်ဝယ်လက်တွေကလည်း ရေကြီးလို့ အဝယ်ရပ်သွားတာကြောင့် ဈေးကွက်မှာ အေးနေတယ်လို့ သိရ ပါတယ်။ လက်လီဈေးကွက်သာရှိပြီး အရောင်းအဝယ်ကလည်း ကြိုက်ဈေးပေါ် မူတည်ပြီး အရောင်းအဝယ်ဖြစ်ပါတယ်။ ဒီတစ်ပတ်ပေါက်ဈေးကတော့ တစ်ပိဿာ ၈၀၀-၈၅၀ ကျပ်ရှိတယ်လို့ သိရပါတယ်။

**ဧခိုင်-တောင်ကြီး**

### အဝင်ပုံမှန်ဈေးနှုန်းပုံမှန်နဲ့ ပြည်ချင်း အရောင်းအဝယ်ပုံမှန်ဖြစ်

ပြည်ချင်းဈေးကွက်သို့ ဩဂုတ်ဒုတိယပတ်မှစ၍ စီးဝင်မှုအနေဖြင့်တောင်ကြီး၊ အောင်ပန်းမှ ချင်းဥမများ ပိဿာ ၃၀ ဝင်အိတ် ၁၅၀ ခန့် အဝင်ရှိပြီး လမ်းပန်းဆက်သွယ်ရေးလည်း ပြန်လည်ကောင်းနေပြီဖြစ်လို့ အဝင်လည်းပုံမှန် ဈေးနှုန်းလည်းပုံမှန်ဖြင့် ယခင်တစ်ပတ်ဈေးအတိုင်း ချင်းဥမ (ရှယ်) တစ်ပိဿာ ၁၂၀၀ ကျပ်၊ (ဂွန်) ၁၁၀၀ ကျပ်ဖြင့် ဈေးငြိမ်နေပြီး တစ်နေ့ ပိဿာချိန် ၅၀ နဲ့ ယခုတစ်ပတ်အတွင်း အရောင်းအဝယ်လည်း ပုံမှန်ဖြစ်နေပါတယ်။

အခြားတိုင်းဖြစ်တဲ့ ဧရာဝတီတိုင်းနဲ့ ရခိုင်ပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများဖြစ်နေ၍ အနည်းငယ်သာ တင်ပို့ပေးနိုင်ကြောင်း ချင်းပွဲရုံများမှ သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

## နနွင်း

### ဒီတစ်ပတ်လည်းနနွင်းတန်ချိန် တစ်ရာကျော်တင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဩဂုတ် ၂ ရက်မှ ၈ ရက် သီတင်းပတ်အတွင်း နနွင်း ၁၁၄ ဒသမ ၉၂၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံကို ၅၆ ဒသမ ၃၆၂ တန်နဲ့ အိန္ဒိယနိုင်ငံကို ၅၈ ဒသမ ၅၆၃ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာလည်း တန်ချိန် တစ်ရာကျော် တင်ပို့နိုင်ခဲ့မှုမှ ကန်ဒေါ်လာ ၉၀၃၅၆ ဝင်ငွေရရှိခဲ့တယ်လို့ သက်ဆိုင်ရာဌာနရဲ့ စာရင်းဇယားများအရ သိရှိရပါတယ်။ ကာလတူဖြစ်တဲ့ ၂၀၁၄ ဩဂုတ်လ ဒုတိယပတ်အတွင်းမှာ နနွင်းတင်ပို့မှုမှာ ၂၈ တန်သာရှိခဲ့တာကြောင့် ဒီနှစ်မှာ နနွင်း တင်ပို့မှု အားသာခဲ့ပါတယ်။

**သီတာဝင်း(DOT)**

### ပြည်ပဝယ်လက် အနည်းငယ်ရှိလို့ ဟိုပုံးနနွင်းဈေးကွက် အရောင်းအဝယ်ဖြစ်

အောင်ပန်းဈေးကွက်ကိုဝင်တဲ့ ရှမ်းနနွင်းတွေက ဒီနှစ်ရဲ့ ဧပြီလကစပြီး ပြည်ပဝယ်လက် နားသွားတယ်လို့ သိရပါတယ်။ ဟိုပုံးနနွင်းကတော့ ပြည်ပဝယ်လက် အနည်းအကျဉ်းဝယ်ယူမှုရှိနေတာကြောင့် အရောင်းအဝယ်ကအောင်ပန်းနနွင်းတွေထက် ပိုဖြစ်တယ်လို့သိရပါတယ်။ ရာသီဥတုဆိုးလို့ ခရီးသွားလာရ ခက်ခဲတာကြောင့် ဒီတစ်ပတ်မှာ ဈေးပတ်သမားတွေတောင် အဝယ်နားသွားတယ်လို့ သိရပါတယ်။ အမှုန့်ကြိတ်သမားတွေကလည်း အဝယ်သိပ်မရှိတော့ပါဘူး။ နနွင်းဈေးကလည်း လက်ရှိမှာ အောင်ပန်းစတွေဆိုရင် ၁၀၀၀ ကျပ်မှ ၁၅၀၀ ကျပ်ဈေးသာရှိပြီး၊ ဟိုပုံးစက တစ်ပိဿာ ၁၃၀၀ ကျပ်ဈေးနဲ့ ဝယ်လက်ရှိပေမယ့် အရောင်းမရှိသေးဘူးလို့သိရပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ ပြည်ပဝယ်လက်မရှိပေမယ့် ပြည်တွင်းသုံးတွေကတော့ နည်းနည်းစီ ဝယ်ယူနေတယ်လို့သိရပါတယ်။ အဝင် မရှိသလောက်ဖြစ်နေပြီး ပွဲရုံဝယ်လက်တွေက ဈေးမကိုက်လို့ မရောင်း လိုကြပါဘူး။ ဝယ်ရင်းဈေးက တစ်ပိဿာ ၁၆၀၀ ကျပ်ဈေးရှိခဲ့ပြီး၊ ယခုလက်ရှိပေါက်ဈေးက ၁၅၀၀ ကျပ်၊ ၁၆၀၀ ကျပ် ဈေးသာရှိတာကြောင့် အရောင်းအဝယ် သိပ်မဖြစ်ဘူးလို့ ဟိုပုံးနနွင်းပွဲရုံတွေက သိရပါတယ်။

**ဧခိုင်-တောင်ကြီး**

## သီဟိုဠ်

### မူဆယ်ကုန်သွယ်ရေးဇုန်က သီဟိုဠ်စေ့ ၁၅ တန်ကျော်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လ ၁ ရက် မှ ၇ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၁၉ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၅ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၃၄ ကီလိုဂရမ် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်က ယခုတစ်ပတ်တွင် တင်ပို့နိုင်ခြင်းမရှိခဲ့သလို ယခင်သီတင်းပတ်ကလည်း သီဟိုဠ်စေ့ တင်ပို့နိုင်ခြင်းမရှိပါ။ ကော့သောင်းကုန်သွယ်ရေးစခန်းက ယခုသီတင်းပတ်တွင် သီဟိုဠ်စေ့ တင်ပို့နိုင်ခြင်း မရှိခဲ့ပေမယ့် ယခင်သီတင်းပတ်က ၁ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ **ခင်မြနွယ်**

## ကြက်သွန်

### မူဆယ်နဲ့ မြဝတီမှ ကြက်သွန်နီ ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လ ပထမပတ်တွင် ကန်ဒေါ်လာ ၆၅၅၄၆ တန်ဖိုးရှိ ကြက်သွန်နီ ၂၂၇ တန်ခွဲ၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃၄၀၅၃၄ တန်ဖိုးရှိ ကြက်သွန်နီ ၇၇၃ တန်ခွဲ တင်ပို့ခဲ့ပါတယ်။

ယခင် ရက်သတ္တပတ်က မူဆယ်မှ ၃၀၆ တန်ခွဲနဲ့ မြဝတီမှ ၇၅၁ တန်ခွဲ တင်ပို့ခဲ့လို့ ဒီကုန်သွယ်ရေးစခန်းနှစ်ခုက ကြက်သွန်နီ ပုံမှန်တင်ပို့နိုင်တယ်လို့ ဆိုရပါမယ်။ တာချီလိတ် ကုန်သွယ်ရေးကတော့ ယခုတစ်ပတ်မှာ ကြက်သွန်ဖြူ တန် ၅၀ ကို ကန်ဒေါ်လာ ၅၉၆၈၃ ဖိုး တင်ပို့ခဲ့ပါတယ်။ ဇွန်လလယ်မှစပြီး နယ်ဝယ်လက် ဝယ်လိုအားများလာတာကြောင့် ဈေးနှုန်းတွေ စတင်မြင့်တက်လာကာ ဇူလိုင်လဆန်းပိုင်းမှာတော့ ကြက်သွန်နီ တစ်ပိဿာကို ကျပ်၈၀၀ နီးပါးရောက်ရှိခဲ့တယ်လို့ သိရပါတယ်။ နောက်ပိုင်း ကြက်သွန်ပေါက်ဈေးက လျှောင်သမားရော၊ တောင်သူပါ အဆင်ပြေတဲ့ ဈေးနှုန်းတွေဖြစ်တယ်လို့ ပခုက္ကူမြို့မှ ကြက်သွန်ရောင်းဝယ်ရေး လုပ်ငန်းတစ်ခုမှ ပြောပါတယ်။


**မော်မော်အောင်**

### စားဖိုဆောင်သီးနှံ ပြည်ကြက်သွန်နီ ဈေးကောင်း

ဩဂုတ်လ ဒုတိယပတ်အတွင်း မိုးဆက်တိုက်ရွာသွန်းမှုကြောင့် စားဖိုဆောင်သီးနှံဖြစ်တဲ့ ကြက်သွန်နီ ဈေးဆက်မြင့်တက်လာပါတယ်။ နယ်မှ ကြက်သွန်နီအိတ်များ ပြည်ဘက်သို့ အဝင်နည်းပြီး အခြားနယ်ဘက် များမှ အဝယ်ရှိတာကြောင့် ကြက်သွန်နီဈေးတွေ မြင့်တက်လာခြင်းဖြစ်ပါတယ်။

ကြက်သွန်နီပွဲရုံ လက်ကားဈေး တစ်ပိဿာ ကြီး ၁၇၃၀ ကျပ်-၁၂၀၀ ကျပ်၊ အသေး ၁၀၅၀ ကျပ်တို့ဖြစ်ပြီး ဒေသတွင်း လက်လီရောင်းဈေးကတော့ အကြီး ၁၆၀၀ ကျပ်၊ အလတ် ၁၅၀၀ ကျပ်၊ အသေး ၁၂၀၀ ကျပ်တို့ဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။ အရောင်းအဝယ်များ အေးသော်လည်း ပုံမှန်စားသုံးမှုကြောင့် အရောင်းအဝယ် ဖြစ်နေပါတယ်။ တစ်ရက်ကို ကြက်သွန်နီအိတ် ၉၀-၁၀၀ ခန့် အရောင်းအဝယ်ရှိနေပါတယ်။

**နီနီဝင်း-ပြည်**



## ဈေးမြင့်လာတဲ့အတွက် အိန္ဒိယရဲ့ သီဟိုဠ်စေ့(ကုန်ကြမ်း)တင်သွင်းမှုကျဆင်းလာ

အနောက်အာဖရိကနိုင်ငံများမှ အိန္ဒိယသို့ တင်သွင်းလျက်ရှိသော သီဟိုဠ်စေ့ကုန်ကြမ်း (Raw Cashew Nut-RCN) များရဲ့ ဈေးနှုန်းမြင့်တက်လာတဲ့အတွက် ပထမသုံးလပတ်ကာလမှာ အိန္ဒိယသို့ သီဟိုဠ်စေ့(ကုန်ကြမ်း) တင်သွင်းမှု ကျဆင်းလာခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံက အရည်အသွေးမြင့် စက်ပစ္စည်းများကိုသုံးစွဲထုတ်လုပ်နိုင်တဲ့အတွက် သီဟိုဠ်စေ့တင်သွင်းမှုကတော့ တိုးတက်နေပြီး အိန္ဒိယနိုင်ငံမှ သီဟိုဠ်စေ့ကုန်ချော ပြည်ပသို့ တင်ပို့မှုပမာဏထက်ကျော်လွန်နေပါတယ်။

အိန္ဒိယနိုင်ငံ သီဟိုဠ်စေ့ပို့ကုန်တိုးမြှင့်တင်ပို့ရေးကောင်စီ (Cashew Export Promotion Council of India -CEPCI)မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ Chandran Prabla က တန်ဇန်းနီးယား(Tazania)အိုင်ဗရီကို့စ် (Ivory Coast)နိုင်ငံများမှာ ကုန်ချောထုတ်လုပ်တဲ့လုပ်ငန်းများလည်း ပိုမိုထုတ်လုပ်နေတယ်လို့ ပြောကြားပါတယ်။

သီဟိုဠ်စေ့ (Raw)တစ်တန်ကို ၁၆၅၀ ဒေါ်လာဈေးပေါက်နေတဲ့အတွက် ဈေးမြင့်တက်နေတဲ့အပြင် အလုပ်သမားခများ မြင့်တက်နေခြင်း၊ သီဟိုဠ်စေ့တင်ပို့သော ကုန်သည်များအပေါ် အထူးအခွင့်အရေး(Incentive) များပေးရန် မသိကျိုးကျွံပြုမှုများကြောင့်လည်း သီဟိုဠ်စေ့အဆံဈေး မြင့်တက်နေရတယ်လို့ Chandran က ဆက်လက်ပြောကြားပါတယ်။ RCN ရဲ့ဈေးကြီးမြင့်မှုကြောင့် ယခုဘဏ္ဍာနှစ်ပထမသုံးလပတ်ကာလမှာ သီဟိုဠ်စေ့ ၃၀၇၇၃၄ တန်သာ တင်သွင်းခဲ့ပြီး ယမန်နှစ်ကာလတူက ၃၁၂၇၈၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

Chandran ပြောကြားချက်အရ သီဟိုဠ်စေ့ကုန်ချောပြုလုပ်တဲ့ စက်ရုံ ၂၅ ရာခိုင်နှုန်းသာ ကျန်ရှိတော့ပြီး စက်ရုံစုစုပေါင်းရဲ့ ၇၀ ရာခိုင်နှုန်းက လုံးဝပိတ်ထားကာကျန်တဲ့ ၅ ရာခိုင်နှုန်းကတော့ အနည်းအကျဉ်းမျှသာ ထုတ်လုပ်တော့တယ်လို့ သိရပါတယ်။ ပြည်ပသို့ ပထမ ၃လပတ်မှာ ၂၂၅၉၈ တန်သာ ပို့ခဲ့တယ်လို့ သိရပါတယ်။

**CMK**



# ကုန်သွယ်ရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ဆွဲဆောင်မှုများနှင့်အကူအညီပေးမှုများ

## (Trading, Incentives for SMEs and Support Activities)

သိန်းမြင့်ဝေ

### လာရောက်တွေ့ဆုံသည့် ခရီးစဉ်၏ ရည်ရွယ်ချက်

Thai Chamber of Commerce of Thailand မှညွှန်ကြားရေးမှူး Dr.Pussadee Folsaram သည် ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (Small and Medium Enterprises, SMEs) နှင့်စပ်လျဉ်းသည်များကို လာရောက်ဆွေးနွေးလိုကြောင်း ဌာနသို့အကြောင်းကြားလာပါသည်။

လာရောက်တွေ့ဆုံသည့် ခရီးစဉ်၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင်ရှိသော SMEs ဖွံ့ဖြိုးတိုးတက်ရေးအပြင် SMEs ပေါ်လစီများ ချမှတ်အကောင်အထည်ဖော်ရာတွင် သက်ဆိုင်သည့် ပုဂ္ဂိုလ်များနှင့်တွေ့ဆုံဆွေးနွေးရန် ဖြစ်ပါသည်။ ဤခရီးစဉ်သည် Project on SMEs Development Policies in Four ASEAN Member Countries: Cambodia,Lao PDR,Myanmar and Brunei Darussalam(အာဆီယံအဖွဲ့ဝင်လေးနိုင်ငံဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ဘရူနိုင်းနိုင်ငံSMEs ဖွံ့ဖြိုးတိုးတက်ရေး ပေါ်လစီများဆိုင်ရာစီမံကိန်း)၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ ဤစီမံကိန်းကို ထိုင်းနိုင်ငံ SMEs မြှင့်တင်ရေးရုံး (OSMEP) နှင့် ဂျပန်နိုင်ငံ ပြည်ပဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JODC) တို့က ငွေကြေးထောက်ပံ့ အကောင်အထည်ဖော်သော စီမံကိန်း ဖြစ်ပါသည်။ ဤစီမံကိန်းရေးဆွဲပြီးစီးပါက သက်ဆိုင်ရာ နိုင်ငံများနှင့် ပတ်သက်သည့် ASEAN SMEs White Paper ကို ထုတ်ဝေဖြန့်ချိမည် ဖြစ်ပါသည်။

### ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် SMEs ဖွံ့ ဖြိုးတိုးတက်ရေးအတွက် TNC များ၏ အခန်းကဏ္ဍ

ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်မှု (Global production) သည် မြန်ဆန်စွာ တိုးတက်လျက်ရှိပါသည်။ အထူးသဖြင့် ကုန်သွယ်မှု (Trade) နှင့် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) တို့သည် ကုန်ထုတ်လုပ်မှု (Production) ထက် ပိုမိုမြန်ဆန်စွာ တိုးတက်လျက်ရှိပါသည်။ ဤဖြစ်စဉ်အတွင်း နိုင်ငံတကာကုမ္ပဏီများ သို့မဟုတ် နိုင်ငံစုံ ကော်ပိုရေးရှင်းများ (Transnational corporations -TNCs) သည် အရေးပါလျက်ရှိပါသည်။ ပြည်ပစီးပွားရေးအဖွဲ့အစည်းများ၏ ကမ္ဘာလုံးဆိုင်ရာကုန်ထွက် (Global output ) နှင့် ကမ္ဘာလုံးဆိုင်ရာ ရောင်းချမှုများ (Global sales) သည် ကမ္ဘာ့ထုတ်လုပ်မှု သို့မဟုတ် ကမ္ဘာ့ဂျီဒီပီ (World GDP) နှင့် ကမ္ဘာ့ပို့ကုန်များ (World exports) ထက် ပိုမိုလျင်မြန်စွာ တိုးတက်လျက်ရှိပါသည်။ TNC များသည် Global output ၏ ၂၅ ရာခိုင်နှုန်းကျော် ရှိပါသည်။

အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးဆဲနိုင်ငံများ (Developing countries) နှင့် စီးပွားရေးအသွင် ကူးပြောင်းဆဲနိုင်ငံများ (Economies in transition) ထံသို့ စီးဆင်းသော FDI သည် အံ့မခန်းတိုးတက်လျက် ရှိပါသည်။ ဤစီးဆင်းမှုသည် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ကမ္ဘာ့ FDI စီး ဝင်မှု၏ ၄၂ ရာခိုင်နှုန်းကျော် ရှိခဲ့ပါသည်။ ဤသို့ တိုးတက်ခဲ့ရခြင်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပျမ်းမျှစီးပွားရေး တိုးတက်မှုနှုန်း မြင့်မားခဲ့သော ကြောင့် ဖြစ်ပါသည်။

ထို့ပြင် ၁၉၈၀ ပြည့်လွန်နှစ်များတွင် ဖွံ့ဖြိုးဆဲနိုင်ငံများသည် သွင်းကုန် အစားထိုးပေါ်လစီ (Import substitution policy) မှ လွတ်လပ်သော စီးပွားရေးပေါ်လစီများ (Open-door policies) ကို ပြောင်းလဲကျင့်သုံး ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ၏ ကုန်သွယ်မှုတိုးတက်ခဲ့သည့်အပြင် FDI နှင့် ဂျီဒီပီတို့၏ အချိုး (Ratio of FDI to GDP) သည်လည်း တိုးတက်ခဲ့ပါသည်။ FDI သည် အရင်းအနှီးစီးဆင်းမှုများ (Capital flows) သာမက အခြားအရေးကြီးသော ရပိုင်ခွင့်လွှဲပြောင်းမှုများ (Asset transfers)လည်း ပါဝင်ပါသည်။ အခြားအရေးကြီးသော ရပိုင်ခွင့်လွှဲပြောင်းမှုများအဖြစ် စီမံခန့်ခွဲမှုနှင့်အဖွဲ့အစည်းဆိုင်ရာ ကျွမ်းကျင်မှု (Management and organizational expertise) ၊ နည်းပညာ၊ စီးပွားရေးလုပ်ငန်းစွမ်း ဆောင်နိုင်မှု၊ နိုင်ငံတကာဈေးကွက်များရရှိနိုင်မှုတို့ပါဝင်ပါသည်။

TNC များ၏ ထုတ်ကုန်များ၊ ထုတ်လုပ်မှုဖြစ်စဉ်များ၊ စီမံခန့်ခွဲမှုနည်းလမ်းများသည် နိုင်ငံတကာဈေးကွက်နှင့်ဆက်နွယ် ရင်ပေါင်တန်းလျက်ရှိသကဲ့သို့ အစဉ်အမြဲ တိုးတက်လျက်လည်းရှိပါသည်။ တစ်နည်းအားဖြင့် နိုင်ငံတကာဈေးကွက်အတွင်း ၎င်းတို့၏ ယှဉ်ပြိုင်နိုင်မှု (Competitiveness) သည် အမြဲတမ်းမြင့်မားလျက်ရှိပါသည်။ အကျိုးဆက်အနေဖြင့် ၎င်းတို့၏ကုန်ထုတ်လုပ်မှု စွမ်းအား (Productivity) သည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ စီးပွားရေးလုပ်ငန်းများ၏ Productivity ထက်ပိုမိုမြင့်မားလျက်ရှိပါသည်။ ထို့အတူထုတ်ကုန်အရည်အသွေး (Product quality)၊ နည်းပညာဆိုင်ရာဆန်းသစ်တီထွင်မှု (Technological innovation) စသည်တို့တွင်လည်း ၎င်းတို့က ပိုမိုမြင့်မားကြပါသည်။ ဤထုတ်လုပ်မှုစွမ်းအား ကွာဟချက် (Productivity gap) သည် ပြည်တွင်း SME များအတွက် အရေးကြီးသော အချက်များဖြစ်ပါသည်။ ထို့ကြောင့် TNC များသည် SME များအတွက် အသိပညာနှင့်နည်းပညာများ ရရှိစေခြင်း၊ အချို့ကို ပုံတူကူးယူဆောင်ရွက်နိုင်ခြင်း၊ အချို့ကို လွှဲပြောင်းရယူနိုင်ခြင်း ဟူသော ကောင်းကျိုးများကို ဖြစ်စေပါသည်။ ဆိုးကျိုးအဖြစ် TNC များ၏လုပ်ငန်းဆောင်ရွက်မှုများသည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်တွင်းကုမ္ပဏီများကို ခြိမ်းခြောက်လျက်ရှိပါသည်။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) အတွက် TNC တို့၏ ကောင်းကျိုးများ သို့မဟုတ် အပေါင်းလက္ခဏာဆောင်သော သွယ်ဝိုက်အကျိုးကျေးဇူးများ (Positive spillovers) အများဆုံးရရှိရေးနှင့် ဆိုးကျိုးအနည်းဆုံး ဖြစ်ရေးအတွက် ပြည်သူ့ရေးရာပေါ်လစီ (Public policy) အရ ဆောင်ရွက်နိုင်ပါသည်။

### SME များသို့ ခွင့်ပြုပေးလျက်ရှိသော ပေါ်လစီဆွဲဆောင်မှုများ (policy incentives to SMEs)

ပို့ကုန်တင်ပို့သည့် ကုန်သည်များ အပါအဝင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြည်ပတင်ပို့သော လုပ်ငန်းရှင်များအတွက် အခွန်နှင့်ပတ်သက်သော ဆွဲဆောင်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) အကောက်ခွန်နှင့်အခွန်များ ကြိုတင်ပေးချေမှုမှ ကင်းလွတ်ခွင့်ပြုခြင်း။

(ခ) စက်နှင့်စက်ပစ္စည်းများ၊ ကုန်ကြမ်းပစ္စည်းများ တင်သွင်းခြင်းအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုခြင်း။

(ဂ) လုပ်ငန်းစတင်သည့် ပထမသုံးနှစ်မှ ရှစ်နှစ်ထိ လုပ်ငန်း ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုခြင်း။

(ဃ) အခြားသော အခွန်ဆိုင်ရာ ဆွဲဆောင်မှုများခွင့်ပြုခြင်း။

(င) အတိုးနှုန်းသက်သာစွာဖြင့် သက်ဆိုင်ရာဘဏ်များက ချေးငွေထုတ်ချေးခြင်း။

### SME များအတွက် အကူအညီပေးမှုများ (Support activities to SMEs)

SME များအတွက် အကူအညီပေးမှုများ (support activities) အဖြစ် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

(က) ပို့ကုန်၊ သွင်းကုန် သို့မဟုတ် ကုန်သွယ်မှုသတင်းအချက်အလက်ကို ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်၊ ဝက်ဘ်ဆိုက် စသည့် မီဒီယာများမှ တစ်ဆင့်ဖြန့်ဝေခြင်း။

(ခ) ဝယ်သူ-ရောင်းသူ တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်း။

(ဂ) အသင်းအဖွဲ့များဖွဲ့စည်း၍ ဈေးကွက်ပိုမိုရရှိရေး ဆောင်ရွက်ခြင်း။

(ဃ) ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် စစ်တမ်းများကောက်ယူ သုတေသနပြုလုပ်ခြင်း။

(င) နည်းပညာရရှိရေး၊ ဈေးကွက်ရရှိရေးတို့ကို ဆောင်ရွက်ခြင်း။

### SME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ

ပထမအခက်အခဲမှာ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ SME များအတွက် ငွေကြေးရရှိရန် ခက်ခဲခြင်းဖြစ်ပါသည်။ SME များတည်ထောင်မှုနည်းပါးရခြင်းသည် ပုံစံတကျမဟုတ်သော ငွေကြေးရရှိမှု (Informal financing)သည် အကန့်အသတ်ရှိသကဲ့သို့ လုပ်ငန်းအရွယ်အစားကြီးပြီး အတွေ့အကြုံရှိသည့် SME များအတွက်လည်း ဘဏ်ချေးငွေရရှိမှုမှာ ခက်ခဲကြောင်း တွေ့ရှိရပါသည်။ ချေးငွေရရှိနိုင်သည်ဆိုသော်လည်း ငွေကြေးထုတ်ချေးသူများ (Lenders)နှင့်ဆက်ဆံရာတွင်လည်း ခက်ခဲလေ့ရှိပါသည်။

ဒုတိယအခက်အခဲများမှာ စည်းမျဉ်းစည်းကမ်းနှင့်အခွန်အခက်အခဲများ (Regulatory and tax constraints) ဖြစ်ပါသည်။ ၎င်းအခက်အခဲများက SME များတိုးတက်ရေးကို အတိုင်းအတာတစ်ခုအထိ ကျဆင်းစေပါသည်။ စည်းမျဉ်းဥပဒေကို လိုက်နာရေးသည် ကျယ်ပြန့်နက်ရှိုင်းသောကြောင့် အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် SME များအတွက် ဗျူရိုကရက်တစ် ဝန်ထုပ်ဝန်ပိုး (Bureaucratic burden) ကိုကြီးမားစွာ ဖြစ်စေပါသည်။

တတိယမှာ ကုန်ကြမ်းပစ္စည်းကဲ့သို့သော သွင်းအားစုများ (Physical inputs) ရရှိနိုင်မှုနှင့်ပတ်သက်သည့် အခက်အခဲဖြစ်ပါသည်။ စတုတ္ထအခက်အခဲမှာ နည်းပညာဆိုင်ရာ အခက်အခဲ (Technical constraint) ဖြစ်ပါသည်။ နောက်ဆုံးအချက်မှာ အရည်အသွေးမြင့်မားသောဈေးကွက်များသို့ အရည်အသွေးရှိသောထုတ်ကုန်များဖြင့် ယှဉ်ပြိုင်ထိုးဖောက်နိုင်ရေးအတွက် ကျွမ်းကျင်လုပ်သားနှင့်ပညာတတ်လုပ်ငန်းရှင်များ (skilled worker and educated entrepreneurs) ရှားပါးသည့် အခက်အခဲဖြစ်ပါသည်။

## ခာတ်ဆီ/ဒီဇယ်

# ခာတ်ဆီ၊ ဒီဇယ်တန်ချိန် ရှစ်ရာကျော်ဝင်

ဩဂုတ် ၂ ရက်မှ ၈ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၅၆၃၁၅၇၃ တန်ဖိုးရှိ ဒီဇယ် ၄၉၆ ဒသမ ၈၄၅ တန်နဲ့ ကန်ဒေါ်လာ ၂၅၂၈၄၈၃၄ တန်ဖိုးရှိ ခာတ်ဆီ ၃၄၆ ဒသမ ၈၉၃ တန် ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှု လမ်းမှ တင်သွင်းရန် သွင်းကုန်လိုင်စင်လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ယခင်တစ်ပတ်မှာ ဒီဇယ်အဝင်မှာ ၄ဝ၄ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၉၂ တန်ကျော် အဝင်ပိုခဲ့သလို ယခင်တစ်ပတ်ခာတ်ဆီအဝင်မှာ ၇၄ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၂၇၂တန် ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ခာတ်ဆီရော ဒီဇယ်ပါ အဝင်ပိုခဲ့ပါတယ်။

ပြည်တွင်း ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဩဂုတ် ၃ ရက်မှ ဩဂုတ် ၇ ရက်အတွင်း ရောင်းချနေတဲ့ ခာတ်ဆီ၊ ဒီဇယ်ဈေးများက မော်လမြိုင်နဲ့ တောင်ကြီးမှာဈေးငြိမ်နေပြီး ရန်ကုန်မှာဈေးကျလာတယ်လို့သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ခာတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာခာတ်ဆီရောဒီဇယ်ပါ ဈေးကျလာတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာဈေးကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၆ဝ ကျပ်၊အောက်တိန်း (92)၇ဝဝကျပ်၊ အောက်တိန်း (95) ၈ဝဝ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇ဝဝ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာဩဂုတ်လ၁ဝရက်နေ့ ခာတ်ဆီ ဝယ်ဈေး ၁၃၈ဝဝဝ ကျပ်၊ ရောင်းဈေး ၁၄၂ဝဝဝကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ ဩဂုတ်လ ၁ဝရက်မှာ ဝယ်ဈေး ၁၂၆ဝဝဝ ကျပ်၊ ရောင်းဈေး ၁၂၈ဝဝဝ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ခာတ်ဆီရော ဒီဇယ်ပါ ဈေးငြိမ်နေခဲ့တယ်လို့သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ခာတ်ဆီဈေးက တစ်ဂါလန် ၃၅ဝဝ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅ဝဝ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ခာတ်ဆီ၊ ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ခါတ်ဆီနဲ့ အောက်တိန်းမှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခာတ်ဆီ တစ်လီတာ ၇၁ဝ ကျပ်၊အောက်တိန်း ၇၅၅ ကျပ်၊ ဒီဇယ် ၆၉ဝ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၅၅ ကျပ်နဲ့ ရောင်းချနေပါတယ်။ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာဩဂုတ်လ ၁ဝ ရက်နေ့မှာ ဒီဇယ်ဝယ်ဈေး ၁၂၆ဝဝဝ ကျပ်၊ ရောင်းဈေး ၁၂၉ဝဝဝ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ရာမှ ဩဂုတ်လ ၁၂ ရက်နေ့တွင် ဝယ်ဈေး၊ ရောင်းဈေး ၁ဝဝဝ ကျပ်ဈေးမြင့်လာခဲ့တယ်လို့ သိရပါတယ်။ခာတ်ဆီဈေးမှာ ဩဂုတ်လ ၁ဝရက်နေ့ ဝယ်ဈေး ၁၄၅ဝဝဝ ကျပ်၊ရောင်းဈေး ၁၄၈ဝဝဝ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ခာတ်ဆီဈေးငြိမ်နေပေမယ့် ဒီဇယ်ဈေးကျလာတယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၁ဝဝ ကျပ်၊ ခာတ်ဆီ ၃၂ဝဝ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခာတ်ဆီ၊အောက်တိန်း၊ ဒီဇယ်မှာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက ဆိုင်မှာရောင်းချနေတဲ့ဈေးများက ခာတ်ဆီ တစ်ဂါလန် ၃၇၈ဝ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၃၃ဝ ကျပ်၊ အောက်တိန်း ၃၄၆၅ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီတစ်ဂါလန် ၃၈ဝဝ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၄ဝဝ ကျပ်၊အောက်တိန်း ၃၅ဝဝ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်ကပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများ ငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံး ဆီဆိုင်ရဲ့ဈေးမှာ ခာတ်ဆီတစ်ဂါလန် ၃၂ဝဝ ကျပ်၊ ဒီဇယ်၃၅ဝဝ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခာတ်ဆီ ၃၃ဝဝ ကျပ်၊ ဒီဇယ် ၃၆ဝဝ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**MIRT-DOT**

## Energy NYMEX 14-8-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 41.91 | -0.32 | -0.76 |
| Brent Crude Futr (USD/bbl) | 49.23 | 0.01 | 0.02 |
| Gasoline Rbob Fut (Cent/gal) | 171.12 | -0.29 | -0.17 |
| Natural Gas Futr (USD/MMBtu) | 2.81 | 0.03 | 0.97 |
| Heating Oil Futr (Cent/gal) | 156.61 | -0.26 | -0.17 |

# ပြည်တွင်း ငွေလဲနှုန်းများပြန်လည်မြင့်တက်

ပြီးခဲ့သည့်ရက်သတ္တပတ်အထိ ကျဆင်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်အတွင်း ပြန်လည်မြင့်တက်လာခဲ့ရာ တစ်ပတ်အတွင်း ကျပ် ၃ဝ ကျော်မြင့်တက်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကုန်သွယ်ရေးလိုငွေပြလာခြင်းနှင့် ပြည်တွင်းမှ နိုင်ငံခြားငွေလိုအပ်ချက်များ မြင့်တက်လာမှုတို့ကြောင့် ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းကို မြှင့်တင်ခဲ့ရာမှ ပြည်တွင်းငွေလဲနှုန်းများမြင့်တက်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

လဆန်းပိုင်းက တစ်ဒေါ်လာလျှင် ၁၂၃၄ ကျပ်အထိ ကျဆင်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ကျပ် ၁၂၅၆ အထိမြင့်တက်ခဲ့ကြောင်း၊ ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းများကြောင့်လည်း ယခုကဲ့သို့ဘဏ်များတွင် ငွေလဲနှုန်းများမြင့်တက်ရခြင်းဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် အမေရိကန်နိုင်ငံအနေဖြင့် ၎င်း၏ငွေကြေးအား ခိုင်မာလာစေရန်အတွက် ငွေကြေးတန်ဖိုးမြှင့်တင်ခြင်းကိုလုပ်ဆောင်လျက်ရှိရာ တရုတ်နိုင်ငံ၏ ယွမ်ငွေကြေးတန်ဖိုးမှာလည်းကျဆင်းလျက်ရှိ ကြောင်း၊ ဒေါ်လာဈေး အားကောင်းနေခြင်းကြောင့် မိမိနိုင်ငံတစ်နိုင်ငံတည်းသာမက ပြည်ပနိုင်ငံများတွင်လည်း ငွေတန်ဖိုးများ ကျဆင်းလျက်ရှိကြောင်း သိရသည်။

ဒေါ်လာဈေးအားကောင်းနေချိန်တွင် ဆန်ပြည်ပတင်ပို့မှုများ ရပ်ဆိုင်းထားသည့်အပြင် ရေလွှမ်းမိုးမှုများဖြစ် ပေါ်လျက်ရှိသည့်နေရာများသို့ ပြည်ပမှသွင်းကုန်ပစ္စည်းများ ပိုမိုတင်သွင်းနေရခြင်းသည်လည်း ဒေါ်လာဈေးများ ပြန်လည်မြင့်တက်စေသည့်အကြောင်းရင်းတစ်ရပ်ပင်ဖြစ်ကြောင်း ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

ဩဂုတ် ၁ဝရက်က ရောင်းဈေး ၁၂၄၂ ကျပ်၊ ဝယ်ဈေး ၁၂၃၇ ကျပ်ရှိခဲ့ပြီး ဩဂုတ် ၁၂ ရက်တွင် ရောင်းဈေး ၁၂၆၅ကျပ်၊ ဝယ်ဈေး ၁၂၅၉ ကျပ်သို့ နှစ်ရက်အတွင်းမှာပင် ကျပ်သုံးဆယ်နီးပါးမြင့်တက်ခဲ့သည်။

ဩဂုတ်လ ၁၄ရက်နေ့တွင် ရောင်းဈေး ၁၂၇၄ကျပ်၊ ဝယ်ဈေး ၁၂၆၈ကျပ်သို့ ဆက်လက်မြင့်တက်ခဲ့ရာ တစ်ပတ်အတွင်း ကျပ်သုံးဆယ်ကျော် မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

August 14, 2015
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.36 |
| BDT | Bangladesh Taka | 77.52 |
| CAD | Canada Dollars | 1.31 |
| CNY | China Yuan Renminbi | 6.40 |
| EUR | Euro | 0.90 |
| HKD | Hong Kong Dollars | 7.76 |
| INR | India Rupees | 65.18 |
| IDR | Indonesia Rupiahs | 13752.13 |
| JPY | Japan Yen | 124.40 |
| MYR | Malaysia | 4.04 |
| PKR | Pakistan Rupees | 101.83 |
| PHP | Philippines Pesos | 46.25 |
| RUB | Russia Rubles | 64.69 |
| SGD | Singapore Dollars | 1.40 |
| KRW | South Korea Won | 1178.25 |
| LKR | Sri Lanka Rupe | 133.37 |
| THB | Thailand Baht | 35.25 |
| GBP | United Kingdom Pounds | 0.64 |
| VND | Vietnam Dong | 22079.93 |

*Source : xe.com*

## World Gold Price

August, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 10 | 1093 | 1092 | 1093 |
| 11 | 1104 | 1104 | 1105 |
| 12 | 1108 | 1108 | 1108 |
| 13 | 1119 | 1116 | 1118 |
| 14 | 1111 | 1114 | 1111 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 10-8- 2015 | 725.50 | 725.00 |
| 11-8- 2015 | 730.00 | 731.30 |
| 12-8- 2015 | 746.00 | 745.50 |
| 13-8- 2015 | 753.00 | 754.70 |
| 14-8- 2015 | 750.00 | 751.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ် ၂ဝ၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 10 | 6 .21 | 35.14 | 77.78 | 63.76 |
| 11 | 6. 32 | 35.29 | 77.41 | 64.05 |
| 12 | 6 43 | 35.52 | 77.75 | 64.76 |
| 13 | 6 .42 | 35.22 | 77.70 | 64.93 |
| 14 | 6.40 | 35.25 | 77.52 | 65.18 |

# မြန်မာ့ရွှေဈေး တစ်ပတ်အတွင်း ကျပ် သုံးသောင်းနီးပါးမြင့်တက်

ကမ္ဘာ့ရွှေဈေး မြင့်တက်လာခြင်းနှင့် ငွေလဲနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် ပြည်တွင်း ရွှေဈေးများ ပြန်လည်မြင့်တက်လာရကြောင်း ရွှေဈေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။

မြန်မာ့ရွှေဈေးသည် တစ်ပတ်အတွင်း ကျပ် သုံးသောင်းနီးပါး မြင့်တက်ခဲ့ကြောင်း သိရသည်။

မြန်မာ့ရွှေဈေးသည် ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်လာမှုနှင့်အတူ လိုက်ပါမြင့်တက်ခဲ့ပြီး ပြည်ပရွှေဈေးကွက်တွင်လည်း ဈေးများပြန်လည်မြင့်တက်လျက်ရှိသဖြင့် ဈေးများ မြင့်တက်လာရခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်တွင်း ငွေလဲနှုန်းကလည်း တစ်ဒေါ်လာကို ကျပ် ၄ဝနီးပါးလောက် တက်လာတယ်လေ။ အဲဒီလိုတက်လာတဲ့အတွက် ရွှေဈေးလည်း လိုက်တက်ရတာပါ"ဟု ရွှေကုန်သည်တစ်ဦးက ဆိုသည်။

ထို့ပြင် ကမ္ဘာ့ရွှေဈေးသည်လည်း တစ်အောင်စလျှင် ၁၇ ဒေါ်လာခန့်မြင့်တက်လာခြင်းကြောင့် ပြည်တွင်းရွှေဈေးများ မြင့်တက်လာရခြင်းဖြစ်သည်ဟု ၎င်းက ထပ်မံပြောကြားသည်။

"တရုတ်နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ချေးငွေကိစ္စကြောင့် ကမ္ဘာ့ရွှေဈေးကွက်မှာ ဝယ်လိုအား လိုက်လာတယ်။ အဲဒီအချိန်မှာ ကမ္ဘာ့ရွှေဈေးက ရုတ်တရက်တက်လာတော့ပြည်တွင်းရွှေဈေးလည်း မြင့်တက်လာရတာပါ။ဒါပေမယ့် ဆက်ပြီး တက်လိမ့်မယ်လို့တော့ မထင်ပါဘူး"ဟု ရွှေကုန်သည်တစ်ဦးက ထပ်မံပြောကြားခဲ့သည်။

မြန်မာ့ရွှေဈေးသည် ဩဂုတ်လ ၁ဝ ရက်နေ့က ကျပ် ၇၂၃ဝဝဝ ရှိခဲ့ပြီး ဩဂုတ် ၁၂ ရက်တွင် ကျပ် ၇၄၆ဝဝဝ ရှိခဲ့သည်။ ဩဂုတ် ၁၄ ရက်တွင် ကျပ် ၇၅ဝဝဝဝ သို့ ဆက်လက်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဩဂုတ်လ ၁ဝ ရက်နေ့က ၁၁၉ဝ ဒေါ်လာရှိခဲ့ပြီး ဩဂုတ် ၁၂ရက်နေ့တွင် ၁၁၁၁ဒေါ်လာသို့ မြင့်တက်ခဲ့သည်။ ဩဂုတ်လ ၁၄ ရက်နေ့တွင် ၁၁၁၄ ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 10-August | 14.92 | 1899.52 | 1582.11 | 5249.66 | 968.00 |
| 11-August | 15.27 | 1881.15 | 1572.93 | 5316.19 | 990.00 |
| 12-August | 15.21 | 1783.94 | 1541.57 | 5143.16 | 982.00 |
| 13-August | 15.38 | 1860.32 | 1562.85 | 5276.10 | 992.00 |
| 14-August | 15.41 | 1858.75 | 1558.37 | 5223.90 | 986.00 |

Source:kitco.com

## ဘိလပ်မြေ

### ဘိလပ်မြေအဝင်လျော့



ဩဂုတ် ၂ ရက်မှ ၈ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၈၁၇၀၂၆ တန်ဖိုးရှိ ဘိလပ်မြေ ၅၇၉၅၆ ဒသမ ၈၂ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၁၈၇ တန်၊ ဂျပန်နိုင်ငံမှ ၁၅၀၂ ဒသမ ၂၀ တန်နဲ့ ထိုင်းနိုင်ငံမှ ၅၆၂၆၇ တန် အသီးသီး တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စိန်၊ ဆင်၊ မောင်တိန်းနဲ့ အခြားဘိလပ်မြေများ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ခြောက်သောင်းငါး ထောင့်နှစ်ရာကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၇၂၈၄ တန် အဝင် လျော့ခဲ့တယ်လို့ သိရပါတယ်။

### စျေးငြိမ်ပြီး အရောင်းအဝယ်အေးနေတဲ့ ဘိလပ်မြေ

ဩဂုတ် ၂ ရက်မှ ၈ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၅၇၉၅၆ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၆၅၂၄၀ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာဘိလပ်မြေတန် ၇၂၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၇၄၃၅ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ် အဝင်မှာ ၈၇၅၅ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၈၆၇၉ တန်ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီးနယ်စပ်လမ်းမှအဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဘိလပ်မြေစျေးကွက်မှာ** ဒီတစ်ပတ်မှာလဲ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ဆင်နဲ့စိန်က ပစ္စည်းစျေး အနည်းငယ်တက်ပေမယ့် ကြံ့နှစ်ကောင်ဘိလပ်မြေက စျေးငြိမ်နေသေးတယ်လို့ သိရပါတယ်။ စိန်နဲ့ဆင်ကလည်းတစ်ရာဝန်းကျင်သာ စျေးတက်တယ်လို့သိရပါတယ်။ စျေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့စျေးက ဆင်(ထိုင်း) ၆၁၀၀ကျပ်၊စိန်(ထိုင်း) ၆၀၀၀ ကျပ်၊ ကြံ့နှစ်ကောင်(အနီ) ၅၅၀၀ ကျပ်၊ ကြံ့နှစ်ကောင်(အစိမ်း) ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးစျေးကွက်မှာ** ဘိလပ်မြေ အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ မိုးများလာတာကြောင့် အသုံးနည်းတယ်။လုပ်လက်စ အလုပ်ကို ဆက်လုပ်နေကြသူများသာ အဝယ်အနည်းငယ် ရှိနေတာကြောင့် ဘိလပ်မြေအရောင်းဖြစ်နေပေမယ့် စျေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ စျေးမှာ စိန်(ယိုးဒယား) ၇၄၀၀ ကျပ်၊ ခြင်္သေ့ ၅၀၀၀ ကျပ်၊ အပါချီ ၅၆၀၀ ကျပ်၊ ကျားခေါင်း ၅၀၀၀ ကျပ်၊နဂါး ၅၆၀၀ ကျပ်၊ ကမ္ဘောဇ ၅၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**မော်လမြိုင်စျေးကွက်မှာ** ဘိလပ်မြေက မိုးများနေတာကြောင့် အရောင်းအဝယ်ပါးတယ်။ နယ်အဆွဲတွေလည်း မရှိသလောက်ကို နည်းနေတယ်လို့ သိရပါတယ်။ ဒါကြောင့်လည်း ဒီတစ်ပတ်မှာ စျေးငြိမ်နေတယ် လိုသိရပါတယ်။ စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ စျေးမှာဆင်(ထိုင်း) ၅၄၀၀ ကျပ်၊ စိန်(ထိုင်း) ၅၂၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၅၀၅၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### မြေဩဇာတန်ချိန် သုံးထောင့်ခြောက်ရာကျော်ဝင်

ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဩဂုတ်လ ၂ ရက်မှ ၈ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၉၃၉၀၃၂ တန်ဖိုးရှိ မြေဩဇာ ၃၆၁၄ ဒသမ ၇၅၂ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၂၂၆၉ ဒသမ ၂ တန်၊ မလေးရှားမှ ၁၁၆ ဒသမ ၇၄ တန်၊ ကိုရီးယားနိုင်ငံမှ ၂ ဒသမ ၈၁၂ တန်နဲ့ ထိုင်းနိုင်ငံမှ ၁၂၂၆ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဝင်လာခဲ့တဲ့ တံဆိပ်အမျိုးအစားမှာ အမိုးနီး ယမ်းဆာလဖိတ်၊ အာမို၊ ဩဂဲနစ်၊ ကွန်ပေါင်း ၊ FOLIAR နဲ့ Golden Paddy စတဲ့ မြေဩဇာများဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင်မှာ တန်ချိန် နှစ်သောင်းကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၁၇၀၄၈ တန် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာစျေးကွက် အရောင်းအဝယ်ပုံမှန်ဖြစ်

ဩဂုတ်လ ၂ ရက်မှ ၈ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၃၆၁၄ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန်ချိန် ၂၀၆၆၂ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၇၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာအဝင်မှာ ၁၆၇၀၀ တန် ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၅၀၉၅ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၆၀၅ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းစျေးကွက်များဖြစ်တဲ့ မန္တလေး၊ မော်လမြိုင်နဲ့ တောင်ကြီးမှာ စျေးငြိမ်ပြီး ရန်ကုန်စျေးကွက်မှာ စျေးအနည်းငယ်ကျကာ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်စျေးကွက်မှာ** ဒီတစ်ပတ် မိုးသီးနှံအတွက် အဝယ်ရှိနေတာကြောင့် မြေဩဇာများက ယခင်တစ်ပတ် ထက် အဝယ်လိုက်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုလဲကစျေးငြိမ်နေ ပေမယ့် ကွန်ပေါင်းကစျေးကျလာပြီး တီစူပါ က၁၀၀၀ ကျပ် စျေးမြင့်ခဲ့တယ်လို့ သိရ ပါတယ်။ စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့စျေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ရွှေတောင်) (တရုတ်) ၂၄၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း)၁၅ပတ်လည်(ထိုင်း) ၃၆၀၀၀ ကျပ်၊ ကွန်ပေါင်း(ပန်းရောင်) ၁၅ပတ်လည်(ထိုင်း) ၃၁၀၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၂၅၀၀ ကျပ်၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**ရန်ကုန်စျေးကွက်မှာ** မြေဩဇာက အရောင်းအေးတယ်လို့ သိရပါတယ်။စျေးကွက်ထဲအရောင်းအဝယ်ဖြစ်တဲ့ စျေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၂၂၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၂၀၀၀ ကျပ်၊ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၂၂၀၀၀ ကျပ်၊ တီစူပါ (သံကွင်း-တရုတ်) ၂၁၁၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ) ၂၃၀၀၀ ကျပ်၊ကွန်ပေါင်း ၁၅း၁၅း၁၅ (နေရွက်လှေ-တရုတ်)၃၄၅၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ ၃၁၇၀၀ ကျပ် စျေးရှိတယ်လို့ မြေဩဇာအရောင်း ဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးစျေးကွက်မှာ** မြေဩဇာက အရောင်းအေးနေသလို စျေးလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့စျေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၃၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၂၃၈၀၀ ကျပ်၊ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)၂၄၇၀၀ကျပ်၊တီစူပါ ၁၂% (တရုတ်) ၁၁၄၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၂၀၀၀ ကျပ်၊တီစူပါ ၁၅ပတ်လည် (တရုတ်) ၃၇၃၀၀ ကျပ်၊ တီစူပါ၁၀း၁၀း၅ (တရုတ်)၁၆၀၀၀ကျပ်၊ ဓာတ်ဆား (တရုတ်)၁၆၀၀၀ ကျပ်၊ပိုတက်(တရုတ်)၂၆၇၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၂၁၀၀၀ကျပ်၊ မြားကမ္ဘာ ၁၅၈၀၀ ကျပ်စျေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စျေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးစျေးကွက်မှာ** ဒီတစ်ပတ်မှာလည်း မြေဩဇာကအရောင်းအဝယ် အေးတယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား(ရွှေတောင်)မြေဩဇာက စျေးငြိမ်ပြီး ယူရီးယား(ပန်းဖူး)၁၀၀၀ ကျပ်စျေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ တီစူပါ ၄၆% က ၃၀၀ ကျပ်စျေးကျခဲ့ပြီး တီစူပါ ၁၆%နဲ့ ၁၂% က ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ စျေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ စျေးမှာ ယူရီးယား(ရွှေတောင်-တရုတ်)၂၁၃၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၂၃၄၀၀ ကျပ်၊ တီစူပါ (၄၆%-တရုတ်) ၂၀၂၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၄၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စျေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီ၊ နို့မှုန့်အဝင်ပို

ဩဂုတ် ၂ ရက်မှ ၈ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၆၅၆၅၀ တန်ဖိုးရှိ နို့ဆီ ၂၇၃ ဒသမ ၂၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ နို့ဆီ ၉၃ တန်သာ ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်ပိုခဲ့ပါတယ်။

နို့မှုန့်က တရုတ်နိုင်ငံမှ ၃၆ ဒသမ ၀၆၂ တန်၊ ဖိလစ်ပိုင်မှ ၁၁ ဒသမ ၇၈၁ တန်နဲ့ စင်ကာပူမှ ၁၀၆ ဒသမ ၆၂ တန် တင်သွင်းခဲ့ပါတယ်။ စုစုပေါင်းဝင်လာတဲ့ တန်ချိန်မှာ ၁၅၄ ဒသမ ၄၆၃ တန် ဖြစ်ပါတယ်။ ယခင်သီတင်းပတ်မှာ ၁၃ တန်သာ ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်မှာ နို့မှုန့်အဝင်ပိုခဲ့ပါတယ်။

**MIRT (DOT)**



### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁/၈ မှ ၃၁/၇ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၅/၇ မှ ၃၁/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၅၃·၀၀ | ၁၁၄၁·၀၀ | (+) | ၂၁၂·၀၀ |
| ၂။ | လွယ်ဂျယ် | ၅၅၀·၀၀ | ၂၈၆·၀၀ | (+) | ၂၆၄·၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၉၆၅·၀၀ | ၂၀၂၉·၀၀ | (-) | ၆၄·၀၀ |
| ၅။ | တာချီလိတ် | ၈၆၅၃·၀၀ | ၁၀၀၀·၀၀ | (+) | ၇၆၅၃·၀၀ |
| ၆။ | မြဝတီ | ၇၉·၀၀ | ၅၂·၀၀ | (+) | ၂၇·၀၀ |
| ၇။ | ကော့သောင်း | ၂၇၁၀·၀၀ | ၃၇၃၂·၅၀ | (-) | ၁၀၂၂·၅၀ |
| ၈။ | မြိတ် | ၂၁၂၅·၀၀ | ၅၁၅·၀၀ | (+) | ၁၆၁၀·၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၇၄၃၅·၀၀ | ၈၇၅၅·၅၀ | (+) | ၈၆၇၉·၅၀ |

မြင့်မြင့်မာ MIRT (DCCA)

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁/၈ မှ ၇/၈ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၅/၇ မှ ၃၁/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၅၁၁၄·၂၅၀ | ၁၃၂၈၅·၄၃၄ | (+) | ၁၈၂၈·၈၁၆ |
| ၂။ | လွယ်ဂျယ် | ၃၀၆·၀၀၀ | ၂၄၆·၀၀၀ | (+) | ၆၀·၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၉၄၀·၀၀၀ | ၄၁၅·၁၅၀ | (+) | ၅၂၄·၈၅၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၃၄၀·၈၉၈ | ၂၄၉·၁၇၀ | (+) | ၉၁·၇၂၈ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | | ၅၀၀·၀၀၀ | (-) | ၅၀၀·၀၀၀ |
| ၈။ | ရိဒ် | | ၄၀၀·၀၀၀ | (-) | ၄၀၀·၀၀၀ |
| | စုစုပေါင်း | ၁၆၇၀၁·၁၄၈ | ၁၅၀၉၅·၇၅၄ | (+) | ၁၆၀၅·၃၉၄ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

### ပြည်ပဲဆန်စျေးတက်ပြီး နှမ်းစျေးကျ

ယခုတစ်ပတ် ပြည်စျေးကွက်သို့ ရွှေတောင်ဘက်မှ မြေပဲဆန်ကို အနည်းငယ်ဝင်ရောက်လာတာတွေ့ရပါတယ်။ မြေပဲဆန် ဝယ်လိုအားများပြီး နှမ်းအဝယ်သိပ်မရှိတာကြောင့် မြေပဲဆန်စျေးမြင့်ပြီး နှမ်းစျေးအနည်းငယ်ကျလာ ပါတယ်။ ရွှေတောင်ဘက်တွင် ရေကြီးချိန်၌ မြေပဲခင်း၊ နှမ်းခင်းများ ပျက်စီးသွားလို့ ရေမကြီးခင်နုတ်ထားတဲ့ မြေပဲအချို့သာ တောင်သူများရလိုက်တဲ့အတွက် မြေပဲဆန်စျေးအတက်ကြမ်းနေတာဖြစ်ပါတယ်။

မြေပဲဆီဆန်စျေးမှာ တစ်ပိဿာကို ၃၂၀၀ ကျပ်၊ လုံးဆန်စျေးမှာ တစ်ပိဿာ ၃၅၀၀ ကျပ်ထိ မြင့်တက်လာပါတယ်။ မြေပဲဆန်စျေးတက်သလို မြေပဲဆီစျေးမှာလည်း တစ်ပိဿာ ၆၀၀၀ ကျပ်ထိ မြင့်တက်လာပါတယ်။

**ဝေဝေမင်း-ပြည်**

### မူဆယ်နဲ့ ချင်းရွှေဟော်မှ နှမ်း ပုံမှန်ပို့

ဩဂုတ်လ ပထမပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၄၇ သန်းတန်ဖိုးရှိ နှမ်းဖြူ(အခွံချွတ်) ၈၄ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၁ ဒသမ ၉၆၆ သန်းဖိုးရှိ နှမ်းဖြူ ၅၄၁ တန်၊ နှမ်းနက် ၈၂၈ တန်နဲ့ နှမ်းညို တန် ၆၀ တင်ပို့ခဲ့ပါတယ်။ယခင်သီတင်းပတ်က မူဆယ်မှ နှမ်းဖြူ ၄၉ တန်၊ နှမ်းဖြူ(အခွံချွတ်)၅၆ တန်နဲ့ ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၃၂၅၇ တန် တင်ပို့နိုင်ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာတော့ ယခင်တစ်ပတ်က နှမ်းဖြူ တစ်တန် ၁၇၅၅၁၉၆ ကျပ်၊ နှမ်းနက် တစ်တန် ၂၀၄၉၃၁၄ ကျပ်ရှိရာ မှ ယခုတစ်ပတ်တွင် နှမ်းဖြူ ၁၇၇၂၅၇၄ ကျပ်နဲ့ နှမ်းနက် ၂၀၆၉၆၀၄ ကျပ်သို့ စျေးပြန်လည်မြင့်တက်လာခဲ့ပါတယ်။ ယခင်တစ်ပတ်က မန္တလေး-မူဆယ် ကုန်စည်သယ်ယူခနှုန်းမှာ နှမ်းတစ်ပိဿာကို(၅၇-၅၅)ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် (၅၅-၅၃)ကျပ်သို့ ကုန်သယ်ပို့ ကားခတွေကျဆင်းလျက်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

# ပဲပုပ်စျေး အနည်းငယ်ဦးမော့လာသဖြင့် မလေးရှားစားအုန်းဆီစျေးပါ မြင့်တက်

ပဲပုပ်ဆီစျေးများ ပြန်လည်ဦးမော့လာသဖြင့် အလားတူ သီးနှံဖြစ်တဲ့ စားအုန်းဆီများလည်း အဝယ်လိုက်လာတဲ့ အတွက် ဩဂုတ် ၁၃ ရက်တွင် မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်စျေးကလည်း ရက်သတ္တပတ် သုံးပတ်ကျော် ကာလအတွင်း အမြင့်ဆုံးအထိ ရောက်ရှိခဲ့ပါတယ်။

ဘာဆာမလေးရှား ကုန်စည်ဒိုင်မှာ အောက်တိုဘာ အတွက် ချုပ်ဆိုတဲ့ စားအုန်းဆီရဲ့ အခြေခံ စံထားနှုန်းက စျေးပိတ်ချိန်မှာ သုည ဒသမ ၉၅ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၀၁၇ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၀၃ ဒသမ ၂၄ ) နှုန်းရှိခဲ့ပါတယ်။

စောစောပိုင်း စားအုန်းဆီစျေးက ၁၁ လကျော်ကာလ အတွင်း အနိမ့်ဆုံးနှုန်းဖြစ်တဲ့ တစ်တန်ကို ၁၉၅၈ ရင်းဂစ်နှုန်း အထိ ရောက်ရှိခဲ့သော်လည်း နောက်ပိုင်းတွင်တစ်တန်ကို ရင်းဂစ် ၂၀၂၀ နှုန်းအထိ ပြန်လည်ဦးမော့လာတာကို တွေ့ရပါတယ်။

စားအုန်းဆီရောင်းချရတဲ့ ပမာဏမှာ ၂၅ တန်ရှိအတွဲ ၅၁၆၅ တွဲရှိခဲ့ရာ ပျမ်းမျှရောင်းချမှုနှုန်းဖြစ်တဲ့ အတွဲ ၃၅၀၀၀ ထက်ကျော်လွန်နေတာကို တွေ့ရပါတယ်။

စားအုန်းဆီကို စျေးလျှော့ပေးတဲ့နှုန်းက ပဲပုပ်ဆီစျေးလျှော့နှုန်းထက် ပိုမိုများပြားပြီး ယခင်လအနည်းငယ်က တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၂၀ မှ ၁၃၀ အထိ လျှော့ပေးခဲ့ရာမှ ယခုအခါ တစ်တန်ကို ဒေါ်လာ ၁၅၀ အထိ လျှော့ပေးခဲ့ကြောင်း ရာဘိုဘဏ်မှ လေ့လာဆန်းစစ်ရေးမှူး ပါဝန်ကူးမားက ပြောပါတယ်။စျေးနှုန်းပိုမိုလျှော့ချပေးတဲ့အတွက် စားအုန်းဆီက ဝယ်သူများကို ပိုမိုဆွဲဆောင်နိုင်ခဲ့တာကို တွေ့ရပါတယ်။

မလေးရှားရင်းဂစ်တန်ဖိုးမှာ ပြန်လည်မာလာတာကို တွေ့ပေမယ့် ၁၇ နှစ်အတွင်း အနိမ့်ဆုံးနှုန်း ဝန်းကျင်မှာသာ ရှိနေဆဲဖြစ်ပါတယ်။ စားအုန်းဆီရဲ့ စံထားစျေးနှုန်းကို သတ်မှတ်ရာမှာ ပြည်တွင်းသုံး ငွေကြေးဖြစ်တဲ့ ရင်းဂစ်နဲ့ သတ်မှတ်တဲ့အတွက် ရင်းဂစ်တန်ဖိုးကျဆင်းမှုက ပင်လယ်ရပ်ခြားဖောက်သည်များအတွက် စားအုန်းဆီစျေးနှုန်း သက်သာစေဖို့ အထောက်အကူရရှိစေပါတယ်။

ဒါပေမယ့် အမေရိကန်ပြည်ထောင်စုလယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ပဲပုပ်ဆီအထွက်ကို တစ်ဧက ၄၆ ဒသမ ၉ ဘူရှယ်နှုန်း အခြေခံထားတွက်ချက်ထားတဲ့အတွက် ၂၀၁၅ -၁၆ ခုနှစ် ပဲပုပ်အထွက်နှုန်းက ဘူရှယ် ၃ ဒသမ ၉၁၆ ဘီလီယံ အထိရောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ယခုခန့်မှန်းချက်နဲ့ ယခင်ခန့်မှန်းချက်တို့ နှိုင်းယှဉ်ပါက ပိုမိုမြင့်တက်လာတဲ့ အတွက် စားအုန်းဆီစျေးနှုန်းမြင့်တက်မှုကို အဟန့်အတားဖြစ်စေခဲ့ပါတယ်။

အခြားဟင်းရွက်ဆီစျေးကွက်တွေကိုကြည့်ရင် အမေရိကန်ပြည်ထောင်စု ပဲပုပ်ဆီရဲ့ စက်တင်ဘာအတွက်စာချုပ်စျေးက အာရှစျေးကွက်မှာ သုည ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ ယခင်နေ့ကရှိခဲ့တဲ့ တစ်လအတွင်း အနိမ့်ဆုံးစျေးကနေ ပြန်လည်မြင့်တက်လာတာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံ ဒါလီယံ ကုန်စည်ဒိုင်မှာ ပဲပုပ်ဆီရဲ့ စာချုပ်စျေးက သုည ဒသမ ၀၄ ရာခိုင်နှုန်းမြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

ရေနံစိမ်းစျေးကွက်မှာ ရေနံစိမ်းရောင်းလိုအား မြင့်တက်မှာကို စိုးရိမ်မှုတွေ ရှိနေပေမယ့် အမေရိကန်ပြည်ထောင်စုမှာ သိုလှောင်လက်ကျန်ကျဆင်းလာတာနဲ့ ကမ္ဘာ့ဝယ်လို အားခန့်မှန်းချက်မြင့်တက်လာတဲ့အတွက် ရေနံစိမ်းစျေးနှုန်း မြင့်တက်လာတာကို တွေ့ရပါတယ်။

တရုတ်နိုင်ငံက ဩဂုတ် ၁၃ ရက်မှာ ယွမ်ငွေတန်ဖိုး ကို သုံးရက်မြောက်နေ့အဖြစ် ဆက်လက်ချထားတဲ့အတွက် စားအုန်းဆီထိပ်တန်းဝယ်လက်ဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ ဝယ်လိုအားကျဆင်းမှာကို စိုးရိမ်မှုတွေမြင့်တက်ခဲ့ပါတယ်။ ယခုရက်သတ္တပတ် စောစောပိုင်းက ယွမ်ငွေကြေးတန်ဖိုးကို လျှော့ချပြီးတဲ့နောက် ယွမ်ငွေကြေးတန်ဖိုး ထပ်မံလျှော့ချစရာအကြောင်း မရှိပါဘူးလို့ တရုတ်ဗဟိုဘဏ်က အာမခံချက်ပေးတဲ့အတွက် အာရှရှယ်ယာတွေ တန်ဖိုးပြန်လည်မြင့်တက်ခဲ့ပါတယ်။

**ဉာဏ်တင်**



### ပြည်တွင်းဆီစျေးနှုန်းများ (၁၄-၈-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၈၀၀ | ၄၈၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၅၀ | ၁၆၀၀ | ▽ |
| ရန်ကုန် | ၅၇၀၀ | ၆၉၀၀ | △ | ၄၈၀၀ | ၄၅၀၀ | ▽ | ၁၄၀၅ | ၁၃၉၀ | ▽ |
| မန္တလေး | ၅၀၀၀ | ၅၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၅၂၀ | ၁၅၁၀ | ▽ |
| ပဲခူး | ၃၃၀၀ | ၃၃၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၅၀၀ | ၁၄၈၀ | ▽ |
| မကွေး | ၆၀၀၀ | ၅၈၀၀ | ▽ | ၄၀၀၀ | ၄၀၀၀ | □ | ၁၄၀၀ | ၁၇၀၀ | △ |
| မုံရွာ | ၆၈၀၀ | ၆၇၀၀ | ▽ | ၄၀၀၀ | ၃၉၅၀ | ▽ | ၁၅၆၀ | ၁၅၆၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*

### စားအုန်းဆီစျေးနှုန်းများ (၁၁-၈-၂၀၁၅ မှ ၁၄-၈-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၁၁-၈-၂၀၁၅ | ၆၀၅ |
| (၂) | ၁၂-၈-၂၀၁၅ | ၆၀၀ |
| (၃) | ၁၃-၈-၂၀၁၅ | ၅၉၅ |
| (၄) | ၁၄-၈-၂၀၁၅ | ၅၉၅ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) စျေးနှုန်း

၁၄-၈-၂၀၁၅ US$/Ton

| အမျိုးအစား | ဩဂုတ်လပထမပတ် | ဩဂုတ်လဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၇၅.၀၀ | ၅၃၄.၀၀ | ▽ |
| RBD P.Olein | ၅၇၈.၀၀ | ၅၅၉.၅၀ | ▽ |
| RBD P.Strarin | ၅၁၇.၀၀ | ၄၆၆.၅၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းစျေးတွက်ချက်ပုံ (၁၄- ၈ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF စျေး | (CIFx USD)/ 612 | ၁၂၂၁.၁၁ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၀၅ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၁၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားစျေး | ၆.၉၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၀.၁၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၄.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၁၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းစျေး | ၁၃၅၃.၄၀ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ (၁၄-၈-၂၀၁၅)နေ့(CIF စျေး Cloud Point 8 ˚C Max ၅၉၅ ဒေါ်လာ၊ FOB ၅၇၀ ဒေါ်လာနှင့် USD စျေး ၁၂၅၆ ကျပ်) ဖြင့်တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၄-၈-၂၀၁၅နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့်စျေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်စျေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာစျေး ၁၂၅၆ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF စျေးနှုန်းများအပါအဝင် ဖော်ပြပါစျေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

## တောင်ကိုရီးယားနိုင်ငံမှာ ၂၀၁၆ ခုနှစ်အတွက် အနည်းဆုံးတစ်နာရီလုပ်ခ ဝမ်ခြောက်ထောင်ကျော် သတ်မှတ်

ဩဂုတ်လ၅ ရက်နေ့က ကိုရီးယား အလုပ်အကိုင်နှင့်အလုပ်သမားဝန်ကြီး ဌာနက ၂၀၁၆ခုနှစ်အတွက် အနိမ့်ဆုံး တစ်နာရီလုပ်ခကို ယခုနှစ်ထက် ဝမ်၄၅၀ ပိုမို၍ ဝမ်၆,၀၃၀ သတ်မှတ်ကြောင်း ကြေညာခဲ့သည့်အတွက် ယခုနှစ်ထက် ၈ ဒသမ ၁ ရာခိုင်နှုန်းပိုမိုပါတယ်။ အဆိုပါတစ်နာရီအနိမ့်ဆုံး လုပ်ခသည် တစ်ရက် ရှစ်နာရီအလုပ် ချိန်ရှိသော အလုပ်များအတွက် တစ်ရက်လုပ်ခ ဝမ် ၄၈,၂၄၀ (ဒေါ်လာ ၄၁ ဒသမ ၀၉)ရရှိမည် ဖြစ်ပြီးတစ်လလျှင် ၁,၂၆၀,၂၇၀ ဝမ် (ဒေါ်လာ ၁,၀၇၂ ဒသမ ၅၈)ရရှိမည် ဖြစ်သည်။ တစ်လလုပ်ခ/လစာသည် တစ်လလျှင် အလုပ်ချိန် ၂၀၉နာရီ အပေါ် အခြေခံတွက်ချက်ထားသည်။ အနိမ့်ဆုံးလုပ်ခသတ်မှတ်ရေးကော်မ ရှင်က အဆိုပါအနိမ့်ဆုံးလုပ်ခကို စံပြု တွက်ချက်ရမည်ဖြစ်ပြီး၊ အနိမ့်ဆုံးလုပ်ခပေါ် မူတည်၍ လစာကိုလည်း သတ်မှတ်ရမည်ဖြစ်ကြောင်း အမိန့်ထုတ်ပြန်ထားသည်။

အဆိုပါ အနိမ့်ဆုံးလုပ်ခသတ်မှတ် ချက်ကို အကျိုးခံစားခွင့်ရှိသည့် လုပ်သားအင်အားမှာ ၃ ဒသမ ၄၂သန်းရှိ နေသည်။ ကိုရီးယားကုန်သွယ်ရေးသမဂ္ဂ၊ ကုန်သွယ်ရေးသမဂ္ဂများအဖွဲ့နှင့် ကိုရီးယားအလုပ်ရှင်များအဖွဲ့တို့သည် ယခုနှစ်အနိမ့်ဆုံးလုပ်ခသတ်မှတ်ချက် ကို အပြင်းအထန်ကန့်ကွက်ခဲ့ကြသော်လည်း အနိမ့်ဆုံးလုပ်ခသတ်မှတ်ရေး ကော်မရှင်က ယင်းတို့၏ကန့်ကွက်လျှောက်ထားချက်များကို ငြင်းပယ်ကာ ယခုသတ်မှတ်ချက်အတိုင်း အနိမ့်ဆုံးတစ်နာရီလုပ်ခ ၆,၀၃၀ ဝမ်ကို အတည် ပြုခဲ့ခြင်းဖြစ်သည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## ထိုင်းနိုင်ငံဗဟိုဘဏ်၏ မူဝါဒအတိုးနှုန်းကို ၁ ဒသမ ၅၀ ရာခိုင်နှုန်းမှာပင်ဆက်လက်ထားရှိ

ထိုင်းနိုင်ငံ ဗဟိုဘဏ်၏ငွေကြေးမူဝါဒကော်မတီသည် ဩဂုတ်လ ၈ ရက်နေ့က ကျင်းပခဲ့သည့် အစည်းအဝေးတွင် ၎င်း၏မူဝါဒအတိုးနှုန်းကို မပြောင်းလဲရန် ဆုံးဖြတ်ခဲ့ပါသည်။ စီးပွားရေးတိုးတက်မှုနှုန်း ကျဆင်းဖွယ်ရှိနေသော်လည်း ယခုနှစ်အတွင်း အတိုးနှုန်း နှစ်ကြိမ်လျှော့ချခဲ့ခြင်းနှင့် ခြောက်နှစ်အတွင်းအနိမ့်ဆုံးဖြစ်နေသည့် ဘတ်ငွေတန်ဖိုးကျဆင်းခြင်းတို့သည် ပြည်ပတင်ပို့မှုနှင့် စီးပွားရေးနာလန်ထူမှုအတွက် အထောက်အကူဖြစ်စေခဲ့သည်ဟု ယူဆကြပါသည်။

ငွေကြေးမူဝါဒကော်မတီအဖွဲ့ဝင် ခုနစ်ဦးစလုံးသည် မူဝါဒအတိုးနှုန်းကို ၁ ဒသမ ၅၀ ရာခိုင်နှုန်းမှာပင် ဆက်လက်ထားရှိရန် တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်ပါသည်။ အဆိုပါ စံအတိုးနှုန်းသည် ၂၀၀၉ ခုနှစ် ငွေကြေးအကျပ်အတည်းကာလအတွင်း၌ စံချိန်တင်အနိမ့်ဆုံးဖြစ်ခဲ့သည့် ၁ ဒသမ ၂၅ ရာခိုင်နှုန်းထက် သုည ဒသမ ၂၅ ရာခိုင်နှုန်းသာမြင့်ပါသည်။

ငွေကြေးမူဝါဒသည် စီးပွားရေးနာလန်ထူလာမှုအတွက် လုံလောက်စွာထောက်ကူပေးသင့်ကြောင်း၊ ရေရှည်စီးပွားရေးနှင့် ငွေကြေးတည်ငြိမ်မှုကို ထိန်းသိမ်းထားစဉ် စီးပွားရေးနာလန်ထူလာမှုကို အထောက်အကူပြုရန် ဖြစ်နိုင်သော မူဝါဒများပေါင်းစပ် အသုံးပြုရန်အသင့်ပင်ဖြစ်ကြောင်း ဗဟိုဘဏ်၏ လက်ထောက်ဥက္ကဋ္ဌ Mr.Mathee က ပြောကြားခဲ့ပါသည်။

လာမည့် ကာလများတွင် ငွေကြေးမူဝါဒကော်မတီ၏ ဆုံးဖြတ်ချက်များသည် စီးပွားရေးအခြေအနေများပေါ်တွင် မူတည်နေကြောင်း၊ သို့ရာတွင် ငွေကြေးမူဝါဒသည် ဘတ်ငွေတန်ဖိုးပိုမိုအားနည်းမှုကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ ဘတ်ငွေတန်ဖိုးအားပျော့ခြင်းသည် စီးပွားရေးကို အထောက်အကူပြုကြောင်းလည်း Mr.Mathee က ပြောကြားခဲ့ပါသည်။ ဩဂုတ်လ ၅ ရက်နေ့က အမေရိကန်တစ်ဒေါ်လာလျှင် ၃၅ ဒသမ ၅ ဘတ်သို့ ကျဆင်းခဲ့သဖြင့် ငွေကြေး မူဝါဒကော်မတီသည် အမေရိကန်ဗဟိုဘဏ်၏ မူဝါဒအတိုးနှုန်းမြင့်တင်နိုင်ခြေရှိခြင်းနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း၊ အခြားသောဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံအနေဖြင့် ငွေကြေးအတက်အကျများနှင့်ရင်ဆိုင်ရဖွယ်မရှိကြောင်း သုံးသပ်ကြပါသည်။

အထိမခံဖြစ်နေသော ပြည်တွင်းစီးပွားရေးနာလန်ထူလာမှုနှင့်ကမ္ဘာ့စီးပွားရေးအားပျော့မှု ကြာရှည်နေခြင်းတို့ကြောင့် ထိုင်းဗဟိုဘဏ်အနေဖြင့် ယခုနှစ် GDPတိုးတက်မှုနှုန်းခန့်မှန်းချက်ကို သုံးရာခိုင်နှုန်းအောက်သို့ လျှော့ချမည်ဟု မကြာသေးခင်က ကြေညာခဲ့ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## စင်ကာပူနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကြော်ငြာလုပ်ငန်းများနှင့် ပတ်သက်သည့် လမ်းညွှန်ချက်များထုတ်ပြန်

စင်ကာပူနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရေးဝန်ဆောင်မှုနှင့် ပြည်ပပိုင်ဆိုင်မှုလုပ်ငန်းများ၌ ရင်းနှီးငွေထည့်ဝင်ခြင်းတို့အပါအဝင် ရင်းနှီးမြှုပ်နှံမှုအရပ်ရပ်နှင့်သက်ဆိုင်သည့် ကြော်ငြာလုပ်ငန်းများအား ထိန်းကျောင်းကြပ်မတ်ရန်အတွက် လမ်းညွှန်စည်းကမ်းချက်များအား ဩဂုတ်လ ၁၂ ရက်နေ့တွင် စတင်ပြဋ္ဌာန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စင်ကာပူစားသုံးသူများအဖွဲ့အစည်း (Consumers Association of Singapore-CASE)၏ အကြံပေးကောင်စီတစ်ရပ်ဖြစ်သော စင်ကာပူနိုင်ငံ ကြော်ငြာစံနှုန်းသတ်မှတ်ချက်များ ကြီးကြပ်မှုအဖွဲ့ (Advertising Standards Authority of Singapore-ASAS) က ဩဂုတ်လ ၃ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ကြော်ငြာလုပ်ငန်းရှင်များ၏ ထုတ်ဝေဖြန့်ချိမှုများတွင် အထင်မြင်လွဲမှားစေမှု၊ သက်သေအထောက်အထားမခိုင်မာမှုနှင့် ထင်ကြေးပေးမှန်းဆမှုများ ပါဝင်ခြင်းကို နည်းပါးစေရန်ရည်ရွယ်လျက် အဆိုပါလမ်းညွှန်ချက်များအား ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံ ကြော်ငြာအလေ့အထဆိုင်ရာ စံသတ်မှတ်ချက် (Code of Advertising Practice) ၏ နောက်ဆက်တွဲ (ည) ၌ပါရှိသည့် ၎င်းလမ်းညွှန်ချက်များမှာ စင်ကာပူဗဟိုဘဏ်နှင့်အိမ်ရာမြေ အေဂျင်စီများကောင်စီတို့ထံမှ ဆွေး နွေးအကြံပြုချက်များရယူ၍ ပြုစုထား ခြင်းဖြစ်ကြောင်း ASAS ကထုတ် ဖော် ပြောကြားခဲ့သည်။ သို့ဖြစ်ရာဖြစ်နိုင်ခြေရှိသော စွန့်စားရမှုဘေးအန္တရာယ်များကို ပြည်သူများ ကောင်းမွန်စွာ သိရှိနားလည်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု ကြော်ငြာများ၌ အရည်အသွေးဖော်ပြချက်များ၊ သတိပေးချက်များကို ထုတ်ဖော်ပြသရန် လိုအပ်မည်ဖြစ်သည်။

ယခုသတင်းထုတ်ပြန်ချက်အရ ပြည်ပရှိအိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ပတ်သက်၍ ကြော်ငြာရာတွင် မြေ၊ အိမ်ရာအဆောက်အအုံ၊ အဆောက်အအုံတစ်ခုအတွင်းရှိ ပိုင်ဆိုင်မှုသို့မဟုတ် သုံးစွဲရန် အခွင့်အရေးတစ်ရပ်ရပ်စသည်ဖြင့် မည်သည့်အရာကိုရင်းနှီးမြှုပ်နှံသူက ဝယ်ယူရန်ရှိမည်ဖြစ်ကြောင်းဖော်ပြချက်များ၊ အဆောက်အအုံဆောက်လုပ်ရန် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၏ ခွင့်ပြုမိန့် သို့မဟုတ်ခွင့်ပြုချက်အမှတ်စဉ်စသည်များ၊ နိုင်ငံခြားသားပိုင်ဆိုင်ခွင့် သို့မဟုတ်ဝယ်ယူပြီးနောက်ပိုင်းပြန်လည်ရောင်းချခွင့်တို့ကို ကန့်သတ်တားမြစ်ထားသည့်အချက်များ၊ ပေးဆောင်ရန် အလားအလာရှိသော အခွန်အခများ၊ အခကြေးငွေနှုန်းထားများနှင့် အခြားကုန်ကျမည့်စရိတ်များစသည်တို့ကို ရှင်းလင်းစွာဖော်ပြရမည်ဖြစ်ပါသည်။

အလားတူအိမ်ခြံမြေပိုင်ဆိုင်မှု၌ ရင်းနှီးမြှုပ်နှံရန် ကြော်ငြာများ ဆောင်ရွက်သောအခါ မြေ၊ အဆောက်အအုံတည်ဆောက်မှုတို့၏ အမှန်တည်နေရာ၊ ဆက်သွယ်သွားလာနိုင်မှုအခြေအနေ၊ အခြေခံအဆောက်အအုံများနှင့် ရပ်ပိုင်းဆိုင်ရာသဘာဝ၊ ဥပဒေကြောင်းအရပိုင်ဆိုင်ခွင့်များ၊ လုပ်ရိုးလုပ်စဉ်များ၊ အိမ်ရာအဆောက်အအုံတည်ထောင်လုပ်ကိုင်သူ၏ ဘဏ္ဍာငွေကြေးအခြေအနေဈေးနှုန်း၊ ငွေပေးချေမှုနည်းလမ်းများ၊ ချေးငွေအထောက်အပံ့ပေးအပ်မှုများ စသည့်ကိစ္စရပ်များတွင် ပုံကြီးချဲ့ပြောဆိုခြင်း သို့မဟုတ် အထင်အမြင်လွဲမှားစေခြင်းမဖြစ်စေရန် ဂရုပြုရမည်။

ASAS၏ လမ်းညွှန်ချက်များအရ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆွေးနွေးပွဲ၊ နှီးနှောဖလှယ်ပွဲများကျင်းပရာတွင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကြော်ငြာမှုများသည် ၎င်းဆွေးနွေးပွဲတက်ရောက်ခြင်းမှ ရရှိနိုင်မည့်အကျိုးကျေးဇူးနှင့် အလားအလာရှိသော ရလဒ်များကို ပုံကြီးချဲ့ဖော်ပြခြင်း၊ ရင်းနှီးမြှုပ်နှံမှုနည်းဗျူဟာသည် ချွတ်ချော်နိုင်မှုမရှိဘဲ လျင်မြန်စွာအမြတ်ရစေမည်ဖြစ်ကြောင်း ဖော်ပြခြင်း၊ ဆွေးနွေးသူ သို့မဟုတ် သင်တန်းပို့ချသူ၏ လုပ်ငန်းအတွေ့အကြုံနှင့် အရည်အချင်းတို့ကို မမှန်မကန်ဖော်ပြခြင်းဖြင့် လက်တွေ့မကျသော မျှော်မှန်းချက်ဖြစ်စေခြင်းစသည်တို့မှ ကင်းရှင်းစေရန်လည်း အလေးဂရုပြုရမည်ဖြစ်သည်။

စင်ကာပူစားသုံးသူများအဖွဲ့အစည်း (CASE) ၏ ဖော်ပြချက်အရ အာရှဒေသအတွင်းအိမ်မြေပိုင်ဆိုင်မှုများတွင် ရင်းနှီးမြှုပ်နှံသူများအနက် စင်ကာပူနိုင်ငံသားများသည် ထိပ်တန်းမှပါဝင်လျက်ရှိကြောင်း၊ စင်ကာပူနိုင်ငံအတွင်းနိုင်ငံရပ်ခြားအိမ်မြေပိုင်ဆိုင်မှု ကြော်ငြာများပိုမိုများပြားလာမှုနှင့်အတူ နိုင်ငံသားများ၏ ဝယ်ယူမှုသည်လည်း မကြာသေးမီနှစ်ကာလများတွင် သိသာစွာတိုးတက်လာခဲ့ကြောင်း၊ ထိုနည်းတူ၎င်းလုပ်ငန်းများနှင့်ပတ်သက်၍ CASE ထံသို့ တိုင်ကြားချက်များမှာလည်း များပြားလာသည်ကို တွေ့ရကြောင်း၊ ၂၀၁၃ ခုနှစ်မှစ၍ ယနေ့ကာလအထိတိုင်ကြားမှုပေါင်း ၂၃ ခုလက်ခံရရှိခဲ့ရာ အများစုမှာပြည်ပ အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများထံမှ ကတိကဝတ်ပြုထားသည့်အတိုင်း အကျိုးအမြတ်ပြန်လည်မရရှိသည့်အတွက် ကျေနပ်မှုမရှိ၍ ဖြစ်ကြောင်းသိရှိရပါသည်။ အလားတူ ၂၀၁၃ ခုနှစ်ဇန်နဝါရီလမှ ၂၀၁၅ ခုနှစ်မေလအတွင်း ၎င်းတို့အဖွဲ့အစည်းသည် ပြည်ပပိုင်ဆိုင်မှုလုပ်ငန်းများ၌ အရင်းအနှီးထည့်ဝင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆွေးနွေးပွဲများနှင့်သက်ဆိုင်သည့် ကြော်ငြာလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်ကြားချက် ၄၁ ခုကို လက်ခံရရှိခဲ့ကြောင်း ASAS မှ ပြောဆိုပါသည်။ လွန်ခဲ့သော နှစ်နှစ်တာကာလအတွင်း ဗြိတိန်၊ ဂျပန်၊ မလေးရှား၊ ထိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဘရာဇီးစသည့် နိုင်ငံများရှိ အိမ်ရာအဆောက်အအုံလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုပြုရန် ပြင်ပလုပ်ငန်းရှင်အများအပြားသည် စင်ကာပူအိမ်ခြံမြေဈေးကွက်သို့ ဝင်ရောက်ခဲ့ကြကြောင်း စင်ကာပူသတင်းဌာနများက ဖော်ပြကြပါသည်။

စင်ကာပူနိုင်ငံကြော်ငြာစံနှုန်းသတ်မှတ်ချက်များ ကြီးကြပ်မှုအဖွဲ့၏ လုပ်ငန်းလမ်းညွှန်ချက်များမှာ ဩဂုတ်လ ၁၂ ရက်နေ့တွင် စတင်အကျိုးသက်ရောက်မည်ဖြစ်သော်လည်း ကြော်ငြာလုပ်ငန်းရှင်များနှင့်သတင်းမီဒီယာဌာနများအနေဖြင့် လက်ရှိကာလ၌ စာချုပ်ချုပ်ဆိုထားပြီးဖြစ်သော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကြော်ငြာများအတွက် အောက်တိုဘာလ ၁၁ ရက်နေ့အထိ ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ပါသည်။ ၎င်းလမ်းညွှန်ချက်များအား လိုက်နာရန် ပျက်ကွက်ပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်း၏ စစ်ဆေးအရေးယူမှုကို ခံရမည်ဖြစ်ပြီး ကြော်ငြာလုပ်ငန်းရှင်အနေဖြင့် သတင်းမီဒီယာများ၌ ကြော်ငြာနေရာရရှိမည့် အခွင့်အလမ်းများဆုံးရှုံးခြင်းကိုလည်း ကြုံတွေ့ရနိုင်ကြောင်း သိရှိရပါသည်။

**နေအေးလွင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ထိုင်းနှင့်လာအို ပူးပေါင်း၍ အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်မည်

ထိုင်းနိုင်ငံနှင့်လာအိုနိုင်ငံတို့သည် လာမည့်သုံးနှစ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှုကို အမေရိကန်ဒေါ်လာရှစ်ဘီလီယံအထိ မြှင့်တင်ရန် ကတိပြုပြီး ဖြစ်ပါသည်။ အဓိကအားဖြင့် အထူးစီးပွားရေးဇုန်များတွင် ပူးပေါင်းဆောင်ရွက်၍ မြှင့်တင်သွားမည်ဖြစ်ပါသည်။

နှစ်နိုင်ငံနယ်စပ်ဒေသများရှိ အထူးစီးပွားရေးဇုန်များသည်လာမည့် သုံးနှစ်အတွင်း ကုန်သွယ်မှုမြှင့်တင်ရန် အတွက်သာမက ရင်းနှီးမြှုပ်နှံမှုမြှင့် တင်ရန်အတွက်ပါ အရေးပါကြောင်း ဩဂုတ်လ ၁၀ ရက်နေ့ကကျင်းပခဲ့သည့် ဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနဝန်ကြီး မစ္စတာချတ်ချိုင်းက ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံအနေဖြင့် နယ်စပ်ဒေသများရှိ ပြည်နယ်များတွင် တည်ဆောက်မည့် အထူးစီးပွားရေးဇုန် ၁၀ ဇုန်အနက် လေးဇုန်သည် ထိုင်း-လာအိုနယ်စပ်တွင် တည်ရှိကြောင်း၊ Mukdahan, Nong Khai, Nakhon Phanom, Chiang Rai စသည့် ပြည်နယ်များဖြစ်ကြောင်း၊ လာအိုနိုင်ငံတွင် အထူးစီးပွားရေးဇုန်နှစ်ဇုန် နှင့်တည်ဆောက်ရေးလုပ်ငန်းများအပြင် ရပ်ဆိုင်းထားသော Pakse-Japan SME Specific Economic Zone အပါအဝင် သီးသန့်စီးပွားရေးဇုန် ၉ ဇုန်ရှိကြောင်း သိရှိရပါသည်။ ပြီးခဲ့သည့်နှစ်၌ ထိုင်းနိုင်ငံသည် လာအိုနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး၊ လာအိုသည်လည်း ထိုင်းနိုင်ငံ၏ ကမ္ဘာ့ကုန်သွယ်ဖက်နိုင်ငံများအနက် အဆင့် ၂၁တွင် ရှိပြီး၊ အာဆီယံ နိုင်ငံများအနက် အဆင့်ခုနစ်တွင်ရှိပါသည်။

၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်းတွင် ထိုင်း-လာအိုနှစ်နိုင်ငံ ကုန်သွယ်မှုသည် ပျမ်းမျှအားဖြင့်တစ်နှစ်လျှင် ၃ ဒသမ ၇၆ ဘီလီယံရှိခဲ့ပြီး ပျမ်းမျှတိုးတက်မှုနှုန်းသည် ၃၅ ဒသမ ၈ရာခိုင်နှုန်းဖြစ်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုသည် ၆ ဒသမ ၃ရာခိုင်နှုန်း မြင့်တက်၍ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၄ ဘီလီယံရှိခဲ့ကြောင်း သိရှိရပါသည်။

**ရီရီမွန်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ခြောက်လအတွင်း အကြိမ်ကြိမ် ပြည်ဝင်ခွင့်ဗီဇာအား အတည်ပြု

ခရီးသွားဧည့်သည်များ ပိုမိုဆွဲဆောင်နိုင်ရန် စီမံချက်/နည်းလမ်းအဖြစ် ခြောက်လအတွင်း အကြိမ်ကြိမ်ပြည်ဝင်ခွင့်အား အတည်ပြုပေးခြင်းကို ခရီးသွားလုပ်ငန်းနှင့်အားကစားဝန်ကြီးဌာနနှင့်ခရီးသွားလုပ်ငန်းရှင်များမှ ကြိုဆိုခဲ့ကြပါသည်။

ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က ဩဂုတ်လ ၅ ရက်နေ့တွင် အတည်ပြုပေးခဲ့သော (၁၉၇၉ ခုနှစ်လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေအရ) ဝန်ကြီးဌာန၏ စည်းမျဉ်း (Ministerial regulation) သည် ခရီးသွားများအား ခြောက်လအတွင်း ထိုင်းနိုင်ငံအတွင်းသို့ အကြိမ်ကြိမ်ဝင်ထွက်နိုင်သည့် ပြည်ဝင်ခွင့်ဗီဇာရရှိစေမည်ဖြစ်ပါသည်။

တစ်ကြိမ်သာ ဝင်ခွင့်ရှိသည့် ဗီဇာကြေးကို ဘတ် ၁၀၀၀ သတ်မှတ်ထားပြီး အကြိမ်ကြိမ် ပြည်ဝင်ခွင့်ဗီဇာအတွက် ဘတ် ၅၀၀၀ ပေးရမည်ဖြစ်ကြောင်း၊ အကြိမ်ကြိမ်ပြည်ဝင်ခွင့်ဆိုင်ရာ စည်းမျဉ်းသစ်ကို နိုင်ငံတော်ပြန်တမ်း (Royal Gazette) တွင် ထုတ်ပြန်ကြေညာပြီး ရက်ပေါင်း ၆၀ အကြာတွင် စတင်အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် အစောပိုင်းတွင် ၁၂ လအတွင်း အကြိမ်ကြိမ် ပြည်ဝင်ခွင့်ဗီဇာခွင့်ပြုပေးရန် အဆိုပြုတင်ပြခဲ့ခြင်းဖြစ်ပါသည်။ ယခုအတည်ပြုပေးလိုက်သည့် ခြောက်လအတွင်း အကြိမ်ကြိမ်ပြည်ဝင်ခွင့်သည် အချို့သော ခရီးသွားများအတွက် (အချိန်)နည်းဖွယ်ရှိသော်လည်း ကောင်းမွန်သော အစပျိုးမှု ဖြစ်ကြောင်း ထိုင်းခရီးသွားလုပ်ငန်း ကိုယ်စားလှယ်များအသင်းဥက္ကဋ္ဌက ပြောကြားခဲ့ပါသည်။

အကြိမ်ကြိမ်ပြည်ဝင်ခွင့် ဗီဇာသည် ထိုင်းနိုင်ငံအား ပိတ်ရက်အတွင်း အနားယူရန် နေရာတစ်နေရာအဖြစ် မြှင့်တင်ပေးနိုင်သည်ဟု မျှော်လင့်ထားကြကြောင်း၊ ယခုနှစ် ပထမခုနစ်လအတွင်း နိုင်ငံတကာမှ ခရီးသည်ဝင်ရောက်မှုသည် ၃၀ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်၍ ၁၇ ဒသမ ၅ သန်းဖြစ်ပြီး၊ ခရီးသွားလုပ်ငန်းမှ ဝင်ငွေသည် ၃၀ ရာခိုင်နှုန်းမြင့်တက်၍ ဘတ် ၈၁၈ ဘီလီယံဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်၌ ခရီးသည်ဝင်ရောက်မှုသည် ၂၉သန်းရှိ၍ ခရီးသွားလုပ်ငန်းမှ ဝင်ငွေသည် ဘတ် ၁ ဒသမ ၄ ထရီလီယံအထိ ရရှိလိမ့်မည်ဟု မျှော်မှန်းထားကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# အမေရိကန်နိုင်ငံမှ Cytec ကုမ္ပဏီအား ယူရိုငါးဘီလီယံခန့်ဖြင့် Solvay ကဝယ်ယူ

ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့ အခြေစိုက်ဓာတုပစ္စည်းများ ထုတ်လုပ်သည့်ကုမ္ပဏီတစ်ခုဖြစ်သော Solvay သည် အမေရိကန်ပြည်ထောင်စုနယူးဂျာစီပြည်နယ်အခြေစိုက် ဓာတုပစ္စည်းများထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သော Cytec အား ယူရိုငါးဘီလီယံခန့်ဖြင့် ဝယ်ယူလိုက်ပြီ ဖြစ်ပါသည်။ Cytec သည် သတ္တုလုပ်ငန်း၊ လေယာဉ် နှင့် မော်တော်ယာဉ်လုပ်ငန်းများ အတွက် ဓာတုပစ္စည်းများအား အထူးပြု ထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး နိုင်ငံတကာတွင် ဝန်ထမ်းဦးရေ ၄၆၀၀ ခန့်ဖြင့် လုပ်ငန်းများလည်ပတ်နေသော ကုမ္ပဏီတစ်ခု ဖြစ်ကြောင်းသိရသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# အီးယူနှင့်ဗီယက်နမ်နိုင်ငံတို့ လွတ်လပ်စွာကုန်သွယ်ရေး သဘောတူစာချုပ်ဆိုင်ရာ သဘောတူညီချက်ရရှိ

သုံးနှစ်တာကာလခန့် ဇွေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြပြီးနောက် အီးယူနှင့်ဗီယက်နမ်နိုင်ငံတို့သည် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူစာချုပ်ဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ဩဂုတ်လ ၄ ရက်တွင် ယေဘုယျအားဖြင့် ရရှိခဲ့ကြပါသည်။ အဆိုပါနှစ်ဦးနှစ်ဖက် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်အရ အီးယူနှင့်ဗီယက်နမ်နိုင်ငံအကြား ကုန်သွယ်မှုပြုလျက်ရှိသော ကုန်စည်များအပေါ် ကောက်ခံလျက်ရှိသည့် အကောက်ခွန်အားလုံးနီးပါးအား ဖယ်ရှားပေးမည်ဖြစ်ပါသည်။

ယေဘုယျအားဖြင့် သဘောတူညီချက်ရရှိပြီးသော စာချုပ်အပေါ် အခြေပြုလျက် နှစ်ဖက်စေ့စပ်ညှိနှိုင်းရေးအဖွဲ့များသည် Final Legal Text ထွက်ရှိစေရန် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့နောက်အဆိုပါ သဘောတူစာချုပ်အား ဥရောပကောင်စီနှင့် ဥရောပပါလီမန်သို့ တင်ပြကာအတည်ပြုချက် ရယူမည်ဖြစ်ပါသည်။

အီးယူ-ဗီယက်နမ် လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်အရ အကောက်ခွန်များအား ဖယ်ရှားပေးမည့်အပြင် ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဈေးကွက်ဝင်အခွင့်အလမ်းသစ်ကိုလည်း ဖန်တီးပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၄ ခုနှစ်တွင် အီးယူနှင့်ဗီယက်နမ်နိုင်ငံအကြား ကုန်စည်ကုန်သွယ်မှု ပမာဏတန်ဖိုးသည် ယူရို ၂၈ ဒသမ ၂ ဘီလီယံခန့်ရှိခဲ့ပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးမှုအတွက် စိုက်ပျိုးရေး အခြေခံခရီးသွားလုပ်ငန်းကို ထိုင်းတွင်မြှင့်တင်ဆောင်ရွက်

ထိုင်းနိုင်ငံ၌ ဒေသခံပြည်သူများ၏ ဝင်ငွေမြှင့်တင်ရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာနနှင့်ပူးပေါင်း၍ လယ်ယာစိုက်ပျိုးရေးအခြေခံခရီးသွားလုပ်ငန်း (Agricultural tourism) ကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပါသည်။

ဝန်ကြီးဌာန နှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုဖြစ်သည့် စိုက်ပျိုးရေးအခြေခံခရီးသွားလုပ်ငန်း စီမံကိန်းကို နခွန်ပသွမ်ပြည်နယ်ရှိ Klong Mahasawat၊ နခွန်စီသမ်မာရတ်ပြည်နယ်ရှိ Pak Phanang၊ ဖက်ချာဘွန်ပြည်နယ် Khao Kho၊ ဘူရီရမ်ပြည်နယ်ရှိ Ban Khok Muang တို့တွင် စတင်စမ်းသပ် ဆောင်ရွက်မည်ဖြစ်ပါသည်။

စိုက်ပျိုးရေးအခြေခံ ခရီးသွားလုပ်ငန်းသည် လာမည့်သုံးနှစ်အတွင်း ကျေးလက်ဒေသများရှိ အိမ်ထောင်စုများ၏ ဝင်ငွေကို အနည်းဆုံး ၁၀ ရာခိုင်နှုန်း မြင့်တက်စေနိုင်ပြီး၊ ဒေသလယ်ယာထွက်ကုန်များကို အဆင့်မြှင့်တင်နိုင်မည်ဟု ဝန်ကြီးဌာနနှစ်ခုစလုံးက မျှော်လင့်ထားကြပါသည်။ လာမည့်နှစ်တွင် အဆိုပါစီမံကိန်းကို နောက်ထပ်ပြည်နယ်ကိုးခုတွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

လယ်သမားများသည် ၎င်းတို့ဝင်ငွေ၏ ၄၀ ရာခိုင်နှုန်းကို လယ်ယာထွက်ကုန်များ သို့မဟုတ် ဒေသထွက်ကုန်များ ရောင်းချခြင်းကဲ့သို့သော အပိုလုပ်ငန်းများမှ ရရှိကြောင်း၊ ရည်မှန်းချက်အောင်မြင်ရန် ဝန်ကြီးဌာနနှစ်ခုစလုံးအနေဖြင့် ဒေသခံများအားခရီးသွားလုပ်ငန်း နှင့်ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ အသိပညာများပေးခြင်းကဲ့သို့သော ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီးမှ ပြောကြားခဲ့ပါသည်။

ခရီးသွားလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ဒေသအသီးသီးမှ အလားအလာရှိသော ထုတ်ကုန်တစ်ခုသို့မဟုတ် နှစ်ခုတွေ့ရှိရေး ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း၊ အလားအလာရှိသော ထုတ်ကုန်များကို ဟိုတယ်များသို့ မိတ်ဆက်တင်ပြမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးမှ ပြောကြားခဲ့ပါသည်။

ဝန်ကြီးဌာနနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများတွင် Business -to-agriculture sale စီမံကိန်းလည်း ပါဝင်ပါသည်။ အဆိုပါ စီမံကိန်းအရ လယ်သမားများသည် ဟိုတယ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ၎င်းတို့ထုတ်ကုန်များကို တိုက်ရိုက်ရောင်းချနိုင်မည် ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနသည် Homestay စီမံကိန်းများအား ခရီးသွားလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ပိုမိုကောင်းမွန်လာအောင် မြှင့်တင်ခြင်းနှင့်ပတ်သက်၍ ဒေသခံများအား သင်ကြားပေးရန် ရည်ရွယ်ထားပါသည်။ တစ်ချိန်တည်းမှာပင် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနသည် ခရီးသွားနေရာသစ်များတွင် လမ်းညွှန်ဆိုင်းဘုတ်များနှင့် အိမ်သာများ တည်ထောင်ရန် ခရီးသွားလုပ်ငန်းဦးစီးဌာနကို တာဝန်ပေးအပ်မည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့သည် ခရီးသွားနေရာသစ်များ မြှင့်တင်ရေးတွင် ပါဝင်ကူညီမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအခြေခံ ခရီးသွားလုပ်ငန်း စီမံကိန်းသည် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များကို ဆွဲဆောင်ရန် ရည်မှန်းထားကြောင်း၊ ထိုင်းနိုင်ငံသို့ အဆင့်မြင့်ခရီးသည်များ ပိုမိုလာရောက်အောင် ဆွဲဆောင်သည့် ကြိုးပမ်းမှုတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

**ရီရီမွန် ၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ဒုက္ခတွေကို မျှဝေခံစားကြပါ

|မြင့်မြင့်မာ|



ယခုနှစ်ဩဂုတ်လဟာ မြန်မာနိုင်ငံနဲ့အိမ်နီးချင်းနိုင်ငံတွေအားလုံး ရေဘေးသင့်တဲ့အချိန်လို့တောင်ပြောရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ပြည်နယ်တိုင်းဒေသကြီး ၁၄ခုရှိတဲ့အနက် ပြည်နယ်တိုင်းဒေသကြီး နှစ်ခုသာ ရေဘေးဒုက္ခကနေ လွတ်ကင်းပါတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံအတွင်းမှာနေထိုင်ကြတဲ့ရေဘေးမသင့်တဲ့ဒေသက ပြည်သူတွေဟာ မိမိနိုင်ရာဝန်ကို စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းအလိုက်ဖြစ်စေ ထမ်းဆောင်နေကြတာကို တွေ့မြင်နေရမှာဖြစ်ပါတယ်။

ရေလွှမ်းမိုးတဲ့နေရာဒေသအသီးသီးမှာရှိတဲ့ပြည်သူတွေရဲ့ ဒုက္ခကို ကိုယ်ချင်းစာမိတဲ့အတွက် ကိုယ်တိုင် မသွားရောက်နိုင်တဲ့သူတွေကလည်း သွားရောက်နိုင်တဲ့ပရဟိတအဖွဲ့တွေ၊ မိသားစုအလိုက်အဖွဲ့တွေနဲ့စုပေါင်းပြီး လှူကြတန်းကြတာဟာ မြန်မာတို့ရဲ့အရေးကြီးရင် သွေးနီးတဲ့စိတ်၊ ဒုက္ခရောက်နေသူကို ကူညီလိုတဲ့စိတ်တွေ လူတိုင်းလိုလိုမှာဖြစ်ပေါ်နေကြတာဟာ ပြေးကြည့်စရာမလိုလောက်အောင်ကို ထင်ရှားလွန်းလှပါတယ်။

သဒ္ဒါတရားနဲ့ပတ်သက်လာရင် မြန်မာလူမျိုးတွေဟာ ဘယ်လူမျိုးနဲ့မှုနှိုင်းယှဉ်လို့မရအောင် ထက်သန်လှတာကြောင့်လည်း ရေဘေးဒုက္ခသည်တွေဆီကို လမ်းပန်းခရီးမှာ ဒုက္ခပေါင်းစုံရှိတဲ့ကြားက အရောက်သွားပြီး ကိုယ် တိုင်ကိုယ်ကျ လှူဒါန်းနေကြ၊ လှူဒါန်းခဲ့ကြတာတွေကို မြင်တွေ့နေရမှာဖြစ်ပါတယ်။ ဒုက္ခသည်တွေရဲ့ဒုက္ခကို မျှဝေခံစားရင်း အပူကိုအတူတူမျှဝေလို့ခံစားခဲ့ကြတဲ့မြင်ကွင်းတွေဟာ မြန်မာနိုင်ငံရဲ့ပြည်နယ်တိုင်းဒေသကြီး ၁၂ခုရဲ့အလှမ်းဝေးလှတဲ့ကျေးရွာလေးတွေမှာ မြင်တွေ့ခဲ့ကြရပါတယ်။

စာရေးသူအပါအဝင် အပေါင်းအပါတစ်စုဟာ ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှာရှိတဲ့ ရေဘေးသင့်ပြည်သူများ အတွက် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ ညနေပိုင်းမှာ လှူဒါန်းမယ့် ဆန်၊ ဆီ၊ဆား၊ ဆေး၊ မီးခြစ် ၊ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ဖယောင်းတိုင် ၊ မုန့်၊သောက်ရေသန့်၊ ခြင်ဆေးခွေနဲ့ အဝတ်အထည်တွေကို တင်ဆောင်ကာ ရန်ကုန်မြို့မှ ပြည်မြို့သို့ သွားရောက်ခဲ့ပါတယ်။ လမ်းခရီးတစ်လျှောက်မှာလည်း ရေဘေးသင့်ဒေသတွေကို လှူဒါန်းရန်သွားတဲ့ကားတွေကိုလည်း တွေ့ရပါတယ်။

နောက်တစ်နေ့နံနက်မှာတော့ စာရေးသူတို့အဖွဲ့ဟာ လှူဒါန်းမယ့်ရွာတွေကို လှည့်လည်ကြည့်ရှုခဲ့ကြပါတယ်။ စာရေးသူတို့အဖွဲ့အနေနဲ့ ရန်ကုန်မှစီစဉ်လာသည်မှာ လူဦးရေ ၃၀၀ ခန့်သာဖြစ်ပြီး ရေလွှမ်းမိုးမှု ခံနေရတဲ့ ကျီးသဲအနောက်ဘက် ပန်းတောင်း၊ အလယ်ကျွန်း၊ အုတ်ကန်ရွာ၊ အောင်မင်္ဂလာရွာ၊ အသနော်ရွာ၊ အသရော်ရွာ တို့မှာရှိတဲ့ ရေဘေးသင့်တဲ့စုစုပေါင်းပြည်သူ ၅၀၀ ကျော်ရှိနေတဲ့အတွက် အဓိက ဆန်၊ ဆီ မလောက်ငှသဖြင့် ပြည်မြို့ဈေးသို့ သွားရောက်ဝယ်ယူခဲ့ပါတယ်။ အဲဒီလိုသွားရောက်ဝယ်ယူခဲ့ရာမှာ တခြားကုန်ပစ္စည်း ဈေးနှုန်းများမှာ ကွာဟမှုသိပ်မရှိလှပေမယ့် ဆန်ဈေးနဲ့ ဆီဈေးမှာတော့ ရန်ကုန်ဈေးနဲ့ အလွန်ပင် ကွာဟနေတာကို သိရှိခဲ့ရပါတယ်။

ပြည်မြို့ဈေးမှာ ရန်ကုန်အခေါ် ဧည့်မထဆန် ၂၄ ပြည်ဝင်တစ်အိတ်ကို ကျပ် ၂၅၀၀၀-၂၆၀၀၀ ကြား ၊ ရွှေဘိုပေါ်ဆန်းတစ်အိတ်ကို ကျပ် ၄၂၀၀၀-၄၃၀၀၀ ကြား၊ပေါ်ဆန်းအထူးရှယ် တစ်အိတ်ကို ကျပ် ၄၅၀၀၀-၄၇၀၀၀ ကြားရှိပြီး ဆန်ကြမ်းတစ်အိတ်လျှင် ကျပ် ၂၁၀၀၀ ဈေးသာရှိကြောင်း သိရှိရပါတယ်။ဒါကြောင့် ဆန်ရောင်းတဲ့မမော်ပွဲရုံအား "ဒီမှာ ဆန်ဈေးမတက်ဘူးလား" ဟုမေးကြည့်ရာ "ပုံမှန်ဈေးပဲအစ်မ မတက်ဘူး"ဟု ဖြေကြားခဲ့ပါတယ်။ ဆန်ဈေးအပြင် ဆီဈေးလည်း ပြည်မြို့တွင် ရန်ကုန်နှင့်ကွာဟကြောင်း သိရှိခဲ့ရပါတယ်။ ပဲဆီရိုးရိုး တစ်ပိဿာ ၄၈၀၀ ကျပ်၊ ပဲဆီရှယ် ၅၆၀၀ ကျပ် ၊ ပဲဦးဆီ(ရှယ်)၆၂၀၀ ကျပ်ဈေးသာရှိကြောင်းသိရပါတယ်။ ရေဘေးသင့် ရွာများအား သွားရောက်လှူဒါန်းသည့် ရွာများတွင် ပြောင်းခင်းများ ၊ ခရမ်းချဉ်သီးခင်းများ၊ ပဲစိုက်ခင်းများ၊ စပါးစိုက်ခင်းများရေမြုပ်နေတာကိုလည်း တွေ့ရှိခဲ့ရပါတယ်။တချို့ရွာများတွင် ရေကျသွား၍ စပါးစိုက်ခင်းများတွင် မိုးစပါးများပြန်လည်စိုက်ပျိုးနေတာကိုလည်း တွေ့ရှိရပါတယ်။

ဆန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် လက်ကားဆန်အရောင်းဆိုင်များ ဖွင့်လှစ်ပြီး ဆန်များရောင်းချပေးရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ဆန်ကုန်သည်ကြီးများအသင်း ၊ ဆန်စက်ပိုင်ရှင်များအသင်း ၊ စိုက်ပျိုးထုတ်လုပ်သူများ အသင်းတို့ပူပေါင်း၍ အမြန်ဆုံးစီစဉ်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သတင်းထုတ်ပြန်ခဲ့သလို ပြည်ပသို့ ဆန်တင်ပို့မှုတွေကိုလည်း ကာလအတိုင်းအတာတစ်ခုအထိ ရပ်ဆိုင်းထားခဲ့တာကို သိရှိထားတဲ့အတွက် ရန်ကုန်မြို့မှာ ဆန်ဈေးတွေ အဆမတန်မြင့်တက်နေတာဟာ ဘာကြောင့်ပါလဲလို့ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်မိပါတယ်။

ပြည်တွင်းကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ရေဘေးသင့်ဒေသများ အတွက် ဆန်ဈေးနှုန်းကို ဈေးရင်းအတိုင်း ၂၄ ပြည်ဝင်တစ်အိတ်လျှင် ကျပ် ၁၇၅၀၀ ဖြင့် ရောင်းချပေးမယ်လို့ ထုတ်ဖော်ပြောကြားထားတာကိုလည်း သိရှိထားတာကြောင့်လည်း ရန်ကုန်မြို့ရဲ့ဆန်ဈေးနှုန်းတွေ ဘာကြောင့်များ ဒီလောက်အထိ မြင့်တက်နေရတာပါလိမ့်လို့ စဉ်းစားခန်းဝင်မိသလို လက်လှမ်းမှီသလောက် လိုက်လံမေးမြန်း ခဲ့ပါတယ်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေနဲ့လည်း ရေကြီးနစ်မြုပ်နေသော ဒေသများမှာ ဆန်လက်ကား အရောင်းဆိုင်များဖွင့်လှစ်ပြီး ဆန်များကို ရောင်းချပေးနေတယ်လို့ သတင်းများမှာဖော်ပြထားတာကို သိရှိရပါ တယ်။

ပြည်မြို့ကို မသွားခင် စာရေးသူတို့အဖွဲ့ဟာ ဆန်ဝယ်ဖို့အတွက် ဖျာပုံကနေ ရန်ကုန်ကို တိုက်ရိုက် ဝင်လာတဲ့ ဆန်သင်္ဘောများနဲ့ ချိတ်ဆက်ပြီး ဆန်အိတ်တွေ ဝယ်ယူခဲ့ကြပါတယ်။ ပထမတစ်ကြိမ် ဆန်အိတ်များကို သွားရောက်ဝယ်ယူခဲ့စဉ်က ၂၄ပြည်ဝင်ဆန်တစ်အိတ်ကို ကျပ် ၃၄၀၀၀ ပေးခဲ့ရပြီး ဒုတိယတစ်ကြိမ် ဝယ်ယူရာမှာတော့ ဆန်တစ်အိတ်ကို ကျပ် ၃၂၀၀၀ ပေးခဲ့ရပါတယ်။ လာရောက်ရောင်းချတဲ့ ဆန်ကုန်သည်ကတော့ သူ့ရဲ့ဆန်ဟာ ပေါ်ဆန်းလို့လည်း ပြောလို့မရသလို ဧည့်မထလို့လည်း ပြောလို့မရကြောင်း၊ ဆန်ချောနဲ့ဆန်ကြမ်းကြားမှာရှိတဲ့အတွက် ဈေးသင့်ပါကြောင်း ပြောကြားခဲ့တဲ့အတွက်လည်း စာရေးသူ တော်တော်လေးကို အံ့အားသင့်ခဲ့ရပြီး ထင်တစ်လုံးနဲ့ သူ့ရဲ့ဆန်ကိုပဲ ဝယ်ယူခဲ့ပါတယ်။

ဖျာပုံကနေသင်္ဘောနဲ့လာရောင်းတဲ့ဆန်ကို ဝယ်ယူပေမယ့်လည်း လောက်ငမှုမရှိတာကြောင့် ရန်ကုန်မြို့ပေါ်က ဆန်ဆိုင်မှာ လိုအပ်တဲ့ဆန်အိတ်ကို ထပ်မံဝယ်ယူခဲ့ပါတယ်။ အဲဒီမှာ ဆန်တစ်အိတ်ကို ကျပ် ၃၈၀၀၀ ပေးခဲ့ရပါတယ်။ အဲဒီ ကျပ် ၃၈၀၀၀ တန်ဆန်ဟာ ဆန်ချောမကျ ဆန်ကြမ်းမကျ ဆန်တွေလို့ ပြောရမှာပါ။

ရန်ကုန်မြို့ပေါ်မှာ ဘာကြောင့် ဆန်တွေ ဈေးတက်ရသလဲ . . .

ရန်ကုန်မြို့ပေါ်က ပြည်သူတွေဟာ ရေဘေးသင့်ပြည်သူတွေကို ကူညီဖို့အတွက် နီးစပ်ရာအရောင်းဆိုင်တွေကနေ ဝယ်ယူနေကြတဲ့အပြင် ဈေးမြင့်တက်မှာကို စိုးရိမ်ပြီး လိုအပ်တာထက် ဝယ်ယူနေကြတဲ့အတွက် အခုလို ဈေးမြင့်တက်ရတာဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှလည်း ဆန်ဈေးမြင့်တင်ရောင်းချတဲ့ကုန်သည်များအား အသင်းဝင် ဖြစ်ပါက အသင်းမှထုတ်ပယ်ခြင်းပြုလုပ်မယ်လို့ သတင်းထုတ်ပြန်ထားတာကို ဒီမိုကရေစီတူဒေးသတင်းစာမှာ ဖော်ပြထားတာကို ဖတ်ရှုလိုက်ရပါတယ်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှာရှိတဲ့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှာ ဧည့်မထဆန်တစ်အိတ်ကို ကျပ် ၁၆၀၀၀ နှုန်းနဲ့ရောင်းချပေးမယ်လို့ သိရတဲ့အတွက် သွားရောက်စုံစမ်းရာမှာ ဆန်အိတ်များ အလွဲသုံးစားမှုများ မဖြစ်ပေါ်စေရေးအတွက် လောလောဆယ်တွင် ဝယ်ယူလှူဒါန်းမည့်ဆန်အိတ်ပမာဏအတိုင်း ကျသင့်ငွေများကိုသာ လက်ခံထားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။

"ဆန်ဈေးကွက်အတွင်း ထင်မှတ်မထားတဲ့ ဈေးနှုန်းမြင့်တက်မှုတွေမဖြစ်အောင် ရေဘေးမသင့်တဲ့ ဒေသကလူတွေ အရင်တုန်းက တစ်အိတ်ကုန်ရင် ယခုလည်းတစ်အိတ်ပဲ ဝယ်သင့်ပါတယ်။ နှစ်အိတ် သုံးအိတ်ပိုဝယ်တာ မလုပ်သင့်ပါဘူး။ ဆန်ဈေးကွက်ထဲမှာ မလိုလားတဲ့ ဆန်ဈေးမြင့်တက်မှုတွေ ဖြစ်လာနိုင်ပါတယ်။မြန်မာနိုင်ငံအတွက် ဆန်အလုံအလောက်ရှိပါတယ်။ကုန်သလောက်ပဲဝယ်သင့်တယ်"ဟု မန္တလေးကုန်စည်ဒိုင်မှ ပြောကြားပါတယ်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေနဲ့ ဆန်လက်ကားအရောင်းဆိုင်ကို မကွေးတိုင်းတွင် ဦးစွာဖွင့်လှစ်ရန် စီစဉ်ထားပြီး စစ်ကိုင်းတိုင်း ဒေသကြီးတွင် မုံရွာ ၊ ရွှေဘို၊ မန္တလေးတိုင်းတွင် မန္တလေးမြို့၊ ရန်ကုန်တိုင်းတွင် ဝါးတန်းနှင့် ဘုရင့်နောင်ကုန်စည်ဒိုင်၊ ပဲခူးတိုင်းအနောက်ပိုင်းတွင် ပြည်၊ နတ္တလင်း၊ ဧရာဝတီတိုင်းတွင် မြောင်းမြ၊ ကျိုက်လတ်နှင့် ဟင်္သာတတို့တွင် အမြန်ဆုံးဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်းလည်း သိရှိရပါတယ်။

ဒါကြောင့်လည်း ဆန်ဈေးကွက်အတွင်း ဈေးအဆမတန်မြင့်တက်မှုများ မဖြစ်ပေါ်စေရေးအတွက် ပြည်သူများအနေနဲ့ ပုံမှန်လိုအပ်သည်ထက် ပိုမိုဝယ်ယူခြင်းမပြုလုပ်ရန် လိုအပ်လှပါတယ်။ မိမိအိမ်ထောင်စု အလိုက် လိုအပ်တဲ့ပမာဏအတိုင်းသာ ချိန်ဆဝယ်ယူရန်လိုအပ်လှပါတယ်။ ဒုက္ခတွေကို မျှဝေမခံစားနိုင်ရင်တောင်မှ စာနာစိတ်လေးထားသင့်ဖို့ လိုအပ်လှပါတယ်လို့ တင်ပြလိုက်ရပါတယ်။

## နိုင်ငံတကာ ပလတ်စတစ်၊ ရော်ဘာ၊ ထုပ်ပိုးလုပ်ငန်း၊ ပုံနှိပ်လုပ်ငန်း၊ စားသောက်ကုန်နည်းပညာ စက်မှုလုပ်ငန်းပြပွဲနှင့် လယ်ယာစိုက်ပျိုးရေး၊ နည်းပညာကိရိယာပြပွဲကျင်းပ

နိုင်ငံတကာပလတ်စတစ်၊ ရော်ဘာ၊ ထုပ်ပိုးလုပ်ငန်း၊ ပုံနှိပ်လုပ်ငန်း၊ စားသောက်ကုန်နည်းပညာစက်မှု လုပ်ငန်းပြပွဲနှင့် လယ်ယာစိုက်ပျိုးရေး၊ နည်းပညာကိရိယာပြပွဲ (Plastics, Rubber, Packaging, Printing & Foodtech Industrial Exhibition & Agriculture Techniques & Equipment Exhibition) ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။




ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးညဏ်ထွန်းဦး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ UMFCCI ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်း (MPIA)မှ ဦးထွန်းနှင့် Yorkers Trade & Marketing Service Co.,Ltd ဥက္ကဋ္ဌ Ms.Judy Wang တို့က အဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပါသည်။

ဈေးကွက်ဖြန့်ကြက်ရေး၊ နည်းပညာများ အပြန်အလှန်ဖလှယ်နိုင်ရေးနှင့် မြန်မာလုပ်ငန်းရှင်များအနေဖြင့် စက်ကိရိယာများအား တစ်နေရာထဲတွင် လေ့လာကြည့်ရှုနိုင်ရန်နှင့် ရွေးချယ်မှာယူနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

တရုတ် (တိုင်ပေ)၊ ထိုင်း၊ ဂျပန်၊ ဂျာမနီစသည့်နိုင်ငံများမှ ကုမ္ပဏီ ၁၃ ခု၊ ပြခန်းပေါင်း ၁၄၀ ဖြင့် ပါဝင်ခင်းကျင်းပြသခဲ့ကြပါသည်။ ပြပွဲအား ဩဂုတ်လ ၁၄ရက်နေ့မှ ၁၇ရက်နေ့အထိ လေးရက်တိုင်တိုင် ကျင်းပခဲ့ပြီး စက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ လာရောက်လေ့လာခဲ့ကြောင်း သိရှိရပါသည်။ **KMT**




## Electric Myanmar 2015 ကုန်စည်ပြပွဲကျင်းပ

Electric Myanmar 2015 ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးညဏ်ထွန်းဦး၊ UMFCCI ဒုဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း (MCEA) ဥက္ကဋ္ဌ ဦးကျော်ပိုင်၊ Fireworks Trade Media Pte .,Ltd . Director Mr.Danen Soo တို့ တက်ရောက်ကြပြီး အခမ်းအနားအား ဖွင့်လှစ်ပေးကြပါသည်။

ပြပွဲ၌ ဂျပန်နိုင်ငံ ဖူဂျီကုမ္ပဏီမှ ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများနှင့် စွမ်းအင်ဆိုင်ရာပစ္စည်းများအား ပါဝင်ခင်းကျင်းပြသခဲ့ရာ မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တစ်နေရာထဲ၌ လေ့လာကြည့်ရှုနိုင်ပြီး နိုင်ငံတကာနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ပါသည်။

ပြပွဲကို ဩဂုတ်လ ၁၃ရက်နေ့မှ ၁၅ ရက်နေ့ထိ သုံးရက်တိုင်တိုင် ကျင်းခင်းပြသခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်/အတတ်ပညာရှင် အင်ဂျင်နီယာများ လာရောက်လေ့လာကြည့်ရှုခဲ့ ကြကြောင်း သိရှိရပါသည်။ **KMT**

## အိမ်သုံးလျှပ်စစ်ပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံ တည်ဆောက်ရန် မြန်မာနိုင်ငံကို ဆမ်ဆောင်းကုမ္ပဏီ မျက်စိကျလာ

တောင်ကိုရီးယားနိုင်ငံအခြေစိုက် ဆမ်ဆောင်းကုမ္ပဏီသည် အိမ်သုံးလျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ရန် မြန်မာနိုင်ငံကို မျက်စိကျလာကြောင်း ကိုရီးယား တိုင်းမ်သတင်းစာတွင်ဖော်ပြထားချက်ကို ကိုးကား၍ ဗီယက်နမ်နယူးစ်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ဆမ်ဆောင်းကုမ္ပဏီသည် တရုတ်နိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့တွင် စက်ရုံကြီးများတည်ဆောက်၍ မိုဘိုင်းဖုန်းများ၊ ကွန်ပျူတာများ၊ တက်ဘလက်များ၊ တီဗီ၊ ဗီဒီယို စသည့်အိမ်သုံးလျှပ်စစ်ပစ္စည်းများထုတ်လုပ်သည့် စက်ရုံများကို တည်ဆောက်ကာ ကမ္ဘာတစ်ဝန်းသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။




သို့သော် အဆိုပါနိုင်ငံများတွင် လုပ်သားအင်အားရှားပါးမှုနှင့်ကြုံတွေ့နေရခြင်း၊ လုပ်သားခ ဈေးနှုန်းများ အဆမတန်ကြီးမြင့်ခြင်း၊ ကျွမ်းကျင်လုပ်သားရှားပါးခြင်း စသည့်အချက်များကြောင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် စဉ်းစားလာခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

စက်ရုံ တည်ဆောက်ရန်အတွက် လိုအပ်ချက်များအား မြန်မာနိုင်ငံ အစိုးရနှင့် ဆွေးနွေးလျက်ရှိကြောင်း ဆမ်ဆောင်ကုမ္ပဏီ၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

"နှစ်အနည်းငယ်အတွင်းမှာ ဖြစ်လာမှာပါ။ ဆမ်ဆောင်းကုမ္ပဏီဟာ တရုတ်နဲ့ ဗီယက်နမ်တို့လို နောက်ထပ်ဈေးကွက်သစ်ကြီးတစ်ခုကို ရှာဖွေဖို့ ရည်ရွယ်ထားပါတယ်။ လိုအပ်ချက်တွေ ပြည့်စုံတယ်ဆိုရင်တော့ မြန်မာနိုင်ငံဟာ ဆမ်ဆောင်းကုမ္ပဏီရဲ့ ကုန်ထုတ်လုပ်ရေးဗဟိုချက်သစ်တစ်ခု ဖြစ်လာမှာပါ"ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၂ ခုနှစ်တွင် စတင်ထုတ်ပြန်ခဲ့ပြီးအဆိုပါဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ထုတ်လုပ်မှုကဏ္ဍကို ကန့်သတ်ထားခြင်းမရှိဘဲ ရာခိုင်နှုန်းပြည့် ရင်းနှီးမြှုပ်နှံခွင့်ပြုထားသည့်အပြင် မြေငှားရမ်းကာလကိုလည်း တိုးမြှင့်ခွင့်ပြုထားသည်။

"မြေနေရာ၊ လျှပ်စစ်ဓာတ်အား၊ တခြားခံစားခွင့်တွေနဲ့ ပတ်သက်ပြီး အာမခံချက်တွေ ရရှိဖို့လိုပါတယ်။ အဓိကပြဿနာက အုပ်ချုပ်ရေးနဲ့ဆက်စပ်တဲ့ကိစ္စတွေမှာ သဘောတူညီချက်ရအောင် ဘယ်လိုလုပ်ရမလဲဆိုတာပါပဲ"ဟု ဆမ်ဆောင်းနှင့် နီးစပ်သည့် အသိုင်းအဝိုင်းက ပြောကြားခဲ့သည်။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)က မြန်မာနိုင်ငံသည် နောက်ဆုံးကျန်ရှိနေသော ဈေးကွက်နယ်ပယ်သစ်တစ်ခုဖြစ်သည်ဟု သတ်မှတ်ထားသည်။

"မြန်မာနိုင်ငံ လုပ်သားထုရဲ့ ၇၅ ရာခိုင်နှုန်းဟာ သမားရိုးကျ လယ်ယာလုပ်ငန်းခွင်မှာပဲ လုပ်ကိုင်နေကြပါတယ်။ ဆမ်ဆောင်းကုမ္ပဏီရဲ့ ရင်းနှီးမြှုပ်နှံမှု အကောင်အထည်ပေါ်လာရင်တော့ ဒါဟာ မြန်မာနိုင်ငံအတွက် ကောင်းမွန်တဲ့ အရာတစ်ခုဖြစ်လာမှာပါ"ဟု အဆိုပါသတင်းတွင် ဖော်ပြသည်။

**မယ်သီတာ**

## Vietnam Young Spikes 2015 ပြိုင်ပွဲအတွက် ခရီးသွားလာရေးကူညီပံ့ပိုးသူအဖြစ် Vietjet မှ တာဝန်ယူဆောင်ရွက်

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂ရက်နေ့တွင် ရန်ကုန်-ဟိုချီမင်း တိုက်ရိုက်ခရီးစဉ်ကို စတင်ပျံသန်းပြေးဆွဲမည့် ဗီယက်နမ်နိုင်ငံမှ လေကြောင်းလိုင်းတစ်ခုဖြစ်သော VietJet သည် လာမည့်စက်တင်ဘာလတွင်စင်ကာပူနိုင်ငံတွင်ကျင်းပမည့် ဒေသတွင်း ပြိုင်ပွဲတစ်ပွဲဖြစ်သည့် Young Spikes Competition 2015 ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဗီယက်နမ်နိုင်ငံမှပြိုင်ပွဲဝင်များကို ကူညီထောက်ပံ့မှုများပြုလုပ်ပေးသွားမည်ဟု ကြေညာလိုက်သည်

ကူညီပံ့ပိုးမှုအစီအစဉ်အရ လာမည့်စက်တင်ဘာလ ၉ ရက်မှ ၁၁ ရက်အထိ စင်ကာပူနိုင်ငံတွင်ကျင်းပမည့် အဆိုပါပြိုင်ပွဲသို့ ဗီယက်နမ်နိုင်ငံ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် ရွေတံဆိပ်ဆုရှင်နှစ်ဦးအား အသွားအပြန်လေယာဉ်လက်မှတ်နှစ်စောင်ကို Vietjet မှပေးအပ်သွားမည်ဖြစ်သည်။

Vietnam Young Spikes သည် အာရှ-ပစိဖိတ်ဒေသရှိ တီထွင်ဖန်တီးမှုဆိုင်ရာ ဆက်သွယ်ရေးနယ်ပယ်မှပညာရှင်များအား အထင်ကရထူးချွန်ဆုများကို ချီးမြှင့်သည့် Spike Asia Festival ၏ နိုင်ငံတော်အဆင့် ပွဲစဉ်တစ်ပွဲဖြစ်သည်။

Young Spikes ပြိုင်ပွဲသည် အာရှပစိဖိတ်ဒေသအတွင်းရှိ ဆက်သွယ်ရေးနယ်ပယ်မှ ပညာရှင်များအား အတူတကွဆုံတွေ့စေပြီး တစ်ဦးနှင့်တစ်ဦး လေ့လာသင့်ယူရန် စိတ်ခွန်အားမြှင့်တင်ပေးရန်နှင့် လူ့အဖွဲ့အစည်းကို အကျိုးရှိစေပြီး သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းကာကွယ်ပေးသည့် ထူးချွန်ပြောင်မြောက်သော တီထွင်ဖန်တီးမှုများကို အသိအမှတ်ပြုကာ ဆုများချီးမြှင့်သောပြိုင်ပွဲတစ်ပွဲဖြစ်သည်။


ဗီယက်နမ်နိုင်ငံကို ကိုယ်စားပြုယှဉ်ပြိုင်သော အသင်း ၁၂ သင်းသည် ၎င်းတို့၏ တီထွင်ဖန်တီးမှုစွမ်းရည်များကို ပြသရင်း အကြိတ်အနယ်ယှဉ်ပြိုင်ရမည်ဖြစ်ကာ နယ်ပယ်အမျိုးအစားနှစ်ခုတွင် ရွှေတံဆိပ်ဆုရှင် လေးဦးထဲမှ တစ်ဦးဖြစ်လာရန် ကြိုးစားရမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် အထူးချွန်ဆုံးပညာရှင်နှစ်ဦးနှင့် အထူးချွန်ဆုံး ကျောင်းသားနှစ်ဦးကို ရွှေတံဆိပ်ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

Commodity Exchange News
Vol: 15, No.31 Monday August 17 2015

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၇–၈–၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲကို အိန္ဒိယအဆွဲပြန်လိုက်လို့ ဈေးမြင့်လာ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်ကဈေးကွက်စဖွင့်ချိန်မှာ တစ်တန်ကို ၁၃၀၄၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိရာက နောက်ပိုင်းရက်တွေမှာ ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါများလာတာကြောင့် ဈေးတရိပ်ရိပ်မြင့်တက်လာပြီး ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန်ကို ၁၃၆၀၀၀၀ ကျပ်ဈေးအထိ ဈေးထပ်မံမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲအနေဖြင့် လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်လျော့ကျလာပြီး ဈေးကောင်းရမှသာ ထုတ်ရောင်းနေကြကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းနဲ့ပဲစင်းငုံနီ အရောင်းအဝယ်အေး

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းလုံးကြီးကို မန္တလေးဝယ် လက်က ဝယ်လိုအားခပ်ပါးပါးသာရှိပြီး တစ်ပိဿာကို ၁၈၄၂ ကျပ် (တစ်တန်ကို ၁၁၂၈၀၂၂ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၁၅၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ရောင်းသူကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေသလို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားပြန်အေးသွားတာကြောင့် ဈေးကွက်မှာ အရောင်း အဝယ်အေးနေကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်မှာ ပြောင်းကို တရုတ်ဝယ်လိုအားပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ်ပြောင်းအဝင်က တစ်ပတ်အတွင်း တန်ချိန် ၁၀၀၀၀ ခန့်သာဝင်ရောက်လို့ အဝင်နည်းတယ်လို့ ဆိုရမှာပါ။ ပြောင်းလက်ကျန်ကလည်း နည်းနေပြီး တရုတ်ဘက်ကလည်း ဝယ်လိုအားပုံမှန်ရှိတော့ ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၉၉ ယွမ်မှ အမြင့်ဆုံး ၁၀၃ ယွမ်ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးမာ၊ ပဲတီစိမ်းဈေးကျ


မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို ရန်ကုန်ဝယ်လက်နှင့် မြို့ခံပဲခွဲစက်များက ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၁၈၀ ကျပ် (တစ်တန်ကို ၁၃၃၅၀၁၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီး (ထိပ်စ)ကို တရုတ်ဝယ်လက်က ဈေးလျှော့အဝယ်ရှိသလိုဝယ်လိုအားပါနည်းသွားတာကြောင့် တစ်ပိဿာကို ၁၉၂၀ ကျပ်(တစ်တန်ကို ၁၁၇၅၇၈၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုနည်း ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်) ကိုမြို့ခံပဲခွဲစက်၊ ကြာဇံစက်နှင့် အမှုန့်ကြိတ်စက်များက ဝယ်လိုအား ပြန်အေးသွားတာကြောင့် ဈေးအနည်းငယ်ကျလာကြောင်း ဈေး ကွက်အတွင်းမှ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီးတစ်ပိဿာ ၁၅၃၇ ကျပ် (တစ်တန်ကို ၉၄၁၂၄၀ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်) တစ်ပိဿာ ၁၆၀၀ ကျပ် (တစ်တန်ကို ၉၇၉၈၂၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏနည်းခဲ့ကြောင်း သိရ ပါတယ်။

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းကို မန္တလေးဝယ်အားပုံမှန်ရှိ၊ ကုလားပဲအုပ်စုကို ပဲခွဲစက်တွေဝယ်လိုအားနည်း

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးကို တရုတ်အတွက် အဓိကဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၁၀၅ ကျပ် (တစ်တန်ကို ၁၂၈၉၀၈၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူ လုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်၊ ကြာဇံစက်နှင့် အမှုန့်ကြိတ်စက်များက ဝယ်လိုအားပြန်နည်းသွားတာကြောင့် ဈေးတန့်နေ ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီးတစ်ပိဿာ ၁၅၂၆ ကျပ် (တစ်တန်ကို ၉၃၄၅၀၇ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်) တစ်ပိဿာ ၁၅၈၉ ကျပ် (တစ်တန်ကို ၉၇၃၀၈၇ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏနည်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## အောင်လံဈေးကွက်မှာ ကုလားပဲ(ထိုင်ဝမ်) အရောင်းအဝယ်ပုံမှန်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲ ခွဲစက်တွေက ဝယ်လိုအားပုံမှန်ရှိပြီး တစ်ပိဿာ ၁၅၅၀ ကျပ် (တစ်တန်ကို ၉၄၉၂၀၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က ဈေးချအဝယ်ရှိသလိုဝယ်လိုအားပါနည်းသွားတာကြောင့် ဈေးကျလာပြီး တစ်ပိဿာကို ၁၆၅၀ ကျပ်(တစ်တန်ကို ၁၀၁၀၄၄၀ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



## မကွေးဈေးကွက်မှာ ကုလားပဲ အရောင်းအဝယ်ပါး နှမ်းမျိုးစုံဈေးမြင့်

မကွေးဈေးကွက်မှာ ဒီတစ်ပတ်ပဲကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်များက ဝယ်လိုအား ပြန်အေးသွားတာကြောင့် အရောင်းအဝယ်အေးနေကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။ နှမ်းမျိုးစုံကို မန္တလေးဝယ်လက်နှင့် မြို့ခံဆီစက်နှမ်းလှော်လုပ်ငန်းရှင်များက ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးမြင့်လာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းဖြူ(ထိပ်စ)တစ်ပိဿာ ၂၄၄၄ ကျပ်၊ နှမ်းဖြူ(ပုံမှန်စ) တစ်ပိဿာ ၂၃၃၃ ကျပ်၊ နှမ်းနီ(ထိပ်စ) တစ်ပိဿာ ၂၂၈၉ ကျပ်ဈေးဖြင့် နှမ်းမျိုးစုံတစ်ရက်ကိုအိတ် ၆၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ဟင်္သာတဈေးကွက်မှာ မတ်ပဲအရောင်းများလာ

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (Raw) ကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားများလာသလို ရောင်းသူကုန်သည်များကလည်း တက်ဈေးမှာအရောင်းများခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၁၈၀ ကျပ် (တစ်တန်ကို ၁၃၃၅၀၁၀ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၇၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်အစေ့ထုတ်ပြောင်းကို ရန်ကုန်-မန္တလေးဝယ်လက်က ဝယ်လိုအားသွက်လာတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၅၇၅ ကျပ်ဈေးဖြင့် တစ်ရက်ကိုအိတ် ၈၀၀ မှ ၁၀၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။



## တောင်ကြီးဈေးကွက်မှာ ပြောင်းနှင့် ပဲပုပ်အရောင်းအဝယ်ဖြစ်

တောင်ကြီးဈေးကွက်မှာ ပြောင်းကို ရန်ကုန်-မန္တလေးနှင့် ဒေသ တွင်းအစာစပ်များက တစ်ပိဿာကို ၅၆၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၂သိန်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက်ပဲပုပ်ကိုလည်း ရန်ကုန်-မန္တလေးဝယ်လက်က တစ်ပိဿာကို ၈၀၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၅ သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## လားရှိုးဈေးကွက်မှာ ပြောင်းအရောင်းအဝယ်ပါး

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ဒေသထွက်ပြောင်းကို တရုတ်ဘက်က ဝယ်လိုအားအနည်းငယ်လျော့သွားသလို ရောင်းသူကုန်သည်များကလည်း ဈေးကွက်မျှော်လင့်ချက်ဖြင့် အရောင်းနည်းခဲ့ ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၅၄၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၃ သိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်မှာ မတ်ပဲဈေးမြင့် ကုလားပဲကို ပဲခွဲစက်တွေ ဝယ်လိုအားများ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲကို Export အတွက် အဓိက ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၁၇၅ ကျပ် (တစ်တန်ကို ၁၃၃၁၉၄၈ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက် ကျန်အနည်းငယ်ရှိပေမယ့် ရန်ကုန်အဝယ်အေးတာကြောင့် အရောင်းအဝယ်မဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ထိုင်ဝမ်) ကိုတော့ မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားပြန်များလာပြီး တစ်ပိဿာ ကို ၁၅၇၅ ကျပ်(တစ်တန်ကို ၉၆၄၅၁၄ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲပုံမှန်အရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ (ထိုင်ဝမ်)ကို မြို့ခံပဲခွဲ စက်တွေက ဝယ်လိုအားဆက်တိုက်ရှိသလို ရောင်းသူကုန်သည်များကလည်း အရောင်းပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၁၅၈၀ ကျပ်(တစ်တန်ကို ၉၆၇၅၇၆ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းကော်မတီနှစ်ရပ်၏ ဩဂုတ်လပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီတို့၏ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများလစဉ်ညှိနှိုင်းဆွေးနွေးခြင်းကို ဩဂုတ်လ ၇ ရက်နေ့ ၁၀း၃၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။



ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး၊ တိုင်း ဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် လုပ်ငန်းကော်မတီ နှစ်ရပ်အနေဖြင့် ဇူလိုင်လအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းရပ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းရှင်များမှလည်း လုပ်ငန်းအတွေ့အကြုံများ ဝိုင်းဝန်းဆွေးနွေးပေးရန်နှင့် ရန်ကုန်တိုင်းဒေသကြီး ဈေးကွက်အတွင်းမှ စားသုံးရန်မသင့်သည့် ကုန်စည်များအား ဖော်ထုတ်ပြီး အရေးယူသင့်ပြီဖြစ်ကြောင်း၊ တခြားတိုင်းဒေသကြီးမှ ဝင်ရောက်လာသောကုန်စည်များဖြစ်လျှင်လည်း သက်ဆိုင်ရာအခြားတိုင်း၊ ပြည်နယ်များနှင့် ညှိနှိုင်းဆောင်ရွက်မှာဖြစ်ကြောင်း ပြောကြားပြီးနောက် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး (ကိုယ်စား) ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ဇူလိုင်လတွင် ကျင်းပခဲ့သော အစည်းအဝေး ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ တင်ပြခဲ့ပါသည်။

ဆက်လက်၍ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ အဖွဲ့ဝင် ဦးစိန်သောင်းဦးက စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရေးအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများကို Power Point ဖြင့် ရှင်းလင်းတင်ပြခြင်း၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီဝင်များက ရှေ့ဆက်လက်ဆောင်ရွက်မည့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခြင်း၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီဝင်များမှ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း လက်ရှိဆောင်ရွက်မှု အခြေအနေများကို အမှာစာဖြင့်ရှင်းလင်း တင်ပြခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက စားသုံးသူများ၏ ကျန်းမာရေးအတွက်နစ်နာမှုရှိသဖြင့် တိုင်ကြားလာလျှင် အဖွဲ့ဖြင့်ကွင်းဆင်းစစ်ဆေးကာ မှန်ကန်မှုရှိက အရေးယူဆောင်ရွက်မှုများပြုလုပ်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြလမ်းညွှန်မှုခံယူပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း နိဂုံးချုပ်စကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် အဖွဲ့ဝင်များ၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း ၃၀ ဦးတက်ရောက်ခဲ့ပြီး အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ရန်ကုန်တိုင်းဒေသကြီးအတွက် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်မှုရရှိစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စိုးစိုးဦး (စားသုံးသူ) ရန်ကုန်**

# အဆာဟိ-လွယ်ဟိန်းကုမ္ပဏီသို့ Mitsubishi UFJ ဘဏ်က ပထမဆုံးမြန်မာကျပ်ငွေထုတ်ချေး

မြန်မာနိုင်ငံတွင် တရားဝင်လာရောက်ဖွင့်လှစ်ခွင့်ရရှိခဲ့သည့် ဂျပန်ဘဏ်တစ်ခုဖြစ်သည့် Tokyo-Mitsubishi UFJ သည် မြန်မာနိုင်ငံမှ လွယ်ဟိန်းကုမ္ပဏီနှင့် ဂျပန်နိုင်ငံမှ အဆာဟိကုမ္ပဏီတို့ တွဲဖက်လုပ်ကိုင်မည့် အဆာဟိ-လွယ်ဟိန်းဂရု(ပ်)ကုမ္ပဏီအား မြန်မာကျပ်ငွေများ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။




ယင်းကဲ့သို့ထုတ်ချေးပေးမှုသည် ပြည်ပဘဏ်ကြီး တစ်ဘဏ်အနေဖြင့် ပြည်တွင်းလုပ်ငန်းရှင်တစ်ဦးအား ပြည်တွင်းသုံး ကျပ်ငွေများ ထုတ်ချေးပေးသည့် ပထမဦးဆုံးသော နိုင်ငံတကာဘဏ်ကြီးတစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဂျပန်နိုင်ငံ Mitsubishi UFJ Financial Group ၏ လုပ်ငန်းတစ်ခုဖြစ်သော အဆိုပါဘဏ်က ဂျပန်ကုမ္ပဏီတစ်ခုဖြစ်သည့် အဆာဟိနှင့် မြန်မာပြည်တွင်း ကုမ္ပဏီတစ်ခုဖြစ်သည့် လွယ်ဟိန်းကုမ္ပဏီတို့ အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် မြန်မာကျပ်ငွေသန်း ၉၀၀ (အမေရိကန်ဒေါ်လာ ၇၂၉၀၀၀)ကို ဩဂုတ်လ ၁၂ ရက်နေ့က ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြန်မာကျပ်ငွေနှင့် နိုင်ငံတကာဘဏ်များအချင်းချင်း အပြန်အလှန်ငွေကြေးရောင်းဝယ်ရေး ဈေးကွက်မရှိသောကြောင့် အဆိုပါ Tokyo-Mitsubishi UFJ သည် လိုအပ်သော မြန်မာကျပ်ငွေများကို ပြည်တွင်း မိတ်ဖက်ဘဏ်တစ်ခုဖြစ်သော သမဝါယမဘဏ်(CB Bank) မှ ရယူခဲ့သည်။ မြန်မာနိုင်ငံတွင်လုပ်ငန်းများ ရောင်းဝယ်ဖောက်ကားရာ၌ ကျပ်ငွေကိုသာ အများဆုံးအသုံးပြုနေကြရာ နိုင်ငံခြားကုမ္ပဏီများအကြား ကျပ်ငွေ လိုအပ်ချက် အားကောင်းနေသည်ဟု အဆိုပါ ဂျပန်ဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင် အခြားဂျပန်ဘဏ်ကြီးတစ်ခုဖြစ်သည့် Sumitomo Mitsui Banking Corp သည်လည်း Asahi Loi Hein ကုမ္ပဏီသို့ ချေးငွေအကြမ်းဖျဉ်းအားဖြင့် ၁၀ ဆနီးပါး ထုတ်ချေးသွားမည်ဟု ဆိုသည်။

Asahi Loi Hein ကုမ္ပဏီသည် ဂျပန်နိုင်ငံ Asahi Group Holdings နှင့် မြန်မာနိုင်ငံမှ အချိုရည်၊ ရေသန့်များ ထုတ်လုပ်သည့် Loi Hein (လွယ်ဟိန်း)ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းထားသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဘဏ်တစ်ခုမှ ချေးငွေရယူလိုပါက အပေါင်ပစ္စည်းအဖြစ် မရွှေ့ပြောင်းနိုင်သော အိမ်ခြံမြေတစ်ခုခုကို ဘဏ်သို့ တင်ပြရသည်။ ယင်းအချက်မှာ အိမ်ခြံမြေပိုင်ဆိုင်မှု မရှိသည့် နိုင်ငံခြားသားပိုင်လုပ်ငန်းများအတွက် အတားအဆီးတစ်ခုဖြစ်နေသည်။ အဆိုပါ အပေါင်ခံပစ္စည်းနှင့် ပတ်သက်၍ စည်းမျဉ်းဖြေလျှော့ပေးခြင်းကြောင့် ဂျပန်ဘဏ်များက ပြည်တွင်းဘဏ်များထံမှ ချေးငွေရယူနိုင်ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများအဖို့ ဘဏ္ဍာရေးဆိုင်ရာ ရွေးချယ်ခွင့်များ ကျယ်ပြန့်လာစေမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဂျပန်ဘဏ်ကြီးသုံးခုဖြစ်သည့် Mitsubishi UFJ, Sumitomo Mitsui Banking Corp ၏ SMBC နှင့် Mizuho Financial Group မှ Mizuho Bank တို့က ရန်ကုန်မြို့တွင် ဘဏ်ခွဲများ ဖွင့်လှစ်ထားပြီး ဝန်ဆောင်မှုများ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

# Unilab နှင့် Beauty Palace တို့ပူးပေါင်း၍ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မည်

ဖိလစ်ပိုင်နိုင်ငံအခြေစိုက် United Laboratories(Unilab)နှင့် မြန်မာနိုင်ငံမှ Beauty Palace တို့ပူးပေါင်း၍ လူသုံးကုန်ပစ္စည်းစက်ရုံ တစ်ရုံ တည်ဆောက်၍ လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါစက်ရုံကို ၂၀၁၆ ခုနှစ်တွင် စတင်တည်ဆောက်မည်ဖြစ်ပြီး တည်ဆောက်မည့်မြေနေရာကို ရှာဖွေနေဆဲပင်ဖြစ်ကြောင်း သိရသည်။

ယင်းလူသုံးကုန်ပစ္စည်းများထုတ်လုပ်မည့်စက်ရုံကို အမေရိကန်ဒေါ်လာ ၁၃ သန်း ရင်းနှီးမြှုပ်နှံကာ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သည့် Beauty Palace ကုမ္ပဏီသည် အဆိုပါ Unilab ကုမ္ပဏီမှထုတ်လုပ်သည့် A-21 ဆပ်ပြာ၊ Best T သွားတိုက်ဆေး၊ PH Care၊ Procare ဆပ်ပြာစသည့် လူသုံးကုန်ပစ္စည်းများကိုတင်သွင်းလျက် ရှိနေပြီး ဈေးကွက်အတွင်း ရောင်းအားအကောင်းဆုံးသော ကုန်ပစ္စည်းတစ်ခုအဖြစ်လည်း ရပ်တည်နေကြောင်း သိရ သည်။

"အခုလို ပူးပေါင်းရတဲ့ရည်ရွယ်ချက်က ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ကုန်ပစ္စည်းအသစ်တွေကို ယူလာပြီးတော့ ဈေးကွက်ထဲမှာ ဖြန့်ဖြူးရောင်းချဖို့ မဟုတ်ပါဘူး။ ပြည်တွင်းဈေးကွက်မှာ နာမည်ရှိနေတဲ့ ကုန်ပစ္စည်းတွေရဲ့ အရည်အသွေးကို မြှင့်တင်ပြီးသွားမှာပါ။ ပြည်တွင်းမှာပဲ အရည်အသွေးမြှင့်တဲ့ ကုန်ပစ္စည်းတွေ ထုတ်လုပ်နိုင်ဖို့ စက်ရုံတည်ဆောက်သွားမယ်။ နေရာအတိအကျတော့ ပြောလို့မရသေးဘူး။ ရှာနေတုန်းပါပဲ"ဟု United Laboratories ကုမ္ပဏီ၏ အကြီးတန်းဥက္ကဋ္ဌ Mr. Sebastian Baquiran က ပြောကြားခဲ့သည်။

လက်ရှိပြည်တွင်းဈေးကွက် အတွင်းရောင်းချလျက်ရှိသည့် PH Care၊ A-21 ဆပ်ပြာ၊ Procare ဆပ်ပြာ၊ Best-T သွားတိုက်ဆေး စသည့် ကုန်ပစ္စည်းများကို အရည်အသွေး မြှင့်တင်သွားမည်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်ရရှိစေရန်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ရုံကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၆ ခုနှစ်၌ တည်ဆောက်သွားမည်ဖြစ်ကာ ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းတွင် လုပ်ငန်းများ စတင်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံ United Laboratories ကုမ္ပဏီမှ ၇၀ရာခိုင်နှုန်း၊ Beauty Palace ကုမ္ပဏီမှ ၃၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ကော့သောင်းကုန်သွယ်ရေးစခန်းကရေထွက်ကုန်ပိုမိုတင်ပို့နိုင်

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁ ရက်မှ ၇ ရက်အတွင်း ကန်ဒေါ်လာ ၁ ဒသမ ၄၇၀ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန် ၁၅၀၀ ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၅၂၈ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုများမှာ-

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၃၆ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၈ တန်ကျော်၊ ကဏန်း ၄ တန်ကျော်၊ ပုစွန် ၁ တန်နီးပါးတင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၆၈ တန်ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၃၉၄ သနးတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၄၉၄ တန်ကျော်၊ ကင်းမွန် ၁၀ တန်၊ ပုစွန်နဲ့ ကဏန်းအနည်းငယ်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၂၅၃ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်-

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၀၄၀ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၉၅၇ တန် ပုစွန် ၁၄ တန်နီးပါး၊ ကင်းမွန်နဲ့ သဲကဏန်းအနည်းငယ်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၇၁၃ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။ **ခင်မြနွယ်**

# စစ်တွေကုန်သွယ်ရေးစခန်းမှ လယ်ယာထွက်ကုန်နဲ့ စက်မှုကုန်ချော တန် ခြောက်ရာကျော်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းက ဩဂုတ်လ ၁ ရက်မှ ၇ ရက်ထိ သီတင်းပတ်အတွင်း လယ်ယာထွက်ကုန်နဲ့ စက်မှုကုန်ချော ၆၃၇ တန် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၁၀၂ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်က ကန်ဒေါ်လာ သုည ဒသမ ၀၉၃ သန်းဖိုးတင်ပို့ခဲ့သဖြင့် ယခုသီတင်းပတ်မှာတော့ ကန်ဒေါ်လာသုည ဒသမ ၀၀၉ သန်းဖိုး ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။

ယခုသီတင်းပတ်မှာ တင်ပို့ခဲ့တဲ့ လယ်ယာထွက်ကုန်ပစ္စည်းများကတော့ မန်ကျည်းစေ့ ၃၄၈ တန်၊ ဆီးသီးခြောက် ၁၆၆ တန်၊ ချင်း(အစို)၂၄ တန် ၊ ကြိမ် ၅ တန်၊ကွမ်းသီး ၂ တန် ၊ မန်ကျည်းဖတ်(အစေ့ပါ) ၂ တန်၊ သစ်ခေါက်၃ တန်၊ နနွင်းတက် ၁ တန်နဲ့ စက်မှုကုန်ချောပစ္စည်းဖြစ်တဲ့ ဆီးယိုထုပ် ၈၆ တန်တို့ကို တစ်ဘက်နိုင်ငံဘင်္ဂလားဒေ့ရှ်သို့ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ **တင်တင်ထွန်း**

# တောင်ပြို-မောင်တော၊ မောင်တော-ဘူးသီးတောင်၊ ပုဏ္ဏားကျွန်း-ရသေ့တောင် လမ်းကောင်းပါက ကုန်သွယ်မှုလည်းကောင်းလာနိုင်

ဇူလိုင် ၂၉ ရက် ၁၅း၀၀ ချိန်က စစ်တွေကုန်သွယ်ရေးစခန်းမှာ ပြုလုပ်တဲ့ ဇူလိုင်လအတွက် ကုန်သွယ်မှု မြှင့်တင်ရေးအစည်းအဝေးမှာ ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ ကောင်စစ်ဝန် Mr.Mahbubur Rahman မှပြောကြားရာတွင် ယခုကဲ့သို့ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးကို တက်ရောက်ဖူးပါကြောင်း၊ လွန်ခဲ့သော နှစ်များက မိမိတို့နိုင်ငံတွင် နိုင်ငံရေးပဋိပက္ခကြောင့် ကုန်သွယ်မှု လျော့နည်းပါကြောင်း၊ ယခုအခါ တည်ငြိမ်နေပြီ ဖြစ်ပါကြောင်း၊ ဒါကြောင့် ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စကို ဖွံ့ဖြိုးအောင်လုပ်နိုင်သည့်ကာလဖြစ်ပါကြောင်း၊ ယခင် လုပ်ခဲ့သော JWGBTO အစည်းအဝေးအား ပြန်လည်အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါကြောင်း၊ တက္ကနပ်၊ ကော့ဘဇားနှင့် စစ်တွေဟိုတယ်တွေမှာ လုပ်ခဲ့ခြင်းက တိုးတက်လာမှုကို ပြခြင်းဖြစ်ပါကြောင်း၊ ပြည်ထောင်စု ဝန်ကြီးအဆင့် အစည်းအဝေးမှ နယ်စပ်တွေမှာ ဆက်ဆံရေးအရာရှိရုံးတွေ အပြန်အလှန်ဖွင့်ဖို့ ဆွေးနွေးခဲ့တာတွေ ရှိပါကြောင်း၊ ထိုင်းနိုင်ငံနှင့်လည်း ဆက်ဆံရေးရုံးတွေဖွင့်ပြီးဖြစ်လို့ ဒီမှာလည်း ဆက်သွယ်ရေးရုံးဖွင့်ဖို့လိုပါကြောင်း၊ ရခိုင်အစိုးရအဖွဲ့မှ ပြည်ထောင်စုအဆင့်သို့ တင်ပြသင့်နေပြီဖြစ်ပါကြောင်း၊ စစ်တွေကုန်သည်နှင့် မောင်တော ကုန်သည်တွေပြဿနာရှိတာကို သိပါကြောင်း၊ နောက်တစ်ကြိမ် အစည်းအဝေးအား မောင်တောမှ နှစ်ဘက်ကုန်သည်တွေနဲ့ လုပ်မယ်ဆိုပါက သင့်တော်ပါကြောင်း၊ သို့မှသာ နယ်စပ်ကုန်သွယ်ရေး တိုးတက်လာ မှာဖြစ်ကြောင်း၊ တောင်ပြို-မောင်တော၊ မောင်တော-ဘူးသီးတောင်၊ ပုဏ္ဏားကျွန်း-ရသေ့တောင် လမ်းကောင်းပါက ကုန်သွယ်မှုကောင်းလာနိုင်မှာ ဖြစ်ကြောင်း၊ စစ်တကောင်း၊ ဒါကာ၊ တက္ကနပ်ရှိ မိမိတို့ဘက်ကုန်သည်တွေကိုလည်း တောင်ပြို-မောင်တောကို ကုန်သွယ်မှုပြုလုပ်ဖို့ လေ့လာရန်တိုက်တွန်းသွားမှာ ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ကုန်သည်တွေကြားမှာ အလွန်ကောင်းမွန်သော အလွန်အကျိုးသက်ရောက်သော အလုပ်ဖြစ်တဲ့ ညှိနှိုင်းဆွေးနွေးမှုများကြောင့် အထိုက်အလျောက် တိုးတက်လာမှာ ဖြစ်ကြောင်း ဆွေးနွေးသွားခဲ့တယ်လို့သတင်းရရှိပါတယ်။ **ယဉ်ယဉ်အေး**

# ရှောင်ကွင်းလမ်းမှာ ဗွက်နစ်နေသော ဖူဆိုယာဉ်နဲ့ ပိတောက်သစ်တုံးများ

နောင်ချိုမြို့ပြင်ရေလင်းရွာအနီး ရှောင်ကွင်းလမ်းမှ တစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့မယ့် သစ်ကားများ ဖြတ်သန်းနေတယ်လို့ သတင်းရရှိတဲ့အတွက် ဩဂုတ်လ ၇ ရက်နေ့ ၁၁း၀၀ ချိန်က Mobile Team လရ-၁ နောင်ချိုမှ လက်ထောက်ညွှန်ကြားရေးမှူးနဲ့ ဦးစီးအရာရှိ ဦးစီးတဲ့အဖွဲ့တို့ နှစ်ဖွဲ့ခွဲပြီး ရှောင်ကွင်းလမ်းကိုဝင်ရောက်ပိတ်ဆို့ရှာဖွေစစ်ဆေးမှုပြုခဲ့ပါတယ်။

လှည့်လည်စစ်ဆေးစဉ် ပိတောက်သစ်တုံးကြီးများနဲ့ ဗွက်နစ်နေသော Fuso ၆ ဘီးယာဉ် 4G/xxxx ယာဉ်ပေါ်မှာ ပိတောက်သစ်တုံးကြီး ၃ တုံးနဲ့ ယာဉ်ဗွက်နစ်သဖြင့် အောက်သို့ ချထားသော ပိတောက်သစ်တုံး ၈ တုံးကို တွေ့ရှိခဲ့ရပါတယ်။ စုစုပေါင်း စစ်ဆေးတွေ့ရှိ ပိတောက်သစ်တုံး ၁၁ တုံးရဲ့ ခန့်မှန်းအလေးချိန်မှာ ၄ တန်ကျော်ခန့်ရှိတယ်လို့ သိရပါတယ်။အဆိုပါ ဗွက်နစ်ယာဉ်နဲ့ သစ်တုံးများအား နိုင်ငံဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ကရိန်းယာဉ်နဲ့ ရှောင်ကွင်းလမ်းမှ ဆွဲထုတ်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန် အမှုတွဲ ဖွင့်လှစ်၍ တရားမဝင်ပိတောက်သစ်တုံးများအား နောင်ချိုမြို့နယ် သစ်တောဦးစီးဌာနသို့လည်းကောင်း၊ သစ်တုံးများ တင်ဆောင်ထားသော မော်တော်ယာဉ်အား အကောက်ခွန်ဦးစီးဌာနသို့လည်းကောင်း လွှဲပြောင်းအပ်နှံထားပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**MIRT**

# ဂျူတီကုန် ခရီးသည်ကုန်များနဲ့ အလှကုန်-လိမ်းဆေး-သံပြားများ ရောနှောသယ်ဆောင်လာ

ဩဂုတ် ၄ ရက်နဲ့ ၈ ရက်နေ့များမှာ မိုင်းကိုးကျေးရွာအုပ်စု၊ မိုင်းကိုးကျေးရွာအနီးနဲ့ ဝမ်းကောင်းမိုင်ကျေးရွာအနီးမှာ Isuzu ယာဉ်၊ ၁၂ ဘီးယာဉ်၊ ဆမ်လောင်ယာဉ်လိုင်း (Express) ပေါ်တို့မှာ တရားမဝင်သယ်ဆောင်လာသော လူသုံး၊ လုပ်ငန်းသုံးပစ္စည်းများကို Mobile Team အဖွဲ့က စစ်ဆေးတွေ့ရှိ တယ်လို့ သတင်းရရှိပါတယ်။

Isuzu ယာဉ်ပေါ်မှ ဂျူတီဆပ်ပြာမှုန့်များနဲ့ ရောနှောတင်ဆောင်လာတဲ့ အလှကုန်ပစ္စည်း မျိုးစုံကိုလည်းကောင်း၊ ၁၂ ဘီးယာဉ်ပေါ်မှ ဂျူတီကုန်နဲ့ ရောနှောတင်ဆောင်လာတဲ့ ၄ ပေ x ၈ ပေ အရွယ် သံပြားအချပ် ၂၀ ကိုလည်းကောင်း၊ ဆယ်လောင်းယာဉ်လိုင်း (Express) ယာဉ်ပေါ်မှ ခရီးသည်ပစ္စည်းများနဲ့ ရောနှောတင်ဆောင်လာတဲ့ အရေပြားလိမ်းဆေး ၉ ဖာကိုလည်းကောင်း Mobile Team အဖွဲ့က စစ်ဆေး တွေ့ရှိခဲ့ပါတယ်။ ယာဉ်မောင်းအား ခံဝန်ကတိရေးထိုးစေခဲ့ပြီး တရားမဝင်သယ်ဆောင်လာတဲ့ ယာဉ်များကို လုပ်ထုံးလုပ်နည်းနဲ့ အညီအကောက်ခွန်အမှုတွဲ ဖွင့်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် တာချီလိတ်အကောက်ခွန်ဌာနသို့ အပ်နှံထားပြီးဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**MIRT**

# တောင်ကြီးခရီးသည်တင်ယာဉ်ပေါ်မှ ကျောက်စိမ်းနဲ့ဟုယူဆရသော လက်ဝတ်ရတနာအထည်များနဲ့ ကျောက်အရိုင်းပြားအခြမ်းများ စစ်ဆေးတွေ့ရှိ

ဩဂုတ် ၈ ရက် ၂၃း၃၀ ချိန်ခန့်က မယ်ယန်းစစ်ဆေးရေးဂိတ်မှာ တာဝန်ထမ်းဆောင်နေသော Mobile Team အဖွဲ့သည် တောင်ကြီးမြို့မှ လာသော အောင်စိုးမိုး ခရီးသည်တင်ယာဉ် Hiace 8I/xxxx အား ရပ်တန့်စစ်ဆေးမှုပြုခဲ့ပါတယ်။ ယာဉ်ကို ရပ်တန့်ခိုင်းစဉ်မှာပင် ယာဉ်အား ရပ်တန့်ပြီး ယာဉ်မောင်းမှာထွက်ပြေး တိမ်းရှောင်သွားခဲ့ပါတယ်။

အဆိုပါယာဉ်အား အဖွဲ့စုံဖြင့် စစ်ဆေးရှာဖွေရာမှာ ပီနန်အိတ် (၁၀) အိတ်နဲ့ ထုတ်ပိုးထားတဲ့ ဂျပ်ဖာများအတွင်းမှ ကျောက်စိမ်းနဲ့ ပယင်းလို့ယူဆရတဲ့ ကျောက်များနဲ့ပြုလုပ်ထားတဲ့ ဆင်ရုပ်၊ ငါးရုပ်၊ ပုတီးလုံး၊ ပုတီးလက်ပတ်၊ လက်ကောက်၊ လက်စွပ်၊ ကျောက်စိမ်းအရိုင်းတုံးငယ်များ၊ အရိုင်းအခြမ်းပြားများအား ရှာဖွေတွေ့ရှိခဲ့ရတဲ့အတွက် အသေးစိတ်စစ်ဆေးပြီးနောက် တာချီလိတ်မြို့နယ် အကောက်ခွန်သို့ လုပ်ထုံးလုပ်နည်းနဲ့ အညီအကောက်ခွန်အမှုတွဲဖွင့် လွှဲပြောင်းအပ်နှံသွားမယ်လို့ သတင်းရရှိပါတယ်။ **MIRT**

# စားသုံးရန်မသင့်တဲ့ တရုတ်နိုင်ငံထုတ် စားသောက်ကုန်များအား မီးရှို့ဖျက်ဆီးမည်

နောင်ချိုမြို့အနီး ယာယီအခြေပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရ-၁ အဖွဲ့သည် ဩဂုတ်လ ၈ ရက်နေ့တွင် မူဆယ်မှ မန္တလေးသို့ မောင်းနှင်လာတဲ့ ကင်တာဒေသသုံးယာဉ်နဲ့ ခရီးသည်တင်ယာဉ်များပေါ်မှ သိုဝှက်သယ်ဆောင်လာတဲ့ စားသုံးရန်မသင့်တဲ့ တရုတ်နိုင်ငံထုတ် စားသောက်ကုန်များကို စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။ယာဉ်(၃)စီးပေါ်မှ တွေ့ရှိခဲ့တဲ့ တရုတ်နိုင်ငံထုတ် စားသောက်ကုန်များမှာ ပင်လယ်စာအသားတုံးငံပြာရည်၊ အကြော်ခံဆီ၊ ကြာညို့၊ မှိုခြောက်၊ စပျစ်ခြောက်၊ ပန်းခြောက်၊ Garlic Powder နဲ့ ပဲပုပ်များဖြစ်ပါတယ်။အဆိုပါအကောက်ခွန်မဲ့ တရုတ်နိုင်ငံထုတ် စားသောက်ကုန်များ အား စားသုံးရန်မသင့်တဲ့အတွက် အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး Mobile Team အဖွဲ့ဝင်ဌာန ကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့ဖြင့်မီးရှို့ဖျက်ဆီးဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ **MIRT**

# Mobile Team မှ ဖမ်းဆီးထားခဲ့သော Beer နဲ့ Sprite အချိုရည်များအား ဖျက်ဆီးမှုပြုလုပ်

၂၀၁၅ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့ ၁၂း၃၀ ချိန်က ခန့်မှန်းတန်ဖိုးကျပ် ၃၃၈ သိန်းတန်ဖိုးရှိ Beer နဲ့ Sprite အချိုရည် ပုလင်း ၄၄၅၉၂ ကို ရွှေပြည်သာမြို့နယ် အမှတ်(၄)ရပ်ကွက်၊သာခုကန် စက်မှုဇုန်အနီး ကွန်ကရစ်ခင်းဒေါနလမ်းသွယ်ပေါ်မှာ ဌာနဆိုင်ရာ ကိုယ်စားလှယ်များပါဝင်တဲ့ Mobile Team အဖွဲ့က လမ်းကြိတ်စက်ဖြင့်နင်းကြိတ်ဖျက်ဆီးခဲ့တယ်လို့ သတင်းရရှိပါတယ်။

တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီရဲ့ကြီးကြပ်မှုနဲ့ ကုန်သွယ်မှုလမ်းကြောင်းများ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ ကမ်းရိုးတန်းဆိပ်ကမ်းများ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်များနဲ့ နှစ်နိုင်ငံနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများအနီး ပတ်ဝန်းကျင်မှာ Mobile Team အဖွဲ့များနဲ့ တရားမဝင် ကုန်သွယ်မှု တားဆီး ထိန်းချုပ်ရေးနဲ့ စားသုံးသူအကာအကွယ်ပေးရေးအတွက် တရားမဝင်ပစ္စည်းများ၊ စားသောက်ကုန်များအား စိစစ် တားဆီးဆောင်ရွက်ပြီး စစ်ဆေးတွေ့ရှိမှုများအပေါ် ပို့ကုန်သွင်းကုန်ဥပဒေနဲ့ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေများအရ အရေးယူဆောင်ရွက်လျက်ရှိနေပါတယ်။

ယခုဖျက်ဆီးခဲ့တဲ့ Beer နဲ့ Sprite အချိုရည်များကို ၂၀၁၃ ခုနှစ်အောက်တိုဘာလ ၉ ရက် ၁၃း၃၀အချိန်မှာ ရွှေပြည်သာစက်မှုဇုန် (၂) နယ်မြေ၊ သံချပ်ဝန် ဦးညွန့်လမ်း ၊ မြေအမှတ် xxx ရှိ ပန်ဒါအရက် ပုလင်းသွပ်စက်ရုံ သိုလှောင်ရုံများအတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးရာ တစ်ဖက်နိုင်ငံလုပ် Chang Beer (500 ml ,330ml) ၃၇၀ ဖာ၊ Diablo Beer ၅၀၀ ml ၂၄၀ ဖာနဲ့ Sprite အချိုရည် ဖာ ၅၀ တို့ကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

ရဲစခန်းသို့ သက်သေခံပစ္စည်းများအဖြစ် အပ်နှံပြီး ရွှေပြည်သာမြို့နယ် တရားရုံးသို့ ပို့ကုန်သွင်းကုန်ဥပဒေ ၂၀၁၂ ပုဒ်မ ၈ ဖြင့် အမှုဖွင့်ခဲ့ရာ တရားဥပဒေကြောင်းအရ တရားခံဖြစ်သူကို ထောင်ဒဏ်ချမှတ်ခဲ့ပြီး သက်သေခံပစ္စည်းများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် စီရင်ချက် အမိန့်ချမှတ်ခဲ့တာဖြစ်ပါတယ်။

အဆိုပါ Beer နဲ့ Sprite အချိုရည်များကို ယခုဖျက်ဆီးခဲ့တာဖြစ်ပါတယ်။

**MIRT**

## ခရီးသည်တင်ယာဉ်ပေါ်မှ ပိုးသတ်ဆေးများနဲ့ အကောက်ခွန်မဲ့ပစ္စည်းများအား လရ-၁ အဖွဲ့မှ စစ်ဆေးတွေ့ရှိ

နောင်ချိုမြို့အေးရှားဝေါ တိုးဂိတ်အနီးအခြေပြုတဲ့လရ-၁ အဖွဲ့သည် ဩဂုတ်လ ၈ ရက်နေ့တွင် မူဆယ်မှ မန္တလေးသို့ ထွက်ခွာလာတဲ့ ကုန်တင်ယာဉ်နဲ့ ခရီးသည်တင်ယာဉ်များကို စစ်ဆေးခဲ့တယ်လို့ သိရပါတယ်။ အဆိုပါ ယာဉ်များအနက် ရွှေလားရှိုး ခရီးသည်တင်ယာဉ်အမှတ် 9I/xxxx ပေါ်မှ ခရီးသည်ပစ္စည်းများကြား သိုဝှက်သယ်ဆောင်လာတဲ့ ပိုးသတ်ဆေး ၁၂ ဖာနဲ့အတူ Green Tea ၃ ဖာ၊ ဖုန်းမှုန်ကပ် ၄ ဖာတို့ကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။စစ်ဆေးတွေ့ရှိသော တရားမဝင်အသုံးပြုရန် မသင့်တဲ့ ပိုးသတ်ဆေးများကို Mobile Team အဖွဲ့ဝင်ဌာနကိုယ်စားလှယ်များပါဝင်သော အဖွဲ့ဖြင့် မီးရှို့ဖျက်ဆီးဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်အကောက်ခွန်မဲ့ ပစ္စည်းများအား အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။

**MIRT**

## ယာဉ် သုံးစီးပေါ်မှ စစ်ဆေးတွေ့ရှိ တစ်ဖက်နိုင်ငံထုတ် စားသောက်ကုန်များကို လရ-၁ အဖွဲ့မှ မီးရှို့ဖျက်ဆီး

နောင်ချိုမြို့အနီး ယာယီအခြေပြုလုပ်ငန်းများဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရ-၁ အဖွဲ့သည် ဩဂုတ်လ ၁၀ ရက်နေ့တွင် မူဆယ်မှ မန္တလေးသို့ ထွက်ခွာလာတဲ့ ယာဉ်များကို စစ်ဆေးရာ ရတနာစိုး ခရီးသည်တင်ယာဉ်အမှတ် 9C/xxxx ပေါ်မှ ခရီးသည်ပစ္စည်းများကြား သိုဝှက်တင်ဆောင်လာတဲ့ တစ်ဖက်နိုင်ငံထုတ် ဘီစကစ်မုန့် ၁၀ ဖာကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အလားတူ ဩဂုတ်လ ၁၁ ရက်တွင်လည်း မြတ်မန္တလာထွန်း ခရီးသည်တင်ယာဉ်နဲ့ ချစ်မင်းခန့်ခရီးသည်တင်ယာဉ် နှစ်စီးပေါ်မှလည်း သိုဝှက်တင်ဆောင်လာတဲ့ တရုတ်နိုင်ငံထုတ် ကြက်အူချောင်း နှစ်ဖာကို စစ်ဆေးတွေ့ရှိသိမ်းဆည်းနိုင်ခဲ့ပါတယ်။ အဆိုပါယာဉ် သုံးစီးပေါ်မှ စစ်ဆေးတွေ့ရှိ တစ်ဖက်နိုင်ငံထုတ် စားသောက်ကုန်များအား စားသုံးရန် မသင့်တဲ့ ပစ္စည်းများဖြစ်တဲ့အတွက် Mobile Team အဖွဲ့၏ ဌာနကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့ဖြင့် ဖျက်ဆီးဆောင်ရွက်သွားမယ်လို့ သတင်းရရှိပါတယ်။

**MIRT**

## မှန်လုံယာဉ် အံဝှက်အတွင်း သိုဝှက်တင်ဆောင်လာတဲ့ အရက်နဲ့ ဘီယာများအား လရ-၂ အဖွဲ့မှ စစ်ဆေးတွေ့ရှိ



မြဝတီ-ရန်ကုန်လမ်းကြောင်းပေါ်ရှိ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးနဲ့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရ-၂အဖွဲ့သည် ဩဂုတ်လ ၅ ရက်နေ့တွင် ရန်ကုန်-ဘားအံ-မြဝတီ ပြေးဆွဲနေတဲ့ ပြည့်အားမာန် ခရီးသည်တင်မှန်လုံယာဉ်အမှတ် 9B/xxxx ယာဉ်ပေါ်တွင် လိုက်ပါလာသူများမှာ ခရီးသည်၊ ခရီးသွားများအသွင်သဏ္ဍာန်မတူခြင်း၊ ခရီးသည်ပစ္စည်းတင် တန်းပေါ်တွင် ခရီးဆောင်အိတ်များ တင်ဆောင်လာခြင်းမရှိဘဲ ရှင်းလင်းနေကြောင်း သံသယဖြစ်ဖွယ်တွေ့ရှိရသဖြင့် အသေးစိတ်ဖွင့်ဖောက်စစ်ဆေးခဲ့တယ်လို့ သိရပါ တယ်။

ယာဉ်အား အသေးစိတ်စစ်ဆေးရာ မှန်လုံယာဉ်ရဲ့ ခရီးသည်လျှောက်လမ်းနဲ့ ထိုင်ခုံအောက်၊ နောက်ဆုံးခုံတန်းရှည်အောင်၊ Emerency Exit ပေါက်၊ Toll Box များအား အံဝှက်များပြုလုပ်ထားပြီး ၎င်းအံဝှက်များအတွင်းမှ တရားမဝင်သိုဝှက်တင်ဆောင်လာတဲ့ နိုင်ငံခြားဖြစ်အရက်မျိုးစုံနဲ့ ဘီယာများကို ခန့်မှန်းတန်ဖိုး ကျပ် ၁၅၈သိန်းဖိုးအား စစ်ဆေးတွေ့ရှိခဲ့ပါတယ်။စစ်ဆေးတွေ့ရှိအရက်မျိုးစုံနဲ့ ဘီယာများမှာ Ballantines(1 Lit) Blended Scoth Whisky(228)U,Ballantines(1 Lit) Blended Scoth Whisky Finet(240) U , J&B(0.75 Lit) Blended Scoth Whisky (12)U, Soju(korea)(114) Pkg& Singha Beer(69)Pkgဖြစ်ပြီး အကောက်ခွန်အမှုတွဲ ဖွင့်လှစ်သိမ်းဆည်းနိုင်တယ်လို့ သိရပါတယ်။

**MIRT**

## မြဝတီကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုမြှင့်တင်နိုင်ရန် တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင်ဆောင်ရွက်နေ

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုမြှင့်တင်နိုင်ရန် တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ တရားဝင်လမ်းကြောင်းမှန်ပေါ်သို့ရောက်ရှိအောင် ဆောင်ရွက်နိုင်ရန်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ OSS အဖွဲ့ဝင်ဌာနများ၊ မိတ်ဖက်ဌာနများ၊ ဒေသခံကုန်သည်လုပ်ငန်းရှင်များနဲ့ ဇူလိုင်လ ၂၇ ရက်နေ့ ၁၃း၀၀ နာရီအချိန်တွင် မြဝတီကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမှာ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

အစည်းအဝေးမှာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်မှ မိမိတို့ဘက်မှ တရားဝင် ပို့ကုန် ပို့ချင်သော်လည်း တစ်ဖက်နိုင်ငံ၏ အခွန်ကောက်ခံမှုစနစ် ရာခိုင်နှုန်း အရမ်းများနေသဖြင့် ကုန်သွယ်မှုမညီမျှမှုဖြစ်နေသည်ကို တစ်ဖက်နိုင်ငံနှင့် ညှိနှိုင်းပေးပါရန် ကုန်သည်ကြီးများအသင်းမှ တင်ပြခဲ့ပါကြောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ တရားမဝင်ကုန်သွယ်မှု လျော့နည်းပပျောက်ရေးကို နည်းလမ်းပေါင်းစုံဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မကြာမီ ရင်ဆိုင်လာရမဲ့ အာဆီယံစီးပွားရေးအသိုက် အဝန်း AEC အတွက် ထိုင်းနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနဲ့ ကုန်သွယ်မှုလမ်းကြောင်းအဖြစ် အာရှလမ်းမကြီးကို ဖောက်ခဲ့ပါကြောင်း၊ အာဆီယံ + တရုတ်၊ အာဆီယံ + အိန္ဒိယ၊ အာဆီယံ + ဘင်္ဂလားဒေ့ရှ်အထိသွားနိုင်ရန် ရည်ရွယ်၍ ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားအမှတ် ၂ ကို ၂၀၁၈ ခုနှစ်မှာ အပြီး တည်ဆောက်သွားရန် လျာထားခဲ့ပါကြောင်း၊ တစ်ဖက်နိုင်ငံနဲ့ စီးပွားရေး အပြိုင်အဆိုင်လုပ်လာရမှာဖြစ်ကြောင်း၊ မိမိတို့ဘက်မှာလည်း စီးပွားရေးဇုန်နဲ့ စက်မှုဇုန်များ အမြန်ဆုံးအကောင်အထည်ဖော်ရမှာဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များဘက်မှလည်း ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် ၂၅ တန်တင်ကားသာ သွားနိုင်သော ချစ်ကြည်ရေးတံတားကြီးကို တန် ၆၀ အထိသွားလာနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ယာဉ်လမ်းကြောများ ပိတ်ဆို့မှုမရှိအောင် သတ်မှတ်ပေးထားသော ယာဉ်ရပ်နားကွင်းနှင့် ခြံဝန်းများ ဂိုထောင်များ ပြုလုပ်၍ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါတယ်။ မြဝတီကုန်သွယ်ရေးဇုန် တာဝန်ခံညွှန်ကြားရေးမှူးဦးစိုးလွင်မှ တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည်းများ တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် တရားမဝင် ရှောင်ကွင်းလမ်းများမှ သွားလာနေသော ကုန်ပစ္စည်းများကို တရားဝင်လမ်းကြောင်းပေါ်သို့ရောက်ရှိအောင် ကုန်သည်အသင်းအနေဖြင့် အသင်းဝင်များအား စည်းရုံးပြောကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မြနွယ်**

## သိုဝှက်တင်ဆောင်လာတဲ့ အကောက်ခွန်မဲ့ပစ္စည်းများကို စစ်ဆေးတွေ့ရှိ

နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်အနီး အခြေပြုဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရ (၁) အဖွဲ့ သည် မူဆယ်မှ မန္တလေးသို့ ထွက်ခွာလာတဲ့တောင်ပြာတန်းခရီးသည်တင်ယာဉ်နဲ့ ဝင်းနားခရီးသည်တင်ယာဉ် နှစ်စီးပေါ်မှ ခရီးသည်ပစ္စည်းများကြား သိုဝှက်တင်ဆောင်လာတဲ့ နိုင်လွန်ချည်ထုပ် ခြောက်ထုပ်၊ ဖိနပ်ထုပ် နှစ်ဖာနဲ့ Gas ဘူး ငါးဖာတို့ကို စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ စစ်ဆေးတွေ့ရှိ အကောက်ခွန်မဲ့ ပစ္စည်းများအား လုပ်ထုံးလုပ်နည်းနဲ့ အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီး အကောက်ခွန်ဦးစီးဌာနသို့ စနစ်တကျလွှဲပြောင်းအပ်နှံသွားမယ်လို့သိရပါတယ်။

**MIRT**

Vol: 15, No.31 Monday August 17 2015

# သဘာဝဘေးအန္တရာယ် ကုန်ဈေးနှုန်း ဝိသမသမားနဲ့ စားသုံးသူ

| မယ်သီတာ |



ဒီနှစ် ဇူလိုင်လ နောက်ဆုံးပတ်ကတည်းက ဖြစ်ပေါ်နေတဲ့ ရာသီဥတုအခြေအနေဟာ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းကိုသာမကဘဲ အာရှဒေသ အထူးသဖြင့် အာဆီယံနဲ့ အာရှအရှေ့ပိုင်းဒေသတွေကို ထိခိုက်ခဲ့တာ တွေ့ရပါတယ်။ နီပေါနိုင်ငံမှာ ပြင်းထန်တဲ့ငလျင်ကြီး လှုပ်ခတ်ပြီးနောက်ပိုင်း ဖြစ်ပေါ်လာတဲ့ရာသီ ဥတုဖောက်ပြန်မှုက ကမ္ဘာ့မြေပုံရဲ့အနေအထားကို ကြည့်ရင် နီပေါနိုင်ငံရဲ့အောက်ဖက်ပိုင်းမှာရှိတဲ့နိုင်ငံတွေဟာ အဲဒီဒေသရဲ့နောက်ဆက်တွဲအကျိုးဆက်ကို ခံစားခဲ့ကြရပါတယ်။

ဒီအချက်ကို မိုးလေဝသပညာရှင်တွေ သတိမမူခဲ့ကြတဲ့အတွက် မြန်မာနိုင်ငံဟာ ဖြစ်တောင့်ဖြစ်ခဲ တဲ့ဖြစ်ရပ်တစ်ခု ကြုံတောင့်ကြုံခဲတဲ့ဖြစ်ရပ်တစ်ခုကို ရင်ဆိုင်လိုက်ရပါတယ်။ မြန်မာနိုင်ငံအထက်ပိုင်းဒေသဖြစ်တဲ့ ကန့်ဘလူ၊ ကလေး၊ ကောလင်း စတဲ့ဒေသတွေဟာ မိုးသည်းထန်စွာရွာသွန်းမှုနဲ့အတူ ရေလွှမ်းမိုးမှုကို အဆိုးရွားဆုံး ရင်ဆိုင်ခဲ့ရပါတယ်။

အဲဒီဒေသတွေဟာ အရင်တုန်းက မိုးသည်းထန်စွာ ရွာတယ်ဆိုတာ ဖြစ်တောင့်ဖြစ်ခဲတဲ့ ကိစ္စဖြစ်တာကြောင့်လည်း အုပ်ချုပ်သူတွေ၊ မိုးလေဝသပညာရှင်တွေ၊ ဒေသခံပြည်သူတွေဟာ အမှုမဲ့အမှတ်မဲ့လို နေခဲ့ကြပါတယ်။ ဒါပေမယ့်လည်း မိုးစတင်ရွာသွန်းကတည်းက မိုးတစ်ကြိမ်ရွာလိုက်တိုင်း ရေတော်တော် များများပါတတ်တာကို သတိပြုမိကြပါတယ်။ ဒါပေမယ့်လည်း ဒီလိုအခြေအနေမျိုးအထိ ဖြစ်လာလိမ့်မယ်လို့ ဘယ်သူမှ ထင်မထားကြပါဘူး။

သဘာဝဘေးအန္တရာယ်ကို ၂၀၀၈ခုနှစ်က ဖြစ်ပေါ်ခဲ့တဲ့နာဂစ်မုန်တိုင်းအပြီးမှာ ပြည်သူတွေ အထူးသဖြင့် မြန်မာနိုင်ငံအောက်ပိုင်းက ပြည်သူတွေ သတိထားကြပေမယ့် အထက်ပိုင်းက ပြည်သူတွေကတော့ အပူချိန်မြင့်တက်တာကလွဲပြီးခုလိုရေကြီးရေလျှံမယ်ဆိုတာ အိပ်မက်တောင် ထည့်ပြီးမက်ကြမယ်လို့ မထင်မိပါဘူး။ သဘာဝဘေးအန္တရာယ်လို့ ဆိုလိုက်တာနဲ့ ရေကြီးတာ၊ အပူချိန်မြင့်တက်တာ၊ အအေး လွန်ကဲတာ၊ ငလျင်လှုပ်တာ၊ လေဆင်နှာမောင်းတိုက်ခတ်တာ၊ မုန်တိုင်းတိုက်ခတ်တာ စတဲ့ဖြစ်နိုင်တဲ့ သဘောတရားတွေကိုသိထားကြရပါတော့မယ်။

ဒီနှစ်ဟာ မြန်မာနိုင်ငံအတွက် တကယ့်ကို အဆိုးရွားဆုံးသော သဘာဝဘေးဒဏ်ကို အခံရဆုံးသော နှစ်လို့ ပြောရမှာဖြစ်ပါတယ်။ ရေလွှမ်းမိုးမှုဒေသစံချိန်တင်ခဲ့သလို ပျက်စီးဆုံးရှုံးမှုတွေကလည်း စံချိန်တင် လောက်တဲ့အထိဖြစ်ခဲ့ရပါတယ်။

နာဂစ်မုန်တိုင်းတိုက်ခတ်စဉ်က ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ပဲခူးတိုင်းဒေသကြီးတို့လောက်သာ ပျက်စီးဆုံးရှုံးမှု များပြားခဲ့ပေမယ့် ဒီနှစ်မှာဖြစ်ပွားခဲ့တဲ့ သဘာဝဘေးအန္တရာယ်ကတော့ မြန်မာနိုင်ငံအတွက် ဆုံးရှုံးမှုအကြီးဆုံးသော သဘာဝဘေးအန္တရာယ်ကြီးပဲဖြစ်တယ်လို့ ဆိုရမှာပါ။ နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့စဉ်က လူအသေအပျောက်အများဆုံးဖြစ်ခဲ့ပေမယ့် ယခုဖြစ်ပေါ်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်ကတော့ နေရာဒေသအတော်များများမှာဖြစ်ပေါ်ခဲ့တဲ့အတွက် ဆုံးရှုံးမှုပမာဏကြီးမားသလို ဆုံးရှုံးမှုဧရိယာလည်း ကျယ်ပြန့်တယ်လို့ ဆိုရမှာပါ။

မြန်မာနိုင်ငံမှာ ပြည်နယ်၊ တိုင်းဒေသကြီး ၁၄ ခုရှိတဲ့အနက် ၁၂ ခုမှာ သဘာဝဘေးအန္တရာယ်ကို ခံစားခဲ့ကြရပါတယ်။ ရခိုင်ပြည်နယ်မှာတော့ ကိုမန်မုန်တိုင်း အဖျားခတ်မှုဒဏ်ကြောင့် နေအိမ်တွေပျက်စီး ခဲ့ရသလို ရေလွှမ်းမိုးမှုဒဏ်ကိုလည်း ရခိုင်ပြည်နယ်ရဲ့မြို့အတော်များများမှာ ခံစားခဲ့ကြရပါတယ်။

အဲဒီလိုကိုမန်မုန်တိုင်းအဖျားခတ်ဝင်ရောက်တဲ့အချိန်နဲ့တစ်ပြိုင်နက်တည်းမှာပဲ ကန့်ဘလူ၊ ကောလင်း စတဲ့မြန်မာနိုင်ငံအထက်ပိုင်းအညာဒေသတွေမှာ မိုးသည်းထန်စွာရွာသွန်းမှုနဲ့အတူ မြစ်ရေမြင့်တက်မှုကိုပါ တစ်ဆက်တည်းခံစားခဲ့ရပါတယ်။ အဲဒီလိုမြစ်ရေမြင့်တက်လာမှုနဲ့အတူ အညာဒေသတွေမှာ တည်ဆောက်ထားတဲ့ဆည်တွေမှာလည်း ရေပြည့်ရေလျှံမှုဒုက္ခကို ကြုံတွေ့ခဲ့ရပါတယ်။

ဆည်အနီးမှာနေတဲ့ပြည်သူတွေဟာ ဆည်ရေဖောက်ချမှုနဲ့ မကြုံစဖူးကြုံလိုက်ရတဲ့အခါ လက်လွတ် ထွက်ပြေးခဲ့ရတဲ့အထိ ဒုက္ခပင်လယ်ဝေခဲ့ရပါတယ်။ ကလေးမြို့တစ်မြို့လုံးရေပင်လယ်ကြီးဖြစ်သွားခဲ့သလို လမ်းပန်းဆက်သွယ်ရေးတွေ ပြတ်တောက်ခဲ့ရတဲ့အထိ ရင်ဆိုင်ခဲ့ရပါတယ်။ ဒီလိုဒုက္ခတွေကို ပြည်နယ် တိုင်းဒေသကြီး ၁၂ခုမှာရှိတဲ့ပြည်သူတွေ အားလုံးနီးပါး ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပါတယ်။

မုန်တိုင်းတိုက်တာတို့ ရေလွှမ်းမိုးတာတို့ဆိုတာတွေကို နှစ်စဉ်လိုလိုကြုံတွေ့နေရတဲ့ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းတို့မှာနေထိုင်ကြတဲ့ပြည်သူတွေကတော့ ရေကြီးတာကိုသိပ်ပြီး အရေးမလုပ်ကြ ပေမယ့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာနေထိုင်ကြတဲ့ပြည်သူတွေကတော့ မကြုံစဖူးကြုံတွေ့လိုက်ရတဲ့ အဖြစ်အပျက်တစ်ခုလို့ ပြောရမှာပါ။

ဒါပေမယ့်လည်း အရေးကြီးရင်သွေးနီးတတ်တဲ့မြန်မာလူမျိုးတို့ရဲ့ ပင်ကိုယ်ဗီဇစိတ်ကြောင့် တစ်ကိုယ် တော်ပရဟိတသမားတွေ၊ အသင်းအဖွဲ့လိုက်ဆောင်ရွက်နေကြတဲ့ပရဟိတအဖွဲ့တွေ၊ လူမှုရေးအသင်း အဖွဲ့တွေဟာ နိုင်ငံတော်က တာဝန်ပေးအပ်ခြင်းမရှိပါဘဲ ကိုယ်စီကိုယ်င တာဝန်သိစိတ် တာဝန်ယူစိတ် တွေနဲ့ ဆောင်ရွက်နေကြတာဟာဖြင့် မြင်ရသူတိုင်း သာဓုအကြိမ်ကြိမ်ခေါ်ရတဲ့အထိပါပဲ။

အနုပညာရှင်တွေ၊ ကျောင်းသူ ကျောင်းသားတွေ၊ ရဟန်းသံဃာတွေကအစ အစိုးရမဟုတ်တဲ့ လူမှုရေးအဖွဲ့အစည်းတွေပါ ရေလွှမ်းမိုးတဲ့ဒေသတွေအထိ သွားရောက်ပြီး ဒုက္ခရောက်နေတဲ့သူတွေကို အားပေးကူညီမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ရန်ကုန်မြို့ရဲ့ လူစည်ကားရာနေရာတိုင်းမှာ လူငယ်လေးတွေဟာ သူတို့တတ်တဲ့ ပညာလေးတွေနဲ့ ရေဘေးဒုက္ခသည်တွေအတွက် အလှူခံပါတယ်ရှင်/အလှူခံပါတယ်ခင်ဗျာ ဆိုတဲ့အသံလေးတွေနဲ့ အလှူခံ၊ ရလာတဲ့ အလှူငွေတွေကိုစုပေါင်းပြီး ရေလွှမ်းမိုးမှုခံစားနေရတဲ့ ပြည်သူတွေဆီကို အရောက်ပို့ပေးခဲ့ကြပါတယ်။

သဘာဝဘေးဒဏ်ကြောင့် ဒုက္ခရောက်နေတဲ့ပြည်သူတွေကို ကိုယ့်ရဲ့သွေးသားရင်းလိုသဘောထား ပြီး ကူညီနေကြတဲ့လူမှုရေးအဖွဲ့အစည်းတွေကို ကိုယ်တိုင်မလုပ်နိုင်သော်လည်း ငွေအားလူအားနဲ့ တစ် တပ်တစ်အားပါဝင်ကူညီကြတဲ့စီးပွားရေးလုပ်ငန်းရှင်တွေကိုလည်း တွေ့နေရပါတယ်။ ပရဟိတလူငယ်လေး တွေရဲ့လုပ်အားနဲ့ ရရှိလာတဲ့ငွေတွေနဲ့ ရေဘေးသင့်ဒေသက ပြည်သူတွေအတွက် လိုအပ်မယ်ထင်တဲ့ ဆန်၊ ဆီ၊ ဆား၊ ငြုတ်၊ ကြက်သွန်၊ ခေါက်ဆွဲခြောက်၊ သောက်ရေသန့်စတဲ့စားသောက်ကုန်တွေအပြင် အဝတ်အထည်တွေကိုပါ လှူဒါန်းနိုင်ဖို့ သွားရောက်ဝယ်ယူကြပါတယ်။

အဲဒီလိုဝယ်ယူတဲ့အခါမှာ တချို့သော ကုန်သည်/လုပ်ငန်းရှင်များကတော့ စာနာစိတ်နဲ့ အမြတ်အနည်းငယ်သာယူပြီး ရောင်းချပေးလိုက်ပေမယ့် တချို့သောလုပ်ငန်းရှင်များကတော့ မတန်တဆဈေးနဲ့ရောင်းချခဲ့လို့ ဈေးကြီးကြီးနဲ့ပေးဝယ်လိုက်ရတဲ့အဖွဲ့တွေရဲ့ မကျေမချမ်းနဲ့ ရေရွတ်သံတွေကလည်း ညံညံစီလျက်ပါပဲ။

အထူးသဖြင့် ရေဘေးသင့်ဒေသက ပြည်သူတွေအတွက် အဓိကလိုအပ်ချက်က ဆန်နဲ့ရေပါပဲ။ ဆန်ဟာ မြန်မာနိုင်ငံရဲ့အဓိကထွက်ကုန်ဖြစ်သလို အဓိကထားပြီး စားသုံးတဲ့ပစ္စည်းလည်းဖြစ်တာကြောင့် လှူတဲ့သူတွေဟာ ဆန်ကို အဓိကထားပြီး လှူဒါန်းကြပါတယ်။

လှူဖို့အတွက် ဆန်ကို ဘယ်ကဝယ်ကြမလဲ။ အနီးစပ်ဆုံးဈေးကြီးတစ်ဈေးကပဲ ဝယ်လိုက်ကြပါတယ်။ အဲဒီမှာ ပြဿနာကစပါပြီ။ ပရဟိတသမားတွေဟာ အနည်းဆုံး ဆန်အိတ် ၅၀ကနေ ၁၀၀ အထိ ဝယ်ယူကြတော့မယ်ဆိုတာ ခန့်မှန်းလို့ရနေပါပြီ။ တချို့ကလည်း ဒိုင်မှာသွားဝယ်ပေ့ါ၊ တချို့ကလည်း ဒိုင်မှာ သွားဝယ်ရင် သယ်ယူစရိတ်က ထောင်းဦးမယ်၊ ဒါကြောင့် အနီးအနားကပဲ ဝယ်မယ်ဆိုတဲ့အသံတွေက ပရဟိတအဖွဲ့တိုင်းလိုလိုက ထွက်ပေါ်လာတဲ့အသံတွေပါ။ တချို့ကလည်း ကုန်သည်နဲ့ချိတ်ဆက်ပြီး ဝယ်ကြပါတယ်။

ဘယ်လိုနေရာကပဲဝယ်ဝယ် ရန်ကုန်မြို့ရဲ့နေရာတိုင်းမှာ တော့ ဆန်၊ ဆီ၊ ဆား၊ ငြုတ်၊ ကြက်သွန် စတာတွေရဲ့ဈေးနှုန်းတွေက တစ်ပြိုင်နက်တည်း တိုင်ပင်စရာမလိုဘဲ တက်သွားခဲ့တာကတော့ အမှန်ပါ။ ဖျာပုံပေါ်ဆန်းတစ်အိတ်ကို ကျပ် ၃၈၀၀၀ အထိ မြင့်တက်သွားသလို ဧည့်မထ ၂၅မှတ်ဆန်ရဲ့တစ်အိတ် ဈေးနှုန်းကလည်း ကျပ် ၂၃၀၀၀ အထိမြင့်တက်သွားခဲ့ရပါတယ်။ ကြက်သွန်ဈေးဟာလည်း တစ်ပိသာကို အလုံးကြီးဆိုရင် ကျပ် တစ်ထောင်နီးပါးတက်ခဲ့သလို အလုံးသေးဆိုရင် ကျပ် ၇၀၀ ကျော်အထိ မြင့်တက်သွားခဲ့ပါတယ်။ ကျန်တဲ့သားငါးကုန်စိမ်းစတာတွေကလည်း သူ့အလိုလို လိုက်တက်ပြီး သားဖြစ် သွားခဲ့ပါတယ်။

"အစ်မရယ် အထက်ပိုင်းမှာ ရေကြီးတယ်ဆိုကတည်းက ဒီမှာကုန်ဈေးနှုန်းက တက်သွားလိုက်တာ ကျွန်မတို့ ဈေးသည်တွေတောင် ဈေးကို ဘယ်လိုရောင်းရမလဲမသိတော့ဘူး။ ကုန်တစ်ခါသွားတိုက်ရင် တစ်ခါဈေးတက်လိုက်နဲ့ ဈေးက ငြိမ်ကိုမငြိမ်ဘူး။ ဆန်ဈေးဆိုရင် ရွှေဘိုပေါ်ဆန်းက တစ်အိတ်ကို ကျပ် ၅၈၀၀၀ အထိတက်သွားတယ်။ ဒီမှာကျတော့တစ်ပြည်ကို ၂၄၀၀ လောက်ရောင်းမှ အဆင်ပြေမှာလေ။ ဆန်ကြမ်းဈေးက သိပ်မတက်ဘူး။ ဒီရက်ထဲမှာ ဆန်လာဝယ်တဲ့

သူတွေ တော်တော်များတယ်။ အရင် က တစ်အိမ်ကို တစ်အိတ်လောက် ဝယ်နေတဲ့သူတွေက ဒီလထဲမှာပဲ သုံးအိတ်လာဝယ်တယ်။ အဲဒီလို မျိုးတွေ လာဝယ်ကြတော့ ကျွန်မဆိုင်ဆို ဟိုအရင်ရက်တွေက နှစ်ရက် ကို တစ်ခါလောက် သွားတိုက်နေရတယ်။ လျှုဖို့တော့မဟုတ်ပါဘူး။ သူတို့အိမ်အတွက် ဈေးတက်လာမှာစိုးလို့ လှောင်ထားတာတဲ့။ အဲဒီ လိုမျိုးက ရန်ကုန်မြို့တစ်မြို့လုံးဖြစ်နေတာ။ ပိုက်ဆံရှိတဲ့သူတွေ ပိုဆိုး တယ်။ သူတို့က အဲဒီလိုလှောင်ဖို့အတွက် ဝယ်တော့အဝယ်တွေလိုက် လာပြီး ဈေးကတက်တော့တာပေါ့”ဟု ဘိုကလေးဈေးအတွင်း ဆန် ရောင်းချနေတဲ့ ဒေါ်မြင့်မြင့်က ပြောပြခဲ့ပါတယ်။

## ဝိသမလောဘသမားတွေ

ဒါ့အပြင် ဝိသမလောဘသမား စီးပွားရေးလုပ်ငန်းရှင်ကြီး တွေကလည်း ဒါကိုအခွင့်ကောင်းယူပြီး အမြတ်ထုတ်ဖို့ကြိုးစားခဲ့တာ ကိုလည်း သိရှိခဲ့ရပါတယ်။

“ကျွန်တော်တို့ ရေဘေးသင့်တဲ့ဒေသက ပြည်သူတွေအတွက် လှူမယ်ဆိုပြီး ဘိုကလေးဘက်က ဆန်ကုန်သည်တွေနဲ့ချိတ်မိပါတယ်။ အဲဒီဆန်ကုန်သည်က သူတို့ ဈေးအသက်သာဆုံးနဲ့လုပ်ပေးပါ့မယ်။ ဆန်သားလည်းကောင်းပါတယ်လို့ပြောတဲ့အတွက် သူတို့နဲ့ပဲချိတ်ပြီး ဝယ်ခဲ့တာပါ။ အဲဒီကုန်သည်နဲ့ ပထမ တစ်ကြိမ်တုန်းက ဆန်အိတ် ၅၀ ဝယ်တုန်းက တစ်အိတ်ကို ကျပ် ၃၄၀၀၀ ပေးရတယ်။ နောက် တစ်ကြိမ်ထပ်ဝယ်တော့ တစ်အိတ်ကို ကျပ် ၃၂၀၀၀ ပေးရတယ်။ ဒါပေမယ့် ဆန်သားတွေမကောင်းတာလား၊ ဆန်လတ်ကျိုးတွေ ထည့် ပေးတာလားတော့ မသိဘူး။ ဆန်က ထက်ပိုင်းကျိုးတွေ တွေ့နေရ တယ်။ ကျွန်တော်တို့ကတော့ ဆန်အိတ်ကို ဖောက်မကြည့်တော့ မသိ ဘူးပေါ့။ ဟိုရောက်မှ ဆန်အိတ်ကို ဖောက် လိုက်တော့မှ ဆန်တွေက ထက်ပိုင်းကျိုးနေတာကို တွေ့လိုက်ရတယ်။ ဒါပေမယ့် ဘာမှတော့ လုပ်လို့မရ ဘူးပေါ့။ ဒုက္ခသည်တွေက ကျွန်တော်တို့ကို ဆန်အကျိုး တွေ လှူတယ်ဆိုပြီး မေတ္တာပို့တာကိုတော့ ခံရဦးမှာပဲ”လို့ ပရဟိတ အဖွဲ့တစ်ဖွဲ့ရဲ့ညည်းတွားသံတွေကလည်း ညံညံစီနေပြန်ပါတယ်။

## ကောလာဟလနဲ့ (၁၆)မိုင်

မြန်မာပြည်သူတွေရဲ့ကြားမှာ ယုံကြည်မှုရပ်ဝန်းတစ်ခုကို ပြပါ ဆိုရင် ကောလာဟလရပ်ဝန်းကိုပဲ လက်ညှိုးထိုးပြရမှာပါ။ ကောလာ ဟလစကားတစ်ခွန်းကို အဟုတ်မှတ်ပြီး တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ပြောလိုက်ကြတာ မြန်မာပြည်အနှံ့သာမက နိုင်ငံရပ်ခြားအထိပါ ပျံ့နှံ့ သွားတဲ့အတွက် ကောလာဟလ စကားတစ်ခွန်းကို ယုံမိတဲ့အတွက် ဒုက္ခရောက်ရတဲ့မစူးစမ်းမဆင်ခြင်တဲ့ ယုန်သူငယ်ရဲ့အဖြစ်လို ဖြစ်ခဲ့ရ တာတွေလည်း အများကြီးရှိနေပါသေးတယ်။

သတင်းတစ်ပုဒ်ထွက်ပေါ်လာခဲ့ပါတယ်။ ပြင်ဦးလွင်ကားလမ်း အတက် (၁၆)မိုင်ဂိတ်မှာ ဆန်ကားတွေ ကို ဖမ်းနေသတဲ့၊ မည်သူလွှင့် လိုက်သည့်သတင်းလည်းတော့မသိ။ ဖြစ်ရပ်ကတော့ အမှန်ပါ။ ဒါပေ မယ့် ဖမ်းတယ်ဆိုတာကတော့ မဟုတ်၊ ဒီသတင်းက ဖေ့စ်ဘုတ်ပေါ်ကို ရောက်မလာလို့ တော်သေးသည်ဆို ရမည်။ ရပ်ကွက်ထဲ၊ ဈေးထဲမှာ တော့ ဆန်တွေဖမ်းနေတယ်ဆိုတဲ့သတင်းက တောမီးလောင်သလို ခဏလေးနဲ့ ပျံ့နှံ့သွားပါတော့တယ်။

စာရေးသူရဲ့အစ်မက ဖုန်းဆက်ပြီး သတင်းပေးလာပါတယ်။ ဆန်ဝယ်ထားဦးတဲ့။ စာရေးသူလန့်သွား မိပါတယ်။ ဘာဖြစ်လို့လဲလို့ သူ့ကို ပြန်ပြီးမေးခွန်းထုတ်လိုက်မှ အဖြေက ထွက်လာပါတယ်။ ပြင်ဦးလွင် အတက် (၁၆)မိုင်စစ်ဆေးရေးဂိတ်မှာ ဆန်ကားတွေ ဖမ်းနေတယ်။ အဲဒါကြောင့်ဆန်ဈေးတွေ တက်လိမ့် မယ်၊ ငါတောင် အခု ဆန်သုံးအိတ်မှာထားခဲ့တယ်။ မြတ်စွာဘုရားလို့ပဲ အော်ပစ်လိုက် ပါတယ်။ စာရေး သူ သူ့ကိုဖြေရှင်းဖို့ထက် ဒီသတင်းဟုတ်မဟုတ်ကိုပဲ အတည်ပြုရပါတော့မယ်။ ရုံးကိုရောက်တဲ့အချိန်မှာ ပြည်ထောင်စု ဝန်ကြီးဦးဝင်းမြင့် ရဲ့သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရတော့မှပဲ ဒီသတင်းမှားနေတယ်လို့ အတည်ပြုလိုက်ပါတယ်။

အစ်မဖြစ်သူကိုလည်း ဖုန်းဆက်ပြီး ဒီသတင်းမဟုတ်တဲ့ အကြောင်း၊ ဖမ်းတာမဟုတ်၊ ရေကြီးတဲ့ဒေသ တွေကို ဆန်ထောက်ပံ့ ပေးနိုင်အောင် ပြည်ပကိုပို့မယ့်ဆန်ကားတွေကို တားဆီးရတဲ့ အကြောင်း၊ ပြည်ပ ကို ဘယ်လိုနေရာကနေပဲဖြစ်ဖြစ် ဆန်တင်ပို့ခြင်း ကို အကန့်အသတ်မရှိ ရပ်ဆိုင်းထားမယ်ဆိုတဲ့အကြောင်း ပြောပြ လိုက်ပါတယ်။ ဒါဆို ငါဆန်တွေ ဝယ်ထားတာ မှားပြီပေါ့။ အေး ဟုတ် တယ်။ ကိုယ့်မိသားစု တစ်ချိန်မှာငတ်မှာစိုးလို့ ဝယ်တာထက် လောလောဆယ်မှာ ဒုက္ခရောက်နေတဲ့သူတွေကို ကူညီဖို့အတွက် စဉ်းစားကြပါဦးလို့ စာရေးသူပြောလိုက်ရပါတယ်။ အကြီးနဲ့ အငယ် ဆိုပေမယ့် မည်သို့မျှ မတတ်နိုင်ပါ။ စာရေးသူရဲ့အစ်မလိုလူတွေ မြန်မာနိုင်ငံမှာ ဘယ်လောက်တောင်များနေသလဲဆိုတာ စဉ်းစားလို့ မရနိုင်တော့ပါ။

မိမိတစ်ဦးတည်းရဲ့လောဘကြောင့် အခြေခံလူတန်းစားတွေ ကုန်ဈေးနှုန်းကြီးမြင့်မှု လှိုင်းတံပိုး ရိုက်ခတ်မှုဒဏ်ကို ခံစားကြရ တော့မှာပါ။ ဒါ့အပြင် ဝိသမလောဘသမားစီးပွားရှာသူကုန်သည် များဟာ ဆန်ဈေးနှုန်း တည်ငြိမ်အောင်ထိန်းသိမ်းနေတာကို အခွင့် ကောင်းယူပြီး နေ့စဉ်ဆန်ကားတွေ ရာနဲ့ချီပြီး နယ်စပ်ကို တင်ပို့နေ တာကို သိရှိရတဲ့အတွက် ပြင်ဦးလွင် (၁၆)မိုင်စစ်ဆေးရေးဂိတ်ကနေ တားဆီးရတာဖြစ်တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြောကြားခဲ့ပါတယ်။

ခုလို မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပေါ်ခဲ့တဲ့သဘာဝဘေးအန္တရာယ် အခြေအနေများကြောင့် မိုးစပါး အပါအဝင် မိုးသီးနှံများ ပျက်စီး ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရတဲ့အတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် က ရေဘေးသင့်ဒေသများအတွက် ဆန်ဈေးနှုန်းကို တစ်အိတ် ကျပ် ၁၇၅၀၀ နဲ့ရောင်းချပေးမယ်လို့ ကြေညာခဲ့ပါတယ်။

ဒါပေမယ့်လည်း စီးပွားရှာစားသူဝိသမသမားတွေက အဲဒီ အချက်ကို အခွင့်ကောင်းယူပြီး ဆန်စပါး အသင်းချုပ်က တစ်အိတ်ကို ကျပ် ၁၇၅၀၀ ရောင်းချပေးမယ့်ဆန်ကို အလုအယက်ဝယ်ယူဖို့ စိုင်းပြင်းကြပါတယ်။ အသင်းချုပ်အနေနဲ့လည်း ဆန်ကို ရောင်းချသူ လက်ထဲကိုမထည့်ဘဲ ဝယ်ယူမယ့်ဆန်အိတ် ပမာဏရဲ့ငွေကိုသာပေးခဲ့ ဖို့နဲ့ ဆန်အိတ်များကို မိမိလှူချင်တဲ့ဒေသကိုပို့ပေးဖို့ စီစဉ်ပေးမယ်ဆို တဲ့အတွက်ကြောင့် ဝိသမသမားတွေရဲ့အစီအစဉ်ပျက်ခဲ့ရပါတယ်။ ပရဟိတသမားတွေကတော့ ဆန်အိတ်ကို မရဘဲ ငွေကို ပေးခဲ့ရမယ် ဆိုတဲ့အတွက် မကျေနပ်တဲ့ပုံစံတွေနဲ့ ဝေဖန်သံတွေ ညံခဲ့ပြန်ပါတယ်။

၂၀၀၈ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့စဉ်က အိမ်ဆောက် ပစ္စည်းတွေရဲ့ဈေးနှုန်းတွေဟာ ပြောမရုံကြုံဖူးမှသိဆိုသလိုဖြစ်ခဲ့ရတာ ကို မေ့နိုင်မယ်မထင်သေးပါဘူး။ အဲဒီတုန်းက ဒုက္ခရောက်ခဲ့တဲ့ပြည်သူ တွေ အပေါ်မှာ အမြတ်ထုတ်ခဲ့တဲ့စီးပွားရေးသမားတွေကတော့ ခုအချိန်မှာလည်း ဒီရေလွှမ်းမိုးမှုကို အကြောင်းပြုပြီးစီးပွားရှာစား ကြဦးမှာဖြစ်ပါတယ်။

ခုချိန်မှာတော့ ရေလွှမ်းမိုးတဲ့ဒေသတွေမှာ ရေပြန်လည်ကျသွား ပြီဖြစ်တဲ့အတွက် ပြန်လည်ထူထောင် ရေးလုပ်ငန်းတွေကို လုပ်ကိုင် ကြရတော့မှာဖြစ်ပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ လည်း ပြည်သူတွေလိုအပ်တဲ့ အိမ်ဆောက်ပစ္စည်းတွေအပေါ်မှာ စီးပွားရှာအမြတ်ထုတ်ကြဦးမှာကို မြင်ယောင် မိပါသေးတယ်။ အဲဒီ ကာလဟာ ပြည်သူတွေရဲ့ အဓိကကျတဲ့အချိန်ဖြစ်တာကြောင့် ရေ ဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးမှာ အဲဒီပြည်သူတွေရဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ရေးနဲ့အတူ ဝိသမ လောဘသမားတွေရဲ့ ကိုယ်ချင်းစာနာမှုမရှိတဲ့ စိတ်တွေကိုလည်း ပြုပြင်ပေးဖို့ လိုအပ်လှပါကြောင်း တင်ပြလိုက်ရပါတယ်။

# တံတားစီမံကိန်းကြောင့် ဒလမြို့နယ်အတွင်း အိမ်အငှားဈေးကွက်များ မြင့်တက်

ဒလမြို့နယ်ဟာ ရန်ကုန်မြို့ရဲ့ အိမ်ခြံမြေဈေးနှုန်းသက်သာပြီး အခြေခံလူတန်းစားများနဲ့ အလယ်အလတ် လူတန်းစားများနေထိုင်ရာ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ယခုအခါမှာ ကုန်ကျစရိတ် တန်ဖိုး ဒေါ်လာ ၁၆၈ သန်းခန့်ကုန်ကျခံဆောက်လုပ်မယ့် ရန်ကုန်-ဒလမြစ်ကူးတံတားစီမံကိန်းဟာ ဒလမြို့မှာ နေထိုင်ကြတဲ့သူတွေအတွက်သတင်းကောင်းဖြစ်ပေမယ့် ငှားရမ်းနေထိုင်သူအချို့အတွက် တော့ အခက်အခဲ တစ်ခုဖြစ်လာခဲ့ပါတယ်။

အိမ်ခြံမြေဈေးကွက် ပျောက်ဆုံးနေတဲ့ကာလတစ်ခုမှာ ဒလမြို့နယ်ရဲ့တံတားစီမံကိန်း သတင်း ကြောင့် လှုပ်လှုပ်ခတ်ခတ်ပြန်ဖြစ်လာခဲ့ပါတယ်။ ဒါပေမယ့်လည်း ဒလမြို့နယ်မှာ အိမ်ငှားရမ်းနေထိုင် သူတွေအတွက်တော့ ကြီးမားတဲ့အခက်အခဲတစ်ခုဖြစ်ပေါ်ခဲ့ရပါတယ်။ အိမ်ပိုင်ရှင်တွေက ၎င်းတို့ ရဲ့အိမ်ကို ရောင်းချမှာဖြစ်တဲ့အတွက် အိမ်ငှားတွေကို ဖယ်ခိုင်းတဲ့အဖြစ်မျိုးနဲ့ ကြုံတွေ့နေရပါတယ်။ ဒါကြောင့်လည်း တံတားစီမံကိန်းနဲ့အတူ ဒလမြို့နယ်မှာ အိမ်ငှားခတွေ မြင့်တက်ခဲ့ရပါတယ်။

ရန်ကုန်မြစ်တစ်ဖက်ကမ်းမှာ တစ်သီးပုဂ္ဂလဆန်စွာရပ်တည်နေခဲ့ရတဲ့ ဒလမြို့နယ်အတွက် ကြီးမားတဲ့ပြောင်းလဲမှုဖြစ်စေမယ့် ရန်ကုန်-ဒလမြစ်ကူးတံတားစီမံကိန်းကြီး စတင်အကောင်အထည် ဖော်မယ့် သတင်းဟာ အိမ်ခြံမြေကဏ္ဍမှာ ရင်းနှီးမြှုပ်နှံသူများနဲ့ မြို့ခံများအတွက်ဝမ်းသာစရာသတင်း ကောင်းဖြစ်ပြီး မြို့တွင်းငှားရမ်းနေထိုင်သူအချို့ကတော့ အိမ်ခြံမြေ အငှားဈေးနှုန်းများမြင့်တက် လာနိုင်ခြင်းအပေါ် စိုးရိမ်နေကြပါတယ်။

ရန်ကုန်မြို့တွင်းသို့ သွားလာရာတွင် လှေ၊ သင်္ဘောများဖြင့်သာသွားလာနိုင်တဲ့ ဒလမြို့နယ်ဖွံ့ဖြိုး တိုးတက်လာရန်အတွက် ရန်ကုန်-ဒလ မြစ်ကူးတံတားစီမံကိန်းဟာ အမြန်ဆုံးအကောင်အထည် ဖော်ရန်လိုအပ်နေတဲ့ စီမံကိန်းတစ်ခုလည်းဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးနဲ့နွေရာသီ ရေ အခက်အခဲများက ဒလမြို့နယ် ဖွံ့ဖြိုးရေးအတွက် အထူးလုပ်ကိုင်ရမယ့်အချက်များ ဖြစ်ပါတယ်။

အဲဒီတံတားစီမံကိန်းကြီး အကောင်အထည်ပေါ်လာတာနဲ့တစ်ပြိုင်နက် အိမ်ခြံမြေကဏ္ဍမှာ ရင်းနှီး မြှုပ်နှံသူများဖြင့် ခြေရှုပ်လာခဲ့ပြီး မြေဈေးနှုန်းများဟာလည်း တစ်ဟုန်ထိုး မြင့်တက်လာခဲ့ပါတယ်။

မြန်မာနိုင်ငံအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ အထွေထွေအတွင်းရေးမှူး ဒေါ်မို့မို့အောင်က “ဒလတံတားစီမံကိန်းက ဒလတင်မကဘူး ဒလနဲ့ကပ်နေတဲ့ ကော့မှူး၊ တွံတေး၊ ကွမ်းခြံကုန်း စတဲ့ မြို့တွေပါ တိုးတက်ဖွံ့ဖြိုးလာမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ မြို့တစ်ခုဖွံ့ဖြိုး တိုးတက်လာဖို့အတွက်ဆိုရင် လမ်းပန်းဆက်သွယ်ရေးက အရေးကြီးတယ်လေ။ တံတားစတင်ဆောက် လုပ်နိုင်ဖို့ကတော့ စီမံကိန်း တစ်ဝိုက်က မြို့ခံပြည်သူတွေနဲ့ ပြေလည်အောင် ညှိနှိုင်းနိုင်ဖို့ကလည်း အရေးကြီးပါတယ်”လို့ House.com.mm ရဲ့အင်တာဗျူးမှာ ပြောကြားခဲ့ပါတယ်။

အိမ်ခြံမြေဈေးနှုန်းများ တိုးတက်ဖြစ်ပေါ်လာခြင်းကြောင့် မြို့နယ်အတွင်းငှားရမ်းနေထိုင် သူများဟာ စီမံကိန်းစတင်သည်နှင့်တစ်ပြိုင်နက် အငှားဈေးနှုန်းသက်သာမယ့်နေရာများမှာ နေထိုင် ရန် ထပ်မံရှာဖွေရမှာကို စိုးရိမ်နေကြပါတယ်။ များသောအားဖြင့် အိမ်ငှားဈေးနှုန်းသက်သာတဲ့ နေရာတွေဟာ မြို့နဲ့အလှမ်းဝေးတဲ့နေရာများမှာသာတည်ရှိနေတဲ့တွက် ၎င်းတို့၏အလုပ်နဲ့ အလှမ်း ဝေးတဲ့နေရာများမှာ သွားရောက်နေထိုင်ကြရမှာကို စိုးရိမ်နေကြတာဖြစ်ပါတယ်။

တံတားစီမံကိန်း ကုန်ကျစရိတ်အနက်မှ ဒေါ်လာ ၁၃၈ သန်းအား ကိုရီးယားနိုင်ငံမှထောက်ပံ့ပေး သွားမှာဖြစ်ပြီး ကျန်တဲ့ ဒေါ်လာသန်း ၃၀ ကိုတော့ ကိုရီးယားနိုင်ငံရဲ့ နိုင်ငံခြားစီးပွားရေးဖွံ့ဖြိုးတိုး တက်ရေးအဖွဲ့အစည်းမှ ထောက်ပံ့ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။ တံတားအမြင့် ၄၉ မီတာ ရှိမည်ဖြစ်ကာ အကျယ် ၂၅၁ မီတာရှိပြီး တန်ချိန် ၁၅၀၀၀ သင်္ဘောများ ဝင်ထွက်သွားလာနိုင်မှာ ဖြစ်တယ်လို့ သိရပါတယ်။ အဲဒီတံတားကို ၂၀၁၅ ခုနှစ် နှောင်းပိုင်းကာလမှာ လုပ်ငန်းစတင်အကောင် အထည်ဖော်သွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

House.com.mm ရဲ့မန်နေဂျင်းဒါရိုက်တာ Balaji Ramaswami ကလည်း “ရန်ကုန်-ဒလ တံတားစီမံကိန်းက ဒလမြို့နယ်ဖွံ့ဖြိုးရေးအတွက်အခြေခံကျတဲ့ ဆောင်ရွက်ချက်ဖြစ်ပြီး နွေရာသီ ရောက်တိုင်းကြုံတွေ့နေရတဲ့ ရေပြဿနာကိုလည်းဖြေရှင်းရာရောက်တဲ့အတွက် ဒေသခံဒလမြို့သူ၊ မြို့သားတွေရဲ့ နေရေးထိုင်ရေး အဆင်ပြေစေမယ့် အစီအစဉ်တစ်ခုဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်လာ တာနဲ့အမျှ အိမ်ခြံမြေဈေးနှုန်း မြင့်တက်လာမှာကိုတော့ ရှောင်ရှားလို့မရပါဘူး”လို့ ပြောကြားခဲ့ပါ တယ်။

**မယ်သီတာ**


## ပြောင်း

### မူဆယ်နယ်စပ်က ပြောင်းတန်တစ်သောင်းကျော် တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဩဂုတ်လ ပထမပတ်တွင် ကန်ဒေါ်လာ ၄ ဒသမ ၃၈၀ သန်းဖိုးရှိ ပြောင်းတန်ချိန် ၁၄၆၀၀ ကို တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်ကလည်း မူဆယ်စခန်းတစ်ခုတည်းမှသာ ပြောင်း ၁၂၆၇၀ တန်တင်ပို့ခဲ့တာပါ။ ကျန်တဲ့ တရုတ်ကုန်သွယ်ရေးစခန်းတွေက ဇူလိုင်လ နောက်ဆုံးပတ်ကတည်းက ပြောင်းတင်ပို့မှုမရှိခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ပြောင်းတစ်တန်ကို ယခင်တစ်ပတ်က ၃၇၄၈၀၄ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၃၈၂၄၇၅ ကျပ်သို့ ဈေးဆက်လက် မြင့်တက်လာခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဒီတစ်ပတ် ပြောင်းသီးနှံ နယ်စုံကနေ ဈေးကွက်တွင်းသို့ အဝင်နည်းသွားသလို တရုတ်ဝယ်လက်မှလည်း ဝယ်လိုအားနည်းလာတာကြောင့် အရောင်းအဝယ် အေးစပြုနေပြီလို့ သိရပါတယ်။

**မော်မော်အောင်**



## သကြား

### တရုတ်နိုင်ငံသို့ သကြား ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ သကြားကားတွေပုံမှန်ဝင်နေတယ်လို့ သိရပါတယ်။ ဩဂုတ်လ ၁ ရက်မှ ၇ ရက်အထိ ကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၇၀၄ သန်းတန်ဖိုးရှိ သကြားဖြူ ၁၁၇၂ တန်ခွဲကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် သကြားဖြူ ၇၉၁ တန်ခွဲကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။ သကြားဖြူ တစ်တန်ရဲ့ လိုင်စင်ကြေးကတော့ ဒေါ်လာ ၆၀၀ ရှိတယ်လို့ သိရပါတယ်။

**မြင့်မြင့်မာ**

## ပြင်ဆင်ဖတ်ရှုပါရန်

ကောမတ်စ်ဂျာနယ် အတွဲ(၁၅)၊ အမှတ် (၃၀) ရှေ့မျက်နှာဖုံးတွင်ပါရှိသော **"မြန်မာ့စိန်တလုံး"** ဆောင်းပါး၏ ဆောင်းပါးရှင်အမည်ကို **"သန်းပို-ယင်းမာပင်"**အစား **"တင်မာကြည်"**ဟု ပြင်ဆင်ဖတ်ရှုပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

**အယ်ဒီတာအဖွဲ့**

**၁၀-၈-၂၀၁၅ မှ ၁၄-၈-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 187 | 11,188,597.738 |
| 2 | Form D | 26 | 3,053,563.660 |
| 3 | Form E | 85 | 2,976,246.032 |
| 4 | Korea GSP | 1 | 9,163.200 |
| 5 | Form AK | 53 | 3,441,245.580 |
| 6 | Form AJ | 8 | 304,026.753 |
| 7 | Form AI | 48 | 1,710,019.290 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| Grand Total | | 408 | 22,682,862.253 |

## ရော်ဘာ

### ယခုတစ်ပတ်ရော်ဘာတင်ပို့မှု လျော့ကျ

ဩဂုတ်လ ပထမပတ် ၁ ရက်မှ ၈ ရက်နေ့အထိ ကာလအတွင်းမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၃၃၃ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၂၄၅ တန်ကျော်တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅) မိုင်မှ RSS-1 ၆၈ တန်ကျော်၊ RSS-3 တန် ၁၀၀၊ MSR- 20 ၂၇ တန်နဲ့ တာချီလိတ်စခန်းမှ Latex 68 %DRC တန် ၅၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်ကုန်သွယ်ရေးဇုန်တစ်ခုထဲမှ ၄၁၇ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ် ပတ်မှာ ၁၇၂ တန်လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ်ရော်ဘာဈေး အနည်းငယ်ကျသွားတာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ထုတ်ပြန်ချက်အရ ယခင်တစ်ပတ်က RSS-3 တစ်တန်ကို ၁၇၇၆၇၉၆ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၁၇၇၂၅၇၄ ကျပ်သို့ ကျသွားခဲ့ပါတယ်။ ဒါပေမယ့် ယမန်နှစ်ကာလတူက ၁၅၅၉၇၉၆ ကျပ်သာရှိခဲ့တဲ့အတွက် ယမန်နှစ်ကာလတူထက်တော့ ဈေးပိုရနေပါတယ်။

**ယဉ်ယဉ်အေး**

### ပင်လယ်ရေကြောင်းမှ ဂျပန်နိုင်ငံသို့ ရော်ဘာတန် ၃၀၀ ကျော်တင်ပို့

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၄၁၃ သန်းဖိုးရှိ ရော်ဘာ တန် ၃၅၀ ကျော်ကို ဩဂုတ်လ ၂ ရက်နေ့မှ ၈ ရက်အထိ တင်ပို့ခဲ့ပါတယ်။မလေးရှားနိုင်ငံကို MSR- 20 ၁၅ တန်တင်ပို့ပြီး ဂျပန်နိုင်ငံကို MSR- 20 ၃၂၃ တန်နဲ့ ရော်ဘာသစ်ခွဲသား ၁၂ တန်ကျော် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က မလေးရှားနိုင်ငံကို MSR- 20 ၁၇ တန်သာ တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၃၃ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

နိုင်ငံတကာရော်ဘာဈေးကတော့ ယခုတစ်ပတ်မှာလည်း တစ်တန်ကို ဒေါ်လာ ၅၀ခန့်ဈေးကျနေတဲ့ အတွက် ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးကိုလည်း တစ်တန်လျှင် ဒေါ်လာ ၅၀ ဈေးချ၍ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဈေးနှုန်းထုတ်ပြန်ထားခဲ့ပါတယ်။

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၃၀၀-၁၄၀၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၅၀-၁၃၅၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၀၀-၁၂၀၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၅၀-၁၁၅၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၀၀-၁၁၀၀** |
| **Concentrate Latex 60% DRC** | **တစ်တန်လျှင်** | **ဒေါ်လာ ၈၅၀-၉၅၀** |

**ယဉ်ယဉ်အေး**

# မလေးရှားဈေးကွက်အတွင်း လာမယ့်ရက်သတ္တပတ်မှာ ရော်ဘာအရောင်းအဝယ်ကို သတိထားလုပ်ဖို့လို



မလေးရှားနိုင်ငံသုံးငွေကြေးဖြစ်တဲ့ ရင်းဂစ်တန်ဖိုးကျဆင်းမှု၊ ရေနံစိမ်းဈေးနဲ့ တခြားကုန်စည်ဈေးနှုန်းတွေ အကျဘက်သို့ ဦးတည်နေမှု စတဲ့ အခြေအနေတွေကြောင့် မလေးရှား ရော်ဘာ ဈေးကွက်အတွင်းမှာ အရောင်းအဝယ်ကိစ္စ ဆောင်ရွက်ရင် သတိထားဆောင်ရွက်ဖို့ လိုကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။

တရုတ်နိုင်ငံက ကမ္ဘာပေါ်မှာ ရော်ဘာ အများဆုံး သုံးစွဲတဲ့နိုင်ငံဖြစ်သလို စီးပွားရေးအရ ကမ္ဘာပေါ်မှာ ဒုတိယ အင်အားအကြီးဆုံးနိုင်ငံဖြစ်တဲ့အတွက် တရုတ်နိုင်ငံသုံးငွေကြေးဖြစ်တဲ့ ယွမ်ငွေကြေးအတက်အကျ လှုပ်ရှားမှုအခြေအနေကို စောင့်ကြည့်နေကြောင်း သူက ပြောပါတယ်။

"ဇူလိုင်လမှာ ပြန်လည်မြင့်တက်လာခဲ့တဲ့ အမေရိကန်ပြည်ထောင်စုရဲ့ လက်လီရောင်းချမှုအခြေအနေတွေက ဈေးကွက်အပေါ် ယုံကြည်မှုကို မြင့်တက်စေခဲ့ပါတယ်။ ဒါပေမယ့် လောလောဆယ် လွှမ်းမိုးလျက်ရှိနေတဲ့ အကြောင်းတရားတွေကြောင့် ဈေးကွက်ရဲ့ အခြေအနေက အကောင်းဘက်ကို ဦးတည်သွားနိုင်သလို အဆိုးဘက်ကိုလည်း ဦးတည်သွားနိုင်ပါတယ်" လို့ သူကပြောပါတယ်။

ရက်သတ္တပတ်အလိုက် အခြေခံတွက်ချက်မယ်ဆိုရင် မလေးရှားရော်ဘာဘုတ်အဖွဲ့ရဲ့ တရားဝင်ဈေးနှုန်းမှာ Tyre-grade SMR 20 အတွက် ဈေးနှုန်းက တစ်ကီလိုကို သုည ဒသမ ၁၉ ရင်းဂစ်နှုန်း မြင့်တက်ပြီး ၅ ဒသမ ၃၆ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ ရော်ဘာစေးရည်ဈေးက သုည ဒသမ ၀၁ ရင်းဂစ်နှုန်းမြင့်တက်ပြီး တစ်ကီလို ကို ၄ ဒသမ ၁၆ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။

တရားဝင်မဟုတ်တဲ့ပြင်ပဈေးက Tyre-grade SMR 20 အတွက် တစ်ကီလိုဈေးနှုန်းက သုည ဒသမ ၁၉ ရင်းဂစ်နှုန်းမြင့်တက်ပြီး၊ ၅ ဒသမ ၃၈ ရင်းဂစ်နှုန်း ရှိခဲ့ပါတယ်။ ရော်ဘာစေးရည်ဈေးက သုည ဒသမ ၀၃ ရင်းဂစ်နှုန်းမြင့်တက်ပြီး၊ တစ်ကီလိုကို ၄ ဒသမ ၁၈ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။

**ညဏ်တင်**

# ဓာတ်မြေသြဇာသုံးစွဲမှုပမာဏ၊ ဓာတ်မြေသြဇာဈေးနှုန်း၊ သီးနှံဈေးနှုန်းများနှင့် ဖြစ်ပေါ်လာမည့်အကျိုးအမြတ်

|ကျော်မြင့်|

မြန်မာနိုင်ငံသည် ၁၉၅၈-၅၉ ခုနှစ်တွင် အမိုနီယမ်ဆာလဖိတ်၊ အမိုနီယံဖော့စဖိတ်ဓာတ်မြေသြဇာကို စပါးစိုက်လယ်သမားများအား စတင်ဖြန့်ဖြူးသုံးစွဲခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။ ၁၉၇၀ ပြည့်နှစ်တွင် စလေယူရီးယားဓာတ်မြေသြဇာစက်ရုံ၊ ၁၉၇၁ ခုနှစ်တွင် ကျွန်းချောင်းယူရီးယား ဓာတ်မြေသြဇာစက်ရုံများကို နိုင်ငံတော်မှ တည်ဆောက်ခဲ့ပြီး ပြည်တွင်းထုတ်ယူရီးယားဓာတ်မြေသြဇာ၊ ပြည်ပမှ တီစူပါနှင့် ပိုတက်ရှ်ဓာတ်မြေသြဇာများ တင်သွင်းပြီး စပါးအပါအဝင်စက်မှုကုန်ကြမ်းသီးနှံများအတွက် နိုင်ငံတော်မှ အရှုံးခံဈေး (subsidized price) ဖြင့်ဖြန့်ဖြူးရောင်းချခဲ့သည်။

စိုက်ပျိုးသူများထံမှ စပါးနှင့် သတ်မှတ်သီးနှံများကို အရေအတွက် သတ်မှတ်ပြီး ဈေးကွက်ပေါက်ဈေးထက်လျော့သော ပုံသေဈေး (fixed price) ဖြင့် ပြန်လည်ဝယ်ယူခြင်းကို ဆိုရှယ်လစ်ခေတ်ကာလတွင် ဆောင်ရွက်ခဲ့သည်။၁၉၈၈ ခုနှစ်တွင် ဈေးကွက်စီးပွားရေးစနစ်ကို နိုင်ငံတော်မှ ကျင့်သုံးခဲ့ပြီး စိုက်ပျိုးရေးသွင်းအားစုများ (Agro-input) ကိုနိုင်ငံတော်မှ အရှုံးခံဈေး (subsidized price) ဖြင့်ဖြန့်ဖြူးရောင်းချခြင်းကို ရပ်ဆိုင်း ခဲ့သည်။ ပုဂ္ဂလိကပိုင်းမှ စိုက်ပျိုးရေးသွင်းအားစုများ (Agro-input) များထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်းများကို ဆောင်ရွက်ရန် နိုင်ငံတော်မှ အားပေးဆောင်ရွက်ခဲ့သည်။

**သီးနှံဈေးနှုန်းသည် ဓာတ်မြေသြဇာဈေးနှုန်းထက်မြင့်ခြင်း။** ဖော်ပြ ထားသော ဥပမာဇယား-၁ တွင် စပ်မျိုးအစေ့ထုတ်ပြောင်းကို ဓာတ်မြေ သြဇာနှုန်းထားအမျိုးမျိုးဖြင့် သုံးစွဲမှုပမာဏ၊ ဓာတ်မြေသြဇာဈေးနှုန်းနှင့် ကုန်ကျစရိတ်၊ စပ်မျိုးအစေ့ထုတ်ပြောင်းဈေးနှုန်းနှင့် စပ်မျိုးအစေ့ထုတ် ပြောင်းအထွက်မှ ရငွေအကျိုးအမြတ်ကို ဖော်ပြထားပါသည်။

**ဇယား-၁။ သီးနှံဈေးနှုန်းသည် ဓာတ်မြေသြဇာဈေးနှုန်းထက်မြင့်သည့်အခြေအနေတွင် ဓာတ်မြေသြဇာသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာမည့် အကျိုးအမြတ်ဥပမာ**

| အသုံးပြုသည့် ဓါတ်မြေသြဇာ (၅၀ ကီလို အိတ်) | ဓာတ်မြေသြဇာ ၅၀ ကီလိုအိတ် ဈေးနှုန်း ($) | ဓာတ်မြေသြဇာ ကုန်ကျစရိတ် ($) | အစေ့ထုတ်ပြောင်း အထွက် (Maize product) (၅၀ကီလို အိတ်ပေါင်း) | အစေ့ထုတ်ပြောင်း ၅၀ ကီလိုအိတ် ဈေးနှုန်း ($) | အစေ့ထုတ် ပြောင်းမှ ရငွေ တန်ဖိုး ($) | အကျိုး အမြတ် ($) |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) = (၆-၃) |
| ၀ | ၈ | | ၀.၅ | ၂၀ | ၁၀ | ၁၀ |
| ၁.၀ | ၈ | ၈ | ၁.၀ | ၂၀ | ၂၀ | ၁၂ |
| ၂.၀ | ၈ | ၁၆ | ၂.၅ | ၂၀ | ၅၀ | ၃၄ |
| ၃.၀ | ၈ | ၂၄ | ၃.၄ | ၂၀ | ၆၈ | ၄၄ |
| ၄.၀ | ၈ | ၃၂ | ၄.၀ | ၂၀ | ၈၀ | ၄၈ |

မှတ်ချက်။ ဓာတ်မြေသြဇာဈေးနှုန်း၊ ၈ကန်ဒေါ်လာ=၅၀ ကီလိုဓာတ်မြေသြဇာ၊ (၁ ကီလိုဓာတ်မြေသြဇာ= သုည ဒသမ ၁၆ ကန်ဒေါ်လာ) အစေ့ထုတ်ပြောင်းဈေးနှုန်း ($) ၂၀ ကန်ဒေါ်လာ = ၅၀ ကီလိုအစေ့ထုတ်ပြောင်း၊ (၁ ကီလိုအစေ့ ထုတ်ပြောင်း=သုည ဒသမ ၄၀ ကန်ဒေါ်လာ)

ဖော်ပြသော ဥပမာဇယား-၁အရ သီးနှံအစေ့ထုတ်ပြောင်း ဈေးနှုန်းသည် ဓာတ်မြေသြဇာဈေးနှုန်းထက်မြင့်သည့် အခြေအနေတွင် ဓာတ်မြေသြဇာသုံးစွဲခြင်းကြောင့်ဖြစ်ပေါ်လာမည့် အကျိုးအမြတ်ကို ဇယား-၁ တွင် လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။ အကျိုးအမြတ်ရရှိသည့် အခြေအနေကို တွေ့မြင်ရမည်ဖြစ်ပါသည်။

**ဓာတ်မြေသြဇာဈေးနှုန်းသည် သီးနှံဈေးနှုန်းထက်မြင့်ခြင်း။** ဖော်ပြ ထားသော ဥပမာဇယား-၂ တွင် စပ်မျိုးအစေ့ထုတ်ပြောင်းကို ဓာတ်မြေသြဇာနှုန်းထားအမျိုးမျိုးဖြင့် သုံးစွဲမှုပမာဏ၊ ဓာတ်မြေသြဇာဈေးနှုန်းနှင့် ကုန်ကျစရိတ်၊ စပ်မျိုးအစေ့ထုတ်ပြောင်းဈေးနှင့် စပ်မျိုးအစေ့ထုတ်ပြောင်း အထွက်မှရငွေအကျိုးအမြတ်ကို ဖော်ပြထားပါသည်။

ဖော်ပြသော ဥပမာ ဇယား-၂ အရ ဓာတ်မြေသြဇာ ဈေးနှုန်း သည် သီးနှံအစေ့ထုတ်ပြောင်းဈေးနှုန်းဈေးထက်မြင့်သည့် အခြေအနေတွင် ဓာတ်မြေသြဇာသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာမည့် အကျိုးအမြတ်ကို ဇယား-၂ တွင် လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။ အကျိုးအမြတ်မရရှိသည့် အပြင် အရှုံးဖြစ်ပေါ်သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ဓာတ်မြေသြဇာ လုံးဝမသုံးစွဲပါက စီးပွားရေးတွက်ချေကိုက်သည့်သဘောအဖြစ် တွေ့ရှိရပါသည်။

**ဇယား-၂။ဓာတ်မြေသြဇာဈေးနှုန်းမြင့်လာပြီး သီးနှံဈေးနှုန်းကျလာသောအခါ ဓာတ်မြေသြဇာသုံးစွဲခြင်းကြောင့်ဖြစ်ပေါ်လာမည့် အကျိုးအမြတ်**

| အသုံးပြုသည့် ဓါတ်မြေသြဇာ (၅၀ ကီလို အိတ်) | ဓာတ်မြေသြဇာ ၅၀ ကီလိုအိတ် ဈေးနှုန်း ($) | ဓာတ်မြေသြဇာ ကုန်ကျစရိတ် ($) | အစေ့ထုတ်ပြောင်း အထွက် (Maize product) (၅၀ကီလို အိတ်ပေါင်း) | အစေ့ထုတ်ပြောင်း ၅၀ ကီလိုအိတ် ဈေးနှုန်း ($) | အစေ့ထုတ် ပြောင်းမှ ရငွေ တန်ဖိုး ($) | အကျိုး အမြတ် ($) |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) = (၆-၃) |
| ၀ | ၁၆ | ၀ | ၀.၅ | ၁၀ | ၅ | ၅ |
| ၁ | ၁၆ | ၁၆ | ၁ | ၁၀ | ၁၀ | (-)၆ |
| ၂ | ၁၆ | ၃၂ | ၂.၅ | ၁၀ | ၂၅ | (-)၇ |
| ၃ | ၁၆ | ၄၈ | ၃.၄ | ၁၀ | ၃၄ | (-)၁၄ |
| ၄ | ၁၆ | ၆၄ | ၄ | ၁၀ | ၄၀ | (-)၂၄ |

မှတ်ချက်။ ဓာတ်မြေသြဇာဈေးနှုန်း၊ ၁၆ ကန်ဒေါ်လာ= ၅၀ ကီလို ဓာတ်မြေသြဇာ၊ (၁ ကီလိုဓာတ်မြေသြဇာ= သုည ဒသမ ၃၂ ကန်ဒေါ်လာ) အစေ့ထုတ်ပြောင်းဈေးနှုန်း ($)၁၀ ကန်ဒေါ်လာ = ၅၀ ကီလိုအစေ့ထုတ်ပြောင်း၊ (၁ ကီလိုအစေ့ထုတ်ပြောင်း= သုည ဒသမ ၂၀ ကန်ဒေါ်လာ)

**ဓာတ်မြေသြဇာကုန်ကျစရိတ်ကာမိရန်(အရင်းကြေရန်) ထွက်ရှိရ မည့်သီးနှံအစေ့ထုတ်ပြောင်း (Break-even yield)**။ ယခုဖော်ပြသောနည်းလမ်းသည် တောင်သူလယ်သမားများအတွက် လွယ်ကူစွာတွက်ချက်ဆုံးဖြတ်နိုင်သော နည်းလမ်းဖြစ်ပါသည်။

- ဥပမာဓာတ်မြေသြဇာတစ်အိတ်(၅၀ကီလိုအိတ်) သည် ကန် ဒေါ်လာ ၈ဖြစ်သည်။ တောင်သူလယ်သမားသည် အစေ့ ထုတ်ပြောင်းစိုက်ပျိုးမှုအတွက် ဓာတ်မြေသြဇာ နှစ်အိတ်သုံး စွဲသဖြင့် ဓာတ်မြေသြဇာကုန်ကျစရိတ်သည် ကန်ဒေါ်လာ ၁၆ ဖြစ်သည်။
- အစေ့ထုတ်ပြောင်း၅၀ ကီလိုအိတ်တစ်အိတ်ဈေးနှုန်းသည် ကန်ဒေါ်လာ ၂၀ ဖြစ်သည်။
  - ဓာတ်မြေသြဇာကုန်ကျစရိတ်ကာမိရန်(အရင်းကြေရန်) ထွက်ရှိရ မည့်သီးနှံအစေ့ထုတ်ပြောင်း အထွက်နှုန်း (Break-even point) ကိုအောက်ပါအတိုင်း တွက်ချက်ရန်ဖြစ်ပါသည်။

$$\text{Break-even point}\quad \frac{၁၆}{၂၀} = ၀.၈$$

- တောင်သူလယ်သမားများက ဓာတ်မြေသြဇာ ၅၀ ကီလိုအိတ် နှစ်အိတ်သုံးစွဲမှုကြောင့် အစေ့ထုတ်ပြောင်း ၅၀ ကီလိုအိတ် ၂ ဒသမ ၅ အိတ်ထွက်ရှိသည်။ ဓာတ်မြေသြဇာကုန်ကျစရိတ် ကာမိရန် (အရင်းကြေရန်) ထွက်ရှိရမည့် သီးနှံအစေ့ထုတ် ပြောင်းအထွက်နှုန်း (Break-even point) သည် သုည ဒသမ ၈ အိတ်ဖြစ်သည်။

  Profit yield = maize yield - break-even point

  Profit yield = ၂ ဒသမ ၅ - သုည ဒသမ ၈

  = ၁ ဒသမ ၇ (၅၀ ကီလိုအိတ်)
- တောင်သူလယ်သမားအတွက် အကျိုးအမြတ် ဖြစ်ပေါ် မည့်အစေ့ထုတ် ပြောင်း ၅၀ ကီလိုအိတ်မှာ ၁ ဒသမ ၇ အိတ်(၂ ဒသမ ၅- သုည ဒသမ ၈)ဖြစ်သည်။ အစေ့ထုတ်ပြောင်း ၅၀ ကီလိုအိတ်တစ်အိတ်ဈေးနှုန်း ကန်ဒေါ်လာ ၂၀ ဖြင့် ၁. ၇အိတ်ကိုမြှောက်ပါက ရရှိမည့်အကျိုးအမြတ်မှာ ကန်ဒေါ်လာ ၃၄ ဖြစ်ပါ သည်။ ဇယား-၃ ကိုလေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

**ဇယား-၃။ဓာတ်မြေသြဇာကုန်ကျစရိတ် ကာမိရန် (အရင်းကြေရန်) ထွက်ရှိရမည့် အစေ့ထုတ်ပြောင်းအိတ်ပေါင်း(break-even point)နှင့် ရရှိမည့်အကျိုးအမြတ်**

| အသုံးပြုသည့် ဓါတ်မြေသြဇာ (၅၀ ကီလို အိတ်) | ဓာတ်မြေသြဇာ ကုန်ကျစရိတ် ($) | အစေ့ထုတ်ပြောင်း အထွက် (၅၀ကီလို အိတ်ပေါင်း) | အစေ့ထုတ် ပြောင်း ဈေးနှုန်း ($) | Break- even point (အစေ့ထုတ်ပြောင်း ၅၀ကီလို အိတ်ပေါင်း) | Profit yield (အစေ့ထုတ် ပြောင်း အိတ်ပေါင်း) | အကျိုး အမြတ် ($) |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) (၂/၄) | (၆) = (၃-၅) | (၇) = (၆၅၄) |
| ၀ | ၀ | ၀.၅ | ၂၀ | ၀ | ၀ | ၀ |
| ၁.၀ | ၈ | ၁.၀ | ၂၀ | ၀.၄ | ၀.၆ | ၁၂ |
| ၂.၀ | ၁၆ | ၂.၅ | ၂၀ | ၀.၈ | ၁.၇ | ၃၄ |
| ၃.၀ | ၂၄ | ၃.၄ | ၂၀ | ၁.၂ | ၂.၂ | ၄၄ |
| ၄.၀ | ၃၂ | ၄.၀ | ၂၀ | ၁.၆ | ၂.၄ | ၄၈ |

မှတ်ချက်။ ဓာတ်မြေသြဇာဈေးနှုန်း ၈ ကန်ဒေါ်လာ= ၅၀ ကီလို ဓာတ်မြေသြဇာ၊ (၁ ကီလိုဓာတ်မြေသြဇာ= သုည ဒသမ ၁၆ ကန်ဒေါ်လာ) အစေ့ထုတ်ပြောင်းဈေးနှုန်း ($)၂၀ ကန်ဒေါ်လာ = ၅၀ ကီလို အစေ့ထုတ်ပြောင်း၊ (၁ ကီလိုအစေ့ထုတ်ပြောင်း= သုည ဒသမ ၄၀ ကန်ဒေါ်လာ)

➔ စာမျက်နှာ ၂၈ သို့

Vol: 15, No.31 Monday August 17 2015

## မြောင်းမြမြို့နယ်၊ မော်ကျွန်းမြို့နယ်များတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ အသိပညာပေးဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး၏ ကြီးကြပ်လမ်းညွှန်မှုနဲ့ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဆောင်ရွက်ခြင်းကို မိတ်ဖက်ဌာန များဖြစ်သော ကျန်းမာရေး၊ စည်ပင်ဌာနများနဲ့ပူးပေါင်းပြီး စာသင်ကျောင်းများတွင် ပညာပေးဟောပြောမှုများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မြောင်းမြခရိုင် မြောင်းမြမြို့နယ် အ. လ. က(၃) အလယ်တန်းကျောင်း၌ ၂၀၁၅ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် စားသုံးသူ အကာအကွယ်ပေးရေး ဆိုင်ရာ ပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဟန်နီစိုး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးဇော်မင်းနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဌာနမှ ဒေါ်ယုယုလွင်၊ စည်ပင်သာယာရေးမှ ဒုတိယဦးစီးမှူး ရဲထွန်းဦး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဈေးဆိုင်ပိုင်ရှင်များ စုစုပေါင်း ၁၉၃ ဦး တက်ရောက်ကြပါတယ်။ ဌာနတာဝန်ရှိသူများမှ စားသုံးသူ အကာအကွယ်ပေးရေး သိကောင်းစရာများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ စာသင်ကျောင်း၊ မုန့်ဈေးတန်းတွင် ရောင်းနေသော စားသုံးရန်မသင့်သည့် အစားအစာများကို ရှောင်ကြဉ်ရန် ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြပါတယ်။

မော်ကျွန်းမြို့နယ် မင်းကျောင်းအမက၌ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၃ ရက်တွင်ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်လင်း၊ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ကျော်နဲ့ ဝန်ထမ်းများ၊ စည်ပင်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ကျောင်းသာမိဘများ စုစုပေါင်း ၁၈၇ ဦး တက်ရောက်ခဲ့ပါတယ်။ တာဝန်ရှိသူများမှ စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများ ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပါတယ်။

မြောင်းမြခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်များတွင် မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အမက၊ အလက၊ အထက စာသင်ကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ပညာပေးဟောပြောပွဲများကို ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားကြမှာ ဖြစ်ကြောင်း သိရှိရပါတယ်။

**ဇော်မင်း**
**(မြောင်းမြ)**

## ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေး

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲများ အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၁၁ ရက်နေ့တွင် ပြည်ခရိုင်၊ သဲကုန်းမြို့ရပ်ကွက် (၄) အခြေခံပညာမူလတန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ပါသည်။

ဆွေးနွေးဟောပြောပွဲတွင် သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်မှုဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက အဖွင့်အမှာစကားပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန သဲကုန်းမြို့နယ် တာဝန်ခံ ဦးအောင်သိန်းက ကျောင်းသားကျောင်းသူများ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် သန့်ရှင်းလတ်ဆတ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတသော အစားအစာများ ဝယ်ယူစားသောက်တတ်စေရန် ရည်ရွယ်၍ ကင်ဆာရောဂါများ ဖြစ်ပွားစေသော တားမြစ်ဓာတုဆိုးဆေးများအကြောင်းနှင့် ရက်လွန်နေသော အစားအစာများ၏ အန္တရာယ်တို့အား ဟောပြောဆွေးနွေးပြီး ဆွေးနွေးဟောပြောပွဲတွင် ပူးပေါင်းပါဝင်သော မီးသတ်ဦးစီးဌာနက မြို့နယ်တပ်ဖွဲ့မှူး ဦးဝေယံအောင်မှလည်း စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးအား ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးဟောပြောပွဲသို့ မြို့နယ်ပညာရေးမှူး ဦးအေးကျော်နှင့် တာဝန်ရှိသူများ၊ ဆရာဆရာမနှင့် ကျောင်းသားကျောင်းသူ အင်အား ၁၅၁ ဦး တက်ရောက်ကြောင်း သိရှိရပါသည်။

**နိုင်လင်းထွန်း၊ စားသုံးသူရေးရာ (ပြည်)**



## တန့်ဆည်မြို့နဲ့ ရေဦးမြို့ရှိ အထက်တန်းကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်လျက်ရှိရာမှာ ဩဂုတ်လ ၁၂ ရက်နေ့က တန့်ဆည်မြို့ရှိ အမှတ် (၁) နှင့် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းများသို့သွားရောက်ပြီး စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခဲ့ရာ ကန့်ဘလူခရိုင် တာဝန်ခံ၊ တန့်ဆည်မြို့နယ် တာဝန်ခံ၊ ကျွန်းလှမြို့နယ်တာဝန်ခံ၊ ခင်ဦးမြို့နယ် တာဝန်ခံတို့က စားသုံးသူအကာအကွယ်ပေးရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးကြပြီး၊ ကျောင်းဆရာကြီး ဦးစိုးမြင့်နဲ့ ကျောင်းအုပ် ဆရာမကြီး ဒေါ်ရီမြင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမ ၅၀ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၁၈၀၈ ဦး၊ ကျောင်းဈေးသည် ၃၃ ဦး၊ လေ့လာသူ ၂၅ ဦး၊ စုစုပေါင်း ၁၉၁၆ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရပါတယ်။

အလားတူပင် ဩဂုတ်လ ၁၁ ရက်နေ့ကလည်း ရေဦးမြို့ရှိ အမှတ် (၁)၊ နှင့် (၂) အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခဲ့ရာ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့ခင်နဲ့ ကျောင်းအုပ်ဆရာကြီး ဦးဇော်သန်းတို့က အဖွင့်အမှာစကား အသီးသီး ပြောကြားပေးခဲ့ကြပြီး၊ ကန့်ဘလူခရိုင် တာဝန်ခံ၊ ရေဦးမြို့နယ်တာဝန်ခံ၊ ခင်ဦးမြို့နယ်တာဝန်ခံ၊ ရေဦးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမ ၄၅ ဦး ကျောင်းသား၊ ကျောင်းသူ ၁၁၉၅ ဦး၊ ကျောင်းဈေးသည် ၂၈ ဦး၊ လေ့လာသူ ၂၈ ဦး၊ စုစုပေါင်း ၁၂၉၆ ဦးအားလည်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရပါတယ်။

**စောမောင်-ကန့်ဘလူ**

## လွိုင်ကော်မြို့မှာ ဆေးဆိုင်များနဲ့ ကျောင်းဈေးဆိုင်များသို့ ဝင်ရောက်စစ်ဆေး ပညာပေးဟောပြော

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့မှာ ကယားပြည်နယ် အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဦးဆောင်ပြီး ကယားပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ထွေ/အုပ်၊ မြို့နယ်စည်ပင်၊ လွိုင်ကော်မြို့နယ် ရဲတပ်ဖွဲ့မှ ကိုယ်စားလှယ်များ ပါဝင်လျက် လွိုင်ကော်မြို့ပေါ်ရှိ ဆေးဝါးဖြန့်ဖြူးရောင်းချသူ ဆေးဆိုင်များသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။

ယင်းသို့ဆောင်ရွက်စစ်ဆေးရာမှာ ကယားပြည်နယ် အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဒေါက်တာစုသီရိနှင်းက ဆေးဆိုင်မှတ်ပုံတင် ရှိ၊ မရှိ၊ အန္တရာယ်ဖြစ်စေတဲ့ ဆေးဝါးအတုများ၊ စံမညီဆေးဝါးများ၊ မှတ်ပုံတင်ထားခြင်းမရှိတဲ့ တရားမဝင်တင်သွင်းဆေးများကို ရောင်းချခြင်းမပြုရန် စသည့်ကိစ္စများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

လွိုင်ကော်မြို့ပေါ်ရှိ ဆေးဆိုင်များအနက် လိုင်စင်မဲ့ဆေးဆိုင် သုံးဆိုင်၊ တရားမဝင် တင်သွင်းဆေးများ ရောင်းချသော ဆေးဆိုင် နှစ်ဆိုင် စစ်ဆေးတွေ့ရှိခဲ့ရာ ဆေးဆိုင်ပိုင်ရှင်များကို စားသုံးသူများအတွက် အန္တရာယ်ဖြစ်စေနိုင်တဲ့ ဆေးဝါးများ နောင်တွင် ရောင်းချခြင်းမပြုရန် ဝန်ခံကတိလက်မှတ် ရေးထိုးစေခဲ့ပါတယ်။





၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့မှာ ကယားပြည်နယ် ကျောင်းကျန်းမာရေးအဖွဲ့၊ ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းပြီး လွိုင်ကော်မြို့၊ မင်္ဂလာရပ်ကွက် အလက (၃) ကျောင်းမုန့်ဈေးတန်းများကို ဝင်ရောက်စစ်ဆေးခဲ့ပါတယ်။

ယင်းသို့စစ်ဆေးရာမှာ ကျောင်းသားလူငယ် စားသုံးသူများနဲ့ မသင့်လျော်တဲ့ ပြည်ပမှဝင်ရောက်သော မုန့်များ၊ ဆိုးဆေးပါဝင်တဲ့ မုန့်များ ၊ သက်တမ်းကုန်ဆုံးနေတဲ့ မုန့်များ၊ အမှတ်တံဆိပ်မပါတဲ့ မုန့်များ တွေ့ရှိရလို့ ဆိုင်ရှင်များအား သတိပေးပြောကြားခဲ့ပါတယ်။ အလယ်တန်းကျောင်းသူ၊ ကျောင်းသားများကိုလည်း ကျောင်းခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်း၊ ကျန်းမာရေးနှင့်မညီညွတ်သော ဆိုးဆေးပါမုန့်များကြောင့် ကလေးများဉာဏ်ရည်ချို့တဲ့ကြောင်း၊ သဘာဝပစ္စည်းများနှင့် ပြုလုပ်ထားသော လတ်ဆတ်တဲ့ မုန့်များကိုသာ စားသုံးရန် ကယားပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဒေါ်ဇင်မာစိုးက ကျောင်းသား၊ ကျောင်းသူများအား ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။

**ဇင်မာစိုး (လွိုင်ကော်)**

# မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ခန်လူးကျေးရွာတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စဉ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၊ မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ စဉ့်ကိုင်မြို့နယ်၊ ခန်လူးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ်လ ၇ ရက်နေ့၊ နေ့လယ် ၁၄း၀၀ နာရီအချိန်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးဟောပြောပွဲတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဆွေတင့်ကြူးက စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများနှင့် အစားအသောက်များတွင် ခွင့်မပြု ဓာတုဆိုးဆေးပါဝင်မှုကြောင့် ရောဂါအန္တရာယ်ဖြစ်ပွားမှု အခြေအနေများ၊ ဘေးကင်းလုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများ၊ လုပ်ငန်းလိုင်စင်နှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် အချက်များအားလည်းကောင်း၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အဖွဲ့ဝင် ဦးဌေးလွင်က အသေးစားစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် နည်းစနစ်များအားလည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဆိုးဆေးနှင့်ပတ်သက်သောအကြောင်းအရာများအား လည်းကောင်း၊



စက်မှုကြီးကြပ်ရေး နှင့်စစ်ဆေးရေးဦးစီးဌာနမှ စက်မှုကြီးကြပ်လိုင်စင်ပြုလုပ်ရာတွင် လိုအပ်မည့် အချက်များအားလည်းကောင်း ဆွေးနွေးပြောကြားခဲ့ပြီး ခန်လူးကျေးရွာတွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေသော ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့် လုပ်ငန်းရှင်များအား ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့် ထုတ်လုပ်ရောင်းချရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ရောင်းချနိုင်စေရေး အသိပညာပေးဟောပြောခဲ့ပြီး ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့် ထုတ်လုပ်သည့်နေရာသို့ သွားရောက်ကြည့်ရှုကာ သက်ဆိုင်ရာဌာနအသီးသီးမှ လုပ်ငန်းလိုအပ်ချက်များကို လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ်၊ ခန်လူးကျေးရွာမှ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများအား အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဓာတုဆိုးဆေးများကင်းစင်သော သန့်ရှင်းသည့် အစားအစာများအား ရွေးချယ်ဝယ်ယူစားသုံးတတ်စေရန် ရည်ရွယ်၍ လုံခြုံစိတ်ချမှုရှိသော အစားအစာများနှင့် လုံခြုံစိတ်ချရမှုမရှိသည့် အစားအစာများကို ဆရာဆရာမများ ၊ ကျောင်းသားကျောင်းသူများအား ခွဲခြားပြသခဲ့ပါသည်။ အဆိုပါ ဟောပြောပွဲကို ဆရာ/ဆရာမများ ၊ ကျောင်းသား/ကျောင်းသူများနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့် ထုတ်လုပ်ဖြန့်ဖြူးသူလုပ်ငန်းရှင်များ၊ ကျေးရွာအတွင်းရှိပြည်သူများကို စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်သော လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ကြောင်း သိရှိရပါသည်။

**တင်ချစ်ကောင်း၊မန္တလေး**

## စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ သုံးနှစ်တာ ကာလအတွင်း တိုင်းဒေသကြီးအတွင်းရှိ ခရိုင် မြို့နယ်များအားလုံး ပညာပေးဟောပြောအသိပေးပြီး ဖြစ်ရမည်ဟူသော ရည်မှန်းချက်နှင့် အနာဂတ်၏ ကြယ်ပွင့်လေးများဖြစ်လာမည့် ကျောင်းသား၊ ကျောင်းသူကလေးများ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းသော အစားအသောက်များ ရွေးချယ်ဝယ်ယူစားသုံး တတ်စေရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရွှေဘိုခရိုင်ဦးစီးမှူးရုံးမှ ဦးခင်မောင်ဆွေ ဦးဆောင်သော ဝန်ထမ်းများသည် ခရိုင်ဦးစီးမှူး ဦးကျော်ငွေ၏ လမ်းညွှန်ချက်နှင့်အညီ ဩဂုတ်လ ၁၂ ရက်နေ့တွင် ဝက်လက်မြို့နယ် စိုင်နိုင်ကြီး အလက (ခွဲ) ကျောင်းနှင့် ကျွဲဇင်း အလက (ခွဲ) ကျောင်းများသို့ စားသုံး သူအကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မျိုးပပလှိုင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးဇော်မင်းတို့က အဖွင့်အမှာစကား အသီးသီး ပြောကြားခဲ့ကြပြီး ရွှေဘိုခရိုင်ဦးစီးမှူးရုံးမှ ဦးခင်မောင်ဆွေက အန္တရာယ်ရှိ အချိုမှုန့်နှင့် မှုမမှန်သော စားသုံးဆီများအကြောင်း၊ ဒေါ်ညိုညိုက အန္တရာယ်ရှိ စားသောက်ကုန်များအကြောင်း၊ ဒေါ်ဝင်းဝင်းသန်းက စားသုံးရန်မသင့်သော အန္တရာယ်ရှိ မုန့်မျိုးစုံနှင့် ဆေးလိပ်၊ စီးကရက်၊ အရက်၊ ဘီယာ၊ ကွမ်းတို့၏ ဆိုးကျိုးနှင့် ဖြစ်ပွားတတ်သော အန္တရာယ်များအကြောင်း၊ ဝက်လက်မြို့နယ် တာဝန်ခံ ဦးသိန်းဝင်းက အန္တရာယ်ရှိ ဝန်ဆောင်မှုနှင့် Entertainment များအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြော ခဲ့ကြပါသည်။ ကျွဲဇင်း အလက (ခွဲ)တွင် ကျောင်းမုန့်ဈေးသည်များအား ဓာတုဆိုးဆေးများ၏ အန္တရာယ်အကြောင်း၊ စားသုံးရန်မသင့်သော အန္တရာယ်ရှိမုန့်များ၊ သက်တမ်းကုန်ဆုံးနေသော အစားအသောက်များမရောင်းချရန်၊ ကျောင်းသား၊ ကျောင်းသူကလေးများအား မိမိသားသမီး တူ၊ တူမများလို ကိုယ်ချင်းစာစိတ်ဖြင့် မေတ္တာစေတနာထား၍ သန့်ရှင်းပြီး အာဟာရပြည့်ဝသော အစားအသောက်များရွေးချယ်ရောင်းချပေးကြရန် မေတ္တာရပ်ခံ၍ အသိပညာပေး ဆွေးနွေးဟောပြောခဲ့ပါသည်။ ထို့အပြင် စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများ ပါဝင်သော ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပါသည်။

ဟောပြောပွဲတွင် စိုင်နိုင်ကြီး အလက (ခွဲ) ကျောင်းမှ ဆရာ၊ ဆရာမ ၁၅ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၃၂၈ ဦး၊ ပေါင်း ၃၄၃ ဦး၊ ကျွဲဇင်း အလက (ခွဲ) ကျောင်းမှ ဆရာ၊ ဆရာမ ၁၂ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၃၀၇ ဦးနှင့် ကျောင်းမုန့်ဈေးသည် ၁၀ ဦး၊ ပေါင်း ၃၂၉ ဦးတက်ရောက်ခဲ့ပါသည်။ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအုပ်ဆရာကြီးတို့က ယခုဟောပြောသော စားသုံးသူအကာအကွယ်ပေးရေး အသိပညာများနှင့် ပတ်သက်၍ ကျောင်းသားကျောင်းသူကလေးများအား အပြန်အလှန် မေးမြန်းဆွေးနွေးပြီး ယနေ့မှစ၍ အန္တရာယ်ကင်းပြီး အာဟာရပြည့်ဝစေသော အစားအသောက်များကို အသိသတိနှင့်ယှဉ်၍ ရွေးချယ်ဝယ်ယူ စားသောက်ကြရန် ထပ်ဆင့် ပညာပေးဟောပြောကြပါသည်။ တစ်ဖန်စာသင်ကျောင်းမှ တာဝန်ရှိ ဆရာ၊ ဆရာမ များက ယခုကဲ့သို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးခြင်းသည် ကျောင်းသားကျောင်းသူကလေးများ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းစေရန် အလွန်လိုအပ်ပါသဖြင့် ဝမ်းသာကျေးဇူးတင်ကြောင်းနှင့် ယခုထက်မက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးစေလိုကြောင်း တုန့်ပြန်ပြောဆိုပါသည်။

ရွှေဘိုခရိုင်အတွင်းရှိမြို့နယ်များမှ စာသင်ကျောင်းများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာဟောပြောပွဲများ ကျင်းပပြုလုပ်ရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

**ဝင်းဝင်းသန်း (ရွှေဘို)**

## စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာသိကောင်းစရာ ဟောပြောပွဲများကို မြစ်ကြီးနားမြို့နယ်အတွင်းရှိ အစိုးရစာသင်ကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်


စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနသည် ကချင်ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနှင့်အတူ ဩဂုတ်လ ၇ ရက်နေ့တွင် ရှမ်းစုတောင်ရပ်ကွက်ရှိ အလက (၁) (ထခွဲ)ကျောင်းနှင့် ဩဂုတ်လ ၁၁ ရက်နေ့တွင် ကချင်စုရပ်ကွက်ရှိ အလက(၃)ကျောင်းတို့တွင် စားသုံးသူအကာ အကွယ်ပေးရေး လုပ်ငန်းများအကြောင်း သိကောင်းစရာများနှင့် ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲများကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ပညာပေးဟောပြောဆွေးနွေးပွဲများတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးကိုကိုဦးက စားသုံးသူအကာအကွယ်ပေးရေးအကြောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်နယ်တာဝန်ခံဒေါက်တာတင်ထွန်းဦးကလည်း အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ရှောင်ရန်၊ ဆောင်ရန် အချက်အလက်များအား ရှင်းလင်းဆွေးနွေးခြင်း ၊ ကျောင်းကျန်းမာရေးဌာနမှ တာဝန်ခံဒေါက်တာဖြိုးနန္ဒာဆွေက ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါအခြေအနေများနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလိုက်နာဆောင်ရွက်ရမည့် အချက်များအကြောင်း၊ သွားဘက်ဆိုင်ရာ ဆရာဝန်ဒေါက်တာအေးအိဖြိုးက သွားနှင့်ခံတွင်းသန့်ရှင်းရေးအကြောင်း ၊ ဒုတိယဦးစီးမှူး ဦးဘောမ်ဇုန်းမှ စားသုံးသူအကာအကွယ်ပေးရေး၏ ဥပဒေပါပြဌာန်းချက်များကို စားသုံးသူဥပဒေအရ ရသင့်ရထိုက်သော အခွင့်အရေး၊ ရည်ရွယ်ချက်လုပ်ငန်းနှင့် အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းအဆင့်ဆင့်တို့ကို အသိပညာပေးကွင်းဆင်းဆွေးနွေးခဲ့ကြပါသည်။

ကျောင်းဟောပြောဆွေးနွေးပွဲများတွင် NGOအဖွဲ့များမှ စားသုံးမှုဆိုင်ရာပြခန်းများ၊ပရိုဂျက်တာများဖြင့် ရှင်းလင်းပြသခဲ့ပြီး အသိပညာပေးစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲများသို့ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ၊ သူနာပြုများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊စားသုံးသူအကာအကွယ်ပေးရေး NGO အဖွဲ့များနှင့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ စုစုပေါင်း (၁၇၅၅) ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်မောင်ခိုင်၊ မြစ်ကြီးနား**




# Kaymu မှ ပထမဆုံး အွန်လိုင်း လက်ကားရောင်းဝယ်ရေးဈေးကွက် စတင်ဖွင့်လှစ်

မြန်မာနိုင်ငံတွင် အွန်လိုင်းရှော့ပင်းလုပ်ငန်းကို အောင်မြင်စွာလုပ်ကိုင်လျက်ရှိသည့် ဂျာမနီအခြေစိုက် Kaymu.com မှ ပထမဆုံး အွန်လိုင်းလက်ကားရောင်းဝယ်ရေးဈေးကွက်တစ်ခုကို ဩဂုတ် ၁၁ရက်က စတင်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

အဆိုပါ Kaymu.com တွင် ရောင်းချသည့်လက်ကားဝယ်ယူနိုင်မည့် ကုန်ပစ္စည်းများသည် ပြင်ပရှိလက်ကားပေါက်ဈေးထက် ပိုမိုသက်သာစေရန် ရည်ရွယ်ထားကြောင်း၊ ဝယ်ယူသူများအနေဖြင့်လည်း ရောင်းချသူများစွာထံမှ ကုန်ပစ္စည်းတစ်ခုချင်းစီအတွက် အမျိုးမျိုးသော ကမ်းလှမ်းမှုများကို သိသာထင်ရှားစွာပြသထားကြောင်း၊ ထို့ကြောင့် Kaymu.com တွင်လက်ကား ဝယ်ယူလိုသူများအနေဖြင့် မိမိစိတ်ကြိုက် ရွေးချယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

အဆိုပါ အွန်လိုင်းလက်ကား ဈေးကွက်ပေါ်တွင် ရောင်းချလိုသူများအနေဖြင့်ရောင်းချသူများလက်ဝယ်တွင် ကုန်ပစ္စည်းအရေအတွက်သည် in-stock ရှိရမည်ဖြစ်ပြီး pre-order ကို လက်မခံပါကြောင်း၊ ရောင်းချသူထံတွင်ရှိရမည့် ပစ္စည်းသည် အနည်းဆုံး 10 Package ခန့်ရှိရမည်ဖြစ်ကြောင်း၊ မိမိရောင်းချမည့်ကုန်ပစ္စည်းအမျိုးအစားပေါ် မူတည်၍ Package ၅၀၊ ၁၀၀ စသည်ဖြင့် ရောင်းချနိုင်ကြောင်း Kaymu.com မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"အွန်လိုင်းပေါ်ကနေ လက်ကားရောင်းဝယ်ခြင်းလုပ်ငန်းဟာ ကြီးမားကျယ်ပြန့်တဲ့ဈေးကွက်တစ်ခုတည်းပေါ်မှာ ကုန်ပစ္စည်းမြောက်များစွာကို လက်ကားရောင်းချနိုင်အောင်စီစဉ်ပေးထားပါတယ်။ အခုဆိုရင် Kaymu Myanmar မှာ လက်ကားကုန်ပစ္စည်းပေါင်း တစ်ထောင်ကျော်ကို ဝယ်ယူနိုင်ကြပါပြီ။

အွန်လိုင်း ပေါ်ကနေ လက်ကားရောင်းဝယ်ခြင်းလုပ်ငန်းဟာ ကုန်ပစ္စည်းကို သွားရောက်ယူ ဆောင်ရတဲ့အချိန်ကုန်ကျမှုကို သက်သာစေတဲ့အပြင် ကုန်ပစ္စည်းဈေးနှုန်းတွေကိုလည်း တစ်နေရာတည်းမှာနှိုင်းယှဉ်ပြီး ရွေးချယ်ဝယ်ယူနိုင်ကြပါပြီ။ ကျယ်ပြန့်တဲ့ ဈေးကွက်အတွင်းက ကုန်ပစ္စည်း အမျိုးမျိုးနဲ့ဈေးသက်သာတဲ့ကုန်ပစ္စည်းတွေကို ကျေးလက်ဒေသတွေကအစ တွေ့မြင်နိုင်ပြီး ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ကိုယ့်ထံမှာ စမတ်ဖုန်းတစ်လုံး ရှိရုံနဲ့ Kaymu.com မှာ ရောင်းနိုင်ဝယ်နိုင်အောင် Kaymu App: က ကူညီပေးပါလိမ့်မယ်"ဟု Kaymu. com.mm ၏ Country Manager ဖြစ်သူ မက်စ်လန်ဂျာက ပြောကြားခဲ့သည်။

အွန်လိုင်းဈေးကွက်အတွင်းလှုပ်ရှားလျက်ရှိသည့် Kaymu.com.mm သည် မြန်မာနိုင်ငံ၏အထင်ရှားဆုံးသော အွန်လိုင်းရှော့ပင်းတစ်ခုဖြစ်ပြီး အဆိုပါ ဝက်ဘ်ဆိုက်သို့ လစဉ်လာရောက်လည်ပတ်သူပေါင်း နှစ်သိန်းကျော်ရှိကြောင်း သိရသည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊သစ္စာလမ်း | (၁၂.၅×၅၀)ပေ | (၆) လွှာ | ၂၆၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ဖဆပလအိမ်ရာ | (၁၂.၅×၅၀)ပေ | (ပ)လွှာ | ၈၅၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၃။ | တိုက်ခန်း | ကျောက်မြောင်း၊ သတိပဋ္ဌာန်လမ်း | (၁၂.၅×၆၀)ပေ | (၅) လွှာ | ၃၈၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၄။ | တိုက်ခန်း | လသာမြို့နယ်၊ လသာလမ်း | ၁၀၀၀ စ/ပေ | (ပ)လွှာ၊ ဟောခန်း | ၆ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၅။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | ၂၁၀၀ စ/ပေ | (ပ) လွှာ | ၁၄ သိန်း | အဆင့်မြင့်ပြင်ပြီး ၁ လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၆။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊မယ်ညိုလမ်း | (၃၀×၅၀)ပေ | BN (၁)ထပ် | ၂၄၅၀ သိန်း | မြေပိုပါ၊လမ်းသန့် | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | လုံးချင်း | တောင်ဥက္ကလာပမြို့နယ်၊မြသီတာအိမ်ရာအနီး | (၄၀×၆၀)ပေ | RC (၁)ထပ် | ၅၈၀၀ သိန်း | လမ်းသန့် | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | လုံးချင်း | သယ်န်းကျွန်းမြို့နယ်၊သုမင်္ဂလာအိမ်ရာ | မြေ ၆၄၀၀ စ/ပေ<br>အိမ် ၃၂၀၀ စ/ပေ | RC (၂)ထပ်<br>MB (၃) ခန်း | ၃၅ သိန်း | ၁ လအငှားနှုန်း | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ နန်းမြိုင်လမ်းသွယ် ရပ်ကွက်ကြီး (၅) | မြေ ၅၀၀၀ စ/ပေ<br>အိမ် ၁၂၀၀ စ/ပေ | BN (၁)ထပ် | ၃.၅သိန်း | တစ်လအငှားနှုန်း ဆိတ်ငြိမ်ရပ်ကွက် | ၀၉/၂၅၀/၃၇၆၃၇၉ |

# နေန်းထိုက်စံ မော်တော်ယာဉ်လိုင်းမှ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ အထက်အညာ ပျော်ဘွယ်မြို့အထိ ခရီးစဉ်သစ်တိုးချဲ့ပြေးဆွဲ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ အထက်အညာ ပျော်ဘွယ်မြို့အထိ ပုသိမ်-ရန်ကုန်-နေပြည်တော်-တပ်ကုန်း၊ ရမည်းသင်း ပျော်ဘွယ်မြို့သို့ တိုက်ရိုက်ခရီးစဉ်ကို ဩဂုတ်လမှစတင်ပြီး ခရီးစဉ်သစ် အဖြစ် တိုးချဲ့ပြေးဆွဲလျက်ရှိကြောင်း ပုသိမ်မြို့ နန်းထိုက်စံ မော်တော်ယာဉ်လိုင်း တာဝန်ခံက ပြောပါတယ်။

ပုသိမ်မြို့မှ ကားလမ်းခရီးစဉ်အဖြစ် တိုင်းအတွင်းရှိ မြို့နယ်များနှင့် အဓိကပြေးဆွဲနေတဲ့ ရန်ကုန်ခရီးစဉ်ကို ယာဉ်လိုင်း ၁၀ ခုခန့်နဲ့ ပုံမှန်ပြေးဆွဲလျက်ရှိရာ လွန်ခဲ့သော ၄-၅ နှစ်မှ စတင်ပြီး ပုသိမ်-ရန်ကုန်-နေပြည်တော်နဲ့ ပုသိမ်-ရန်ကုန်-မန္တလေးမြို့အထိ ယာဉ်လိုင်းသစ်များမှ ခရီးစဉ်အသစ်များကိုလည်း တိုးချဲ့ပြေးဆွဲလျက် နေပါတယ်။ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများစွာ အရေးပါကြောင်း၊ ကားလမ်းများ မဖွံ့ဖြိုးမီက ရန်ကုန်ခရီးစဉ်ကို သင်္ဘောဖြင့် တစ်ညအိပ်နဲ့ အထက်အညာဒေသများသို့ သွားလာရာတွင် တစ်ညအိပ်၊ နှစ်ညအိပ်သွားလာရာမှ ယခုအခါ ရန်ကုန်သို့ သွားလာရာတွင် ၃-၄ နာရီသာ ကြာမြင့်ပြီး အညာဒေသများသို့လည်း မနက်ထွက် ညဘက်ရောက်၊ ညနေထွက် မနက်ရောက်သည့်အတွက် အချိန်ကုန်သက်သာပြီး ငွေကြေးကုန်ကျစရိတ်လည်း လျော့နည်းသွားကြောင်း ခရီးသွားပြည်သူများက ပြောပါတယ်။

ယခုအခါ နန်းထိုက်စံ မော်တော်ယာဉ် လိုင်းမှ ပျော်ဘွယ်မြို့အထိ ခရီးစဉ်အသစ် တိုးချဲ့ပြေးဆွဲလျက်ရှိသည့်အတွက် ခရီးသွားများနဲ့ ကုန်စည်များပို့ဆောင်ရာမှာ ပိုမိုအဆင်ပြေကြောင်း၊ ပုသိမ်မြို့မှ နံနက် ၅ နာရီ၊ ညနေ ၄ နာရီဖြင့် တစ်နေ့ နှစ်ကြိမ်ပြေးဆွဲမှာဖြစ်ကြောင်း၊ ပျော်ဘွယ်မြို့မှ နံနက် ၇ နာရီထွက်ခွာမှာဖြစ်ပြီး ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း ပြေးဆွဲသွားမှာဖြစ်ကြောင်း၊ မည်သည့်ကားဂိတ်များတွင်မှမရှိသည့် ဝန်ဆောင်မှုတစ်ခုအဖြစ် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကတ်ပြသ ဝယ်ယူပါက မူရင်းလက်မှတ်တန်ဖိုး၏လျှော့ဈေး ၁၀ ရာခိုင်နှုန်းရရှိမှာဖြစ်ကြောင်း၊ ပုသိမ်မြို့ နန်းထိုက်စံယာဉ်လိုင်း တာဝန်ခံမှ ပြောကြားပါတယ်။

**မင်းမင်းဦး-ပုသိမ်**

# Myanmar Green Energy Summit - 2015 ကျင်းပမည်

မလေးရှားနိုင်ငံ၊ Cohfexhub နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုအသင်းချုပ်တို့ ပူးပေါင်း၍ "Myanmar Green Energy Summit 2015"ကို ဩဂုတ်လ ၁၇ရက်နေ့မှ ၁၈ ရက်နေ့အထိ ရန်ကုန်မြို့ရှိ ဆူးလေ-ရှန်ဂရီလာဟိုတယ်တွင် ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ Summit တွင် မြန်မာနိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ သဘာဝဓာတ်ငွေ့ကဏ္ဍအား ရှုမြင်သုံးသပ်ချက်များ၊ မြန်မာ့စီးပွားရေးနယ်ပယ်၏ လျှပ်စစ်စွမ်းအင်ဆိုင်ရာ အခွင့်အလမ်းများ၊ ရေအားလျှပ်စစ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေအရင်းအမြစ်စီမံခန့်ခွဲရေးကိစ္စများ၊ စက်မှုကဏ္ဍထွက် စွန့်ပစ်ပစ္စည်းများနှင့် စပ်လျဉ်းသည့်အချက်အလက်များ၊ မြန်မာနိုင်ငံ၏ စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုများ၊ စွမ်းအင်နှင့်ပတ်သက်သည့် နည်းပညာများ၊ စပ်မျိုးစွမ်းအင်များ၊ ရေအားလျှပ်စစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်နေမှုများ၊ စွမ်းအင်ကဏ္ဍနှင့်သက်ဆိုင်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေများ၊ ကျေးလက်ဒေသများတွင် နေရောင်ခြည်သုံးလျှပ်စစ်စွမ်းအင် အသုံးပြုနေမှုများ၊ နေရောင်ခြည်သုံးစွမ်းအင်နည်းပညာများကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက တင်ပြဆွေးနွေးကြမည်ဖြစ်ပါသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | စူဇူကီး (အာလ်တို) | ယာယီ | ၈၀ သိန်း | 660 စီစီ |
| ၂။ | ဘယ်လ်တာ (၂၀၁၀) | ယာယီ | ၁၂၅ သိန်း | 1.3 ဓာတ်ဆီ |
| ၃။ | တိုယိုတာ (နွတ်) (၂၀၀၃) | ယာယီ | ၁၆၅ သိန်း | 1 .8 ဓာတ်ဆီ |
| ၄။ | ကိုရိုလာ/အက်ဇီယို (၂၀၁၀) | ယာယီ | ၁၆၀ သိန်း | 1.5 ဓာတ်ဆီ |
| ၅။ | ကိုရိုလာဗင် (၂၀၀၀) | ယာယီ | ၁၁၂ သိန်း | 1 .5 ဓာတ်ဆီ |
| ၆။ | အာအေဗီ (၄) (၂၀၀၄) | ယာယီ | ၂၁၀ သိန်း | 1 .8 ဓာတ်ဆီ |
| ၇။ | နီဆန်း (ဝင်းရုဒ်) (၂၀၁၀) | ယာယီ | ၁၂၅ သိန်း | 1 .8 ဓာတ်ဆီ |
| ၈။ | နီဆန်း (နုတ်) (၂၀၁၀) | ယာယီ | ၁၀၈ သိန်း | 1 .3 ဓာတ်ဆီ |
| ၉။ | ဟွန်ဒါဖစ် (၂၀၁၂) | ယာယီ | ၁၃၀ သိန်း | 1 .3 ဓာတ်ဆီ |

SN

သင့်ကျန်းမာရေး

# အာဟာရဆေးပညာ

ဒေါက်တာလွင်သန့်

***မေး။ ။အစာလည်းဆေး၊ ဆေးလည်းအစာလို့ ဆိုတဲ့အတွက် အစာနဲ့ အာဟာရ ဘယ်လိုပတ်သက်ပါလဲဆရာ။***

***ဦးအောင်မြင့်(သီပေါ)***

***ဖြေ။*** ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ကျန်းမာခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ ရောဂါမရှိရုံမက ကိုယ်ရောစိတ်ပါဝေဒနာကင်းရှင်းပြီး ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်ကာ ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွရှိခြင်းဖြစ်တယ်လို့ဆိုပါတယ်။

**အာဟာရဆိုရာမှာ** ခန္ဓာကိုယ်နေ့စဉ်လုပ်ငန်းစဉ်များ ကြီးထွားမှုများအတွက် သင့်တော်တဲ့ အမျိုးမျိုးသော အာဟာရပမာဏလိုအပ်နေတယ်။ အစာစားတိုင်း အာဟာရပြည့်ဝတယ်လို့ မရှိပါ။ အာဟာရတန်ဖိုးရှိတဲ့ အစာများကိုမျှတစွာ စားသုံးနိုင်ပါမှ ခန္ဓာကိုယ်အတွက်အကျိုးရှိမှာဖြစ်တယ်။ အာဟာရတန်ဖိုး မပြည့်ဝခြင်းလွန်ကဲခြင်းများဟာ ခန္ဓာကိုယ်အတွက် ဥပဒ်ဖြစ်စေတယ်။

**အာဟာရတန်ဖိုး** ထက် အရသာကို ဦးစားပေးတဲ့ အစာများက ခန္ဓာကိုယ်ကို ထိခိုက်စေတယ်။ ရာနှုန်းပြည့်နီးနီးပြုပြင်နိုင်တဲ့ အကြောင်းအရာဖြစ်တယ်။ ငယ်ရွယ်စဉ်ကတည်းက ပြုစုပျိုးထောင်ထားရမယ့်အရာဖြစ်တယ်။

**ကျန်းမာသက်ရှည်နေထိုင်ခြင်းမှာ** "အာဟာရဆေးပညာ" ပါဝင်တယ်။ သက်ကြီးရွယ်အိုများဇရာကို မတားဆီးနိုင်ပေမယ့် ကျန်းမာအောင်အစားအစာ ရွေးချယ်စားသောက်ခြင်းက မိသားစုရော နိုင်ငံအတွက်ပါ အကျိုးရှိစေတယ်။

**"ကျန်းမာသက်ရှည်ဆေးပညာ"** ကဝေဒနာ မဖြစ်အောင် လမ်းညွှန်ပြသပြီးအသက်ရှည်ရှည်အနာရောဂါကင်းကင်း၊ ကျန်းကျန်းမာမာနေနိုင်ရေးကို ဦးတည်တယ်။ အသက်ရွယ် ကြီးရင့်ချိန် ကျန်းမာပါမှ ယင်းတို့အသုံးပြုတဲ့ ကျန်းမာရေးစရိတ်ကအစ မိသားစုပတ်ဝန်းကျင်က ယင်းအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ် တဲ့ အောင်မြင်ပျော်ရွှင်စေရေး သူဘာသာပိုင်ဆိုင်နိုင်မှာဖြစ် တယ်။

**ကျန်းမာအသက်ရှည်ရေး** ဆေးပညာရဲ့အနှစ်သာရက ရောဂါကြိုတင်ရှာဖွေခြင်း၊ ရောဂါကာကွယ်ခြင်း အသက်အရွယ်ကြောင့်ဖြစ်တဲ့ ပြောင်းလဲမှုများ ထိန်းချုပ်ခြင်းနဲ့ကုသခြင်း (Treatment, revers of ago related declare) တို့ဖြစ်တယ်။


**ကျန်းမာသက်ရှည်လျှို့ဝှက်ချက်များမှာ** ကျန်းမာအသက်ရှည်ရေးအတွက် ငွေကုန်ကြေးကျများတဲ့ ဆေးဝါးများသောက်သုံးခြင်း၊ ခွဲစိတ်ပြုပြင်ရုံနဲ့ ရရှိတဲ့အရာမဟုတ်ပါဘူး။ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအသောက်များ မျှတအောင်စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားတက်ကြွနေထိုင်ခြင်း၊ ပတ်ဝန်းကျင်နဲ့ အမြဲတမ်းထိတွေ့ဆက်ဆံအကျိုးပြုရန် ကြံဆောင်ခြင်း၊ စိတ်ဖိစီးမှုနည်းအောင် နေခြင်းများဖြစ်တယ်။

**အသက်ရှည်ကျန်းမာနည်းဟာ** မိမိကိုယ်တိုင် အပင်ပန်းခံလိုက်နာကျင့်သုံးရမယ့်အရာဖြစ်တယ်။ နေ့စဉ် နာရီဝက်ခန့်ကျန်းမာရေးလေ့ကျင့်ခန်း (အပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး) လုပ်သင့်ပါတယ်။ ပတ်ဝန်းကျင်နဲ့ အမြဲတမ်း ထိတွေ့ဆက်ဆံအကျိုးပြုဖို့ ကြံဆောင်ရပါမယ်။ စိတ်ဖိစီးမှုနည်းအောင် နေတတ်ရပါမယ်။

**အသက်ရှည်ကျန်းမာနည်းမှာ** ကျန်းမာရေးကို မိမိကိုယ်တိုင် လိုက်စားရပါမယ်။ ငယ်ရွယ်စဉ်ကလို စားတိုင်းအားမဖြစ်ဆိုတာ သိရှိပြီး၊ ဗီတာမင် နှင့်သတ္တုဓာတ်များပါတဲ့ အားဆေးများ အကူအညီယူရပါတယ်။

**အာဟာရနဲ့အသက်ယှဉ်လာရင်** ဦးနှောက်ကပိုင်းခြားရွေးချယ်တတ်ဖို့ လိုပါတယ်။ အသက်ရှည်ရှည်နေလိုရင် ဘယ်အရာကို မဆိုအရှုံးမပေးသင့်ပါဘူး။ အမြဲတမ်းကြိုးစားနေထိုင်လုပ်ကိုင်ရပါမယ်။ "ကိုယ့်ကိုယ်ကို အသက်ရှည်စွာ နေထိုင်လုပ်ကိုင်တတ်သူဖြစ်အောင်လုပ်နိုင်ရမယ်" လို့ နှလုံးသွင်းပြီး"အစာလည်းဆေး၊ ဆေးလည်းအစာ"ကို မှီဝဲစားသောက်တတ်ဖို့ လိုအပ်ပါကြောင်း "အာဟာရဆေးပညာ" အနေနဲ့ ဖော်ပြပေးလိုက်ပါတယ်။

# အင်တာနက် အလွန်အကျွံအသုံးပြုခြင်းသည် ခန္ဓာကိုယ်ခုခံအားစနစ်ကို လျော့ကျစေနိုင်





အင်တာနက်အလွန်အကျွံအသုံးပြုခြင်းသည် ခန္ဓာကိုယ်၏ ခုခံအားစနစ်ကို လျော့နည်းကျဆင်းစေကြောင်း လေ့လာချက်အသစ်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါလေ့လာချက်အရ အင်တာနက်ကို သာမန်အသုံးပြုသည်ထက် လွန်ကဲစွာ အသုံးပြုခြင်းကြောင့် အအေးမိခြင်း၊ နှာရည်ယိုနှာစေးခြင်း၊ တုပ်ကွေးရောဂါတို့ ဖြစ်ပွားနိုင်ကြောင်း၊ ယင်းကဲ့သို့ဖြစ်ပွားမှုသည် သာမန်အခြေအနေတွင် အဆိုပါရောဂါများ ဖြစ်ပွားသည်ထက် ၃၀ရာခိုင်နှုန်းကျော် ပိုမိုဖြစ်ပွားတတ်ကြောင်းဖြင့် ဗြိတိန်နိုင်ငံ၊ ဆွမ်ဆီးတက္ကသိုလ်မှ ပရော်ဖက်ဆာဖီးလ်ရိဒ်က ပြောကြားခဲ့သည်။

"ခုခေတ်မှာ လူငယ်တွေဟာ အင်တာနက်ပေါ်မှာပဲ အချိန်တွေကုန်နေကြတယ်။ အဲဒီလိုမျိုးတွေကြောင့် သူတို့တွေမှာ လူမှုရေးတွေ နည်းပါးလာသလိုသူတို့ရဲ့ခန္ဓာကိုယ်က ခုခံအားစနစ်တွေလည်း ကျဆင်းလာတယ်။ အဲဒီလို ခုခံအားစနစ်တွေကျဆင်းလာပြီဆိုရင် ဘယ်လိုရောဂါမျိုးမဆို ဝင်လာနိုင်တာပဲ။ အအေးမိတာ၊ နှာစေးတာ၊ တုပ်ကွေးဖြစ်တာ စတဲ့ရောဂါတွေ ဖြစ်ပွားနိုင်ပါတယ်။ အဲဒီရောဂါတွေအပြင် တခြားဖြစ်ပွားနိုင်တာတွေကိုလည်း ကျွန်တော် တို့ လေ့လာတွေ့ရှိထားပါတယ်။ အဲဒါကတော့ စိတ်ဖိစီးမှုဖြစ်ပွားတာပါပဲ။ အင်တာနက်ပေါ်မှာပဲ အချိန်ကုန်နေတဲ့အတွက် အိပ်ချိန်တွေ နည်းလာတယ်။ အထီးကျန်ဆန်လာတယ်။ ကျန်းမာရေး ချို့တဲ့လာတယ်။ အဲဒါတွေအားလုံးပေါင်းလိုက်တဲ့အခါမှာ အင်တာနက်ကို စွဲစွဲမြဲမြဲနဲ့အလွန်အကျွံ အသုံးပြုတဲ့သူတွေဟာ ကျန်းမာရေးရော၊ လူမှုရေးရော ထိခိုက်လာနိုင်တာကို တွေ့ရှိခဲ့ရပါတယ်"ဟု ပရော်ဖက်ဆာဖီးလ်ရိဒ်က ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ သုတေသနအဖွဲ့သည် အသက် ၁၈ နှစ်မှ အသက် ၉၀ကြားရှိ လူပေါင်း ၅၀၀ ကိုလေ့လာခဲ့ကြရာ အင်တာနက်အသုံးပြုသူများတွင် အဆိုပါရောဂါများဖြစ်ပွားသည်ကိုလေ့လာတွေ့ရှိခဲ့ရပြီး အင်တာနက်ကို အလွန်အကျွံအသုံးမပြုဘဲ ပုံမှန်အတိုင်းသာ အသုံးပြုသည့်သူများ၏ ခုခံအားစနစ်သည် လျော့ကျသွားခြင်းမရှိသည်ကို တွေ့ရှိရကြောင်းဖြင့် လေ့လာချက်တွင် ဖော်ပြထားသည်။



# မိမိကိုယ်ကို ထိန်းချုပ်ခြင်းဖြင့် စိတ်ဖိစီးမှုဖြစ်ပေါ်ခြင်းကို လျှော့ချနိုင်

မိမိကိုယ်ကို ထိန်းချုပ်ခြင်းဖြင့် စိတ်ဖိစီးမှုအလွန်အကျွံဖြစ်ပေါ်မှုကိုလျှော့ချနိုင်ကြောင်း လေ့လာတွေ့ရှိရသည်ဟုသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားခဲ့သည်။

သုတေသနပညာရှင်များသည် စိတ်ဖိစီးမှုနှင့် မိမိကိုယ်ကို ထိန်းချုပ်နိုင်မှုတို့ ဆက်စပ်နေသည်ကို လေ့လာတွေ့ရှိ ခဲ့ကြောင်း၊ ဦးနှောက်၏ စေခိုင်းသမျှကို လုပ်ဆောင်ခြင်းမရှိဘဲ ထိန်းချုပ်ကာ လုပ်ဆောင်ခဲ့ပါက စိတ်ဖိစီးမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါဆက်နွယ်မှုသည် လူတို့၏နေ့စဉ်ဘဝအတွက် အရေးကြီးသည့်အချက်ပင်ဖြစ်ကြောင်း ဆွစ်ဇာလန်နိုင်ငံ၊ ဇူးရစ်တက္ကသိုလ်မှ ဆေးလ်ဗားမိုင်ယာက ထုတ်ဖော်ပြောကြားခဲ့သည်။

ဆေးလ်ဗားမိုင်ယာသည် အဆိုပါလေ့လာချက်ကို ထုတ်ဖော်ပြောကြားခဲ့သည့်သုတေသနအဖွဲ့၏ အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သည်။

"မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်းရှိတဲ့သူတွေဟာ သူတို့ဆီမှာဖြစ်ပေါ်နေတဲ့ ပူပင်သောက တော်တော်များများကို လျှော့ချနိုင်ကြတယ်။ အဲဒီလိုလျှော့ချနိုင်တဲ့အတွက် သူတို့မှာ စိတ်ဖိစီးမှုဆိုတာတွေဟာ အနည်းငယ်မျှလောက်သာ ဖြစ်လာနိုင်ပါတယ်။ ဒါဟာ စိတ်ဖိစီးမှုနဲ့ ကိုယ့်ကိုယ်ကို ထိန်းချုပ်နိုင်စွမ်းရှိမှုတို့ ဆက်စပ်နေတယ်ဆိုတာကို ပြသတာပါပဲ"ဟု ဆေးလ်ဗားမိုင်ယာက ပြောကြားခဲ့ သည်။


မိုင်ယာနှင့်အဖွဲ့သည် စိတ်ဖိစီးမှု ဝေဒနာခံစားနေရသည့် လူပေါင်း ၂၉ ဦးကို အစားအသောက်များပေး၍ လေ့ လာခဲ့ရာတွင် တချို့သောသူများသည် အစားအစာမစားမီ ၎င်းတို့၏လက်များကို ရေခဲရေဖြင့် သုံးမိနစ်ခန့်ဆေးကြောခြင်း၊ အစားအစာများကို ရွေးချယ်စားသုံးခြင်းစသည့် အမူအရာများကို လုပ်ဆောင်ခဲ့ကြကြောင်း၊ ထို့ပြင် သန့်ရှင်းလတ်ဆတ်ပြီး အရသာရှိသည့် အစားအစာနှင့် သန့်ရှင်းမှုမရှိသော်လည်း အရသာမရှိသည့် အစားအစာနှစ်ခုတို့ကို ရွေးချယ်စေရာတွင်လည်း စိတ်ဖိစီးမှုများသူတို့သည် ဦးနှောက်က စေခိုင်းသည့်အတိုင်းသာ လုပ်ဆောင်လေ့ရှိသည်ကို တွေ့ရကြောင်းဖြင့် ဆေးလ်ဗားဦးဆောင်သည့်အဖွဲ့က ပြောကြားခဲ့သည်။

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၇-၈-၂၀၁၅ မှ ၂၃-၈-၂၀၁၅ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** အသွားအလာ အနေအထိုင်သတိထားသင့်သောကာလဖြစ်သည်။ ထိခိုက်နစ်နာမှုအန္တရာယ်များရှိနေတတ်ပါသည်။ စီးပွားရေးလုပ်ငန်းတွင် နိုင်ငံရပ်ခြားမှ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သောလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုရှိလိမ့်မည်။ ဘဏ်လုပ်ငန်းများ အကျိုးပေးကောင်းမည်။ ကျန်းမာရေးအနေဖြင့် ကိုယ်လက်မအီမသာဖြစ်တတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး ဖြောင့်ဖြူးနေမည်။ ဘာသာရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းမှ ငွေဝင်အားကောင်းလိမ့်မည်။

**ယတြာ။ အုန်းဖူး၊ အုန်းပန်းလှူ၍ လိုရာဆုတောင်းပါ။**




**တနင်္လာသားသမီးများအတွက်** စိတ်ပျော်ရွှင်မှုတိုးတက်ကောင်းမွန်နေမည်။ အဖြူရောင်ပစ္စည်းများဖြစ်သော သံ၊ သတ္တု၊ ခဲဖြူ၊ ဘော်တို့နှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းအကျိုးပေးအားကောင်းနေမည့်ကာလဖြစ်သည်။ ရေနှင့်ပတ်သက်သောစီးပွားရေးလုပ်ငန်း (သင်္ဘောသား) ဥပဒ်အန္တရာယ်သတိပြုသင့်သောကာလဖြစ်သည်။ အင်္ဂါနံပစ္စည်း၊ စားသောက်ကုန်များ ရှားပါးပျက်စီးမှုရှိတတ်သည်။ ကျန်းမာရေးအနေဖြင့် ရေချိုးမှားသော ဝေဒနာခံစားရတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်နေ မည်။ ဘာသာရေးဆိုင်ရာအောင်မြင်မှုရှိမည်။

**ယတြာ။ ကံ့ကော်ညွန့်၊ ကံ့ကော်ပန်းလှူ၍ လိုရာဆုတောင်းပါ။**



**အင်္ဂါသားသမီးများအတွက်** တရားသေဝါဒလက်ကိုင်ဆောင်ရွက်တတ်သည်။ အလုပ်တစ်ခုကို ဆန္ဒစောစွာ ပြုလုပ်တတ်သောသဘောရှိနေမည်။ စကားအရာတွင် အာဝဇ္ဇန်းကောင်းသူဖြစ်၍ စကားနှင့်စီးပွားရေးလုပ်ငန်း အကျိုးဆောင်ပွဲစားလုပ်ငန်းမှ ဝင်ငွေကောင်းလိမ့်မည်။ ခရီးသွား လာရသော စီးပွားရေးလုပ်ငန်းများ ကောင်းကျိုးပေးနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် သွေးနှင့်ပတ်သက်သော ဝေဒနာခံစား ရမှုရှိနေတတ်ပါသည်။ အချစ်ရေးအိမ်ထောင်ရေးတွင် ခက်ထန်ရက်စက်မှုရှိနေလိမ့်မည်။

**ယတြာ။ ဇွန်ပန်းကို မိမိမွေးနံထောင့်တွင် လှူပေးပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အံ့ဖွယ်ကောင်းလောက်အောင် ပေါ့ပေါ့ဆဆနေတတ်သော သဘောရှိနေလိမ့်မည်။ စိတ်သဘောထားနူးညံ့သိမ်မွေ့တတ်သော်လည်း နှစ်မျိုးနှစ်စား ပြောင်းလဲမှု ရှိနေတတ်သည်။ လူမှုဆက်ဆံရေးကောင်းခြင်း အကျိုးအမြတ်ကို ဂရုပြုတတ်သောကြောင့် ကုန်သွယ်ရေးဆိုင်ရာစီးပွားရေးလုပ်ငန်းတို့တွင် စကားပြောဆိုမှုဆွဲဆောင်နိုင်စွမ်းအားရှိမှုကြောင့် ဝင်ငွေများရရှိခံစားတတ်ပါသည်။ ကျန်းမာရေးတွင် စိတ်ခံစားမှုစိတ်ဖိစီးမှုကြောင့်ဖြစ်သော ကြောက်ရွံ့ထိတ်လန့်ခြင်း၊ စိုးရိမ်လွန်ကဲခြင်း ဝေဒနာခံစားရတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အပြောင်းအလဲရှိနေမည်။

**ယတြာ။ တောင်ဘက်အရပ်တွင်ရှိသော ဘုရားတွင် လက်ပံပွင့်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** တရားသေဝါဒီကိုထက်ထက်မြက်မြက်ဖြင့် ရည်ညွှန်းတတ်သူဖြစ်မည်။ ခန္ဓာကိုယ် နူးညံ့ပျော့ပျောင်းသော်လည်း ပြတ်သားရက်စက်သည်။ စီးပွားရေးတွင် ပညာဉာဏ်ဖြင့် လုပ်ကိုင်ရသောစီးပွားရေး အောင်မြင်ဖြစ်ထွန်းနေတတ်ပါသည်။ အတွေးအခေါ် ဉာဏ်ပညာအားကောင်းသည်။ ပညာသင်ကြားခြင်း၊ ဆရာလုပ်ငန်းမှဝင်ငွေရရှိလိမ့်မည်။ ကျန်းမာရေးတွင် စိတ်နှလုံးနှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် သိက္ခာနှင့် သီလကို တန်ဖိုးထားနေတတ်သည်။

**ယတြာ။ မေမြို့ပန်းလှူပါ။**



**သောကြာသားသမီးများအတွက်** စိတ်သဘောထားနှင့် ရည်မှန်းချက်အား တစ်သမတ်တည်းထားတတ်သည့် သဘောရှိသည်။ ဖွဲ့သတ္တိကောင်းသူဖြစ်၍ အောင်မြင်မှုကြာရှည်တတ်သောသဘောရှိမည်။ စားသောက်ဆိုင်၊ ဟိုတယ်လုပ်ငန်းများ စီးပွားဖြစ်ထွန်းမည့်ကာလဖြစ်သည်။ ဇိမ်ခံပစ္စည်းများနှင့်ပတ်သက်ပြီး ဝင်ငွေ အားကောင်းလိမ့်မည်။ ကျန်းမာရေးတွင် ကာမဂုဏ်ခံစားမှုကြောင့်ဖြစ်သော ဝေဒနာ ရရှိလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ကိုယ်က ပေးဆပ်နေရတတ်သည်။

**ယတြာ။ သစ္စာပန်း အဖြူလှူပါ။**



**စနေသားသမီးများအတွက်** လျှို့ဝှက်ဆန်းကျယ်သော ဂမ္ဘီရပညာများကို လေ့လာလိုက်စားသူဖြစ်နေလိမ့်မည်။ စီးပွားရေးလုပ်ငန်းတွင် မီးနှင့်ပတ်သက်သော စားသောက်ကုန်၊ ပန်းတိမ်၊ ပန်းပဲလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်မှုရရှိမည်။ ကျန်းမာရေးအနေဖြင့် လေနှင့်ဆိုင်သော ရောဂါဝေဒနာများ ခံစားရမှု အားကောင်းတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ကြန့်ကြာနေတတ်သောသဘော ရှိလိမ့်မည်။ တွေဝေမှုများနေမည်။

**ယတြာ။ မိမိမွေးနေ့တွင် ဒေါနပန်းလှူ၍ လိုရာဆုတောင်းပါ။**

# ဓာတ်ပုံများ ထည့်သွင်းအသုံးပြုနိုင်မည့် Mell App version အသစ်အား မိတ်ဆက်

မိမိစိတ်ဝင်စားသည့် မေးခွန်းများကို စိတ်ကြိုက်မေးမြန်းကာ ကိုယ်ပိုင်အမြင်များကိုလည်း ပွင့်ပွင့်လင်းလင်း ဖြေဆိုဆွေးနွေးနိုင်သော Android App တစ်ခုဖြစ်သည့် Mell App (www.mellapp.com) မှ အသုံးပြုသူများ ပိုမိုလွယ်ကူစေရန်နှင့် စိတ်ဝင်စားဖွယ်ကောင်းစေမည့် version အသစ်ကို ထပ်မံမိတ်ဆက်လိုက်ကြောင်းသိရှိရသည်။

အဆိုပါ version အသစ်နှင့် ပတ်သက်၍ Xavey Myanmar Ltd မှ မန်နေးဂျင်းဒါရိုက်တာ ဦးအောင်စည်သူကျော်က "ကျွန်တော်တို့ Mell App လက်ရှိအသုံးပြုနေတဲ့ user တွေရော၊ user အသစ်တွေရောApp ကို ပိုမိုစိတ်ဝင်စားပြီးသုံးရတာ ပျော်ဖို့ကောင်းလာအောင် ပိုမိုဆန်းသစ်တဲ့ အသစ်အသစ်တွေကို ချပြဖို့အစီအစဉ်တွေကို ကျွန်တော်တို့ အမြဲစဉ်းစားနေပါတယ်။

လက်ရှိ Version အသစ်မှာဆိုရင် Profile Picture တွေကို ကိုယ့်ပုံလေးတွေ ထည့်သွင်းအသုံးပြုလို့ရပါတယ်။ နောက်ပြီး ကိုယ်မေးထားတဲ့မေးခွန်းကို ဖြေဆိုသူတွေရှိလာတဲ့ အခါမှာ ဖြစ်ဖြစ်၊ ကိုယ်သဘောကျလို့ Like လုပ်ထားတဲ့မေးခွန်းမျိုးကို တစ်ယောက်ယောက်က ဖြေကြားလာတဲ့အချိန်မှာဖြစ်ဖြစ် Notification တက်လာစေတဲ့ feature အသစ်ကိုလည်း ထည့်သွင်းထားပါတယ်။ ဒါတင် မကသေးပါဘူး။ နောက်ထပ် ပိုထူးခြားတာလေးတစ်ခုကတော့ မေးခွန်းလေးတွေ မေးတဲ့အချိန်မှာ ဓာတ်ပုံလေးတွေ ထည့်သွင်းအသုံးပြုပြီး မေးမြန်းနိုင်အောင် စီစဉ်ထားပါတယ်။ နောက်ပိုင်း ဒီထက် ပိုမိုကောင်းမွန်တဲ့ feature တွေ၊ function အသစ်တွေကိုလည်း အသုံးပြုသူတွေ ပိုမိုစိတ်ဝင်စားလာအောင်ပြုလုပ်ဖို့ စိတ်ကူးထားပါတယ်။ ကျွန်တော်တို့ Facebook Page (www.fb.com /poll.com.mm)မှာလည်းလတိုင်း အသုံးပြုသူတွေ စိတ်ဝင်စားစေမယ့် campaign လေးတွေကို ပြုလုပ်ပေးနေပါတယ်။ ဒီလအတွက်တော့ Mell App နဲ့ MMDB.com.mm တို့ပူးပေါင်းစီစဉ်တဲ့ မြန်မာဇာတ် လမ်းတွေနဲ့ ပတ်သက်တဲ့မေးခွန်းလေးတွေ ဖြေတဲ့လူတွေကို ဖုန်းငွေဖြည့်ကတ်တွေပြန်ပြီး ကံစမ်းမဲဖောက်ပေးမယ့်အစီအစဉ် လုပ်ထားပါတယ်"ဟု ပြောသည်။

Mell Appication သည် Andriod ဖုန်းများ၊ Tablet များတွင် ထည့်သွင်းအသုံးပြုနိုင်ပြီး သုံးစွဲသူများသည်အသုံးပြုသူများအချင်ချင်း စိတ်ဝင်စားဖွယ်ရာမေးခွန်းများ မေးမြန်း၊ ဖြေဆို၊ ဆွေးနွေးနိုင်သော မြန်မာနိုင်ငံအတွက် ရည်ရွယ်ထုတ်လုပ်ထားသည့် ပထမဆုံးသော Social opinion app ဖြစ်သည်။

Mell User များသည် အပျော်သက်သက်အသုံးပြုရုံ၊ မေးဖြေ ဆွေးနွေးရုံသာမက စီးပွားရေးလုပ်ငန်းများ၊ အဖွဲ့အစည်းများမှ အများပြည်သူများ၏ ထင်မြင်ယူဆချက်များ ကောက်ခံရန်အတွက် မေးထားသည့်မေးခွန်းများတွင် ဝင်ရောက်ဖြေဆိုခြင်းဖြင့်လည်း သတ်မှတ်ထားသော ကံစမ်းမဲများနှင့် လက်ဆောင်ပစ္စည်းများကိုလည်း ရယူနိုင်သည်။

Mell Application ကို Google Play Store, Mobogene, Dinga Store အစရှိသည့် store များမှသာမက www.mellapp.com မှလည်း Download ပြုလုပ်ကာ အသုံးပြုနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

စာမျက်နှာ ၂၃ မှအဆက်

**ဇယား-၄။ လျော့နည်းသွားအထွက်ဥပဒေ (The law of diminishing returns) အခြေခံဖြင့် အကျိုးအမြတ်စီစစ် တွက်ချက်ခြင်း**

| အသုံးပြုသည့် ဓာတ်မြေသြဇာ (၅၀ ကီလို အိတ်) | ဓာတ်မြေ၏သြဇာ ကုန်ကျစရိတ် (Fertilizer cost)($) | အစွန်းထွက်စရိတ် Marginal cost(MC) ($) | အစေ့ထုတ်ပြောင်းအထွက် (Maize product) (၅၀ကီလို အိတ်ပေါင်း) | အစွန်းထွက်ထွက်ကုန် (Marginal product) MP | အစေ့ထုတ်ပြောင်းမှ ရငွေ တန်ဖိုး) ($) | အစွန်းထွက်ထုတ်ကုန်တန်ဘိုး Marginal value of production (MP)($) | အကျိုးအမြတ် ($) |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) = (၆ - ၂) |
| ၀ | ၀ | | ၀.၅ | | ၁၀ | | ၁၀ |
| ၁.၀ | ၈ | ၈ | ၁.၀ | ▸၀.၅ | ၂၀ | ၁၀ | ၁၂ |
| ၂.၀ | ၁၆ | ၈ | ၂.၅ | ▸၁.၅ | ၅၀ | ၃၀ | ၃၄ |
| ၃.၀ | ၂၄ | ၈ | ၃.၄ | ▸၀.၉ | ၆၈ | ၁၈ | ၄၄ |
| ၄.၀ | ၃၂ | ၈ | ၄.၀ | ▸၀.၆ | ၈၀ | ၁၂ | ၄၈ |
| ၅.၀ | ၄၀ | ၈ | ၄.၅ | ▸၀.၅ | ၉၀ | ၁၀ | ၅၀ |
| ၆.၀ | ၄၈ | ၈ | ၄.၉ | ▸၀.၄ | ၉၈ | ၈ | ၅၀ |
| ၇.၀ | ၅၆ | ၈ | ၅.၂ | ▸၀.၃ | ၁၀၄ | ၆ | ၄၈ |

**မှတ်ချက်။ ဓာတ်မြေသြဇာဈေးနှုန်း ၈ ကန်ဒေါ်လာ= ၅၀ ကီလို ဓာတ်မြေသြဇာ၊ (တစ်ကီလိုဓာတ်မြေသြဇာ= သုည ဒသမ ၁၆ ကန်ဒေါ်လာ) အစေ့ထုတ်ပြောင်းဈေးနှုန်း ($)၂၀ ကန်ဒေါ်လာ = ၅၀ ကီလို အစေ့ ထုတ်ပြောင်း၊ (တစ်ကီလိုအစေ့ထုတ်ပြောင်း= သုည ဒသမ ၄၀ ကန်ဒေါ်လာ)**

လျော့နည်းသွားသော ဥပဒေ ( The law of diminishing returns) အခြေခံအရ သွင်းအားစု ဓာတ်မြေသြဇာအရေအတွက်ကို တိုး၍တိုး၍အသုံးပြုသောအခါ အစေ့ထုတ်ပြောင်းအထွက် တိုးနှုန်းနှင့်တကွ အစွန်းထွက်ထွက်ကုန် (Marginal product) သည် လျော့နည်းကျဆင်းလာမည်ဖြစ်ပါသည်။ ဇယား-၄ မှ စာတိုင်အမှတ်၅ ကို ကြည့်ရှုပါ။ ဇယား-၄ တွင် အစွန်းထွက်စရိတ် Marginal cost of fertilizer (MC) နှင့် အစွန်းထွက် ထုတ်ကုန်တန်ဖိုး Marginal value of production ညီမျှသောအခါ အကျိုးအမြတ်အများ ဆုံးရရှိမည်ဖြစ်ပါသည်။ ဇယား-၄ တွင် ဓာတ်မြေသြဇာ ခြောက်အိတ်သုံးစွဲချိန်တွင် အကျိုးအမြတ်အများ ဆုံးဖြစ်ပေါ်သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။ ဓာတ်မြေသြဇာ ခုနစ်အိတ်သုံးစွဲချိန်တွင် အကျိုးအမြတ် ပြန်လည်လျော့နည်းသွားသည်ကိုတွေ့မြင်ရမည်ဖြစ်ပါသည်။ ဖော်ပြသော ဥပမာအရ ဓာတ်မြေသြဇာ ခြောက်အိတ်အောက်သုံးစွဲပါက ရသင့်ရထိုက်သော အကျိုးအမြတ်ကို မရရှိကြောင်း တွေ့မြင်ရမည်ဖြစ်ပါသည်။ သီးနှံတွင် ဓာတ်မြေသြဇာသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာမည့် အကျိုးအမြတ်သည် ဓာတ်မြေသြဇာ သုံးစွဲမှုပမာဏ၊ ဓာတ်မြေသြဇာဈေးနှုန်း၊ သီးနှံဈေးနှုန်းများနှင့် ဆက်စပ်မှုရှိကြောင်း စိစစ်သုံးသပ်ဖော်ပြအပ်ပါသည်။

## ဒေသသုံး စက်သုံးဆီများကို ဒေသကန့်သတ်ချက်မရှိ ပြည်တွင်းသို့ လွတ်လပ်စွာ တင်သွင်းနိုင်

ဇူလိုင် ၂၇ ရက်က ကျင်းပပြုလုပ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်ရဲ့ ကုန်သွယ်မှုမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးမှာ ကရင်ပြည်နယ်အစိုးရရဲ့ ခွင့်ပြုချက်နဲ့ ကျပ်ငွေဖြင့် တင်သွင်းတဲ့ ဒေသသုံး စက်သုံးဆီများကို ယခင်က ဒေသကျော်လွန်သယ်ဆောင်ခွင့်မပြုခဲ့သော်လည်း ယခုအခါ ရုံးချုပ်မှ ညွှန်ကြားချက်အရ ဒေသကန့်သတ်ချက်မရှိတော့ဘဲ လွတ်လပ်စွာပြည်တွင်းသို့ သယ်ဆောင်ခွင့်ပြုကြောင်း၊ စက်သုံးဆီ တင်သွင်းတဲ့ လုပ်ငန်းရှင်အားလုံးသိရှိအောင် အသိပေးအကြောင်းကြားရန် မြဝတီကုန်သွယ်ရေးဇုန် စခန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးစိုးလွင်က ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

# မြို့ကြီးများ၏ ၁၇-၈-၂၀၁၅ မှ ၂၁-၈-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၇-၈-၂၀၁၅) | အင်္ဂါ(၁၈-၈-၂၀၁၅) | ဗုဒ္ဓဟူး(၁၉-၈-၂၀၁၅) | ကြာသပတေး(၂၀-၈-၂၀၁၅) | သောကြာ(၂၁-၈-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၉၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | ၉၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F |
| မန္တလေးမြို့ | ၆၀% ၂၆°C/၇၈°F | ၄၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်ထူထပ် ၃၃°C/၉၂°F | ၈၀% ၃၂°C/၉၀°F |
| မြစ်ကြီးနား | ၁၀၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F |
| လားရှိုး | ၉၀% ၂၄°C/၇၆°F | ၈၀% ၂၇°C/၈၀°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F |
| ကျိုင်းတုံ | ၇၀% ၂၈°C/၈၃°F | ၅၀% ၂၉°C/၈၄°F | ၄၀% ၂၉°C/၈၅°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၅°F |
| လွိုင်ကော် | ၉၀% ၂၇°C/၈၁°F | ၅၀% ၂၇°C/၈၁°F | ၃၀% ၂၈°C/၈၂°F | ၄၀% ၂၈°C/၈၃°F | ၅၀% ၂၇°C/၈၁°F |
| တောင်ကြီး | ၈၀% ၂၂°C/၇၂°F | ၈၀% ၂၃°C/၇၄°F | ၅၀% ၂၃°C/၇၄°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၄°C/၇၅°F |
| မော်လမြိုင် | ၉၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F |
| ဘားအံ | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F |
| တောင်ငူ | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၇°F |
| မုံရွာ | ၆၀% ၃၁°C/၈၈°F | ၄၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | ၅၀% ၃၂°C/၈၉°F |
| ပုသိမ် | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၆၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F |
| ပြည် | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၈°F | ၇၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၅°F |
| စစ်တွေ | ၁၀၀% ၂၈°C/၈၃°F | ၉၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| မကွေး | ၅၀% ၃၂°C/၈၉°F | ၄၀% ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၈°C/၈၃°F |
| ဖလမ်း | ၄၀% ၂၃°C/၇၄°F | ၅၀% ၂၂°C/၇၁°F | ၅၀% ၂၁°C/၇၀°F | ၈၀% ၂၃°C/၇၄°F | ၈၀% ၂၂°C/၇၂°F |

## တရုတ်နိုင်ငံအနောက်မြောက်ပိုင်းတွင် မြေပြိုမှုများဖြစ်ပွားရာ အနည်းဆုံးလူပေါင်း ၁၂ ဦးကျော် သေဆုံးပြီး လူပေါင်း ၆၀ ကျော် ပျောက်ဆုံး

ပစိဖိတ်သမုဒ္ဒရာအတွင်း တိုက်ခတ်ခဲ့သည့် ဆော့ဒီလာ အင်အားပြင်းမုန်တိုင်းသည် တရုတ်(တိုင်ပေ)သို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းသို့ဝင်ရောက် တိုက်ခတ်ခဲ့သည်။

အဆိုပါ ဆော့ဒီလာမုန်တိုင်း၏အရှိန်ကြောင့် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများဖြစ်ပွားခဲ့ရသည်။

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဒေသရှိ ရှန်စီပြည်နယ်တွင် ဩဂုတ် ၁၂ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၂ဦးခန့် သေဆုံးခဲ့ပြီး လူပေါင်း ၆၀ကျော် ပျောက်ဆုံးလျက်ရှိကြောင်း၊ အဆိုပါ မြေပြိုသည့်ဒေသသည် သတ္တုတူးဖော်သည့်ဒေသဖြစ်ကြောင်း၊ မြေပြိုမှုကြောင့်နေအိမ်အများစုမှာ မြေကြီးအောက်တွင် ပိနေသည်ဟု ယူဆရကြောင်း၊ နေအိမ်ခန်းပေါင်း၁၅ ခန်းနှင့် နေအိမ်သုံးလုံးတို့မှာ မြေကြီးအောက်သို့ ရောက်ရှိသွားကြောင်း၊ မြေပြိုသည့်အချိန်သည် အိပ်မောကျနေချိန်ဖြစ်သည့်အတွက် အများစုမှာ မြေကြီးများအောက်တွင် ရှိနေမည်ဖြစ်ကြောင်း ရှန်ယန်ကောင်တီအုပ်ချုပ်မှုဒေသ၊ ရှန်လော့မြို့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြေကြီးအောက်တွင် ပိမိနေသူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော်လည်း အဆက်မပြတ် မိုးရွာသွန်းမှုများကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးခဲ့ရကြောင်းဖြင့် ၎င်းက ထပ်မံပြောကြားခဲ့သည်။

မြေပြိုမှုဖြစ်ပွားသည့် ရှန်ယန်ဒေသသည် တောင်ထူထပ်သည့် ဒေသဖြစ်ရာ မြေပြိုသည့်ဒေသသည် Wuzhou သတ္တုတူးဖော်သည့်ကုမ္ပဏီမှ အလုပ်သမားများနှင့် ရွာသူရွာသားများအများအပြားနေထိုင်သည့် နေရာဖြစ်ကြောင်း ရှန်ယန်ကောင်တီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြေပြိုကျရာနေရာသို့ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သတ္တုတူးဖော်ရေးလုပ်ငန်းခွင်မှ ကယ်ဆယ်ရေးလုပ်သားများ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်သားများ ပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

**မယ်သီတာ**



## ဂျပန်နိုင်ငံတွင် အပူလှိုင်းကျရောက်မှုကြောင့် လူပေါင်း ၉၀ကျော်သေဆုံး

ဂျပန်နိုင်ငံတွင် နေ့အပူချိန်များ မြင့်တက်လျက်ရှိရာ ဩဂုတ် ၁၄ ရက်အထိ သေဆုံးသူဦးရေမှာ ၉၀ ကျော်သွားပြီဖြစ်ကြောင်း ဂျပန်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါထုတ်ပြန်ကြေညာချက်တွင် ဩဂုတ် ၃ ရက်မှ ၉ ရက်အထိ သေဆုံးသူပေါင်းမှာ ၃၂ ဦးရှိခဲ့ပြီး ယင်း ၃၂ ဦးမှာ တိုကျိုမြို့ပေါ်ရှိဆေးရုံများတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၏ တောင်ဘက်အကျဆုံးအပိုင်းနှင့် အနောက်တောင်ဘက်ပိုင်းဒေသများတွင် အဆိုးရွားဆုံးဖြစ်ပြီး အိုကီနာဝါစီရင်စုဒေသတို့တွင်လည်း အပူချိန်မြင့်တက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း၊ အပူချိန်မြင့်တက်မှုကြောင့် အိုဆာကာစီရင်စုတွင် သေဆုံးသူလေးဦးရှိပြီး ဟိုကိုင်းဒိုးတွင်မူ သေဆုံးသူ တစ်ဦးရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့် ဩဂုတ် ၁၁ရက်က တိုကျိုမြို့၏ အပူချိန်သည် ၃၇ ဒသမ ၇ ဒီဂရီဆဲလ်ဆီးယပ်စ်ရှိခဲ့ပြီး ဩဂုတ် ၁၂ရက်တွင် တိုကျိုမြို့၏အမြင့်ဆုံးအပူချိန်မှာ ၃၅ ဒီဂရီဆဲလ်ဆီးယပ်စ်သို့ ရောက်ရှိခဲ့ကြောင်း ဂျပန်နိုင်ငံ မိုးလေဝသဌာနမှ သတင်းထုတ်ပြန်ခဲ့သည်။

ဂျပန်နိုင်ငံ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့်သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအေဂျင်စီ၏ထုတ်ပြန်ချက်အရ ဇူလိုင် ၂၇ရက်မှ ဩဂုတ်လ ၂ရက်နေ့အထိ အပူဒဏ်ကြောင့် ၂၅ ဦးသေဆုံးခဲ့ကြောင်း၊ အပူချိန်သည် ကျဆင်းသွားခြင်းမရှိဘဲ ဆက်လက်မြင့်တက်လျက်ရှိသဖြင့် လူသေဆုံးမှုများမှာလည်း ဆက်လက်မြင့်တက်လာနိုင်ကြောင်းဖြင့် အန်န်အိတ်ချ်ကေ သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံတွင် ၂၀၁၄ ခုနှစ်အတွင်းကလည်း အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်ခဲ့ရာ ၂၀၁၄ခုနှစ် ဧပြီလ ၂၇ ရက်မှ ဩဂုတ်လအထိ ဆေးရုံတက်ရောက်ကုသသူပေါင်း ၃၅၀၀၀ ကျော် ရှိခဲ့ပြီး ၈၅၅ ဦးမှာ အပူချိန်မြင့်တက်သည့်ဒဏ်ကို အပြင်းအထန်ခံစားခဲ့ကြရကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ယခုနှစ်တွင်လည်း ဆေးရုံတက်ရောက်ကုသနေသူပေါင်း ၁၁၆၃၇ ဦးရှိသည့်အနက် ၂၅ ဦးသေဆုံးခဲ့ကြောင်း၊ ကျန်သူများမှာ ဆေးရုံတွင် သေဆုံးခြင်း မဟုတ်ဘဲ ၎င်းတို့နေထိုင်ရာဒေသများတွင်သာ သေဆုံးခဲ့ကြခြင်းဖြစ်ကြောင်း အန်န်အိတ်ချ်ကေသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

**မယ်သီတာ**

Domestic Sport News
Vol: 15, No.31 Monday August 17 2015

# အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲဝင်မည့် မြန်မာယူ-၁၉အသင်း၏ အပြီးသတ်လူစာရင်းထုတ်ပြန်



ဩဂုတ်လ ၂၃ ရက်မှ စက်တင်ဘာလ ၄ရက်နေ့အထိ လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့တွင်ကျင်းပမည့် အာဆီယံ ယူ-၁၉ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်း၏အပြီးသတ်လူစာရင်းကို နည်းပြချုပ် ဂတ်ဆီဇီက ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ထုတ်ပြန်လိုက်သည့် အပြီးသတ်လူစာရင်းတွင် ကစားသမား ၂၀ဦးသာ ပါဝင်ပြီး အဆိုပါစာရင်းတွင် လိဂ်(၁) လူငယ်ပြိုင်ပွဲဝင် MFF Youth အသင်းမှ ကစားသမား လေးဦး၊ ရတနာပုံမှ သုံးဦး၊ Horizon၊ ဇွဲကပင်၊ ဧရာဝတီနှင့် မကွေးတို့မှ နှစ်ဦးစီ၊ မနောမြေ၊ မြဝတီ၊ ရန်ကုန်၊ ဆောက်သမ်းနှင့် ဇေယျာရွှေမြေတို့မှ တစ်ဦးစီပါဝင်ကြောင်း သိရသည်။

အဆိုပါ မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းတွင် (ဂိုး)စိုးအာကာ၊ ဘုန်းသစ္စာမင်း (MFFYouth)၊ (နောက်တန်း) ချမ်းမြေ့ထွန်း၊ ဝင်းမိုးကျော် (မကွေး)၊ကျော်သူထွန်း၊ ကျော်သက်ဦး (ရတနာပုံ)၊ ရဲရင့်အောင်၊ စိုးမိုးထွန်း (MFF Youth)၊ လွင်မင်းသန့် (Horizon)၊ သူရိန်စိုး(ရန်ကုန်)၊(အလယ်တန်း) စျာနေယျသူ(MFF Youth)၊ ဇင်ဖြိုးအောင်(ဇွဲကပင်)၊ စိုးလွင်လွင် (မနောမြေ)၊ အောင်ဖြိုးဖြိုး(ဧရာဝတီ)၊ စစ်မင်း(ဇေယျာရွှေမြေ)၊ (ရှေ့တန်း)-အောင်ကောင်းမာန်(ဧရာဝတီ)၊အောင်ဇော်ဖြိုး(ရတနာပုံ)၊ ကောင်းချစ်နိုင် (ဆောက်သမ်းမြန်မာ)၊ အာကာ(မြဝတီ) တို့ဖြစ်ကြသည်။

မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်းသည် အာဆီယံယူ-၁၉ပြိုင်ပွဲ၏ အုပ်စု (ခ)တွင် စင်ကာပူ၊ အရှေ့တီမော၊ ဗီယက်နမ်၊ မလေးရှားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၂၃ရက်တွင် စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဩဂုတ် ၂၇ ရက်တွင် အရှေ့တီမောအသင်းနှင့် လည်းကောင်း၊ ဩဂုတ်လ ၂၉ရက်နေ့တွင် မလေးရှားအသင်းနှင့်လည်းကောင်း၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ဗီယက်နမ်အသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု(က)တွင်အိမ်ရှင် လာအို၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဩစတြေးလျတို့ ပါဝင်ကြသည်။

**မြန်မာအသင်းပါဝင်သည့် အုပ်စု(ခ)ပွဲစဉ်များ**

| | | | |
|---|---|---|---|
| ၂၃-၈-၁၅ | စင်ကာပူ | - | မြန်မာ |
| | မလေးရှား | - | အရှေ့တီမော |
| ၂၅-၈-၁၅ | အရှေ့တီမော | - | ဗီယက်နမ် |
| | မလေးရှား | - | စင်ကာပူ |
| ၂၇-၈-၁၅ | ဗီယက်နမ် | - | မလေးရှား |
| | မြန်မာ | - | အရှေ့တီမော |
| ၂၉-၈-၁၅ | မလေးရှား | - | မြန်မာ |
| | စင်ကာပူ | - | ဗီယက်နမ် |



# မြန်မာအမျိုးသမီးလိဂ်အား ၂၀၁၆ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြုလုပ်နိုင်ရန် ကြိုးပမ်းမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးဘောလုံးသမားကောင်းများ အမြောက်အမြားပေါ်ထွန်းလာစေရန်အတွက် မြန်မာအမျိုးသမီးလိဂ် ဘောလုံးပြိုင်ပွဲကို ကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ကြိုးပမ်းလျက်ရှိရာတွင် မြန်မာအမျိုးသမီးလိဂ် ဘောလုံးပြိုင်ပွဲအား ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ကမ္ဘာ့အဆင့်တွင် နေရာတစ်နေရာရယူထားနိုင်သော်လည်း ပြည်တွင်းပြိုင်ပွဲများ ကျင်းပပေးနိုင်ခြင်း မရှိသဖြင့် အမျိုးသမီးဘောလုံးသမားကောင်းများပေါ်ထွန်းရေး၊ကမ္ဘာ့အဆင့်သို့ အဆင့်အတန်းမီမီ တက်လှမ်းနိုင်စေရေး၊ နိုင်ငံတကာ အဆင့်မီသည့် ပြည်တွင်း မြန်မာအမျိုးသမီးဘောလုံးသမားကောင်းများ ပေါ်ထွန်းလာစေရန် ပြည်တွင်းပြိုင်ပွဲကောင်းများ ကျင်းပပေးနိုင်ရန်အတွက်ယခုကဲ့သို့ အမျိုးသမီးလိဂ်ပြိုင်ပွဲများကိုကျင်းပရန် စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ အမျိုးသမီးကမ္ဘာ့ဖလား အုပ်စုပွဲစဉ်တွေကို လက်ခံကျင်းပချင်တယ်ဆိုရင် ပြည်တွင်းလိဂ်ပြိုင်ပွဲတွေရှိမှ ဖြစ်မှာပါ။ အဲဒါကြောင့် အခုလို အမျိုးသမီးပြည်တွင်းလိဂ်ပြိုင်ပွဲတွေ ကျင်းပနိုင်ဖို့စီစဉ်ရတာပါ" ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းသည် ယခုအခါတွင် ဖီဖာ၏ ဇွန်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်ထုတ်ပြန်ချက်များအရ ကမ္ဘာ့အဆင့် ၄၃ တွင်ရပ်တည်နေကြောင်း သိရသည်။

# ရန်ကုန်အသင်း၏ဂျာစီ အသုံးအဆောင်များအတွက် ထိုင်းကုမ္ပဏီ Grand Sport Group နှင့် တစ်နှစ်စာချုပ် ချုပ်ဆို

မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်ယူနိုက်တက်အသင်းသည် အသင်း၏ ဂျာစီအပါအဝင် အားကစားအသုံးအဆောင်ပစ္စည်းများအတွက် ထိုင်းနိုင်ငံမှ အားကစားပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သည့် Grand Sport Group နှင့် တစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ယခုနှစ်ရာသီတွင် ရန်ကုန်ယူနိုက်တက်အသင်း၏ ဂျာစီကိုအဓိကစပွန်ဆာပေးထားသည့် Grand Sports Group နှင့် ရန်ကုန်ယူနိုက်တက်တို့သည် လာမည့်နှစ် ဘောလုံးရာသီအတွက် စပွန်ဆာပေးခြင်းစာချုပ်ချုပ်ဆိုပွဲကို ထိုင်းနိုင်ငံတွင် ဩဂုတ်လ ၁၁ရက်နေ့က ကျင်းပခဲ့ခြင်းဖြစ်သည်။

"၂၀၁၆ ခုနှစ်ဘောလုံးရာသီအတွက် အသင်းရဲ့ဂျာစီနဲ့ ကျန်တဲ့အားကစားအသုံးအဆောင်တွေအတွက် စပွန်ဆာပေးထားတာပါ။ စာချုပ်သက်တမ်းက တစ်နှစ်ပါ။ ဒီ Grand Sport Group ဟာ အာဆီယံနိုင်ငံများသာမက အာရှနိုင်ငံများမှာပါ အောင်မြင်မှုရရှိနေတဲ့ ကုမ္ပဏီတစ်ခုပါ"ဟု ရန်ကုန်ယူနိုက်တက်အသင်း၏ မီဒီယာတာဝန်ခံ ဦးအောင်ပိုင်က ပြောကြားခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ယခင်နှစ်ဘောလုံးရာသီများက အားကစားကုမ္ပဏီတစ်ခုဖြစ်သည့် FBT မှ အားကစားပစ္စည်းအသုံးအဆောင်များ ဝယ်ယူသုံးစွဲခဲ့ရပြီး ၂၀၁၅ ခုနှစ်တွင် Grand Sport Group နှင့် အကျိုးတူပူးပေါင်းကာ ၂၀၁၆ ဘောလုံးရာသီအတွက် ထပ်မံစာချုပ်ချုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ Grand Sport Group ကုမ္ပဏီသည် ရန်ကုန်မြို့တွင်အားကစားပစ္စည်းအရောင်းဆိုင် လာရောက်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိပြီးရန်ကုန်ယူနိုက်တက်အသင်းက ကူညီပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုနှစ်ရာသီတွင် လိဂ်ဖလားချန်ပီယံဖြစ်ရန် အခြေအနေကောင်းတစ်ခုကို ပိုင်ဆိုင်ထားသည်။ ပွဲစဉ် ၁၇ ပွဲယှဉ်ပြိုင်ပြီးချိန်တွင် ၁၃ ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ရရှိထားပြီး အမှတ်ပေးဇယားကို ဦးဆောင်လျက်ရှိသည်။




# ပဏာမမြန်မာ့လက်ရွေးစင်အသင်းတွင် ယူ-၂၀နှင့် ယူ-၂၃အသင်းမှ ကစားသမားများပါဝင်လာ

ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် ပြင်ဆင်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကို ကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အဆိုပါ ပဏာမမြန်မာ့လက်ရွေးစင်အသင်းတွင် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းမှ ကစားသမားများနှင့် ယူ-၂၃ အသင်းမှ ကစားသမားများပါဝင်လာကြောင်း သိရသည်။

ယင်းပဏာမလက်ရွေးစင်ကစားသမားများစာရင်းကို ဩဂုတ် ၁၁ ရက်က ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး သက်တမ်းသုံးခုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးတင်မြင့်အောင်ကပြောကြားခဲ့သည်။

"လက်ရွေးစင်အသင်းအတွက် ကစားသမားရွေးချယ်မှုကို နည်းပြစိတ်ကြိုက် လုပ်ဆောင်ခွင့်ပေးခဲ့တယ်။ သူကြိုက်တဲ့ကစားသမားတွေကို ရွေးချယ်ခဲ့ တာပါ။ အဖွဲ့ချုပ်က ဝင်ရောက်စွက်ဖက်ခြင်းမရှိပါဘူး"ဟု ၎င်းက ပြောကြားခဲ့သည်။

လက်ရွေးစင်အသင်း၏နည်းပြဖြစ်သူ အေဗရာမိုဗစ်ချ်သည် ပဏာမမြန်မာ့လက်ရွေးစင်အသင်းကို ဩဂုတ် ၁၇ ရက်တွင် စတင်လေ့ကျင့်မှုများပြုလုပ်မည်ဖြစ်သော်လည်း စခန်းသွင်းလေ့ကျင့်မှုများကိုမူ ဩဂုတ် ၂၁ ရက်မှသာ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် အေဗရာမိုဗစ်ချ်၊ အုပ်ချုပ်သူအဖြစ် ဦးသန်းတိုးအောင်၊ လက်ထောက်နည်းပြအဖြစ် ဦးကြည်လွင်နှင့် ဂိုးနည်းပြအဖြစ် ဦးအောင်သက်တို့က တာဝန်ယူကြမည်ဖြစ်သည်။


# မီတာ ၁၅၀၀ အလွတ်ကူးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိဘဲ အကောင်းဆုံးရေကူးသမားအဖြစ် ဆွန်ယန်း ရွေးချယ်ခံရ

## ပြိုင်ဘက်အသင်းမှ ကစားသမားအချို့ကို အနှောင့်အယှက်ပေးခဲ့သဖြင့် အငြင်းပွားစရာဖြစ်ခဲ့ရ

ရုရှားနိုင်ငံကာဇန်မြို့၌ ကျင်းပခဲ့သည့် World Aquatics Championships ပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ငွေတစ်ခု ဆွတ်ခူးခဲ့သည့် တရုတ်ရေကူးသမားဆွန်ယန်းသည် ပြိုင်ပွဲတစ်ခုလုံး၏ အကောင်းဆုံးရေကူးကစားသမားအဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။

ဆွန်ယန်းသည် မီတာ ၄၀၀ နှင့် ၈၀၀ အလွတ်ကူးတွင် ရွှေတံဆိပ်ရရှိခဲ့ပြီး မီတာ ၂၀၀ အလွတ်ကူးတွင် ငွေတံဆိပ်ရခဲ့သည်။ ရွှေသုံးခုရှင်များဖြစ်သော အဒမ်ပီယာတီ(ဗြိတိန်)၊ ဖလောရင့်မာနော်ဒူ(ပြင်သစ်)တို့ကို ကျော်ဖြတ်အရွေးခံခဲ့ရခြင်းဖြစ်သည်။

ဆွန်ယန်းသည် ပြိုင်ပွဲနောက်ဆုံးနေ့ဖြစ်သည့် ဩဂုတ် ၉ ရက်နေ့တွင် ကျင်းပခဲ့သော မီတာ ၁၅၀၀ အလွတ်ကူးပြိုင်ပွဲတွင်မူ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းမရှိဘဲ ပျက်ကွက်ခဲ့သဖြင့် ပြိုင်ဘက်များအကြား သို့လောသို့လော ဖြစ်ခဲ့ရသည်။ ဆွန်ယန်းမှာ အဆိုပါပွဲစဉ်အမျိုးအစားတွင် ကမ္ဘာ့စံချိန်တင်ထားသူဖြစ်ပြီး ၂၀၁၂ လန်ဒန်အိုလံပစ်နှင့် ၂၀၁၃ ကမ္ဘာ့ချန်ပီယံရှစ်တို့တွင်လည်း ဗိုလ်စွဲခဲ့သည်။



ဆွန်ယန်း ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိသဖြင့် အီတလီရေကူးသမား ပယ်ထရီနီရီက ဥရောပစံချိန်သစ်တင်၍ ဗိုလ်စွဲခဲ့သည်။ နောက်ပိုင်းတွင် ဆွန်ယန်းက နှလုံးနှင့်ပတ်သက်သော ဝေဒနာ တစ်မျိုးကြောင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုခဲ့ခြင်းသာဖြစ်သည်ဟုဖြေရှင်းခဲ့သည်။

ဆွန်ယန်းသည် ရေကူးသမားဘဝ တစ်လျှောက်တွင် မကြာခဏအငြင်းပွားစရာများ ပြုလုပ်ခဲ့သူဖြစ်သည်။ ပြီးခဲ့သည့်နှစ်ကလည်း ပိတ်ပင်ထားသည့် အားဖြည့်အစားအစာ တစ်မျိုးကို သုံးစွဲခဲ့သဖြင့် ပြိုင်ပွဲဝင်ခွင့် သုံးလ ပိတ်ပင်ခံခဲ့ရသေးသည်။

ပြိုင်ပွဲအပြီး နောက်တစ်ရက်တွင် ဆွန်ယန်းနှင့်ပတ်သက်၍ ပြိုင်ဘက်အသင်းနည်းပြအချို့က ၎င်းတို့အသင်းမှ ကစားသမားများကို အနှောင့်အယှက်ပေးခဲ့သည်ဟု စွပ်စွဲခဲ့ကြရာ ၎င်းအား အကောင်းဆုံးဆုပေးခဲ့ခြင်းမှာ အငြင်းပွားစရာဖြစ်ခဲ့ရသည်။

ဘရာဇီးရေကူးအသင်းနည်းပြ အယ်လ်ဘာတိုဆေးဗား က ဆွန်ယန်းသည် သွေးပူလေ့ကျင့်ခန်းလုပ်နေစဉ် ၎င်း၏ အသင်းမှ ရေကူးမယ်တစ်ဦး၏ ခြေထောက်ကို ဆွဲခဲ့ကြောင်း၊ သူမက ဒေါသဖြင့် ပြန်ကြည့်သည့်အခါ တံတောင်ဖြင့် တွက်ခြင်း၊ ခြေထောက်ဖြင့် ကန်ခြင်းများကို ပြုလုပ်ရန် ကြိုးစားခဲ့သည်ဟုစွပ်စွဲခဲ့သည်။

တရုတ်ရေကူးအဖွဲ့သည် ရွှေတံဆိပ် ၁၅ခု၊ ငွေတံဆိပ် ၁၀ ခု၊ ကြေးတံဆိပ် ၁၀ ခုဖြင့် နိုင်ငံအလိုက် ဗိုလ်စွဲခဲ့ပြီး အမေရိကန်က ဒုတိယသာရခဲ့သည်။



# အေမာခန်းနှင့် မန်နီပက်ကွီယိုတို့ ၂၀၁၆ခုနှစ်တွင် ယူအေအီး၌ ယှဉ်ပြိုင်ထိုးသတ်ကြရန် သဘောတူညီမှုရ

ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပက်ကွီယိုနှင့် ဗြိတိသျှလက်ဝှေ့ကျော် အေမာခန်းတို့သည် လာမည့် ၂၀၁၆ ခုနှစ်အတွင်း ယှဉ်ပြိုင်ထိုးသတ်ကြရန် သဘောတူညီမှုရရှိထားပြီဖြစ်ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။

ယင်းပွဲဖြစ်မြောက်ရန်အတွက် ပက်ကွီယို၏လက်ဝှေ့ပွဲသွင်းသူ ဘော့အာရမ်က စီစဉ်မည်ဖြစ်ပြီး ယှဉ်ပြိုင်ထိုးသတ်မည့်နေရာကို ယူအေအီးနိုင်ငံဟု သတ်မှတ်ထားကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဘော်လ်တွန်အခြေစိုက် ဗြိတိန်နိုင်ငံသား အေမာခန်းသည် ပြီးခဲ့သည့် မေလအတွင်းက ခရစ်အယ်လ်ဂေါရီနီနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ အဆိုပါပွဲတွင် အေမာခန်းသည် အနိုင်ရရှိခဲ့ပြီးနောက် ပက်ကွီယိုကို အနိုင်ရရှိခဲ့သည့် မေဝယ်သာနှင့် ထိုးသတ်နိုင်ရန် စီစဉ်ခဲ့သည်။

အစပိုင်းတွင် မစ္စတာမန်နီးဟုခေါ်သည့် မေဝဲသားက အေမာခန်း၏ စိန်ခေါ်မှုကို လက်ခံမည်ဟု အကြောင်းပြန်ခဲ့သော်လည်း သဘောတူစာချုပ် ချုပ်ဆိုရန် နီးကပ်လာချိန်တွင် ၎င်းနှင့်တစ်နိုင်ငံတည်းသားဖြစ်သူ အန်ဒရေဘာတိုနှင့်သာ ထိုးသတ်ရန် စာချုပ်ချုပ်ဆိုခဲ့သဖြင့် အေမာခန်းနှင့်ထိုးသတ်မည့်ပွဲမှာ ပျက်ပြယ်ခဲ့ရသည်။

ယခုအခါအေမာခန်းနှင့် ပက်ကွီယိုတို့၏ ထိုးသတ်ပွဲဖြစ်မြောက်ရန်အတွက် ဘော့အာရမ်အား တိုက်တွန်းလျက်ရှိကြောင်း အေမာခန်းကပြောကြားခဲ့သည်။

“ကျွန်တော်တို့နှစ်ယောက်ရဲ့ပွဲကတော့ ဖြစ်ဖို့ရာနှုန်းများပါတယ်။ ဒုဘိုင်းမှာရှိတဲ့မျက်လုံးတွေက ကျွန်တော်တို့ နှစ်ယောက်ရဲ့လက်သီးချက်တွေကို မြင်ချင်ကြမှာပါ”ဟု အေမာခန်းက ပြောကြားခဲ့သည်။

# ၁၈ ကျင်းအပြည့် လေ့ကျင့်ကစားနိုင်ခဲ့ပြီးနောက် ကြံ့ခိုင်မှုများရရှိနေပြီဟု မက်အီရွိုင်း ကြေညာ

ကမ္ဘာ့အဆင့်တစ်ဂေါက်သီးသမား ရိုရီမက်အီရွိုင်းသည် ပြီးခဲ့သည့်ဩဂုတ် ၉ရက်က ၁၈ ကျင်းအပြည့်လေ့ကျင့်ကစားနိုင်ခဲ့ပြီးနောက် US PGA Championship ပြိုင်ပွဲအတွက် ကြံ့ခိုင်မှုအပြည့်အဝရရှိနေပြီဟု ကြေညာခဲ့သည်။

မက်အီရွိုင်းသည် လွန်ခဲ့သည့် ဇူလိုင် ၄ ရက်က သူငယ်ချင်းများနှင့်အတူ ဘောလုံးကစားစဉ် ခြေကျင်းဝတ်အရွတ်စုတ်ပြဲဒဏ်ရာရရှိခဲ့ကာ ဂေါက်သီးကစားခြင်းမှ အနားယူခဲ့ရသည်။

၎င်းသည် အဆိုပါဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူခဲ့ရသဖြင့် ဗြိတိသျှအိုးပင်း ပြိုင်ပွဲအပါအဝင် ပြိုင်ပွဲအချို့ကိုလွဲချော်ခဲ့ရသည်။ ၎င်းနောက်ဆုံးကစားခဲ့သည့် ပြိုင်ပွဲမှာ ဇွန်လအတွင်းကျင်းပခဲ့သော US Open ပြိုင်ပွဲဖြစ်ပြီး ပူးတွဲအဆင့် ၉ ရရှိခဲ့သည်။ ဒဏ်ရာတဖြည်းဖြည်း သက်သာလာသော မက်အီရွိုင်းသည် ယခုနှစ် PGA Championship ပြိုင်ပွဲကျင်းပမည့် Whistling Straits ဂေါက်ကွင်းတွင် ၁၈ ကျင်းအပြည့် လေ့ကျင့်ကစားခဲ့ပြီးနောက် ယခုကဲ့သို့ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

၎င်း၏ကြံ့ခိုင်မှုအခြေအနေမှာ ပုံမှန်ပြန်ဖြစ်နေပြီး အကောင်းဆုံးပုံစံဖြင့် ပြန်လည်ကစားနိုင်ရန် သေချာနေပြီဟု မက်အီရွိုင်းက ဆိုခဲ့သည်။

# Bridgestone ပြိုင်ပွဲတွင် ကစားသမားဘဝ အကြီးကျယ်ဆုံးဆုဖလား ရှိန်းလော်ရီ ဆွတ်ခူး

အိုင်ယာလန် ဂေါက်သီးသမား ရှိန်းလော်ရီသည် WGC Bridgestone ပြိုင်ပွဲတွင် ၎င်း၏ကစားသမားဘဝ အကြီးကျယ်ဆုံး ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

အိုဟိုင်းယိုးပြည်နယ် Firestone Country Club ၌ကျင်းပသောပြိုင်ပွဲတွင်ရှိန်းလော်ရီ(၂၈နှစ်)မှာ စုစုပေါင်း ရိုက်ချက် ၁၁ချက်လျှော့ရိုက်ကာ ၂၆၉ ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ယခုအောင်မြင်မှုကြောင့် ကမ္ဘာ့အဆင့် ၄၈မှ ထိပ်ဆုံး ၂၀ ဦးစာရင်းဝင်လာသော လော်ရီမှာ အဖွင့်နေ့တွင် အချက် ၇၀ ချက်သာ ရိုက်နိုင်ခဲ့သလို တတိယနေ့အပြီးတွင်လည်း ဂျက်စတင်ရို့စ်နှင့် ဂျင်ဖြူရက်ခ်တို့၏ နောက် တတိယနေရာတွင်သာ ရှိနေခဲ့သည်။

နောက်ဆုံးနေ့တွင်မှာ လော်ရီသည် ဘာဒီလေးကြိမ်ရပြီး ၆၆ ချက်ရိုက်နိုင်ခဲ့သဖြင့် မာစတာ နှစ်ကြိမ်ချန်ပီယံ ဘက်ဘာဝက်ဆန်အား နှစ်ချက်အသာဖြင့် ဗိုလ်စွဲခဲ့သည်။

၇၂ ချက်စီသာရိုက်နိုင်ခဲ့သော ရို့စ်နှင့်ဖြူရက်ခ်တို့မှာမူ ပူးတွဲ တတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ ရှိန်းလော်ရီသည် ယခင်က ဥရောပတိုးပြိုင်ပွဲငယ်များဖြစ်သည့် အိုင်းရစ်အိုးပင်းနှင့် ပေါ်တူဂီမာစတာတို့တွင်သာ ဗိုလ်စွဲခဲ့သူဖြစ်ပြီး ယခု WGC Bridgestone ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သဖြင့် PGA Tour ပြိုင်ပွဲများ၌ လာမည့် သုံးနှစ်ဆက် ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။



# စီတီအိုးပင်းတွင်ဗိုလ်စွဲပြီးနောက် ယူအက်စ်အိုးပင်းအတွက် နီရှီကိုရီ ယုံကြည်မှုပိုရှိလာ

ဂျပန်တင်းနစ်သမား နီရှီကိုရီသည် ဝါရှင်တန်၌ ကျင်းပပြီးစီးခဲ့သည့် စီတီ အိုးပင်းပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီးနောက် ယူအက်စ်အိုးပင်းပြိုင်ပွဲအတွက် ယုံကြည်မှု မြင့်တက်လာခဲ့သည်။

နီရှီကိုရီသည် အမေရိကန် တင်းနစ်ကစားသမား ဂျွန်အစ္စနာအား နှစ်နာရီနီးပါးကြာ အကြိတ်အနယ် ကစားပြီး ၄-၆၊ ၆-၄၊ ၆-၄ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

စီတီအိုးပင်း ဗိုလ်လုပွဲစဉ်သို့ ခြောက်ကြိမ် တက်ရောက်ခဲ့ရာ၌ သုံးကြိမ်မြောက်ရှုံးနိမ့်ခဲ့ရသော အစ္စနာမှာ Aces ၁၈ ကြိမ်ရရခဲ့သော်လည်း လက်စွမ်းတည်ငြိမ်ပြီး အမှားအယွင်းနည်းသည့် နီရှီကိုရီကို အရှုံးပေးခဲ့ရသည်။

ယခုရာသီတွင် ဖလားသုံးလုံးဆွတ်ခူးခဲ့ပြီးဖြစ်သည့် နီရှီကိုရီသည် ပြီးခဲ့သည့်နှစ် ယူအက်စ်အိုးပင်းပြိုင်ပွဲတွင် ဖိုင်နယ်အထိတက်ခဲ့ပြီး ခရိုအေးရှားတင်းနစ်သမား မာရင်စီလစ်ကို ရှုံးနိမ့်ခဲ့ရသည်။

ယခုနှစ်အတွင်း ကျင်းပခဲ့သည့် ဂရင်းဆလင်ပြိုင်ပွဲသုံးခုတွင် ဝင်ဘယ်ဒန်ပြိုင်ပွဲ၌ ဒုတိယအဆင့်မှပြုတ်ခဲ့သော်လည်း ဩစီအိုးပင်းနှင့်ပြင်သစ်အိုးပင်းတို့တွင် ကွာတားတက်ခဲ့သော နီရှီကိုရီက ယမန်နှစ်ကကဲ့သို့ စွမ်းဆောင်နိုင်ရန် မျှော်လင့်နေသည်။

နီရှီကိုရီသည် စီတီအိုးပင်းတွင် ဗိုလ်စွဲခဲ့ခြင်းကြောင့် ကမ္ဘာ့အဆင့် ငါးမှလေးသို့ မြင့်တက်လာခဲ့ပြီး ထိပ်ဆုံးသုံးဦး စာရင်းဝင်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။

# ကုန်သွယ်မှုမြှင့်တင်ရေးအတွက်
# အုတ်တစ်ချပ်ဖြစ်စေ – သဲတစ်ပွင့်ဖြစ်စေ

|မောင်မောင်အေး - လွိုင်ကော်|




ကယားပြည်နယ်နဲ့ မယ်ဟောင်ဆောင်ပြည်နယ် ကုန်စည်ပြပွဲက ၂၀၁၅ ဇူလိုင်လ ၂၆၊ ၂၇၊ ၂၈ ရက်အထိ ၃ ရက်ကျင်းပဖို့လျာထားခဲ့ပေမယ့် ပထမတစ်ရက်မှာပဲ ထိုင်းဘက်က ကုန်သည်တွေပြခန်းတော်တော်များမှာ ပစ္စည်းပြတ်လပ်သွားခဲ့ကြတယ်။ ဇူလိုင်လ ၂၇ ရက်နေ့မှာတော့ သူတို့ပြခန်းတွေထဲက အချို့ကိုပေါင်းပြီး ပြသရောင်းချနေကြတာ တွေ့ရပါတယ်။ ပြခန်းတွေကိုချုံ့လိုက်တော့ လူတွေအားနေတာပေါ့၊ အပြင်ဘက်မှာ မိုးကလည်း မပြတ်ရွာနေတော့ အဲဒီအချိန်မှာ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အမြတ်ထုတ်လိုက်ကြောင်း ဒီနေရာကနေ ကြုံတုန်းဝန်ခံလိုက်စမ်းပါရစေ။

ဇူလိုင်လ ၂၇ ရက်နေ့လယ် ၁း၀၀ နာရီနှစ်နိုင်ငံနှစ်ဖက်ကုန်သည်များ မျက်နှာစုံညီ ကုန်သွယ်မှုဆွေးနွေးပွဲ လုပ်ပါမယ်လို့ ကယားပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးကို ခွင့်တောင်းပြီး ခွင့်ပြုချက်ရတာနဲ့ ထိုင်းဘက်က တာဝန်ရှိသူတွေနဲ့ ထိုင်းကုန်သည်တွေကို ပြောပြချိန်းဆိုလိုက်ပြီး၊ မြန်မာဘက် ကယားပြည်နယ်မှ ဌာနဆိုင်ရာအကြီးအကဲ အချို့ကိုလည်း ဖိတ်ကြား ကယား CCI အသင်း အလုပ်အမှုဆောင် အဖွဲ့နှင့် အသင်းသားများ၊ မယ်စဲ့နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ အလုပ်အမှုဆောင်နှင့် အသင်းသားများ ခရီးသွားလုပ်ငန်းများနဲ့ ဆက်စပ်ပတ်သက်တဲ့ လူမှုအဖွဲ့အစည်းလုပ်ငန်းရှင်များကို ဖိတ်ကြားခဲ့ပါတယ်။

ဒီကုန်သွယ်မှုတွေ့ဆုံပွဲကို ကျင်းပပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ နှစ်နိုင်ငံ ကုန်သည်အချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း အဆက်အသွယ်၊ အချိတ်အဆက်များရရှိပြီး မပြတ်တမ်းထိတွေ့ကြစေရန်၊ ဒီဘက်ကပို့လျှံတဲ့ တင်ပို့နိုင်တဲ့ တင်ပို့နေကျ ကုန်ပစ္စည်းများကို သတင်းပေးလိုပြီး သူတို့ဘက်ကတင်သွင်းနိုင်တဲ့ ကုန်ပစ္စည်းအခြေအနေများကိုလည်း သိစေချင်တယ်။ ထိုင်းနိုင်ငံမှာ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Tambon One Product) စနစ် ဘာကြောင့် အောင်မြင်နေရသလဲ၊ ဘယ်လိုပုံစံနဲ့ လုပ်ကိုင်နေသလဲ၊ဘယ်လိုဝင်ငွေတွေရပြီး ဘယ်လိုထောက်ပံ့မှုတွေရသလဲ ဆိုတာကိုလည်းသိစေချင်တယ်။ မယ်စဲ့နယ်စပ်ကုန်သွယ်ရေး ထာဝရလမ်းကြောင်းပွင့်သွားရင် ဘယ်လိုကူးသန်းရောင်းဝယ်ကြမယ်ဆိုတဲ့ အစီအမံများလည်း လျာထား ချင်တယ်။ ကုန်စည်ကူးသန်းမှုအပြင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပါ အဓိကအသုံးဝင်လာမည့်လမ်းကြောင်းသစ် တစ်ခုဖြစ်တာကြောင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဗဟုသုတများနှင့်မျှဝေစေလိုတဲ့ စေတနာ ရည်ရွယ်ချက်များနဲ့ ကျင်းပပြုလုပ်ခဲ့တာဖြစ်ပါတယ်။

နေ့လယ် ၁း၀၀ နာရီမှာတော့ လွိုင်ကော်မြို့ မြို့တော်ခန်းမထဲမှာပဲ စားပွဲဝိုင်း သုံးဝိုင်းဆက်ပြီး နှစ်နိုင်ငံ ကုန်သွယ်မှုတွေ့ဆုံပွဲကျင်းပပြုလုပ်ခဲ့ပါတယ်။ ကယားပြည်နယ် ဌာနဆိုင်ရာများအနေနဲ့ ကုန်သွယ်မှုမြှင့် တင်ရေးနဲ့ စားသုံးသူရေးရာဦးစီးဌာန၊ ဟိုတယ်ခရီး၊ စက်မှုကြီးကြပ်၊ အကောက်ခွန်၊ ရက်ကန်း သင်တန်းကျောင်း၊ သမဝါယမဦးစီးဌာနတို့နဲ့အတူ ကယား CCI ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ မယ်စဲ့ နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း အလုပ်အမှုဆောင်များ၊ လွိုင်ကော်စက်မှုရပ်ကွက်ကြီးကြပ်ရေး ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ လူမှုအဖွဲ့အစည်းမှ တာဝန်ရှိသူများ စုစုပေါင်း ၂၀ ဦးတက်ရောက်ကြပါတယ်။

ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ဘက်မှ အုပ်ချုပ်ရေးမှူးရဲ့ အတိုင်ပင်ခံ၊ OTOP ဥက္ကဋ္ဌနဲ့ အလုပ်အမှုဆောင်များ၊ ပြပွဲလာ လုပ်ငန်းရှင်များ စုစုပေါင်း ၁၂ ဦးတက်ရောက်ခဲ့ကြပါတယ်။ ဆွေးနွေးပွဲစတာနဲ့ ထိုင်းနဲ့မြန်မာ တက်ရောက်သူအားလုံး တစ်ဦးချင်းမိတ်ဆက်ကြပါတယ်။

စာရေးသူကပဲ ဦးဆောင်ဆွေးနွေးသူအနေနဲ့ ကြိုဆို နှုတ်ခွန်းဆက်စကားများ ပြောကြားပြီး၊ ကယားပြည်နယ်အကြောင်း၊ ပေါကြွယ်လှသော သဘာဝအရင်းအမြစ်များ၊ စွမ်းအင်များ၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်တဲ့ အခွင့်အလမ်းများကို ရှင်းလင်းတင်ပြခဲ့ပါတယ်။ ကဏ္ဍအလိုက်ရှင်းလင်းဆွေးနွေးရာမှာ-

- ကယားပြည်နယ်မှာ စိုက်ပျိုးရန်အတွက် မြေလွတ်မြေရိုင်းများစွာရှိနေကြောင်း၊ အစေ့ထုတ်ပြောင်းများစွာ စိုက်ပျိုးထွက်ရှိကြောင်း၊ မယ်ဟောင်ဆောင်ပြည်နယ်မှ စိုက်ပျိုးရေးအခြေခံသည့် တန်ဖိုးမြှင့်စက်ရုံ၊ အလုပ်ရုံများ လာရောက်လုပ်ကိုင်ရင်းနှီးမြှုပ်နှံမည်ဆိုပါက ကြိုဆိုပါကြောင်း၊
- ကယားပြည်နယ်မှာ သဘာဝကျောက်တောင်နှင့် သတ္တုသိုက်များ ပေါများကြောင်း၊ ခဲ၊ ခဲမဖြူ ခနောက်စိမ်းများ မော်ချီးဒေသမှာထွက်ရှိကြောင်း၊ အိမ်များ၊ ရုံးများ၊ ဟိုတယ်ခန်းမများမှာ သဘာဝအလှဆင်ကျောက်ပြားများ ပြုလုပ်နိုင်တဲ့ မာဘယ်ကျောက်တောင်များစွာရှိကြောင်း၊ ကျောက်ပြားစက်ရုံ လာရောက်တည်ထောင်လိုပါက အခွင့်အလမ်းရှိကြောင်း၊
- ကယားပြည်နယ်မှာ ရာသီဥတုမျှတပြီး စားကျက်မြေများပေါများတဲ့အတွက် စီးပွားဖြစ်မွေးမြူရေး လုပ်ငန်းများလုပ်ကိုင်ရင်းနှီးမြှုပ်နှံနိုင်ပါကြောင်း၊
- လွိုင်ကော်မြို့ရှိ စက်မှုရပ်ကွက်မှာ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ တည်ရှိပြီးဖြစ်ကြောင်း၊ ထိုင်းနိုင်ငံဘက်မှ စက်ရုံ၊ အလုပ်ရုံများ၊ ကား၊ ဆိုင်ကယ်၊ စက်ဘီးတပ်ဆင်စက်ရုံများ၊ CMP လုပ်ငန်းများ လာရောက်ထူထောင် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း၊
- ကယားပြည်နယ်မှာ ဝါးတော၊ သစ်တောများ၊ ပေါကြွယ်ဝဆဲဖြစ်တဲ့အတွက် ဝါးအခြေခံ၊ သစ်အခြေခံ၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့်စက်မှုလက်မှုလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင် ပါကြောင်း၊
- ထိုင်းနိုင်ငံရှိ အောင်မြင်နေတဲ့ OTOP လုပ်ငန်းများ စတင်တည်ထောင်ပုံ၊ ပူးပေါင်းဆောင်ရွက်ပုံ၊ ရင်းနှီးမြှုပ်နှံပုံ၊ အထောက်အပံ့ရရှိမှု၊ ဈေးကွက်ဝင်ပစ္စည်းများထုတ်လုပ်ပုံများကို မျှဝေပေးစေလိုပါကြောင်း၊
- ယခုအခါ မယ်စဲ့ နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ ကယားပြည်နယ်မှာ ဖွဲ့စည်းပြီးဖြစ်တဲ့အတွက် နှစ်နိုင်ငံနယ်စပ်ကုန်သည်များ၊ အသင်းများအချင်းချင်း ရင်းရင်းနှီးနှီးထိတွေ့ပြီး အဆက်အသွယ်များ ချိတ်ဆက်မိစေလိုကြောင်း၊
- နှစ်နိုင်ငံခရီးသွားလုပ်ငန်းနှင့် ပတ်သက်ပြီး ခရီးသွားကုမ္ပဏီအချင်းအချင်း၊ နှစ်ဖက်ခရီးစဉ်များ ပူးပေါင်းရေးဆွဲခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း၊ နည်းပညာဖလှယ်ခြင်းများ၊ ပိုမိုနီးနီးကပ်ကပ်ထိတွေ့ ဆက်ဆံခြင်းနှင့် ပြုလုပ်ပြီး အသာစီးရမှုကို ဦးစားမပေးဘဲ Win -Win Situation ဖြစ်အောင်ကြိုးပမ်းဆောင်ရွက်သွားကြရန် နှိုးဆော်ပြောကြားခဲ့ပါတယ်။

ထိုင်းနိုင်ငံမယ်ဟောင်ဆောင်ပြည်နယ် အုပ်ချုပ်ရေးမှူးရုံး အတိုင်ပင်ခံမှ မိမိတို့လည်း B.P ၁၃ နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်း တရားဝင်ဖွင့်လှစ်ခွင့်ရရှိရန် ထိုင်းနိုင်ငံအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အဆင့်နဲ့ နိုင်ငံတော်အဆင့် MOU များရေးထိုးပြီးပါက ယခုထက်ပိုပြီး ပညာရေး၊ လူမှုရေး၊ ကုန်သွယ်ရေးခရီးသွားလုပ်ငန်းများ၊ နှစ်ဖက်ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း B.P ၁၃ မှ လမ်းကြောင်းများပြုပြင်ရန် ဆောင်ရွက်ထားသကဲ့သို့ ဟွေးတနုံးရွာမှာ ထိုင်းဘက်မှ OSS အဖွဲ့များအတွက် နေရာပေးရန် စီမံထားကြောင်းနှင့် ယခုကဲ့သို့ ကယားပြည်နယ်တွင် ရင်းနှီးမြှုပ်နှံနိုင်တဲ့ အခွင့်အလမ်းများကို ထိုင်း နိုင်ငံအစိုးရသို့ တရားဝင်တင်ပြသွားမည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားပါတယ်။

တစ်ဖန်ထိုင်းနိုင်ငံ OTOP အဖွဲ့ဥက္ကဋ္ဌမှလည်း OTOP အဖွဲ့အစည်းအား ထိုင်းဘုရင်နှင့် မိဖုရားတို့က အဓိကထောက်ပံ့မတည်ပေးကြောင်း၊ ကျေးရွာမှ ထုတ်ကုန်ကုန်ကြမ်းများကို အရင်းအနှီးပြုရကြောင်း၊ အော်ဂဲနစ်လည်း ဖြစ်ရကြောင်း၊ စက်မှုလက်မှုနည်းပညာများနှင့် ထုတ်လုပ်တဲ့ မိသားစုလုပ်ငန်းများဖြစ်ကြောင်း၊ OTOP ရဲ့ ရည်ရွယ်ချက်မှာ အောက်ခြေလုပ်ငန်းငယ်များ ခိုင်မာတောင့်တင်းမှ ပိုမိုကြီးမားသော လုပ်ငန်းများအဆင့်သို့ အလွယ်တကူတက်လှမ်းနိုင်မှာဖြစ်ကြောင်း ရှင်းလင်းပြောကြားပါတယ်။

ဆက်လက်၍ ဆွေးနွေးပွဲမှာ နှမ်းသီးနှံကုန်ကြမ်းများ တင်ပို့ရောင်းချရေး၊ အရည်အသွေး အရောင်သတ်မှတ်ရေး၊ ကောက်ညှင်းဆန်များ တင်ပို့ရောင်းချရေးကိစ္စရပ်များကို ထိုင်းကုန်သည်နှင့် မြန်မာကုန်သည်များ လက်တွေ့ဆွေးနွေးညှိနှိုင်းကြပါတယ်။ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်ပြီး နှစ်နိုင်ငံအဖွဲ့အစည်းအချင်းချင်းဆက်သွယ်ချိတ်ဆက်ပြီး အပြန်အလှန်လည်ပတ်ရေး၊ လေ့လာရေး၊ ခရီးသွားလာရေးများကို ဆွေးနွေးနိုင်ခဲ့ကြပါတယ်။ ထိုင်းအဖွဲ့ဟာ ညနေပိုင်းမှာ ပြပွဲပစ္စည်းများသိမ်းဆည်းပြီး ဇူလိုင် ၂၈ ရက်နေ့မှာ လွိုင်ကော်မြို့ ပုဗ္ဗာရုံကျောင်းတိုက်မှာ ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းပြီး မယ်ဟောင်ဆောင်သို့ ပြန်လည်ထွက်ခွာသွားကြပါတယ်။

လောကကြီးမှာ အကြောင်းကြောင့် အကျိုးဖြစ်ရတယ်လို့ ဗုဒ္ဓမြတ်စွာကလည်းဟောကြားတော်မူတဲ့အတိုင်း ယနေ့အကျိုးများစွာဖြစ်ရခြင်းများဟာ ရှေးယခင့်ယခင်က အကြောင်းဆက်များကြောင့်ပဲဆိုတာ ယုံကြည်ပါတယ်။ ဒါကြောင့် နောင်ကာလတစ်ချိန်ချိန်မှာ ကယားပြည်နယ်နဲ့ မယ်ဟောင်ဆောင်ပြည်နယ်၊ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ နှစ်နိုင်ငံအကျိုးစီးပွားအဖြစ် ကုန်သွယ်မှုပမာဏများ မြင့်မားတိုးတက်လာခြင်း အကျိုးကျေးဇူးဟာလည်း ဇူလိုင် ၂၇ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ ကုန်သွယ်မှုဆွေးနွေးပွဲဆိုတဲ့ အကြောင်းဟာ အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါတန်ကောင်းပါရဲ့လို့-------။

# အဆင့်မြင့်အပ်ချုပ်သင်တန်းအမှတ်စဉ်(၂၅)နှင့် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၂၉) သင်တန်းဆင်းပွဲများကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်၊ ဆားလင်းကြီး၊ ပုလဲမြို့နယ်များတွင် နယ်စပ် ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်း ကျောင်းများ ထားရှိ၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အိမ်တွင်းမှုလုပ်ငန်းပညာဝါသနာပါသော အမျိုးသမီးငယ်များကို ခေါ်ယူစုစည်း၍ သင်တန်းဖွင့်လှစ်သင်ကြားပေးနေပါတယ်။

ဩဂုတ်လ ၇ ရက်နေ့က ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့ရှိ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် အဆင့်မြင့်အပ်ချုပ် သင်တန်းအမှတ်စဉ် ၂၅နှင့် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၂၉)သင်တန်းဆင်းပွဲကို နံနက် ၈း၀၀ နာရီတွင် ကျင်းပခဲ့ပါတယ်။ သင်တန်းဆင်းပွဲကို စစ်ကိုင်းတိုင်းဒေသကြီး နယ်စပ်ရေးရာနှင့် လုံခြုံရေးရာဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင် တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားရာမှာ ယခုအချိန်အထိ အဆင့်မြင့်စက်ချုပ်ပညာတတ်မြောက်သူ ၃၃၂ ဦး၊ အခြေခံအိမ်တွင်းမှုအသက်မွေးလုပ်ငန်းပညာတတ်မြောက်သူ ၁၄၆၄ ဦးရှိပြီး မိမိလုပ်ငန်းလုပ်ကိုင် သူ ၇၃၁ ဦးနှင့် ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံများတွင် သွားရောက်လုပ်ကိုင်သူ ၆၁ ဦးရှိကြောင်း ပြောကြားသွားပါသည်။

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသည် သင်တန်းကာလ ၁၄ ပတ်ကြာမြင့်ခဲ့ ပြီး အဆင့်မြင့်အပ်ချုပ်ပညာ ကိုးမျိုး၊ အခြေခံစက်ချုပ်ပညာ ၁၃ မျိုး၊ သိုးမွေးစက်ဆွဲပညာ ကိုးမျိုးနှင့် မြန်မာ့ရိုးရာ မုန့်လုပ်နည်းများနှင့် ဟင်းလျာချက်ပြုတ်နည်းပညာများ ပါဝင်ကြောင်း သိရှိရပါသည်။

**သန်းပို- ယင်းမာပင်**

# ဟောပြောပွဲများ ပါဝင်သည့် ၂၀၁၅ ခုနှစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာကုန်စည်ပြပွဲများ (Agri-Livestock-Aqua Expo 2015) ပြသမည်




တတိယအကြိမ်မြန်မာ့နိုင်ငံတကာ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲ(The 3rd International Exhibition & Conference on Agriculture Industry in Myanmar)နှင့် ဒုတိယအကြိမ် မွေးမြူရေးနှင့်ရေလုပ်ငန်းဆိုင်ရာကုန်စည်ပြပွဲများ (The 2nd International Exhibition & Conference on Livestock and Aqua Fisheries in Myanmar)ကို ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် လာမည့်အောက်တိုဘာလ ၁၄ ရက်နေ့ မှ ၁၆ ရက်နေ့အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို Minh Vi Exhibition & Advertisement Services Co. Ltd. မှ စီစဉ်ကျင်းပခြင်း ဖြစ်ပြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်နှင့်မြန်မာ နိုင်ငံသစ်သီးဝလံပန်းမန်နှင့်ဟင်းသီး ဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချ သူများအသင်းတို့ပူးပေါင်းပါဝင်ကျင်းပသည့် ပြပွဲဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲတွင် ဗီယက်နမ်၊ ထိုင်း၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ ဒိန်းမတ်၊ အမေရိကန်နှင့်တူရကီနိုင်ငံတို့မှရေလုပ်ငန်းသုံးပစ္စည်းများ၊ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းသုံးပစ္စည်းများ၊ တိရစ္ဆာန်များအတွက် ကုသရေးတွင် အသုံးပြုသည့် ဆေးဝါးများကို လာရောက်ပြသကြမည်ဖြစ်ပြီး ပြည်တွင်းရှိ ရေလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များကလည်း ပါဝင်ပူးပေါင်းပြသကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြပွဲကာလအတွင်း ဟောပြောဆွေးနွေးပွဲများကိုလည်းထည့်သွင်း ကျင်းပသွားမည်ဖြစ်ရာ ပညာရှင်အသီးသီးက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးဟောပြောကြမည်ဖြစ်သည်။

ယင်းပြပွဲသို့လာရောက်လေ့လာသူများအနေဖြင့် ဒေသဆိုင်ရာဈေးကွက် နှင့် စီးပွားရေးလုပ်ငန်း အခွင့်အလမ်းသစ်များ ဆောင်ကြဉ်းပေးမည်ဟု ယုံကြည်ပါ ကြောင်း၊ အဆင့်မြင့်နည်းပညာများ၊ အဖိုးတန်သတင်း အချက်အလက်များနှင့် အတွေ့အကြုံများသည် ထုတ်လုပ်မှုများ၊ ဖွံ့ဖြိုးဆဲ မွေးမြူရေးနှင့်သုတေသနလုပ်ငန်းများ၊ နို့ထွက်ပစ္စည်း၊ အသားထုတ်လုပ်ခြင်းနှင့် ရေလုပ်ငန်းများအတွက် လွန်စွာအကျိုးရှိစေမည့် ပြပွဲပင်ဖြစ်ကြောင်း ပြပွဲစီစဉ်သူ Minh Vi Co., Ltd မှ မစ္စတာ ငုယင်ဘာဗင်က ပြောကြားခဲ့သည်။

**မယ်သီတာ**

# အောင်လံမြို့နယ်သို့ သီပွံနှမ်းနက် ဝယ်ယူသည့် အဝယ်တော်နှင့်ပို့ကုန်လုပ်ငန်းရှင်တို့ လာရောက်လေ့လာ

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်သို့ ဩဂုတ်လ ၁၁ ရက်က ဂျပန်နိုင်ငံမှ သီပွံနှမ်းနက် ဝယ်ယူသည့် MITSUI Co. Ltd (ရန်ကုန်ရုံးခွဲ)နှင့် တိုးတက်လင်း ကုမ္ပဏီ(ရန်ကုန်)တို့သည် အောင်လံမြို့နယ်ရှိ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ကုန်သည်ကြီးများအသင်းဉက္ကဋ္ဌ ဦးညဏ်လွင်တို့နှင့် တွေ့ဆုံပြီး နှမ်းစိုက်ခင်းများ၏ အခြေအနေများအား လေ့လာကြည့်ရှုခြင်း၊ သီပွံနှမ်းနက်စိုက်ပျိုးထုတ်လုပ်သူတောင်သူ စမ်းကလေးကျေးရွာမှ ဦးကျော်စွာဝင်းပါ သုံးဦးနှင့် တွေ့ဆုံခဲ့ရာ တောင်သူများက ဩဂုတ်လ စတုတ္ထပတ်တွင် သီပွံနှမ်းနက်များအား ရိတ်သိမ်းကြမည်ဖြစ်ကြောင်း၊ လက်ရှိရာသီဥတု အခြေအနေကြောင့် အောင်လံဒေသမှ နှမ်းစိုက်ပျိုးမှုကို ထိခိုက်ပျက်စီးမှု မရှိပါကြောင်း၊ ရိတ်သိမ်းကာလနှင့် ရိတ်သိမ်းပြီး နှမ်းထောင်ထားသည့် ကာလများတွင် ရာသီဥတုသာ ကောင်းမွန်မည်ဆိုပါက တစ်ဧက တွင် ၁၀ တင်း ဝန်းကျင်ခန့်ရရှိနိုင်ပါကြောင်း ပြန်လည်ပြောကြားခဲ့ပါတယ်။

တိုးတက်လင်း ကုမ္ပဏီသည် ယခင်နှစ်က သီပွံနှမ်းနက်များကိုဂျပန်နိုင်ငံရှိ MITSUI Co.Ltd သို့ တင်ပို့ရာတွင် ဓာတုပိုးသတ်ဆေးလွတ်ကင်းစွာဖြင့် တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

**ကျော်မျိုးမင်း - အောင်လံ**

# သရက်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကို ၂၀၁၂ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ရာ ၎င်းအသင်းရဲ့အောက်တွင် သရက်၊ဖရဲ၊ ဖရဲသခွား၊ ဟင်းသီး ဟင်းရွက်၊ ခရမ်းချဉ်၊ ပန်း၊ ဆီးသရက် အစုအဖွဲ့ပေါင်းရှစ်ခု ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ သရက်စုစုပေါင်း စိုက်ဧက တစ်သောင်းကျော်ရှိပြီး၊ သရက်အများဆုံးစိုက်ပျိုးတဲ့ မြို့နယ်များကတော့ စစ်ကိုင်း၊ မြင်းမူ၊ မြောင်၊ ဘုတလင် မြို့နယ်များ ဖြစ်ပါတယ်။ စစ်ကိုင်းမြို့နယ်၌ သရက်စိုက်ဧကသုံးထောင်ကျော်ရှိပြီး Export တန်းဝင် သရက်သီး များဖြစ်တဲ့ စိန်တလုံး၊ ဟသ်ာ၊ မြကျောက်၊ ပတ္တမြားငမောက် မျိုးများကို အများဆုံးစိုက်ပျိုးပါတယ်။ အကြမ်းသီးအဖြစ် မန္တလေးရင်ကွဲ၊ အောင်ဒင်၊ ထောပတ်၊ သုံးထပ်သရက်မျိုးများလည်း စိုက်ပျိုးထွက်ရှိပါတယ်။ ဒေသတွင်းအစားများ၊ လူကြိုက်များတဲ့ အသီးများဖြစ်တဲ့ မန္တလေးရင်ကွဲ၊ အောင်ဒင်၊ ထောပတ်၊ သုံးထပ်သရက်သီးများ အထွက်လှိုင်တဲ့ အချိန်မှာ တစ်လုံးလျှင် ၅၀ ကျပ်နှုန်းခန့်သာရှိပြီး ယခုရှားပါးတဲ့အချိန်မှာတော့တစ်လုံးလျှင် ၃၀၀ ကျပ်နှုန်းဈေး ပေါက်ပါတယ်။ အထွက်လှိုင်ချိန်အသီးများကို အသွင်ပြောင်းပြီး ကြာရှည်ခံရန် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်း နှင့် သရက်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ ဒီပဲယင်းကွဲ ကျေးရွာ၌ ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး နှင့် ဆင်းရဲမှုလျော့ချရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ကျင်းပပြု လုပ်မယ်လို့ သိရပါတယ်။

**သန်းသန်းတင် - မုံရွာ**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။
Fax:01-254023,
Ph:01-250270,254019
email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။
Fax : 053-28220,
Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။
Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။
Fax : 042-21811,
Ph: 042-24520,24522
email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။
Fax : 02-36340,
Ph: 02-36342,36339
email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။
Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။
Fax : 063-23199,
Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။
Fax:081-2121093,Ph:081-2121627
email:m.myintmaungmaung@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။
Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။
Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။
Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။
Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။
Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။
Fax:083-21005,Ph:083-21005

(၁၅) မွန်ပြည်နယ် — အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့၊ မော်လမြိုင်မြို့။
Fax:057-24728, Ph:057-24318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။
Fax : 071-23630,
Ph:071-23630,22924

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

# အာဆီယံဘဏ်များက ဆုံးရှုံးနိုင်ခြေရှိတဲ့အန္တရာယ်ကို တောင့်ခံနိုင်

"ASEAN Banks Will Remain Resilient to Rising Risks" ဆိုတဲ့ ခေါင်းစဉ်နဲ့ဖော်ပြထားတဲ့ Standard & Poor's ရဲ့ အစီရင်ခံစာကို ဩဂုတ်လ ၁၁ ရက်နေ့က ထုတ်ပြန်ခဲ့ပြီး အာဆီယံဘဏ်များရဲ့ အခြေအနေကိုသုံးသပ်ဖော်ပြထားကြောင်း နေးရှင်းသတင်းမှာဖော်ပြထားပါတယ်။

အာဆီယံဘဏ်တွေမှာ တောင့်တင်းခိုင်မာတဲ့ အကျိုးအမြတ်တွေနဲ့လုံလောက်တဲ့မတည်ရင်းနှီးငွေနောက်ခံတွေရှိနေကြောင်းနဲ့ ဒီဘဏ်တွေကိုသက်ဆိုင်ရာ အစိုးရတွေကခိုင်ခိုင်မာမာထောက်ခံအားပေးမှုပြုထားကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒီလိုအခြေအနေတွေ ကြောင့် ဒီဘဏ်တွေရဲ့အဆင့်သတ်မှတ်ချက်က တည်ငြိမ်မှုရှိပြီး ဘဏ်လုပ်ငန်းကဏ္ဍကျဆင်းမယ့် အန္တရာယ်ကိုခုခံမှုရှိစေမယ့် အရန် အတားတွေရှိနေကြောင်း S & P ရဲ့ ကြွေးမြီဆန်းစစ်ရေးမှူး အိုဗန်တန်ကပြောပါတယ်။

နှစ်ပေါင်းများစွာ ချောချောမွေ့မွေ့ လုပ်ငန်းလည်ပတ်ခဲ့ပြီးနောက် အာဆီယံဘဏ်တွေမှာ ဆုံးရှုံးနိုင်မှုရှိနိုင်မယ့် အန္တရာယ်တွေရှိလာကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒီအန္တရာယ်တွေထဲမှာ အိမ်ခြံမြေဈေးနှုန်းမြင့်တက်လို့ဖြစ်ရတဲ့ ကြွေးမြီအန္တရာယ်၊ ငွေဖြစ်လွယ်မှုကို တင်းကျပ်ထားတဲ့အတွက် ငွေကြေးထောက်ပံ့မှုပေးရာမှာဖြစ်ပေါ်နေတဲ့အခက်အခဲတွေနဲ့ တချို့နိုင်ငံတွေကဆောင်ရွက်နေတဲ့ အတိုးနှုန်းမြှင့်တင်မှုတွေကြောင့်ဖြစ်ရတဲ့ ဈေးကွက်အန္တရာယ်စတဲ့အချက်တွေပါဝင်ပါတယ်။

အတိုးနှုန်းသက်သာတဲ့ချေးငွေတွေ ရနေတဲ့အတွက် အိမ်ဝယ်သူတွေများပြားလာလို့အိမ်ခြံမြေ ဈေးတွေမြင့်တက်မှုကစင်ကာပူနဲ့ မလေးရှားမှာ အိမ်ထောင်စု ကြွေးမြီ တွေမြင့်တက်လာစေခဲ့ ပါတယ်။ ဒါပေမယ့် ဒီနှစ်နိုင်ငံစလုံးမှာ ကြွေးဆုံး (Non-Performing Loan) ပမာဏနိမ့်ကျနေတဲ့အတွက် အပေါင်ချေးငွေနှုန်း သက်သာပြီး အလုပ် အကိုင်အပြည့်အဝရရှိတယ်ဆိုတဲ့ သဘောကိုပြသနေပါတယ်။

“စင်ကာပူနဲ့ မလေးရှားမှာ အိမ်ထောင်စုကြွေးမြီမြင့်တက်နေပြီးအတိုးနှုန်းကလည်း စတင်မြင့်တက်နေတဲ့အတွက် ကြွေးမြီအခက်အခဲက မလွဲမရှောင်သာရှိခဲ့ပါတယ်။ ဒါပေမယ့် နှစ်နိုင်ငံစလုံးမှာ အိမ်ခြံမြေဈေးကွက် တည်ငြိမ်အေးချမ်းဖို့အတွက် သက်ဆိုင်ရာ အစိုးရတွေက အစီအမံအမျိုးမျိုး ချမှတ်ကျင့်သုံးနေတဲ့အတွက် ထိခိုက်မှုနည်းပါး ခဲ့ပါတယ်”လို့ တန်ကပြောခဲ့ပါတယ်။

# အာဆီယံဈေးကွက်ထဲမှာ ယှဉ်ပြိုင်နိုင်ရေးအတွက် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများ စိန်ခေါ်မှုများနဲ့ ရင်ဆိုင်နေရ

ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်၊ အချိန်နဲ့ ဆုံးရှုံးနိုင်ခြေရှိမှုအခြေအနေများကို လျော့ကျသွားအောင်ဆောင်ရွက်ခြင်းဖြင့် ၂၀၁၅ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ်မှာ ဗီယက်နမ်နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းဝန်းကျင်နဲ့ အမျိုးသား ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးတက်ကောင်းမွန်လာရေးအတွက် ချမှတ်ထားတဲ့ အစိုးရရဲ့ ရည်မှန်းချက်များကို ကျွမ်းကျင်သူများက ဩဂုတ်လ ၁၂ ရက်နေ့မှာ ဆွေးနွေးခဲ့ကြပါတယ်။ ယခုနှစ်အကုန်မှာ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုလွယ်ကူချောမွေ့စေရေးအတွက် ဗီယက်နမ်က ဆောင်ရွက်ထားတဲ့ အစီအစဉ်တွေက အာဆီယံ +၆ မှာ တည်ရှိနေတဲ့ ပျမ်းမျှအဆင့်ကိုပြည့်မီအောင် စွမ်းဆောင်နိုင်ခြင်းမရှိမှာကို ကျွမ်းကျင်သူတို့က စိုးရိမ်မှုရှိကြောင်း VNS သတင်းမှာ ဖော်ပြထားပါတယ်။ယခုနှစ်အကုန်မှာ ပို့ကုန်လုပ်ငန်းဆောင်ရွက်မှုအတွက်အလုပ်ချိန် ၁၃ ရက်နဲ့ သွင်းကုန်လုပ်ငန်းအတွက် အလုပ်ချိန် ၁၄ ရက်အတွင်း အပြီး ဆောင်ရွက်နိုင်အောင် အကောက်ခွန်လုပ်ထုံးလုပ်နည်းများကိုလျှော့ချဖို့ အကောက်ခွန်ဌာနကဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းများကို ပြန်လည်ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် အကောက်ခွန်ဌာနက စီမံအုပ်ချုပ်မှုဆိုင်ရာအထောက်အထားစာရွက်စာတမ်း ၃၀၀ ကျော်ကိုပြန်လည်သုံးသပ်နိုင်ခဲ့ကြောင်း Central Institute of Economic Management ညွှန်ကြားရေးမှူး ငုယင်ဒင်ကန်းက ပြောပါတယ်။



အထောက်အထားစာရွက်စာတမ်းတွေကို စီစဉ်ဆောင်ရွက်ရာမှာ စီးပွားရေးလုပ်ငန်းများရဲ့ လုပ်ငန်းဆောင်ရွက်မှုကို အနှောင့်အယှက်ဖြစ်စေတဲ့ အဖြစ်မျိုးတွေ ရှိနေပါတယ်။ ယခုနှစ်အကုန်မှာ အဲဒီစာရွက်စာတမ်းတွေအားလုံးကို ပြီးစီးအောင်ပြင်ဆင်ပေးဖို့ အခက်အခဲရှိနိုင်ကြောင်း သူကပြောပါတယ်။ သူရဲ့သုံးသပ်ချက်ကို ဗီယက်နမ်အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများအသင်း ဒုတိယဥက္ကဋ္ဌ ငုယင်ဗန်သန်းကလည်း သဘောတူပါတယ်။

ဗီယက်နမ်နိုင်ငံအတွင်းသို့ တင်သွင်းလာတဲ့ အစားအစာများနဲ့ ပတ်သက်ပြီးကျန်းမာရေးဝန်ကြီးဌာနက လှည့်လည်စာတွဲ ၁၉ ဖြင့် မကြာသေးမီက ထုတ်ပြန်ထားပါတယ်။ ဒီလှည့်လည်စာတွဲအမိန့်အရ အစားအစာများအရည်အသွေးမီ မမီကို အကောက်ခွန်ဌာနအစား ကျန်းမာရေးဝန်ကြီးဌာနကစစ်ဆေးဖို့ သတ်မှတ်ထားကြောင်း သန်းကပြောပါတယ်။

“ဒီလိုသတ်မှတ်ထားတဲ့အတွက် လုပ်ထုံးလုပ်နည်းအဆင့်တွေ ပိုများနေပါတယ်။ ဒီပြဿနာကို ချက်ချင်းတိုက်ရိုက်ဖြေရှင်းနိုင်အောင်အကောက်ခွန်ဝန်ထမ်းတွေကို လေ့ကျင့်ပေးထားရင်ဖြစ်ပါတယ်။ ဝန်ကြီးဌာနက အသိအမှတ်ပြုလက်မှတ်တွေ ထုတ်ပေးတဲ့အထိစောင့်နေရင်ရက်ပေါင်းများစွာ ကြာနိုင်တယ်”လို့ သူကပြောပါတယ်။

## ကော်ပိုရေးရှင်းများရဲ့ လူမှုရေးတာဝန်ဆိုင်ရာ အာရှဖိုရမ်ကို ထိုင်းတွင် စက်တင်ဘာလ၌ ကျင်းပမည်

(၁၄) ကြိမ်မြောက် ကော်ပိုရေးရှင်း လူမှုရေးတာဝန်ဆိုင်ရာ အာရှဖိုရမ် (14th Asian Forum on Corporate Social Responsibility-AFCSR) ကို စက်တင်ဘာလမှာ ဗန်ကောက်မြို့၌ ကျင်းပမည်ဖြစ်ရာ နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ကိုယ်စားလှယ် ၅၀၀ ကျော် တက်ရောက်မှာဖြစ်ပြီး အဆိုပါဖိုရမ်ဟာ အာရှဒေသမှာ ယခုလို ကျင်းပခဲ့တဲ့ ဖိုရမ်များအနက်အကြီးမားဆုံးသောဖိုရမ်တစ်ခု ဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

နှစ်ပတ်လည်ပွဲကို ဗန်ကောက်မြို့ ရှန်ဂရီလာဟိုတယ်မှာ စက်တင်ဘာ ၈ ရက်နဲ့ ၉ ရက်နေ့တွေမှာ ကျင်းပမှာဖြစ်ပြီး နှစ်စဉ်ကျင်းပခဲ့တဲ့ ဒီပွဲရဲ့ အဓိကဦးတည်ချက်က လူမှုရေးစွန့်ဦးတီထွင်မှု ဖြစ်ပါတယ်။ ဖိုရမ်မှာ စီးပွားရေးလုပ်ငန်း၊ အစိုးရနဲ့ လူမှုရေးကဏ္ဍတို့က အာရှလူ့အဖွဲ့အစည်းတွေ ရင်ဆိုင်နေရတဲ့ အဓိက စိန်ခေါ်မှုတွေကိုရင်ဆိုင်ဖြေရှင်းဖို့အတွက် အဆင့်မြင့် ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်မယ့် နည်းလမ်းတွေကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ယခုနှစ်ကျင်းပမယ့် အဲဒီဖိုရမ်ကို "Unleashing Social Entrepreneurship: New Partnerships For Better World" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကျင်းပမှာဖြစ်ပါတယ်။

စီးပွားရေးကို တာဝန်ယူဆောင်ရွက်တဲ့ ဒုတိယဝန်ကြီးချုပ် မစ္စတာ ပရီဒီယာသွန် ဒီဝါကူလာက ဧည့်သည်တော်အဖြစ် တက်ရောက်မှာ ဖြစ်ပါတယ်။ AFCSR မှာ ဆွေးနွေးပွဲ ၁၇ ခုရှိပြီး ကြီးမားတဲ့ ပြဿနာများနဲ့ စိန်ခေါ်မှုများ၊ ပဏာမဆွေးနွေးပွဲများနဲ့ အကောင်းဆုံး CSR အလေ့အကျင့်များနဲ့ လူမှုရေးစွန့်ဦးတီထွင်မှုဆိုင်ရာအစည်းအဝေးများကို ကျင်းပသွားမှာ ဖြစ်ပါ တယ်။

“ရည်မှန်းချက်ကတော့ အာရှတစ်လွှားမှာ ပိုမိုကောင်းမွန်တဲ့ လူ့အသိုက်အဝန်းတွေတည်ဆောက်ဖို့အတွက် အသုံးပြုနေတဲ့ အသိပညာသစ်တွေနဲ့ အကောင်းဆုံးအလေ့အကျင့်တွေကနေ ကောင်းမွန်တဲ့အကျိုးဆက်တွေဖန်တီးပေးဖို့ ဖြစ်ပါတယ်လို့” AFCSR ဥက္ကဋ္ဌ ဒါတိုတီမိုသီအွန်းက ပြောပါတယ်။

အခမ်းအနားမှာ အဓိကကျတဲ့ပြဿနာတွေကို ဆွေးနွေးမှာဖြစ်ပြီး လူမှုရေးစွန့်ဦးတီထွင်မှုက CSR ရဲ့အနာဂတ်ဖြစ်နိုင်မလား။ လူမှုရေးဆန်းသစ်တီထွင်မှုရဲ့ စွမ်းအားကဘဝတွေကိုဘယ်လိုပြောင်းလဲနိုင်မလဲ။ ကျွန်ုပ်တို့ရဲ့ လူအသိုက်အဝန်းကို ပုံဖော်နိုင်မယ့် ပူးပေါင်းဆောင်ရွက်မှုအသစ်ကဘာတွေလဲ။ ကမ္ဘာကြီးကိုတိုးတက်ကောင်းမွန်စေမယ့် စီးပွားရေးလုပ်ငန်းတစ်ခုကိုဘယ်လိုစတင်ထူထောင်လည်ပတ်မလဲ စတဲ့ အချက်တွေပါဝင်မှာ ဖြစ်ပါတယ်။

# အာဆီယံစီးပွားရေးပေါင်းစည်းမှုလုပ်ငန်းများ ထူးထူးခြားခြားတိုးတက်

အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင် ၁၀ နိုင်ငံရဲ့ စီးပွားရေးပေါင်းစည်းမှုအတွက် ကြိုးပမ်းမှုတွေက ထူးထူးခြားခြားတိုးတက်မှုတွေတွေ့မြင်နေရကြောင်း မလေးရှားအမေရိကန်ပြည်ထောင်စု ကုန်သည်ကြီးများအသင်း (Malaysian US Chamber of Commerce) ရဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ရှိုင်းမိုက်ကယ်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး Bernama သတင်းမှာ ဖော်ပြပါတယ်။

အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ) Blueprint မှာ ချမှတ်ထားတဲ့အတိုင်း ယခုနှစ်နှောင်းပိုင်းမှာ အာဆီယံကိုအပြည့်အဝပေါင်းစည်းနိုင်ရေးအတွက် အကြီးအကျယ်ခွန်အားစိုက်ထုတ်ဆောင်ရွက်နေကြောင်း ဩဂုတ်လ ၁၂ ရက်နေ့က ဝါရှင်တန်ရှိ မလေးရှားသံရုံးမှာ ကျင်းပတဲ့ "ASEAN-US Trade Winds Forum ကျင်းပအပြီး သူက Bernama သတင်းဌာနကိုပြောပါတယ်။အမေရိကန်နိုင်ငံသားများနဲ့ အာဆီယံအသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်း အချင်းချင်း အပြန်အလှန်နားလည်မှုတိုးတက်လာစေဖို့ ရည်ရွယ်ပြီး ဝါရှင်တန်ရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံများရဲ့ သံရုံးတွေမှာ ဒီအစည်းအဝေးကို သုံးလတစ်ကြိမ် အလှည့်ကျနေ့ဝက်အချိန်ယူ ကျင်းပပါတယ်။

ဖိုရမ်က အဖွဲ့အလိုက်ဆွေးနွေးပွဲ (Panel Disscussion) ဖြစ်ပြီး ဆွေးနွေးပွဲအတွင်းမှာ အေအီးစီရဲ့ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု၊ အာဆီယံစီးပွားရေး ပေါင်းစည်းမှုအတွက် ကြိုးပမ်းရာမှာတွေ့ကြုံရတဲ့ စိန်ခေါ်မှုတွေနဲ့ တောင်တရုတ်ပင်လယ် အငြင်းပွားမှုကိစ္စတွေ ပါဝင်ပါတယ်။

ဂုဏ်ထူးဆောင် ဧည့်သည်တော်အဖြစ် တက်ရောက်ဆွေးနွေးခဲ့သူများအနက် အမေရိကန် ပြည်ထောင်စု ဆိုင်ရာ မလေးရှားသံအမတ်ကြီး ဒါတွတ် ဒေါက်တာ အာဝမ်အက်ဒက်ဟူဆင်နဲ့ မလေးရှားအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနဲ့စက်မှုလုပ်ငန်း (MITI) နဲ့ မလေးရှားပြည်ပ ကုန်သွယ်မှုဖွံ့ဖြိုးရေးကော်ပိုရေးရှင်းတို့မှ ကိုယ်စားလှယ်တွေ ပါဝင်ပါတယ်။

ဘာသာပြန်-စစည်းတင်ပြသည်

# မလေးရှားစီးပွားရေးအခြေခံများ ကောင်းမွန်နေဆဲဖြစ်

မလေးရှားဈေးကွက် မတည်မငြိမ်ဖြစ်နေတဲ့အတွက် အခြေအနေက အရင်ကထက် ပိုဆိုးနေတယ်ဆိုတဲ့ အသံတွေကြားနေရကြောင်း Malayan Banking Bhd (Maybank) ရဲ့ ဥက္ကဋ္ဌနဲ့ အမှုဆောင်ချုပ် ဒါတွတ်အဗ္ဗဒူဖားရစ်ရဲ့ပြောကြားချက်ကို ကိုးကားပြီး စတားအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

ဝယ်လိုအားတွေ ကျဆင်းနေတယ်ဆိုပေမယ့် စီးပွားရေးအခြေခံတွေနဲ့ စီးပွားရေးအဆောက်အအုံကိုကြည့်မယ်ဆိုရင် မလေးရှားနိုင်ငံရဲ့ စီးပွားရေးက ကြီးထွားလျက်ရှိနေဆဲဖြစ်ကြောင်း အစိုးရနဲ့ဆက်နွယ်နေတဲ့ ကုမ္ပဏီတွေကဆယ်နှစ်ကျော်ကြာဆောင်ရွက်ခဲ့တဲ့ အသွင်ကူးပြောင်းရေး အစီအစဉ်ရဲ့ အသိအမှတ်ပြုလက်မှတ်ပေးပွဲ အခမ်းအနားအပြီး အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲမှာ ဖားရစ်ကပြောပါတယ်။

လက်ရှိအခြေအနေအရ ကုမ္ပဏီများအနေဖြင့် စီမံကိန်းချမှတ်ဆောင်ရွက်ရာမှာလည်းကောင်း၊ ချမှတ်ထားတဲ့ စီမံကိန်းများကိုအကောင်အထည်ဖော်ရာမှာလည်းကောင်း ပိုမိုသတိထားဆောင်ရွက်ဖို့လိုကြောင်း ဖားရစ်က ပြောပါတယ်။


"အရာရာကို လေ့လာတဲ့အခါ မှန်ကန်တဲ့ရှုထောင့်က ကြည့်ဖို့လိုပါတယ်။ ကျွန်တော်တို့အဖြစ်က ၂၀၀၈ ခုနှစ်က ဥရောပနဲ့ အမေရိကန်မှာဖြစ်ခဲ့တဲ့ အကျပ်အတည်းမျိုးနဲ့ မတူပါဘူး။ သူတို့ဖြစ်ရတဲ့ အကြောင်းအရင်းက မဖြစ်ခင် တစ်နှစ်မှာ အသုံးအဖြုန်း အဆမတန်ကြီးခဲ့လို့ စီးပွားရေးလုပ်ငန်းတစ်ခုလုံးနဲ့ ဘဏ္ဍာရေးအဖွဲ့အစည်းတစ်ခုလုံးမှာ အကျပ်အတည်းဖြစ်ခဲ့ရတာပါ"လို့ ဖားရစ်က ပြောပါတယ်။

ကျွန်တော်တို့ဘဏ်လုပ်ငန်းတွေကိုကြည့်မယ်ဆိုရင် ပြည်တွင်းဘဏ်တွေမှာကငွေကြေးအင်အားတောင့်တင်းပြီးသားဖြစ်ကြောင်း သူကပြောပါတယ်။

"အမေရိကန်နဲ့ ဥရောပဘဏ္ဍာရေးအဖွဲ့အစည်းတွေကို ဂယက်ရိုက်ခဲ့တဲ့ ၂၀၀၈ ခုနှစ်ဘဏ္ဍာရေးအကျပ်အတည်းမတိုင်မီ ကျွန်တော်တို့ဆီမှာ ကြံ့ခိုင်မှုစစ်ဆေးမှု (Stress Test) လုပ်ပြီးသားပါ။ ကျွန်တော်တို့ဘဏ်တွေမှာ ငွေကြေးနဲ့ ငွေဖြစ်လွယ်မှုအခြေအနေရှိမရှိစစ်ဆေးပြီးသားပါ"လို့ သူကပြောပါတယ်။

ပြည်တွင်းဘဏ်တွေက အဲဒီအချိန်ကတည်းက ကြားခံအခြေအနေတွေနဲ့ အရန်ငွေကြေးတွေ ရှိထားပြီးဖြစ်ကြောင်း သူကပြောပါတယ်။

# ဗီယက်နမ်တွင် သွင်းအားစုပစ္စည်းများ ဈေးနှုန်းကျဆင်း



သွင်းအားစုကုန်ကြမ်းပစ္စည်း အများအပြားရဲ့ ဈေးနှုန်းတွေတစ်ဟုန်ထိုး ကျဆင်းနေမှုက ဗီယက်နမ်ပြည်တွင်း ကုမ္ပဏီတွေရဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ တိုးချဲ့လာအောင် အားပေးလျက်ရှိကြောင်း Thoi Bao Te Sai Gron (ဆိုင်ဂုံအီကော်နောမစ်တိုင်းမ်) မှာ ဖော်ပြထားပါတယ်။

ယခင်နှစ် နှောင်းပိုင်းကစပြီး သံ၊ ကြေးနီနဲ့ ပလတ်စတစ်တွေရဲ့ဈေးနှုန်းတွေ ကမ္ဘာ့ဈေးကွက်မှာ ထူးထူးခြားခြား ကျဆင်းခဲ့ကြောင်း VNS သတင်းမှာ ဖော်ပြထားပါတယ်။ ဈေးနှုန်းတွေကျဆင်းတဲ့အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေ အကျိုးအမြတ်အများအပြား ရရှိခဲ့ပါတယ်။ အထူးသဖြင့် အကျိုးအမြတ်များစွာရရှိတဲ့ ကုမ္ပဏီတွေထဲမှာ တီယန်ဖောင်ပလတ်စတစ်ဖက်စပ်ကုမ္ပဏီ (NTP)၊ တီတီယန်ပလတ်စတစ်ထုပ်ပိုးရေးကုမ္ပဏီ၊ ဘင်မင်းပလတ်စတစ်ဖက်စပ်ကုမ္ပဏီ(BMP) နဲ့ ရန်ဒေါင်ပလတ်စတစ်ဖက်စပ်ကုမ္ပဏီစတဲ့ ပလတ်စတစ်ကုမ္ပဏီတွေ အများအားဖြင့်ပါဝင်ပါတယ်။ ပလတ်စတစ် ကုန်ကြမ်းဈေးတွေက ယခင်နှစ်နှောင်းပိုင်းနဲ့ ယခုနှစ် နှစ်ဆန်းပိုင်းမှာ ကျဆင်းခဲ့ကြောင်း BMP ရဲ့ ဒုတိယဥက္ကဋ္ဌနဲ့ ညွှန်ကြားရေးမှူး ငုယင်ဟောင်ငန်က ပြောပါတယ်။

"ကုန်ကြမ်းပစ္စည်းတွေရဲ့ တန်ဖိုးက ကုန်ချောထုတ်လုပ်မှုတန်ဖိုးရဲ့ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိရှိနေတဲ့အတွက် ကုန်ကြမ်းဈေးနှုန်းတွေတစ်ဟုန်ထိုးကျဆင်းလာတာက ပလတ်စတစ်ကုမ္ပဏီတွေ အမြတ်အစွန်းရဖို့ အခွင့်အလမ်း ဖြစ်စေခဲ့ပါတယ်"လို့ ငန်က ပြောပါတယ်။ ယခင်နှစ်က ရရှိခဲ့တဲ့ အခွန်မဆောင်မီ အမြတ်က ဗီယက်နမ်ဒေါင် ၄၈၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၆ သန်း) ရှိခဲ့ရာ ကုမ္ပဏီက ယခုနှစ်အတွက်ချမှတ်ထားတဲ့ ရည်မှန်းချက်နဲ့ ကိုက်ညီတယ်လို့ ဆိုပါတယ်။

"ဒါပေမဲ့ ယခုနှစ်မှာယခုအချိန်ထိ ကုမ္ပဏီရဲ့ အကျိုးအမြတ်က ယခုနှစ်စီမံချက် ရဲ့ ၇၂ ရာခိုင်နှုန်းကျော်အထိရောက်ရှိခဲ့ပါတယ်"လို့ သူကပြောပါတယ်။

ကုမ္ပဏီရဲ့အကျိုးအမြတ်တွေအများကြီး ရရှိခဲ့တဲ့အတွက် ယခုနှစ်မှာ ဗီယက်နမ်ဒေါင်ဘီလီယံ ၂၀၀ (အမေရိကန်ဒေါ်လာ ၉ ဒသမ ၁၇ သန်း) ထိ ရင်းနှီးမြှုပ်နှံပြီးထုတ်လုပ်မှုနည်းပညာနဲ့ ကုန်ထုတ်ကိရိယာတွေရဲ့အဆင့်ကို တိုးမြှင့်သွားမှာဖြစ်ကြောင်း BMP ညွှန်ကြားရေးမှူးချုပ်ကပြောပါတယ်။

ထို့ပြင် စက်ရုံသစ်တွေကိုလည်း ဆောက်လုပ်သွားမှာဖြစ်ကြောင်း ပြောကြားပါတယ်။ ကုမ္ပဏီရဲ့ စတုတ္ထမြောက်စက်ရုံကို တောင်ပိုင်းဒေသလောင်အန်းပြည်နယ်မှာ ဗီယက်နမ်ဒေါင် ၁၇၅ ဘီလီယံ (အမေရိကန် ၈ ဒသမ ၂၇ သန်း) ရင်းနှီးမြှုပ်နှံတည်ဆောက်ပြီး ယခုနှစ် ဧပြီလက စတင်လည်ပတ်ခဲ့ပါတယ်။

# ဖိလစ်ပိုင်တွင်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ငါးလအတွင်းရာခိုင်နှုန်း ၄၀ ကျဆင်း

ဂရိကြွေးမြီအကျပ်အတည်း၊ တရုတ်နိုင်ငံမှာ စတော့ဈေးကွက်ပြိုကွဲမှုနှင့် အမေရိကန်ပြည်ထောင်စုက အတိုးနှုန်းတွေမြှင့်တင်ပေးတော့မယ့် အခြေအနေစတဲ့ဖိလစ်ပိုင်နိုင်ငံရဲ့ ပြင်ပမှာဖြစ်ပျက်နေတဲ့ အထိတ်တလန့်ဖြစ်မှု အခြေအနေတွေက ယခုနှစ်ပထမငါးလအတွင်းပြည်တွင်းသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်) စီးဝင်လာမှာကို အဟန့်အတားဖြစ်စေခဲ့ကြောင်း ဖိလစ်ပိုင်စတားသတင်းမှာ ဖော်ပြထားပါတယ်။

ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုက ယခုနှစ်ဇန်နဝါရီကနေ မေလအထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၄ ဘီလီယံရှိခဲ့တဲ့အတွက် ၂၀၁၄ ခုနှစ်ကာလတူကရှိခဲ့တဲ့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၂ ဘီလီယံနဲ့ နှိုင်းယှဉ်ရင် ၄၁ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖိလစ်ပိုင်ဗဟိုဘဏ် (Bangko Sentral ng Philipina-BSP) ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ကုမ္ပဏီရှယ်ယာတွေမှာ အသားတင်ရင်းနှီးမြှုပ်နှံမှုက ယခင်နှစ်ကာလကရှိခဲ့တဲ့ အမေရိကန်ဒေါ်လာ ၆၃၉ သန်းနဲ့ နှိုင်းယှဉ်ရင်ယခုနှစ်ပထမငါးလမှာ ၃၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်ဒေါ်လာ သန်း ၄၄၀ အထိ ရောက်ရှိခဲ့ပါတယ်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အခြေအနေမှာ ယခင်နှစ်ကာလတူမှာရှိခဲ့တဲ့ အမေရိကန် ဒေါ်လာ ၄၃၃ သန်းနဲ့ နှိုင်းယှဉ်ပါက ယခုနှစ်မေလတစ်လတည်းမှာပင်၆ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန်ဒေါ်လာ ၄၀၆ သန်းထိကျဆင်းခဲ့ကြောင်း ဖိလစ်ပိုင်ဗဟိုဘဏ် (BSP) ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ပြည်တွင်းငွေကြေးဈေးကွက်တွေက ဖိလစ်ပိုင်နိုင်ငံပြင်ပမှာဖြစ်ပေါ်နေတဲ့ အကြောင်းအရာတွေကို ဆက်လက်ပြီး တုံ့ပြန်သွားမှာဖြစ်ကြောင်း BSP အုပ်ချုပ်ရေးမှူး အာမန်ဒိုတက်တန်ကို (ဂျူနီယာ) က ပြောပါတယ်။

"ဖွံ့ဖြိုးပြီးနိုင်ငံတွေက အတိုးနှုန်းတွေကိုမြှင့်တင်ပေးတဲ့အတွက် ဖိလစ်ပိုင်နိုင်ငံအပါအဝင် ထွန်းသစ်စဈေးကွက်တွေကနေ ရင်းနှီးမြှုပ်နှံသူတွေစွန့်ခွာသွားဖို့ အားပေးသလိုဖြစ်နိုင်ပါတယ်။ ရေတိုမှာပြည်တွင်းငွေကြေးဈေးကွက် မတည်မငြိမ်ဖြစ်တာမျိုးနဲ့ ကြုံတွေ့လာနိုင်စရာရှိပါတယ်"လို့ သူကပြောပါတယ်။

ဒါပေမယ့် ကမ္ဘာ့ကုန်သွယ်မှုကတိုးတက်လာမှာဖြစ်တဲ့အတွက် အမေရိကန်ပြည်ထောင်စုနဲ့ဥရောပဒေသတွေမှာ ငွေကြေးမူဝါဒတွေ တင်းကျပ်မှုက ထွန်းသစ်စစီးပွားရေးတွေကို အကျိုးဖြစ်ထွန်းစေနိုင်လိမ့်မယ်လို့ ဆိုပါတယ်။

# Thaitrade.com မှ တစ်ဆင့် ထိုင်းနိုင်ငံက အွန်လိုင်းကုန်သွယ်မှု မြှင့်တင်မည်

ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာနက ဆောင်ရွက်လျက်ရှိတဲ့ Thaitrade.com ကို ဒေသတွင်း အွန်လိုင်းကုန်သွယ်မှုရဲ့ ဗဟိုအချက်အချာဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရည်ရွယ်ချက်အောင်မြင်ရေးအတွက် ထိုင်းနိုင်ငံရဲ့ ကုန်သွယ်ဖက်နိုင်ငံများရဲ့ ဝက်ဘ်ဆိုက်များနဲ့ ချိတ်ဆက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနက ကနဦးမှာ တရုတ်နိုင်ငံမှ အလီဘာဘာ၊ တောင်ကိုရီးယားမှ Trade. Korea.com, အိန္ဒိယနိုင်ငံမှ Tradeindia. com နဲ့ ဗီယက်နမ်နိုင်ငံမှ Viet Trade. com တို့နဲ့ဆက်သွယ်ပြီး သက်ဆိုင်ရာနိုင်ငံများရှိ အွန်လိုင်းကုန်သည်တွေနဲ့ ချိတ်ဆက်ပေးသွားမှာ ဖြစ်ပါတယ်။

အွန်လိုင်းကုန်သွယ်မှု မြှင့်တင်ရေးက ပို့ကုန်ဖွံ့ဖြိုးရေးအတွက် တွန်းအားပေးမယ့်အေဂျင်စီရဲ့ မဟာဗျူဟာသစ်တစ်ခုဖြစ်ပါတယ်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာကုန်သည်များဖြစ်လာရေးအတွက် ကြိုးပမ်းနေကြတဲ့ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အထောက်အပံ့ဖြစ်စေနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာန ညွှန်ကြားရေးမှူးချုပ် နွန်တာဝန် ဆာကွန်တာနာဂါက ပြောပါတယ်။

ကုန်သွယ်မှုခေတ်သစ် တစ်ခုအဖြစ်ထူထောင်ပေးမယ့်အစိုးရရဲ့ "ဒစ်ဂျစ်တယ်စီးပွားရေး" အကောင်အထည်ဖော်မှုကို ဖြစ်ထွန်းအောင် ယခုအစီအစဉ်က ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး အွန်လိုင်းကုန်သွယ်မှု တစ်နည်းအားဖြင့် အီးကောမတ်ကကမ္ဘာ့ ကုန်သွယ်မှုဖွံ့ဖြိုး ရေးအတွက် ထူးခြားတဲ့ အခန်းကဏ္ဍကပါဝင်သွားမှာဖြစ်ကြောင်း သူမကပြောပါတယ်။

အွန်လိုင်း ကုန်သည်များအား အထောက်အပံ့ပေးရေး အစီအစဉ်အရ ဌာနရဲ့ဝက်ဘ်ဆိုက်ကို အပြည်ပြည်ဆိုင်ရာ webpage များနဲ့ ချိတ်ဆက်ပေးမှာဖြစ်ပြီး အထူးသဖြင့် အာဆီယံနိုင်ငံများကို ချိတ်ဆက်ပေးမှာဖြစ်သလို အာဆီယံ+၆ ကုန်သွယ်ဖက်နိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျနဲ့ နယူးဇီလန်တို့နဲ့လည်း ချိတ်ဆက်ပေးမှာဖြစ်ပါတယ်။

ထိုင်းနိုင်ငံက မကြာမီမှာ အဲဒီကုန်သွယ်ဖက်နိုင်ငံတွေနဲ့ လွတ်လပ်စွာ ကုန်သွယ်ခွင့် သဘောတူစာချုပ်တွေ ချုပ်ဆိုတော့မှာ ဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ဂျကာတာ

ပြည်တွင်းဝယ်လိုအား မြင့်တက်လာတဲ့အတွက် ရေနံနဲ့ သဘာဝဓာတ်ငွေ့ပြည်ပသို့တင်ပို့မှုကို အင်ဒိုနီးရှားအစိုးရက တဖြည်းဖြည်းလျှော့ချသွားတော့မှာဖြစ်ကြောင်း ဩဂုတ်လ ၁၃ ရက်နေ့က အရာရှိတစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရှင်ဟွာသတင်းမှာ ဖော်ပြထားပါတယ်။

### စင်ကာပူ

စင်ကာပူ အိုးအိမ်ဖွံ့ဖြိုးရေးဘုတ်အဖွဲ့ကဆောက်လုပ်ထားတဲ့ အိမ်ခန်းတွေကိုဇူလိုင်လမှာ ငှားရမ်းထားတဲ့ အရေအတွက်က ၅ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းပြီး ၁၆၉၂ ခန်းထိ ရောက်ရှိခဲ့ကြောင်း ငှားရမ်းခများမှာလည်း နှစ်အလိုက်နှိုင်းယှဉ်ပါက သုည ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ရှင်ဟွာသတင်းမှာ ဖော်ပြထားပါတယ်။

### အေသင်

ယူရို ၈၅ဘီလီယံ (အမေရိကန်ဒေါ်လာ ၉၃ ဘီလီယံ) ရှိ တတိယအကြိမ် ကယ်တင်မှုချေးငွေသဘောတူညီချက်ကို ဂရိပါလီမန်တွင် ဩဂုတ် ၁၄ ရက်က ညလုံးပေါက် အစည်းအဝေးထိုင်ပြီးနောက် မဲခွဲဆုံးဖြတ် အတည်ပြုခဲ့ကြောင်းနဲ့ ချေးငွေ လက်ခံရရှိရေးအတွက် အစိုးရအသုံးစရိတ်ကို အမြောက်အမြားလျှော့ချပြီး အခွန်နှုန်းများကို မြှင့်တင်ရမှာဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြထားပါတယ်။

### မနီလာ

ဖိလစ်ပိုင်နိုင်ငံရှိ ဆန်သိုလှောင်မှုလက်ကျန်အခြေအနေမှာ အိမ်ထောင်စုများတွင် ၂၈ ရက်စာ၊ ကူးသန်းရောင်းဝယ်ရေး သိုလှောင်ရုံများတွင် ၂၅ ရက်စာနှင့် ဖိလစ်ပိုင် အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့ သိုလှောင်ရုံများတွင် ၂၃ ရက်စာ အလုံအလောက်ရှိကြောင်း ဖိလစ်ပိုင် စာရင်းအင်းအဖွဲ့က ဩဂုတ် ၁၄ ရက်နေ့တွင် ပြောကြားချက်ကို ကိုးကားပြီး ဖိလစ်ပိုင်စတားသတင်းမှာ ဖော်ပြထားပါတယ်။

## EU

# ယူရိုဇုန် ကုန်ထုတ်လုပ်မှု ဇွန်လမှာကျဆင်း

ဒေသတွင်းမှာ စီးပွားရေးအရ အကြီးမားဆုံးနိုင်ငံကြီးသုံးနိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုကျဆင်းခဲ့တဲ့အတွက် ယူရိုဇုန်တစ်ခုလုံးရဲ့ ဇွန်လအတွက် ကုန်ထုတ်လုပ်မှုက မူလခန့်မှန်းထားတာထက် ပိုမိုကျဆင်းခဲ့ရာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှု ကျဆင်းတဲ့အခြေအနေက စီးပွားရေးတိုးတက်ဖို့ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေကို အဟန့်အတားဖြစ်စေမယ့်လက္ခဏာကို ပြသနေပါတယ်။

၂၀၁၄ ခုနှစ် ဇွန်လနဲ့ ၂၀၁၅ ဇွန်လအခြေအနေကို နှိုင်းယှဉ်ကြည့်ရင် စက်မှုကဏ္ဍက ကုန်ထုတ်လုပ်မှုက ၂၈ နိုင်ငံလုံးပါဝင်တဲ့ ဥရောပသမဂ္ဂမှာ ၁ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ပြီး ယူရိုဇုန်မှာ ၁ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် အိုင်ယာလန်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှုန်းက ၂၇ ဒသမ ၆ ရာခိုင်နှုန်းထိ ရှိခဲ့ပါတယ်။

ဂျာမနီ၊ ပြင်သစ်နဲ့ အီတလီနိုင်ငံတို့မှာ လအလိုက်နှိုင်းယှဉ်ပါက စက်ရုံများရဲ့ ဇွန်လကုန်ထုတ်လုပ်မှုက ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် စပိန်နိုင်ငံမှာ သုည ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။

တာရှည်ခံမဟုတ်တဲ့ လူသုံးကုန်တွေရဲ့ ယခုနှစ်ဇွန်လထုတ်လုပ်မှုကို ၂၀၁၄ ခုနှစ်ကာလတူ ထုတ်လုပ်မှုနဲ့ နှိုင်းယှဉ်ပါက ယူရိုနယ်မြေမှာ ၂ ဒသမ ၅ ရာခိုင်နှုန်းနဲ့ အီးယူ ၂၈ နိုင်ငံမှာ ၁ ဒသမ ၅ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် ကြားခံကုန်စည်(Intermediate Goods) တွေရဲ့ထုတ်လုပ်မှုက ယူရိုနယ်မြေမှာ သုည ဒသမ ၂ ရာခိုင်နှုန်းနဲ့ အီးယူ ၂၈ နိုင်ငံမှာ သုည ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။ စွမ်းအင်ကဏ္ဍက ယခင်လတွေက ဖွံ့ဖြိုးမှုကျဆင်းနေရာကပြန်လည် နာလန်ထူလာတာဖြစ်ပြီး ဇွန်လမှာ တိုးတက်မှုအမြင့်ဆုံးကဏ္ဍ ဖြစ်ပါတယ်။

ယူရိုဇုန် ဖွံ့ဖြိုးတိုးတက်မှုမှာ ဝန်ဆောင်မှုကဏ္ဍက အကြီးမားဆုံးအထောက်အကူပေးနေပေမယ့် စက်မှုကဏ္ဍကုန်ထုတ်လုပ်မှုကလည်း တခြားကဏ္ဍတွေအပေါ်မှာ သွယ်ဝိုက်ပြီး ထူးထူးကဲကဲအကျိုးသက်ရောက်မှု ရှိတဲ့အတွက် အရေးပါတဲ့ကဏ္ဍတစ်ခု ဖြစ်ပါတယ်။

## USA

# ဒုတိယသုံးလပတ်မှာ အမေရိကန်ပြည်ထောင်စုရဲ့ ကုန်ထုတ်လုပ်မှုမြင့်တက်



ဒုတိယသုံးလပတ်မှာ လယ်ယာကုန်ထုတ်လုပ်မှုမှအပ အမေရိကန်ပြည်ထောင်စုရဲ့ ကုန်ထုတ်လုပ်မှု မြင့်တက်ခဲ့ပေမယ့် ဆက်လက်မြင့်တက်ဖို့ အလားအလာ အားနည်းနေဆဲဖြစ်တဲ့ အတွက် ငွေကြေးဖောင်းပွမှုနှုန်းက စီးပွားရေးပညာရှင်တွေ မျှော်မှန်းထားတာထက် ပိုမိုလျင်မြန်စွာမြင့်တက်လာနိုင် ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဧပြီ-ဇွန်သုံးလပတ်မှာ ကုန်ထုတ်လုပ်မှုကနှစ်အလိုက် တိုးတက်မှုနှုန်းအရ ၁ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာနက ဩဂုတ် ၁၁ ရက်ကပြောပါတယ်။ ဒါပေမယ့် လုပ်သားတစ်ဦးရဲ့ နာရီအလိုက်ထုတ်လုပ်မှု ကိုတွက်ချက်မယ်ဆိုရင် ယခင်နှစ် ကာလတူကထက် သုည ဒသမ ၁ ရာခိုင်နှုန်းသာ တိုးတက်မှုရှိခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က ထုတ်ပြန်ခဲ့တဲ့ ပထမသုံးလပတ်က စုစုပေါင်းပြည်တွင်းအသားတင် ထုတ်လုပ်မှုကို၃ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်မယ်လို့ ခန့်မှန်းထားပေမယ့် ၁ ဒသမ ၁ ရာခိုင်နှုန်းသာရှိမယ်လို့ ပြင်ဆင်ခန့်မှန်းထားပါတယ်။

"ဒါကိုကြည့်ရင် ငွေကြေးဖောင်းပွမှုနှုန်းက ပြဿနာပေးမယ့်သဘောရှိနေပါတယ်။ ဒါပေမယ့် လောလောဆယ်မှာတော့ ဒီအခြေအနေကို မတွေ့ရသေးပါဘူး။ ရေရှည်အနေအထားကို ကြည့်ရမယ့်သဘော ရှိပါတယ်"လို့ နယူးယောက်မြို့ရှိ TD Securities မှ စီးပွားရေးပညာရှင် Gennadiy Goldberg က ပြောပါတယ်။

ဆယ်နှစ်ကျော် ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အတိုးနှုန်းကိုပြင်ဆင်ဖို့ အမေရိကန်ဗဟိုဘဏ်က စဉ်းစားလျက်ရှိရာ ကုန်ထုတ်လုပ်မှုအခြေအနေကလည်း ဗဟိုဘဏ်မှ စဉ်းစားနေတဲ့ အချက်များတွင် တစ်ချက်အဖြစ် ပါဝင်ပါတယ်။ ဒုတိယသုံးလပတ်မှာ ကုန်ထုတ်လုပ်မှုလုပ်ငန်းက ၁ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်မှုရှိတယ်လို့ စီးပွားရေး ပညာရှင်တွေက ခန့်မှန်းထားပါက ဒီကာလအတွင်း နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုနှုန်းက ၂ ဒသမ ၃ ရာခိုင်နှုန်းရှိနိုင်ပါတယ်။

## South Asia

# အိန္ဒိယကုန်ထုတ်လုပ်မှု ဇွန်လမှာ လေးလအတွင်းအမြင့်ဆုံးရောက်ရှိ

အဓိကအားဖြင့် ကုန်ချောထုတ်လုပ်မှုကဏ္ဍ မြင့်တက်လာတဲ့အတွက် အိန္ဒိယနိုင်ငံရဲ့ ဇွန်လထုတ်လုပ်မှုက ယခင်ကနဲ့ နှိုင်းယှဉ်ရင် ၃ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့တဲ့အတွက် လေးလအတွင်းမှာအမြင့်ဆုံးကို ရောက်ရှိခဲ့ကြောင်း Business Standard သတင်းမှာ ဖော်ပြထားပါတယ်။ ဒါပေမယ့် သတ္တုတူးဖော်ရေးနဲ့ လျှပ်စစ်ကဏ္ဍတွေရဲ့ နာလန်ထူမှုကတော့ နိမ့်ကျနေသေးကြောင်း ဩဂုတ် ၁၂ ရက်က ထုတ်ပြန်တဲ့ တရားဝင်ကိန်းဂဏန်းတွေအရ သိရပါတယ်။

အမှန်တကယ်တော့ ဇွန်လအတွင်းမှာ ကုန်ချောထုတ်လုပ်မှုလုပ်ငန်းရဲ့ ဖွံ့ဖြိုးမှုကအားလုံးတစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာတာမဟုတ်ဘဲ မတည်ရင်းနှီးကုန်ပစ္စည်းတွေရဲ့ ထုတ်လုပ်မှုကကျဆင်းပြီး ကြာရှည်ခံမဟုတ်တဲ့ စားသုံးကုန်ပစ္စည်းတွေရဲ့ ထုတ်လုပ်မှုကအနည်းငယ်လောက်သာ တိုးတက်တာကို တွေ့ရ ပါတယ်။

စက်မှုကုန်ထုတ်လုပ်မှု အညွှန်း (Index of Industrial Production-IIP) နဲ့ တိုင်းတာချက်အရ ဧပြီ-ဇွန် သုံးလပတ်အတွင်း စုစုပေါင်းကုန်ထုတ်လုပ်မှုဖွံ့ဖြိုးမှုနှုန်းက ယခင်နှစ်ကာလတူက ၄ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ် ဇွန်လမှာ ၃ ဒသမ ၂ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပါတယ်။

IIP နဲ့တိုင်းတာမှုက အမျိုးသားတိုင်းတာမှုတွေမှာ အသုံးပြုတဲ့ စက်မှုကိန်းဂဏန်းအချက်အလက်တွေရဲ့ ၂၅ ရာခိုင်နှုန်းကနေ ၂၆ ရာခိုင်နှုန်းအထိသာပါဝင်ပေမယ့် ဧပြီ-ဇွန် သုံးလပတ်မှာ နှစ်အလိုက်မှာ ဖွံ့ဖြိုးနှုန်းကျဆင်းရင် အဲဒီသုံးလပတ်ကာလအတွင်းမှာ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) ဖွံ့ဖြိုးတိုးတက်မှုကို ဆိုးရွားတဲ့ဂယက်ရိုက်ခတ်မှုကို ဖြစ်ပေါ်စေနိုင်ပါတယ်။

## East Asia

# တောင်ကိုရီးယားမှာ ကိုယ်ပိုင်လုပ်ငန်းလုပ်ဆောင်သူဦးရေ အနှစ်နှစ်ဆယ်အတွင်း အနိမ့်ဆုံးသို့ ကျဆင်း

တောင်ကိုရီးယားနိုင်ငံရဲ့ စီးပွားရေး ရေရှည်နွေးကွေးကျဆင်းပြီးနောက်ပိုင်း နိုင်ငံအတွင်းရှိ ကိုယ်ပိုင်လုပ်ငန်းလုပ်ဆောင်သူအလုပ်သမား ဦးရေမှာ ယခုနှစ်ပထမနှစ်ဝက်အတွင်း ကျဆင်းခဲ့ရာ အနှစ်နှစ်ဆယ်အတွင်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း ကိုရီးယားဟာရယ်သတင်းမှာ ဖော်ပြပါတယ်။ မေလနဲ့ဇွန်လအတွင်းက ဖြစ်ပွားခဲ့တဲ့ အရှေ့အလယ်ပိုင်း ဒေသအသက်ရှူလမ်းကြောင်းရောဂါ (မားစ်ရောဂါ) ဖြစ်ပွားမှုကြောင့် စားသုံးသူယုံကြည်မှုကို ဆိုးရွားစွာပျက်စီးစေပြီး ကိုယ်ပိုင်လုပ်ငန်းဆောင်ရွက်လျက်ရှိတဲ့လုပ်ငန်းတွေ ပိုမိုပိတ်သိမ်းရတဲ့အဖြစ်မျိုးကို ရောက်ရှိစေခဲ့တယ်လို့ ဆိုပါတယ်။

ဝန်ထမ်းမရှိဘဲကိုယ်ပိုင်လုပ်ငန်းကိုလုပ်ဆောင်တဲ့ဦးရေက ၂၀၁၄ ခုနှစ်မှာ ၄ဒသမ ၀၈၂သန်းရှိခဲ့ရာမှ ၁၀၇၀၀၀ ဦးကျဆင်းပြီး ၂၀၁၅ ခုနှစ် ဇွန်လစာရင်းအရ ၃ ဒသမ ၉၇၅ သန်းထိ ကျဆင်းခဲ့ကြောင်း တောင်ကိုရီးယားစာရင်းရုံးမှ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ယခုအရေအတွက်က ၁၉၉၅ ခုနှစ် ဇွန်လမှာ ၃ ဒသမ ၉၇၁ သန်းထိရောက်ရှိခဲ့ပြီး နောက်ပိုင်းအနှစ် ၂၀ အတွင်း အနိမ့်ဆုံးနှုန်းသို့ ကျဆင်းခဲ့တာဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ်နောက်ပိုင်းကစပြီး ကိုယ်ပိုင်အလုပ်လုပ်ကိုင်သူဦးရေက တစ်နှစ်ကုန်ဆုံးချိန်မှာ နှစ်စဉ် ၄ သန်း ထိရှိခဲ့တာကိုတွေ့ရပြီး ယခုနှစ်မှာ ၄ သန်းအောက်ကျဆင်းမယ်လို့ခန့်မှန်းရကြောင်း အစိုးရစာရင်းရုံးမှ အရာရှိတစ်ဦးက ခန့်မှန်းပါတယ်။

မားစ်ရောဂါ ဖြစ်ပွားမှုကြောင့် ပုဂ္ဂလိကစားသုံးမှုအပေါ် ဂယက်ရိုက်ခတ်မှုက ၂၀၁၄ ခုနှစ်ဧပြီလက Sewool ဖယ်ရီနစ်မြုပ်မှုဖြစ်ပွားစဉ်က စားသုံးမှုကျဆင်းတာထက် ပိုမိုဆိုးဝါးတာကို ကိန်းဂဏန်း အချက်အလက်များအရ တွေ့ရပါတယ်။ ဖယ်ရီသင်္ဘောနစ်မြုပ်စဉ်ကစားသုံးမှုက သုည ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ရာမှ ယခုနှစ်ဇွန်လက ဖြစ်ပွားခဲ့တဲ့ ကျဆင်းမှုက ၃ ဒသမ ၇ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့တာကို တွေ့ရပါတယ်။

ဒါပေမယ့် လုပ်သားများထားရှိနိုင်တဲ့ အသေးစားစက်မှုလုပ်ငန်းအရေအတွက်က ယခုနှစ်ပထမနှစ်ဝက်မှာ ၁ ဒသမ ၅၉၅ သန်းရှိတဲ့အတွက် ယခင်နှစ်ကာလတူကရှိခဲ့တဲ့ ၁ ဒသမ ၅၃ သန်းထက်ပိုမိုတာ ကိုတွေ့ရပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ထွန်းသစ်စ အာရှနိုင်ငံတွေမှာ စီးပွားရေးအရ အခက်အခဲတွေကြုံတွေ့နေရချိန်မှာ ယွမ်ငွေတန်ဖိုးလျှော့ချလိုက်တဲ့အတွက် ဖြစ်ပေါ်လာတဲ့ဂယက်ကြောင့် ထွန်းသစ်စ ဈေးကွက်တွေမှာရှိတဲ့ စတော့ရှယ်ယာဈေးတွေက ရက်သတ္တပတ်လေးပတ်အတွင်း အနိမ့်ဆုံးထိ ကျဆင်းခဲ့ပါတယ်။ အလားတူ ဩဂုတ် ၁၄ ရက်နေ့မှာ ထွန်းသစ်စငွေကြေးများရဲ့တန်ဖိုးကနှစ်ပေါင်း များစွာအတွင်း စံချိန်တင်နိမ့်ကျတဲ့နှုန်းအထိ ကျဆင်းခဲ့ပါတယ်။

တရုတ်နိုင်ငံက ဩဂုတ်လ ၁၁ နေ့မှာ ယွမ်ငွေကြေး တန်ဖိုးကို ရုတ်တရက် လျှော့ချလိုက်ပါတယ်။ ဒါပေမယ့် ဈေးကွက်မတည်ငြိမ်မှုကို ထိန်းချုပ်နိုင်ဖို့ ရည်ရွယ်ပြီး တရုတ်ဗဟိုဘဏ်က ဝင်ရောက်စွက်ဖက်မယ့် အလားအလာကိုတွေ့ရပြီးနောက်ပိုင်း တရုတ်ယွမ်ငွေကြေးတန်ဖိုး ပြန်လည်မြင့်တက်လာခဲ့ပါတယ်။ ရက်သတ္တပတ်အလိုက်ပြန်ကြည့်ရင် ယွမ်ငွေကြေးတန်ဖိုးစံချိန်တင် ကျဆင်းမှုက အထိနာထားတဲ့ထွန်းသစ်စ နိုင်ငံတွေရဲ့ ငွေကြေးတွေအပေါ်မှာ ဖိအားပေးမှုတွေ ပိုမိုကျရောက်စေခဲ့ပါတယ်။ ယွမ်ငွေကြေးတန်ဖိုးကျဆင်းမှုကြောင့် ကမ္ဘာ့ဒုတိယ အကြီးဆုံးဖြစ်တဲ့ တရုတ်စီးပွားရေးနှေးကွေးကျဆင်းမှာကို စိုးရိမ်မှုတွေ မြင့်တက်လာစေခဲ့ပါတယ်။

တရုတ်နိုင်ငံက ယွမ်ငွေတန်ဖိုးချလိုက်တဲ့အချိန်မတိုင်မီ ဇူလိုင်လက တရုတ်နိုင်ငံရဲ့ ပို့ကုန်တွေက ပဥ္စမမြောက်လအဖြစ် ဆက်တိုက်ကျဆင်းနေချိန်ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ ဆယ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ်အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းတွေမြှင့်တင်ပေးမယ့်သတင်းကြောင့် ကျဆင်းနေတဲ့ထွန်းသစ်စနိုင်ငံတွေရဲ့ ငွေကြေးတွေကို ဗူးလေးရာဖရုံဆင့်ဖြစ်စေခဲ့ပါတယ်။

**တရုတ်ယွမ်**

တရုတ် နိုင်ငံခြားငွေရောင်းဝယ်ရေးဌာန (China Foreign Exchange Trading System) မှာ ဩဂုတ်လ ၁၄ ရက်နေ့က တရုတ်ယွမ်ငွေကြေးရဲ့တန်ဖိုးကို အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ သုည ဒသမ ၃၅ ရာခိုင်နှုန်းပြန်လည်မြှင့်တင်ပြီး တစ်ဒေါ်လာကို ၆ ဒသမ ၃၉၇၅ ယွမ်နှုန်း ရှိခဲ့ပါတယ်။

**အိန္ဒိယရူပီး**

ဩဂုတ် ၁၃ ရက်နေ့က တစ်ဒေါ်လာကို ၆၅ ဒသမ ၁၀ ရူပီးနှုန်း ရှိခဲ့တဲ့ ရူပီးတန်ဖိုးက နောက်တစ်နေ့မှာ သုည ဒသမ ၂၂ ရူပီးနှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆၅ ဒသမ ၃၂ ရူပီး နှုန်းရှိခဲ့ပါတယ်။ ရူပီးတန်ဖိုး ကျဆင်းမှု က ခုနစ်ရက်မြောက်နေ့အဖြစ်ဆက်တိုက်ကျဆင်းမယ့်အခြေအနေကို တွေ့ရပါတယ်။

လွန်ခဲ့တဲ့ သုံးရက်အတွင်းယွမ်ငွေကြေးတန်ဖိုးက လေးရာခိုင်နှုန်းကျော်တန်ဖိုးချလိုက်တဲ့အချက်က ယခုရက်သတ္တပတ်အတွင်း ရူပီးငွေကြေးတွေကို ပုံအောပြီးပြန်ရောင်းချရတဲ့ အကြီးမားဆုံးအကြောင်းအရင်းတစ်ခု ဖြစ်ခဲ့ပါတယ်။ ဩဂုတ် ၁၄ ရက်မှာ ဒေါ်လာနဲ့ဖလှယ်ရာမှာ ယွမ်ငွေကြေးတန်ဖိုး ပြန်မာလာတဲ့တိုင်အောင် ရူပီးငွေကြေးက ပြန်လည် ခေါင်းမထောင်နိုင်အောင် ရှိနေဆဲ ဖြစ်ပါတယ်။

**ဂျပန်ယန်း**

တိုကျိုနိုင်ငံခြားငွေ ရောင်းဝယ်ရေးဈေးကွက်မှာ ဩဂုတ်လ ၁၄ ရက်နေ့က အမေရိကန်ဒေါ်လာရဲ့တန်ဖိုးက ၁၂၄ ဒသမ ၅ ယန်းနှုန်းအောက်မှာ အတက်အကျရှိနေပါတယ်။

ဒေါ်လာ ယန်း ဖလှယ်နှုန်းက ဩဂုတ်လ ၁၄ ရက်နေ့ ညနေ ၅ နာရီက နယူးယောက်မှာ တစ်ဒေါ်လာ ၁၂၄ ဒသမ ၃၇ ယန်းနဲ့ တိုကျိုမှာ ၁၂၄ ဒသမ ၅၈ ယန်းနှုန်းရှိနေရာမှ နောက်တစ်နေ့မနက် ၉ နာရီတိုကျိုဈေးကွက်မှာ တစ်ဒေါ်လာကို ၁၂၄ ဒသမ ၃၉ ယန်းနှုန်းရှိခဲ့ပါတယ်။

ယူရိုငွေကြေးရဲ့ ဖလှယ်နှုန်းက ဩဂုတ် ၁၃ ရက်ညနေက နယူးယောက်ဈေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၁၁၂ ဒေါ်လာနဲ့ တိုကျိုမှာ ၁၃၈ ဒသမ ၄၄ ယန်းနှုန်းရှိခဲ့ရာမှ ဩဂုတ်လ ၁၃ ရက်မှာတစ်ယူရိုကို ၁ ဒသမ ၁၁၅၆ ဒေါ်လာနဲ့ ၁၃၈ ဒသမ ၇၇ ယန်းနှုန်းရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

နိုင်ငံခြားဘဏ်များက ပြည်တွင်းငွေကြေးများ လက်ဝယ်ထားရှိမှုကို လျှော့ချလာကြတဲ့အတွက် ဩဂုတ်လ ၁၃ ရက်နေ့က အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ကြောင်း ငွေကြေးကုန်သည်တစ်ဦးက ပြောပါတယ်။

ဒေါ်လာ၊ ရင်းဂစ်ဖလှယ်နှုန်းက ဩဂုတ်လ ၁၃ ရက်ညနေ ၅ နာရီက တစ်ဒေါ်လာကို ၄ ဒသမ ဝဝ၈ဝ ရင်းဂစ်နှုန်းရှိရာမှ ၁၄ ရက်နေ့မနက် ၉ နာရီ ၂ဝ မိနစ်မှာ ၄ ဒသမ ဝ၃၆ဝ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။

ငွေကြေး ဖလှယ်ရေးအုပ်စုအတွင်းရှိအခြားငွေကြေးများနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

အမေရိကန် ပြည်ထောင်စုရဲ့ လက်လီရောင်းချမှုနဲ့ ပတ်သက်တဲ့ အစီရင်ခံစာမှာ အခြေအနေတိုးတက်ကောင်းမွန်လာတဲ့အတွက် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကို စက်တင်ဘာမှာတိုးမြှင့်ပေးနိုင်တယ်ဆိုတဲ့ ယူဆချက်က ပိုမိုခိုင်မာလာခဲ့ပါတယ်။ ဒါကြောင့် ဩဂုတ်လ ၁၄ ရက်နေ့မှာ ယူရိုနဲ့ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးကျဆင်းခဲ့ပါတယ်။

ဒါပေမယ့်ဒေါ်လာနဲ့တောင်ကိုရီးယားဝမ်ဖလှယ်နှုန်းက ဩဂုတ်လ ၁၃ ရက်မှာ တစ်ဒေါ်လာကို ၁၁၇၄ ဒသမ ၅၅ ဝမ်နှုန်းရှိရာမှ ဩဂုတ်လ ၁၄ ရက်မှာ ၁၁၇၇ ဒသမ ၃၂ ဝမ်နှုန်းကိုရောက်ရှိပြီး ဝမ်တန်ဖိုးကျဆင်းခဲ့ပါတယ်။

**ထိုင်းဘတ်**

အမေရိကန် ပြည်ထောင်စုရဲ့ လက်လီရောင်းချမှုလုပ်ငန်းများတိုးတက်လာကြောင်း အစီရင်ခံစာမှာ ဖော်ပြပြီးနောက်ပိုင်း ဩဂုတ်လ ၁၃ ရက်မှာ ယူရိုအပါအဝင်တခြားငွေကြေးတွေနဲ့ဖလှယ်ရာမှာ ဒေါ်လာဈေးမြင့်တက်ခဲ့ပါတယ်။

ဒေါ်လာ/ဘတ်ဖလှယ်နှုန်းက ဩဂုတ်လ ၁၃ ရက်မှာ တစ်ဒေါ်လာ ၃၅ ဒသမ ၁၈ ဘတ်မှ ဩဂုတ်လ ၁၄ ရက်နေ့မှာ တစ်ဒေါ်လာကို ၃၅ ဒသမ ၂၆ ဘတ်နှုန်းရှိခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## အမေရိကန်စီးပွားရေးပုံမှန်နီးပါးတိုးတက်လာသဖြင့် ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်ပေးဖို့ နီးကပ်လာ

အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးအခြေအနေမှာ အများအားဖြင့် ပုံမှန်အနေအထားသို့ရောက်ရှိပြီဖြစ်သဖြင့် အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းများကို မကြာမီအချိန်မှာ မြှင့်တင်လာနိုင်ဖွယ်ရှိကြောင်း အတ္တလန္တာဗဟိုဘဏ် ဥက္ကဋ္ဌ ဒင်းနစ်လော့ခ်ဟတ်က ဩဂုတ်လ ၁၀ ရက်နေ့က ပြောကြားခဲ့တာကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

"အတိုးနှုန်းတွေမြှင့်တင်ပေးရမယ့်အချိန်ကနီးလာပါပြီ။ စီးပွားရေးတိုးတက်မှုအရှိန်ရလာပြီး လက်ခံနိုင်လောက်တဲ့အခြေအနေထိရောက်လာပါပြီ။ ထူးထူးခြားခြားဆိုးရွားတဲ့အခြေအနေ မရှိတော့ပါဘူး"လို့ အတ္တလန္တာသတင်းစာကလပ်မှာ လော့ခ်ဟတ်ကပြောပါတယ်။

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်မူဝါဒချမှတ်ရေးကော်မတီဝင်များ အနက်လော့ခ်ဟတ်က အလယ်အလတ်ဝါဒီတစ်ဦးဖြစ်ပြီး စက်တင်ဘာလအစည်းအဝေးမှာ အတိုးနှုန်းမြှင့်တင်ဖို့ဘက်က မဲပေးမယ်ဆိုတဲ့အချက်ကို သူ့ရဲ့မိန့်ခွန်းမှာ ထပ်မံပြောကြားခြင်းမရှိပေမယ့် အမေရိကန်စီးပွားရေးမှာ အဓိကအခက်အခဲတွေ ရှင်းလင်းသွားပြီဆိုတဲ့ အချက်ကိုတော့ သူက ပြတ်ပြတ်သားသားပြောကြားခဲ့ပါတယ်။ ယူရိုဇုန်မှာ ဖြစ်ပေါ်နေတဲ့ ဂရိနိုင်ငံယူရိုဇုန်မှ ထွက်ခွာရေးပြဿနာနဲ့ တရုတ်နိုင်ငံမှာစီးပွားရေးကျဆင်းနေတယ်ဆိုတဲ့ ပြဿနာစတဲ့ အမေရိကန်ရဲ့ပြင်ပမှာ ဖြစ်ပေါ်နေတဲ့အန္တရာယ်တွေကလည်း လျော့ပါးသွားပြီလို့ သူကပြောပါတယ်။

ရေနံဈေးနှုန်းကျဆင်းမှုတွေကလည်း ငွေကြေးဖောင်းပွမှုအပေါ် အကျိုးသက်ရောက်ဖို့ခက်ခဲလာသလို အမေရိကန်ဗဟိုဘဏ်အနေနဲ့ မိမိရဲ့ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ဖို့ နီးကပ်လာပြီလို့ သူကပြောပါတယ်။ အမေရိကန်စီးပွားရေး ဆက်လက်ခိုင်မာလာပြီဖြစ်တဲ့အတွက် လာမယ့်လတွေမှာ ငွေကြေးဖောင်းပွမှုမြင့်တက်လာမယ်လို့ ယုံကြည်ကြောင်းသူကပြောပါတယ်။

## ယွမ်ငွေကြေးတန်ဖိုးကို ချလိုက်သော်လည်း အာရှဗဟိုဘဏ်များက တည်ငြိမ်စွာတုံ့ပြန်

မိမိတို့ရဲ့ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံ ဖြစ်တဲ့ တရုတ်နိုင်ငံက ငွေကြေးတန်ဖိုးချပြီးတဲ့နောက် အာရှဒေသရှိ ဗဟိုဘဏ်အချို့က ငွေကြေးမူဝါဒနဲ့ပတ်သက်ပြီးတည်ငြိမ်စွာ တုံ့ပြန်ခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ယွမ်ငွေကြေးတန်ဖိုးကို ဩဂုတ်လ ၁၁ ရက်နေ့က ၁ ဒသမ ၉ ရာခိုင်နှုန်းရုတ်တရက်လျှော့ချလိုက်ပြီး ဒီလိုလျှော့ချမှုကို ယခုတစ်ကြိမ်တည်းသာပြုလုပ်မှာဖြစ်ကြောင်း တရုတ်ဗဟိုဘဏ် ကပြောခဲ့ပါတယ်။

တရုတ်ဗဟိုဘဏ်အနေနဲ့ ယွမ်ငွေကြေးတန်ဖိုးကို ၂ ရာခိုင်နှုန်း အတက်အကျနှုန်းဖြင့် ဖလှယ်ခွင့်ပြုထားသော်လည်း ဈေးကွက်အတွင်းမှာမူ ယွမ်ငွေကြေးတန်ဖိုးကို သတ်မှတ်ချက်အောက်ချ၍ ဖလှယ်ခဲ့ကြပါတယ်။ ဒါပေမယ့် တောင်ကိုရီးယား၊ အိန္ဒိယ၊ အင်ဒိုနီးရှားနဲ့ ဂျပန်နိုင်ငံမှ မူဝါဒရေးဆွဲသူတို့ကမူ တုံ့ပြန်တဲ့မူဝါဒမျိုးချမှတ်ခဲ့ခြင်း မရှိတာကို တွေ့ရပါတယ်။

"ပြည်တွင်းသုံး ဝမ်ငွေကြေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့လွန်လွန်ကဲကဲ စိတ်ပူတာမျိုးတော့ မရှိပါဘူး။ ဒါပေမယ့် ထူးထူးကဲကဲမတည်မငြိမ်ဖြစ်တာမျိုးရှိမရှိကို သိနိုင်အောင် ဈေးကွက်ကိုကျွန်တော်တို့အနီးကပ်စောင့်ကြည့်နေပါတယ်" လို့ တောင်ကိုရီးယားနိုင်ငံခြားငွေဖလှယ်ရေးအရာရှိ တစ်ဦးက ရိုက်တာသတင်းဌာနကို ပြောပါတယ်။

"ထွန်းသစ်စ ဈေးကွက်က နိုင်ငံသုံးငွေကြေးတွေ ဒေါ်လာနဲ့ ဖလှယ်ရာမှာ တန်ဖိုးကျဆင်းနေတဲ့အချိန်မှာ ဝမ်ငွေကြေးတန်ဖိုးက ယခုလိုကျဆင်းခဲ့တာဖြစ်ပါတယ်"လို့သူကပြောပါတယ်။လွန်ခဲ့တဲ့လအနည်းငယ်က အမေရိကန်ဒေါ်လာ တန်ဖိုး မြင့်တက်မှုဒဏ်ကို ထွန်းသစ်စငွေကြေးတို့ ခါးစည်းခံနေရတဲ့အချိန်မျိုးမှာပင် ယွမ်ငွေကြေးတန်ဖိုး အတော်အတန်တည် ငြိမ်မှုရှိခဲ့ကြောင်း သူကထောက်ပြပါတယ်။

တရုတ်နိုင်ငံက တောင်ကိုရီးယားရဲ့ အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ၂၀၁၄ ခုနှစ်စုစုပေါင်းကုန်သွယ်မှုရဲ့ ငါးပုံတစ်ပုံအထိရောက်ရှိခဲ့ပါတယ်။ ယခုနှစ်အတွင်း ယွမ်ငွေကြေးနဲ့ဖလှယ်ရာမှာ ဝမ်ငွေကြေးတန်ဖိုးအထိုက်အလျောက်ကျဆင်းခဲ့ပေမယ့် တောင်ကိုရီးယားနိုင်ငံအတွင်းမှ ငွေကြေးတွေစီးထွက်နေတာကို မူဝါဒရေးဆွဲသူတွေက အားပေးဖို့ကြိုးစားခဲ့ကြပါတယ်။

ဂျပန်မူဝါဒရေးဆွဲသူတို့က တရုတ်ယွမ်ငွေကြေးတန်ဖိုး ၂ ရာခိုင်နှုန်းကျဆင်းတဲ့အတွက် စိတ်ဝင်စားဟန်မပြပါဘူး။ တရုတ်ငွေကြေးတန်ဖိုးကျဆင်းခဲ့တဲ့အတွက် ငွေကြေးတန်ဖိုးတွေအပြိုင်ချမယ့် ငွေကြေးစစ်ပွဲဖြစ်လာနိုင်စရာမရှိပါဘူး လို့ ဂျပန်မူဝါဒရေးဆွဲသူတစ်ဦးက ပြောပါတယ်။

## ဆိုရှယ်မီဒီယာတွေအပေါ်မှာ ယုံကြည်မှု နည်းပါးလာတဲ့

# ဆယ်လီနာဂိုမက်ဇ်




အမေရိကန်ရုပ်ရှင်မင်းသမီးချောလေးဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်ဟာ ဆိုရှယ်မီဒီယာတွေအပေါ် ယုံကြည်မှု နည်းပါးလာခဲ့ပြီလို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ဆယ်လီနာဂိုမက်ဇ်ဟာ သူ့ရဲ့တွစ်တာအကောင့်မှာ Follow up လုပ်သူပေါင်းက ၃၁ ဒသမ ၇သန်းရှိနေပြီး Instagram မှာတော့ ၄၀ ဒသမ ၅ သန်းရှိနေပါတယ်။

"ကျွန်မရဲ့ဆိုရှယ်မီဒီယာတွေဖြစ်တဲ့ တွစ်တာနဲ့ Instagram မှာရှိတဲ့ အကောင့်ပိုင်ရှင်တွေက အတုတွေ တော်တော်လေးများနေတာကို ကျွန်မ သိပါတယ်။ အကောင့်အတုတွေနဲ့ ကျွန်မဆီကိုရောက်လာကြတယ်။ ကျွန်မကို Like တွေလုပ်ကြတယ်။ ကျွန်မတစ်ခုခုလုပ်ပြီဆိုတာနဲ့ Like တွေက သန်းလေးဆယ်လောက်တက်လာတယ်။ ဒါပေမယ့်ကျွန်မရဲ့အယ်လ်ဘမ်ကို ရောင်းတဲ့အခါကျတော့ အဲဒီ Like လုပ်တဲ့သန်းလေးဆယ်စလုံးက မဝယ်ကြဘူး"လို့ ပြောကြားခဲ့ပါတယ်။

ဆယ်လီနာက သူ့အနေနဲ့ သူ့ရဲ့ ပရိသတ်အစစ်အမှန်ကိုသာ လိုချင်တယ်လို့ ဆိုပါတယ်။ လတ်တလော သတင်းများအရ One Direction အဖွဲ့ကနေ လမ်းခွဲခဲ့တဲ့ အဆိုတော် ဇန်မာလစ်ဟာနဲ့ ဆယ်လီနာတို့ပတ်သက်နေတယ်ဆိုတဲ့အကြောင်းကို ဆယ်လီနာက ပွင့်ပွင့်လင်းလင်းငြင်းဆိုခဲ့ပါတယ်။

"ဇန်ကို ကျွန်မ သိပါတယ်။ ဒါပေမယ့် သူက ကျွန်မရဲ့တွစ်တာအကောင့်ထဲမှာ Follower ဖြစ်နေတာကို မသိပါဘူး။ ကျွန်မက သူ့ရဲ့ပရိသတ်ပါ။ ကျွန်မရဲ့ Follower ဖြစ်နေတာနဲ့ပဲ သူနဲ့ကျွန်မပတ်သက်နေရတော့မှာလား။ ဇန်ကိုတော့ ကျွန်မ စိတ်မကောင်းပါဘူးလို့ပဲ ပြောပါရစေ"လို့ ပြောကြားခဲ့ပါတယ်။



## စံချိန်တင်ဝင်ငွေများစွာနဲ့ ထိပ်ဆုံးကနေရပ်တည်နေတဲ့

# Mission Impossible: Rouge Nation

ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းက ကမ္ဘာတစ်ဝန်းရုံတင်ပြသခဲ့တဲ့ မင်းသားချောတွမ်ခရုဇ်ရဲ့ Mission Impossible: Rouge Nation ဇာတ်လမ်းဟာ စံချိန်တင်ဝင်ငွေများစွာနဲ့ ထိပ်ဆုံးမှာရပ်တည်နေတယ်လို့ Box Office က သတင်းထုတ်ပြန်ခဲ့ပါတယ်။ Mission Impossible: Rouge Nation ဇာတ်လမ်းဟာ အမေရိကန်ဒေါ်လာ သန်း ၃၀၀အထိ ရရှိခဲ့ပြီး ဝင်ငွေစံချိန်တင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီဇာတ်လမ်းကို ဇူလိုင်လ ၂၃ ရက်နေ့ကတည်းက ကမ္ဘာတစ်ဝန်းမှာ ပြသခဲ့တာဖြစ်ပါတယ်။ ပြသတဲ့ကာလ သုံးပတ်အတွင်းမှာ ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၃၀၅ ဒသမ ၇ သန်း ရရှိခဲ့ပါတယ်။ အဲဒီဇာတ်ကားရဲ့ စုစုပေါင်းကုန်ကျစရိတ်က အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၅၀သာကုန်ကျခဲ့တာကြောင့် အဲဒီဇာတ်ကားဟာအမြတ်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၅၀ ကျော် ရရှိခဲ့တာဖြစ်ပါတယ်။

တွမ်ခရုဇ်ဟာ အဲဒီဇာတ်လမ်းကို ကိုယ်စားလှယ်အဖြစ်ရယူပြီး ကမ္ဘာတစ်ဝန်းလုံးကို ဖြန့်ချိပြသခဲ့တာဖြစ်ပါတယ်။ အမေရိကန်နိုင်ငံမှစတင်ပြသခဲ့စဉ်ကတည်းကပင်အမေရိကန်ဒေါ်လာ ၁၁၈ ဒသမ ၅သန်းရရှိခဲ့ပါတယ်။ တောင်ကိုရီးယား၊ ယူကေ၊ မက္ကဆီကို၊ စပိန်၊ ရုရှား၊ အာဂျင်တီးနားနဲ့အိန္ဒိယတို့မှာတော့ ဝင်ငွေအကောင်းဆုံးရလဒ်ကို ရရှိခဲ့တယ်လို့ ဆိုပါတယ်။ ပြင်သစ်၊ ဘရာဇီးနဲ့ တရုတ်နိုင်ငံတို့မှာတော့ လာမယ့် စက်တင်ဘာလ ၈ ရက်နေ့မှသာ စတင်ပြသမှာဖြစ်တယ်လို့ ဆိုပါတယ်။

## ပင့်ကူလူသားအသစ်ကို ချီးကျူးလိုက်တဲ့ အင်ဒရူးဂါးလ်ဖီးလ်

ယခင်ပင့်ကူလူသား ဇာတ်လမ်းတွဲတွေကို ရိုက်ကူးခဲ့တဲ့ အင်ဒရူးဂါးလ်ဖီးလ်က ယခုလက်ရှိပင့်ကူလူသားဇာတ်လမ်းတွဲတွေကို ရိုက်ကူးနေတဲ့ တွမ်ဟော်လန်ကို ချီးကျူးလိုက်ပါတယ်။

၂၀၁၂ ခုနှစ်ကတည်းက ပင့်ကူလူသားအဖြစ် The Amazing Spiderman ဇာတ်လမ်းတွဲမှာ သရုပ်ဆောင်ခဲ့တဲ့ အင်ဒရူးဂါးလ်ဖီးလ်ဟာ ယခုနှစ်အတွင်းမှာ ရိုက်ကူးခဲ့တဲ့ ပင့်ကူလူသားဇာတ်လမ်းတွဲမှာတော့ ပါဝင်သရုပ်ဆောင်ခြင်း မရှိတော့ပါဘူး။

ဒီနှစ်ထဲမှာ ရိုက်ကူးခဲ့တဲ့ ပင့်ကူလူသားဇာတ်လမ်းတွဲကိုတော့ အင်ဒရူးဂါးလ်ဖီးလ်ရဲ့ ပင့်ကူလူသားနေရာမှာ တွမ်ဟော်လန်နဲ့ ရိုက်ကူးခဲ့ပါတယ်။

တွမ်ဟော်လန်ပါဝင်ရိုက်ကူးထားတဲ့ ပင့်ကူလူသား ဇာတ်လမ်းတွဲဖြစ်တဲ့ The Amazing Spiderman 2 ကို ရုံတင်ပြသနိုင်ဖို့အတွက် အကြိုပြသရာမှာ တွမ်ဟော်လန်ရဲ့ စွန့်စားခန်းတွေကို ချီးကျူးခဲ့တာဖြစ်ပါတယ်။

ဂါးလ်ဖီးလ်က "တွမ်ရဲ့ခန္ဓာကိုယ် ပေါ့ပါးချက်ကတော့ အံ့မခန်းပဲ။ ကျွန်တော့်ထက်တောင် ပေါ့ပါးသွက်လက်နေတာပဲ။ တွမ်ရဲ့သရုပ်ဆောင်ချက်က တော်တော်လေးကို ကြည့်လို့ကောင်းသလို သူ့ရဲ့သွင်ပြင်နဲ့ သူ့ရဲ့ခန္ဓာကိုယ်တို့ လိုက်ဖက်လှတဲ့အတွက်လည်း ဒီပင့်ကူလူသားဇာတ်လမ်းတွဲဟာ



သူနဲ့ အလိုက်ဖက်ဆုံးဇာတ်လမ်းတွဲပါပဲ။ သူဟာ သရုပ်ဆောင်ကောင်းတစ်ဦး ဖြစ်လာလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"လို့ ဂါးလ်ဖီးလ်က ပြောကြားခဲ့ပါတယ်။

အသက် ၁၉ နှစ်သာရှိသေးတဲ့ တွမ်ဟာ ကချေသည်တစ်ဦးဖြစ်တာကြောင့် သူ့ရဲ့ခန္ဓာကိုယ်ကို ထိန်းထားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် သူဟာ ကလေးသရုပ်ဆောင်ဘဝကနေ လူကြီးသရုပ်ဆောင်ဘက်ကို ကူးပြောင်းရာမှာ စိတ်ကူးယဉ်စွန့်စားခန်းရုပ်ရှင် ဇာတ်လမ်းတွဲဖြစ်တဲ့ The Amazing Spiderman 2 ဇာတ်လမ်းတွဲကို ရိုက်ကူးခဲ့တာဖြစ်ပါတယ်။




## တောင်ကိုရီးယားနိုင်ငံလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် စတင် ပြသတဲ့နေ့မှာ လက်မှတ်စောင်ရေ ၁၀သန်းကျော် ရောင်းချခဲ့ရတဲ့

# Assassination

လာမယ့်ရက်အတွင်း အာရှဒေသတွေမှာပြသတော့မယ့် တောင်ကိုရီးယားရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်တဲ့Assassination ဇာတ်ကားဟာ တောင်ကိုရီးယားနိုင်ငံရဲ့ ဒုတိယကမ္ဘာစစ်အတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို အခြေခံပြီး ရိုက်ကူးထားတဲ့ ဇာတ်လမ်းကောင်းတစ်ခုဖြစ်ပါတယ်။ အဲဒီဇာတ်လမ်းကို တောင်ကိုရီးယားနိုင်ငံရဲ့လွတ်လပ်ရေးနေ့ဖြစ်တဲ့ ဩဂုတ်လ ၁၅ ရက်နေ့မှာ နိုင်ငံတစ်ဝန်းပြသဖို့ စီစဉ်ခဲ့ပါတယ်။

အဲဒီနေ့တစ်နေ့တည်းမှာပဲ လက်မှတ်ရောင်းချရတဲ့ စောင်ရေပေါင်းက စံချိန်တင်ခဲ့တယ်လို့ allkpop မှာ ဖော်ပြထားပါတယ်။ ရောင်းချရတဲ့ လက်မှတ်စောင်ရေပေါင်းက နိုင်ငံတစ်ဝန်းမှာ စောင်ရေ ၁၀ သန်းကျော်ရှိခဲ့တယ်လို့ ဆိုပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တို့ရဲ့ကျူးကျော်နယ်ချဲ့မှုကို နည်းလမ်းမျိုးစုံနဲ့ တွန်းလှန်ခဲ့တဲ့ ကိုရီးယားလူမျိုးတို့ရဲ့ စိတ်ဓာတ်ကို ပြသခဲ့တဲ့ဇာတ်လမ်းလည်း ဖြစ်ပါတယ်။

၁၉၃၀ ပြည့်လွန်နှစ်အတွင်းက ဆိုးလ်မြို့ကို အုပ်ချုပ်ခဲ့တဲ့ ကျူးကျော်သူ ဂျပန်အစိုးရကို တွန်းလှန်ခဲ့တဲ့ ဇာတ်လမ်းကို အဓိကဦးစားပေးပြီး ရိုက်ကူးထားတာဖြစ်ပါတယ်။

"အွန်လိုင်းကနေ လက်မှတ်ရောင်းရတဲ့စောင်ရေက ၁၀ သန်းကျော်ပါတယ်။ တိတိကျကျ ပြောရမယ်ဆိုရင်တော့ ၁၀,၀၉၄,၀၀၀ ရှိပါတယ်။ ဒီအရေအတွက်က ဩဂုတ် ၁၅ ရက်က ကောက်ယူခဲ့တဲ့ စာရင်းပါ။ နောက်ထပ်လည်း တိုးလာနိုင်ပါသေးတယ်။ ဒါဟာ ကိုရီးယားလူမျိုးတို့ရဲ့ ကျူးကျော်သူကို မမေ့သေးဘူးဆိုတဲ့ စိတ်ကို ပြသတဲ့မှတ်တိုင်တစ်ခုလို့ ပြောရမှာပါ"လို့ အဲဒီဇာတ်ကားကို ရိုက်ကူးခဲ့တဲ့ ချိုဒွန်ဟွန်းက ပြောကြားခဲ့ပါတယ်။

## မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်

BGK 6012421

# မော်တော်ယာဉ်တင်သွင်းသူတို့အတွက် သတင်းကောင်း

မြန်မာကုန်ပစ္စည်း စစ်ဆေးရေး နှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS) သည် မြန်မာနိုင်ငံသို့ တင်သွင်းလာသည့်မည်သည့် မော်တော်ယာဉ်အမျိုးအစားကိုမဆို စနစ်တကျ စစ်ဆေးပေးလျက်ရှိပါကြောင်း သတင်းကောင်းပေးလိုက်ပါတယ်။

ပြည်ပနိုင်ငံများမှတင်ပို့သော မော်တော်ယာဉ်များကိုသင်္ဘောမတင်မီ စစ်ဆေးခြင်း (Pre shipment Inspection - PSI) နှင့် မြန်မာနိုင်ငံဆိပ်ကမ်းသို့ဆိုက်ရောက်ချိန်တွင်ဆိပ်ကမ်းရောက်စစ်ဆေးခြင်း(DestinationSurvey)လုပ်ငန်းများကိုMITSစစ်ဆေးရေးမှူးများမှ တိကျစွာ စစ်ဆေးပေးလျက်ရှိပါတယ်။

**MITS** ရုံးခွဲများကို စိတ်ချယုံကြည်ရသည့် စစ်ဆေးရေးအဖွဲ့များဖြင့် ကိုရီးယားနိုင်ငံ နှင့် ဂျပန်နိုင်ငံတွင် တည်ထောင်ဖွင့်လှစ်ထားပြီး သင်္ဘောမတင်မီစစ်ဆေးခြင်း **(PSI)** လုပ်ငန်းကို စနစ်တကျ စစ်ဆေးဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။

မော်တော်ယာဉ်တင်သွင်းသူများအနေဖြင့် Pre shipment Inspection – PSI နှင့် Destination Survey များကိုစနစ်တကျ စစ်ဆေးခြင်းဖြင့် -

- နိုင်ငံတော်မှ သတ်မှတ်ထားသည့် မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ မူဝါဒနှင့် ကိုက်ညီသည့် မော်တော်ယာဉ်များကို တင်သွင်းနိုင်ခြင်း။
- တိုက်ကြေကားများ၊ တင်ပို့နိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဒဏ်ခံထားရသော ကားများ၊ ရေ (ပင်လယ်ရေ)နစ်မြုပ်ထားသောကားများ၊ ခိုးရာပါကားများ တင်သွင်းလာခြင်းများ တွေ့ရှိပါက တင်ပို့သူအား အသိပေးခြင်းဖြင့် ကြိုတင်ဖြေရှင်းနိုင်ခြင်း။
- မှန်ကန်သော စာရွက်စာတမ်း စစ်ဆေးချက်များဖြင့် ဆိပ်ကမ်းရှင်းလင်းရေး (**Custom Clearance**) လုပ်ငန်းစဉ်များကို အချိန်နှင့် တစ်ပြေးညီ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်း။
- စစ်ဆေးရရှိထားတဲ့ မော်တော်ယာဉ်ဆိုင်ရာအချက်အလက်အပြည့်အစုံကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှာ **Data Processing** အမှားအယွင်းမရှိ ထည့်သွင်းနိုင်ခြင်း။
- မိမိပေးချေရတဲ့ တန်ဖိုးငွေကြေးနဲ့ ထိုက်တန်သည့် အရည်အသွေးမှန်ကန်သော၊ လုံခြုံစိတ်ချရသော၊ ပတ်ဝန်းကျင်ထိခိုက်မှုကင်းရှင်းသော ကိုက်ညီမှန်ကန်ခြင်းများအား သင်္ဘောမတင်မီ စစ်ဆေးသိရှိနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ရရှိစေမှာဖြစ်ပါတယ်။





ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံမှ မော်တော်ယာဉ်တင်သွင်းလိုတဲ့လူကြီး မင်းများအားလုံး **MITS** မှာ လုပ်ငန်း အပ်နှံပါက သင့်တင့်မျှတတဲ့ ဝန်ဆောင်ခနှုန်းထားဖြင့် လူကြီးမင်းတို့ စိတ်ကျေနပ်မှုအပြည့်အဝရရှိစေမှာဖြစ်ကြောင်း သတင်းပေးအပ်ပါတယ်။

**မော်တော်ကားအရောင်းပြခန်းများ၊ မော်တော်ယာဉ်တင်သွင်းသူများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများအား လေးစားစွာကြိုဆိုလျက်**


**MYANMAR INSPECTION & TESTING SERVICES LTD. (MITS)**

No. 124/128 Bo Aung Kyaw Street,Bohtataung Township, Yangon, Union of Myanmar

**Tel** - 95 1 380201, 95 1 380202, 95 1 380203, **Fax** - 95 1 380206




- ရောင်းမှား/ဝယ်မှားဖြစ်လို့ ဈေးနှုန်းတန်ဖိုးနှင့် ထိုက်တန်တဲ့ မော်တော်ယာဉ်ကိုမရရှိခြင်း။
- စာရွက်စာတမ်းများ အလွဲအမှားကြောင့် အကောက်ခွန်ရှင်းလင်းရေး လုပ်ငန်းများ ကြန့်ကြာခြင်း။
- Mileage မှန်ကန်မှုမရှိသည့် မော်တော်ကားများကို တင်သွင်းမိ၍ ကား Accident ဖြစ်ခြင်း။
- မလိုအပ်ပဲကုန်ကျစရိတ်ပိုမိုကုန် ကျခြင်း။
- ဒဏ်တပ်ခံရခြင်း၊ အသိမ်းခံရခြင်း။

စသည့်ဆိုးကျိုးများ ကင်းရှင်းစွာဖြင့် ယုံကြည်စိတ်ချမှုရရှိစေဖို့ **MITS** မှာ လုပ်ငန်းအပ်နှံကြပါစို့။

COMMERCE
INTERNATIONAL

# စားသောက်ကုန်များမှာ အသုံးပြုမယ့်ဆန်တစ်မျိုးကို ဂျပန်နိုင်ငံမှာ သုတေသနပြုဖော်ထုတ်



စားသောက်ကုန်များကို ထုတ်လုပ်တဲ့အခါ နူးညံ့မှုရှိစေဖို့အတွက် အမျိုးသားအစားအစာသုတေသနသိပ္ပံက ဆန်ဂျယ်လီလို့ခေါ်တဲ့ Rice Gel ကို သုတေသနပြု ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း အဆာဟိသတင်းမှာ ဖော်ပြထားပါတယ်။

"ဂျုံနဲ့မတည့်တဲ့လူတွေအတွက် အသုံးတည့်တဲ့အတွက် ဒီပစ္စည်းကို ဝယ်လိုအားမြင့်တက်နိုင်ပါတယ်"လို့ ဂျပန်နိုင်ငံ အီဘရာကီ စီရင်စု ဆူကူဘာမှာအခြေစိုက်ထားတဲ့ သုတေသနသိပ္ပံရဲ့ အကြီးတန်းသုတေသီတစ်ဦးဖြစ်သူ ဂျူနီကိုဆူဂီယာက ပြောပါတယ်။

ဂျယ်လီနဲ့တူတဲ့ဆန်ကိုရဖို့အတွက် ဆန်ကိုချက်ပြီးမွှေစက်ထဲမှာ ခပ်ပြင်းပြင်းမွှေယူရကြောင်း အမျိုးသားလယ်ယာစိုက်ပျိုးရေးနဲ့ စားနပ်ရိက္ခာသုတေသနအဖွဲ့ရဲ့ သုတေသနလုပ်ငန်းဖြစ်တဲ့ အမျိုးသားအစားအစာသုတေသနသိပ္ပံက ပြောပါတယ်။ ဒီလိုမွှေစက်နဲ့ မွှေလို့ရတဲ့ပစ္စည်းက နို့ပူတင်းနဲ့တူပြီး အနံ့အရသာမရှိသလောက်နီးပါးဖြစ်နေပါတယ်။

ဒီပစ္စည်းရဲ့ သိပ်သည်းဆအားကို အမျိုးမျိုးပြုပြင်နိုင်ဖို့အတွက် သူ့မှာပါတဲ့ စိုထိုင်းဆကို အပြောင်းအလဲလုပ်ပြီး စက်ထဲမှာမွှေတဲ့အချိန်ကိုလည်း ချိန်ဆဆောင်ရွက်နိုင်ပါတယ်။ ဒီပစ္စည်းကို ကြက်ဥနဲ့ အခြားအတွဲအဖက်ပစ္စည်းတွေနဲ့ ရောသမပြီး မုန့်နဲ့ Udon ခေါက်ဆွဲ စတဲ့စားသောက်ကုန်ပစ္စည်းတွေ ထုတ်လုပ်နိုင်ပါတယ်။

ဆန်ဂျယ်လီက ပြုလုပ်ရတာလွယ်ကူသလို ပျက်စီးဆုံးရှုံးမှုနည်းပါတယ်။ ဒါကြောင့် ပေါင်မုန့်နဲ့ အခြားမုန့်မျိုးစုံကို ထုတ်လုပ်ရာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသွားနိုင်လိမ့်မယ်လို့ ခန့်မှန်းထားကြပါတယ်။ ဒီပစ္စည်းကိုထုတ်လုပ်ဖို့ အချက်အလက်အသေးစိတ်တွေ မသိရသေးပါဘူး။ ဘာဖြစ်လို့ ပျက်စီးမှုဒဏ်ကို ခုခံနိုင်တယ်ဆိုတာကိုလည်း ဆက်လက်သုတေသနပြုလုပ်ရဦးမှာဖြစ်ပါတယ်။

ဆန်ဂျယ်လီကို လွန်ခဲ့တဲ့ငါးနှစ်လောက်က အမှတ်မထင်တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သုတေသနသိပ္ပံတစ်ခုက သုတေသီတစ်ဦးက သုတေသနလုပ်ငန်းကိုဆောင်ရွက်နေစဉ် အောင်မြင်မှုရနိုင်တော့မှာမဟုတ်ကြောင်း တွေ့ရတဲ့အတွက် သူက သုတေသနလုပ်ငန်းကို လုပ်လက်စအတိုင်းထားခဲ့ပါတယ်။ ရက်အနည်းငယ်ကြာတဲ့အခါ သူလုပ်ထားတဲ့ အရည်ပျစ်တွေကို ပြန်စစ်ဆေးတဲ့အခါ အရည်အသွေးကျဆင်းပျက်စီးမှုမရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် သုတေသနလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်မယ်ဆိုတဲ့အကြောင်းကို အမျိုးသားအစားအစာ သုတေသနသိပ္ပံက ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၂ ရက်နေ့မှာ စတင်ကြေညာခဲ့တာဖြစ်ပါတယ်။ သုတေသန စီမံကိန်းကို ကြေညာတဲ့နေ့က ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဒီ Rice Gel နဲ့ ပြုလုပ်ထားတဲ့ ကရင်ပတ်နဲ့ ချောကလက်တွေကိုပြသခဲ့ပါတယ်။

**UNT**


စိုက်ပျိုးရေးသမားများအားထားရာ ..........

မာလာမြိုင်

စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းစင်တာ

**အရောင်းစင်တာများ**

(၁) ကျွန်းတောလမ်းနှင့်နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ၀၁-၂၃၀၄၂၄၃၊ ၀၁-၅၁၄၆၀၂၊ ၀၉-၇၃၀၇၅၈၂၂

(၂) မြေပဒေသာကျွန်း(ဂျပန်သံရုံးရှေ့)ဗဟန်းမြို့နယ်၊ ၀၁-၅၄၄၆၀၈

(၃) ည(၈၂)ယုဇနလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ၀၁-၆၈၃၀၀၇၊ ၀၀၆၈၃၂၀၈

**အရောင်းပြခန်း**

အမှတ် (T2-7) ၊ပုလဲလမ်း၊ ၃၀ x ၃၂ နှင့် ၇၇ x ၇၈ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ၀၂-၃၀၇၈၀၊၀၂-၃၀၇၉၀



Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဥ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်၊

SINOR LINES RO/RO Service for Myanmar

<< August And September Sailing Schedule >>

DATE : 17th August 2015

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.15 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 26.7.2015 | 27.7.2015 | 25.7.2015 | | 22.7.2015 | | 4.8.2015 | 8.8.2015 | |
| | S/O CUT | | | | | | | | 22.7.2015 | 23.7.2015 | 21.7.2015 | | | | | | |
| MV.CITY OF MUMBAI V.22 | 1.55 | 1.90 | 2.20 | 3.50 | X | | | 8.8.2015 | 9.8.2015 | 10.8.2015 | | | | | 18.8.2015 | 22.8.2015 | 30.8.2015 |
| | S/O CUT | | | | | | | 4.8.2015 | 5.8.2015 | 6.8.2015 | | | | | | | |
| MV.HOEGH CHENNAI V.16 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 26.8.2015 | 27.8.2015 | 25.8.2015 | | 22.8.2015 | | | 8.9.2015 | |
| | S/O CUT | | | | | | | | 22.8.2015 | 23.8.2015 | 21.8.2015 | | | | | | |
| MV.CITY OF MUMBAI V.23 | 1.55 | 1.90 | 2.20 | 3.50 | X | | | 8.9.2015 | 9.9.2015 | 10.9.2015 | | | | | | 21.9.2015 | 29.9.2015 |
| | S/O CUT | | | | | | | 4.9.2015 | 5.9.2015 | 6.9.2015 | | | | | | | |
| MV.HOEGH CHENNAI V.17 | 1.55 | 1.90 | 2.20 | 3.50 | X | | | | 25.9.2015 | 26.9.2015 | 24.9.2015 | | 21.9.2015 | | 5.10.2015 | 9.10.2015 | |
| | S/O CUT | | | | | | | | 21.9.2015 | 22.9.2015 | 20.9.2015 | | | | | | |
| MV.CITY OF MUMBAI V.24 | 1.55 | 1.90 | 2.20 | 3.50 | X | | | 8.10.2015 | 9.10.2015 | 10.10.2015 | | | | | 18.10.2015 | 22.10.2015 | 30.10.2015 |
| | S/O CUT | | | | | | | 4.10.2015 | 5.10.2015 | 6.10.2015 | | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။